
www.burmeseclassic.com



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ☎. ၀၉ ၄၂၀၂၄၃၃၂
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၁၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
ဖျူး
တစ်ဖက်သတ်
ဖျူးစာပေ ၊ ၂၀၁၄။
၂၅၆ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) တစ်ဖက်သတ်

## အခန်း (၁)

“ချစ်စရာကောင်းလိုက်တာကွာ”

ပါးစပ်က မနေနိုင်မထိုင်နိုင်ပင် ရေရွတ်မိသည်။ မိန်းကလေး လှလှမြင်တိုင်း ဒီလိုမျိုး ငမ်းကြောဆွဲတတ်တာမျိုးတော့ မဟုတ်ပါ။

အခုက အသားအရောင် ရွှေရောင်ဝင်းလျက် မျက်ခုံးလှလှ မျက်တောင်ကော့ကော့ မျက်လုံးပြူးဝိုင်းဝိုင်းလေးဖြင့် ဆံနွယ်လေးတွေ ဂုတ်ပေါ်မှာအဖြောင့်စင်းထားသော ကောင်မလေးက သူ့စားပွဲဝိုင်းမှာ ဝင်ထိုင်မည်လုပ်ပြီးမှ လူရှိမှန်းသိလို့ နှာခေါင်းရှုံ့ကာ ဆောရီးလုပ်ပြီး တခြားဝိုင်းကို ရွှေ့သွားခြင်းဖြစ်သည်။

သူနှင့်တစ်ဝိုင်းကျော်မှာ ဝင်ထိုင်လိုက်ပြီ ဖြစ်တာတောင် သူမဆီက စကားဝါပန်းနံ့လိုလို ခရေပန်းနံ့လိုလို ရနံ့လေးက သူ့ဆီမှ စွဲထင်၍ ကျန်ရစ်ခဲ့သည်။ ရေမွှေးနံ့လို့ သတ်မှတ်လို့မရသည့်ရနံ့မျိုးပင်။

“ဘယ်လိုကောင်မလေးလဲ”



www.burmeseclassic.com

www.burmeseclassic.com



သူ ထပ်ကာရှေ့ရှက်မိပြန်၏။ တချို့မိန်းကလေးတွေက တင်တွေ ရင်တွေက ဆွဲဆောင်မှုရှိသလို အလှတရားများ ငယ်ရွယ်နုပျိုမှုများဖြင့်လည်း ဆွဲဆောင်ကြသည်။ ဒီကောင်မလေးကတော့ အလှတရားများ အပြင် ရနံ့လေးကပါ ဆွဲဆောင်မှုရှိနေခြင်းဖြစ်၏။

ပျောက်ပျက်မသွားသော ရနံ့လေးကို အဆုပ်ထဲရောက်အောင် တစ်ဝရှိုက်ခနဲ ရှူသွင်းမိရင်း မှတ်မှတ်ထင်ထင် ဖြစ်သွားခဲ့သည်။

"ဩော်"

အခုထိ ကော်ဖီယူမသောက်သေးဘဲထိုင်နေတာမို့ တအံ့တဩ လေးတော့ ဖြစ်သွားမိသည်။ ဒီဆိုင်က ကော်ဖီနှင့်မုန့်တို့ အအေးတို့ကို ငွေတစ်ခါတည်းရှင်းကာ ယူလာပြီးမှ စားပွဲဝိုင်းတွေမှာ နေရာယူရခြင်း ဖြစ်သည်။ ကိုယ်ယူလာသည့်တန်ဖိုးကို တစ်ခါတည်းရှင်းခဲ့ရတာပါ။

လူရှင်းသည်လို့ မဆိုသာဘဲ သူ့ဝိုင်းနှင့်သူ စားသောက်ရင်း အေးချမ်းတိတ်ဆိတ်သည်ဟု ပြောလို့ရသည်။ အပြင်ကိုမြင်တွေ့နိုင်အောင် မှန်အကြည်တွေကာရံထားပြီး အဲကွန်းရဲ့အေးစိမ့်မှုလည်းရှိနေတာမို့ ဒီဘက်ကို လာဖြစ်သည့်အခါတိုင်း ဒီဆိုင်လေးမှာ ဝင်ထိုင်ဖြစ်သည်။

ဒီဆိုင်လေးက ရည်းစားတွဲ လင်မယားတွဲတွေအတွက် သီးသန့် ခန်းလေးတွေလည်း ရှိသည်။

ရနံ့မွှေးသော ထိုကောင်မလေးနှင့် ချစ်သူရည်းစားတွေဖြစ်ခဲ့လျှင် ထိုအခန်းလေးတွေထဲမှာ အေးချမ်းစွာ ချစ်စကားလှလှလေးတွေ သီကုံးမည်ဟု သူ တေးမှတ်ထားလိုက်သည်။

"ဟင်"

"ဟာ"





သူ လွှတ်ခနဲ အံ့အားသင့်ကာ အာမေဋိတ်သံထွက်သွား၏။ သူ့အရွယ်ကောင်လေးတစ်ယောက်က ကော်ဖီခွက်နှစ်ခွက်ကိုင်ကာ သူမ ထိုင်သောစားပွဲဝိုင်းမှာ ထိုင်လိုက်သောကြောင့်ဖြစ်သည်။

ထိုကောင်လေးရောက်လာတာကို အပြုံးနှင့်ကြိုလိုက်သော သူမ ရဲ့သွားလေးတွေက ညီညာစီတန်းဖြူဖွေးနေသည်။

သူမရဲ့မေးငေါ့ပြမှုကြောင့် သူထိုင်နေသော စားပွဲဝိုင်းကို ကောင် လေးက တစ်ချက်လှည့်ကြည့်ပြီး ကောင်မလေးရဲ့ဆံနွယ်လေးတွေကို လက်ချောင်းလေးတွေဖြင့် ရှရှလေးဖွ၏။

သူ ထိုင်နေသော စားပွဲဝိုင်းလေးက သူမတို့ထိုင်နေကျနေရာ လေးမို့ ကောင်လေးက နှစ်သိမ့်လိုက်ဟန်တူသည်။

ရင်ထဲမှာ နမြောတသသလစ်ဟာသွား၏။ ကောင်မလေးမှာ ချစ်သူ ရည်းစားရှိနေတာပါလား။ မြင်မြင်ချင်းချစ်မိသွားသည့်ရင်က ဘယ်လိုမှ မခံစားနိုင်အောင် ဖြစ်လို့သွားသည်။

နဖူးလေးပုတ်လိုက် ပါးလေးဖျစ်လိုက် သူမတို့ ကလူကျီစယ် နေသည်ကို သူ မျက်တောင်မခတ်ကြည့်နေမိသည်။ မျက်ဝန်းထဲမှာ သူမပုံရိပ်လေးပျောက်ပျက်သွားမှာ စိုးရိမ်နေမိခြင်းဖြစ်၏။

အချိန်ကြာလာသည့်အခါမှာ သူ့ဘက်ကို ကောင်မလေး မျက် မှောင်ကြုတ်ကာ မေးငေါ့ပြပြန်၏။ သူ့ကိုလှည့်ကြည့်ပြီး ကောင်လေး ဒေါသဖြစ်သွားဟန်တူသည်။

သူ့စားပွဲရှေ့ကို ဖြုန်းခနဲ ရောက်လာလေ၏။

"ဟိတ်ကောင်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရင့်ရင့်သီးသီး အခေါ်ခံလိုက်ရတော့ မချေမင် တုန့်ပြန်ပစ်လိုက်သည်။ တခြားစားပွဲဝိုင်းမှာ အေးဆေးစွာစားသောက်နေသည့်သူတွေလည်း ရှိတာမို့ ထိုလူ့အသံက ခပ်အုပ်အုပ်ဖြင့်

"မင်း ငါ့ကောင်မလေးကို ရှိုးနေတာ ဘာသဘောလဲ"

"ဟ ဘလိုင်းကြီးပါလား၊ ငါကြည့်တာ ဘယ်လိုမြင်လဲ"

"ဒီလောက် တစ်ချိန်လုံးသိသိသာသာကြီး ကြည့်နေတာ မသိဘဲ မမြင်ဘဲနေမလားကွ၊ မင်းမြန်မာပြည်မှာနေပြီး ယဉ်ကျေးမှုမရှိဘူးလား"

"မင်းတို့ကရော မြန်မာပြည်နေပြီး လူအများရှေ့မှာ ဒီလိုမျိုး ပလူးပလဲ ယဉ်ကျေးမှုမရှိ မနေသင့်တာ မသိဘူးလား၊ မင်းတို့ကြည့်အောင်လုပ်လို့ ငါကြည့်နေတာ"

"အာ တောက် မင်းကွာ"

"ဟဲ့ ခေါင် မလုပ်နဲ့ ဆိုင်ထဲမှာ ရန်းရင်းဆန်ခတ်ဖြစ်သွားရင် မကောင်းဘူး လာစမ်းပါ"

"မဟုတ်ဘူး ဒီကောင် လူပါးဝလွန်းတယ်"

"ကဲပါ ခေါင်ရယ် ပြောမနေပါနဲ့ သူ ဆိုက်ကိုဝင်နေလို့နေမှာပေါ့"

"ဟာ မင်း"

သူ ဆတ်ဆတ်ခါသွားသည်။ ဒီလိုကြည့်ရုံလေးနှင့် ဒီလောက်ထိ မပြောသင့်ဟုထင်သည်။ လူတိုင်းကြည့်စရာရှိကြည့် ပြုံးစရာရှိပြုံးနေကြတာပဲ။ သူမ မလုပ်ရင် သူကြည့်မိပါမလား။

ဟိုကောင် လက်ကိုဆွဲကာ ထွက်သွားတော့ သူ ကသိကအောက်





ဖြစ်ကာ ကျန်ရစ်ခဲ့သည်။ သူ့ကိုရှူးနေသည်လို့ ပြောသွားတာပဲမဟုတ်လား။ မင်းသဝဏ်ဘဝမှာ မိန်းကလေးတစ်ယောက်ရဲ့ ဒီလိုမျိုးဆက်ဆံခံရဖူးခြင်း မရှိပါ။

သူမတို့ကားလေးရဲ့နောက်ကနေ သူ အနည်းငယ် မသိမသာ ခွာပြီး သူ့ကားလေးကို မောင်း၍လိုက်လာခဲ့သည်။ သူမတို့သွားသည့်နေရာ သူမရှိသည့်နေရာ အားလုံးသိထားသင့်သည်မဟုတ်လား။

မင်းသဝဏ် ခပ်ညံ့ညံ့ကောင်မှမဟုတ်တာ။ မိန်းကလေးတိုင်းကို စိတ်ဝင်စားနေတတ်သည့်ကောင်မျိုးလည်း မဟုတ်။

မင်းနာမည် ဘယ်သူလဲ။ မင်းဘယ်လိုကောင်မလေးမျိုးလဲ။

မင်းသဝဏ် စိတ်ဝင်စားမှုများစွာဖြင့် . . . ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဒီကောင် ဘယ်လိုကောင်လဲ မသိဘူးကွာ၊ အတွဲချောင်းရတာ ဝါသနာပါတဲ့ကောင်လား၊ ဖွန်ကြောင်တတ်တဲ့ကောင်လား၊ ဒါမှမဟုတ် မုဒြာပြောသလို ဆိုက်ကိုဝင်နေတဲ့ကောင်ပဲ ဖြစ်ရမယ်"

"လောကကြီးမှာ အဲလိုအဆင့်မရှိတဲ့သူတွေ အများကြီးပါ၊ တွေးမနေနဲ့ ကျန်ခဲ့ပြီ၊ နောက်လည်းတွေ့စရာအကြောင်းမှမရှိတာ မေ့လိုက်တော့"

"ကိုယ်ကတော့ မေ့လို့မရဘူး၊ ကိုယ့်ကောင်မလေးကို အဲလို ဖွန်ကြောင်တာ နည်းနည်းမှမကြိုက်တာ၊ မုဒြာ အရမ်းလှနေတော့ ဒီကောင် ဖွန်ကြောင်ချင်တာနေမှာပေါ့၊ ကိုယ်က မုဒြာရဲ့အလှကို ကိုယ်တစ်ယောက်ပဲ ခံစားချင်တာ"

"ဟွန်း ဒါတောင် ချိန်းတဲ့အချိန်တိုင်းရောက်အောင်မလာနိုင်ဘူး၊ လာတော့လည်း အမြဲတမ်းနောက်ကျတယ် မပြောလိုက်ချင်ဘူး"





မုဒြာ မျက်စောင်းထိုးပြီး မူနွဲ့စွာပြောလိုက်တာကြောင့် ဇမ္ဗူထွန့်ခေါင် ပြုံးဖြဲဖြဲဖြစ်သွားကာ မုဒြာ ဆံနွယ်တွေကို လက်တစ်ဖက်ဖြင့် ဖွပစ်လိုက်သည်။ မုဒြာက ခေါင်းကိုယိမ်းနွဲ့လိုက်ကာ

"ဆံပင်ကို မကိုင်ပါနဲ့၊ အဲလိုလုပ်တာ မကြိုက်ပါဘူးဆို"

"မုဒြာ ဆံပင်လေးတွေက ချစ်စရာကောင်းပြီး ကိုင်လို့ကောင်းလို့ပါ၊ ငယ်ငယ်တည်းက ဒီလိုပဲ ကိုင်လာတာပဲဟာကို၊ မုဒြာက အမြဲတမ်း တွန့်တိုတယ်၊ အဖြေပေးပါဆိုလည်း မပေးဘူး"

"အချစ်နဲ့သံယောဇဉ်ကို ငါ ခွဲခြားဖို့ခက်နေသေးလို့ပါဟယ်၊ ခေါင်နဲ့တို့နဲ့က ငယ်ငယ်တည်းက အိမ်နီးချင်းငယ်သူငယ်ချင်းတွေ၊ အရွယ်ရောက်လို့ ချစ်စကားပြောတယ်ဆိုတာ တစ်မျိုးကြီးပဲ၊ တို့က အရင်လိုပဲ ရင်းရင်းနှီးနှီး ငယ်သူငယ်ချင်းသံယောဇဉ်တွေနဲ့ တန်ဖိုးထားပြီးပဲနေချင်တာ"

"ဒါဆို ကိုယ်ဟောက်စ်ဆင်းပြီးရင် လက်ထပ်မယ်ဆိုတဲ့ကိစ္စ ဘွားပြောထားတာကို မင်းဘာလို့မငြင်းတာလဲ လက်ခံတာလဲ မုဒြာ"

"နင်က ငြင်းရက်စရာမရှိအောင် ပြည့်စုံပြီးသားလေ၊ တို့မှာလည်း ချစ်သူမှမရှိတာ၊ ပြီးတော့ တို့နှစ်ယောက်က သံယောဇဉ်ရှိပြီးသား၊ တချို့သံယောဇဉ်တွေနဲ့လက်ထပ်ပြီးမှ ချစ်သွားကြတာလည်း ရှိတာပဲ"

"ကိုယ်ကတော့ မင်းနဲ့ချစ်သူဖြစ်ပြီးမှ လက်ထပ်ချင်တယ် မုဒြာ ပိုင်ဆိုင်ရမယ်ဆိုရင် အချစ်တွေရော သံယောဇဉ်တွေရော အပြည့်အဝ ပိုင်ဆိုင်ချင်တယ်၊ မင်းကို ဘယ်သူ့မှကိုမပေးချင်တာ"

မုဒြာ ဟွန့်ခနဲပင် ရယ်လိုက်မိသည်။ ထွန့်ခေါင်က အဲလိုစိုးရိမ်ကြီးဝင်ပြီး သဝန်တိုတတ်သူပါ။ ငယ်ငယ်လေးတည်းက သူများနှင့်ခင်



www.burmeseclassic.com

www.burmeseclassic.com



တာမကြိုက်။ သူများကို သနားလို့ဖြစ်ဖြစ် မုန့်ဝယ်ကျွေးတာ လက်ဆောင်ပေးတာကအစ မကြိုက်။

ပြီးတော့ အရွယ်ရောက်လာသည့်အခါမှာ ဆေးကျောင်းတက်ခွင့်ရသောဆရာဝန်ဂုဏ်ပုဒ်ကြောင့် ဘဝင်မြင့်ချင်ချင် ကြီးကျယ်တတ်သူပင်။ အတ္တကြီးချင်သော သူ့ရဲ့လောဘကြောင့် သူမဘက်က ချစ်အဖြေပေးဖို့ တွန့်ဆုတ်နေမိတာပါ။

"မုဒြာ"

"ဟင်"

"မင်းဘာရယ်တာလဲ ကိုယ်ပြောနေတာ ရယ်စရာတစ်ခုမှ မပါဘူးနော်"

"အခုလည်း ချစ်သူရည်းစားတွေလို နေနေကြတာပဲဟာယ်၊ ကော်ဖီဆိုင်မှာချိန်းတယ်၊ ပန်းခြံတွေဘာတွေလျှောက်လည်တယ်၊ ရုပ်ရှင်လည်းအတူတူကြည့်ကြတာပဲ၊ မောနင်း ဂွတ်နိုက်နဲ့အိပ်ရာဝင်အိပ်ရာထ ဖုန်းဆက်နှုတ်ဆက်နေတာ ဒီထက်ရင်းနှီးစရာအကြောင်းရှိသေးလို့လား"

"ချစ်သူတွေလို ဖက်တာနမ်းတာ မင်းလက်မခံဘူးလေ၊ မုဒြာကိုယ်က အနံ့ပဲရှူနေရရင် ဘာကောင်ဖြစ်သွားမလဲ"

"ဟင်း ဟင်း ခွေးပေါ့"

"ဘာ"

ဖမ္ဗူထွန့်ခေါင်ရဲ့ကားလေး လမ်းဘေးကိုထိုးရပ်သွားသည်။ စိတ်တိုတိုနှင့် မုဒြာနဖူးလေးကို ဒုန်းခနဲထုဏ်။

"အားလားလား"

"မှတ်ထားကိုယ့်ကို ခွေးလို့ပြောဦး"





"ထွန့်ခေါင်နော် နင်ငယ်ငယ်တည်းက တို့ကိုဆို အမြဲတမ်းအနိုင်ကျင့်တယ်၊ တို့ကို အသားနာအောင်လုပ်တာ မကြိုက်ပါဘူး"

"ချစ်လို့စတာပဲ မုဒြာရယ်၊ တကယ် မင်းက ကိုယ့်အတွက်အရုပ်လေးပဲ"

"နင်က တို့ကို အရုပ်တစ်ရုပ်လောက်ပဲ တန်ဖိုးထားတာပေါ့လေ၊ အဲဒါကြောင့် နင့်ကိုအဖြေမပေးတာ သိလား"

"မင်းအချိန်ဆွဲနေရင်တော့ ကိုယ့်နားမှာ ဝိုင်းဝိုင်းလည်နေတဲ့အထဲက တစ်ယောက်ကိုရွေးလိုက်မှာနော်၊ ကိုယ့်လိုဆရာဝန်ဖြစ်တော့မယ့်သူကို ပိုးချင်ပန်းချင်တဲ့ မိန်းကလေးတွေမှတစ်ပုံကြီး"

"ဟွန်း ကြိုက်ပေါ့၊ ပိုတောင်ကောင်းသေးတယ်"

"ကိုယ် အဲလိုလုပ်ရင် မင်းက ချစ်သူတစ်ယောက်ကောက်ထားလိုက်မှာပေါ့လေ"

ဒီလိုဆိုတော့လည်း ထွန့်ခေါင် မကြိုက်ပြန်ပေ။ ကားစက်ကိုဆောင့်အောင့်ကာနှိုးပြီး ဖြုန်းခနဲ ကားကိုဆောင့်ထွက်လိုက်သည်။

သူ့ကိုစပြီနောက်ပြီဆိုရင်တော့ ထွန့်ခေါင် နည်းနည်းမှသည်းမခံတတ်။ နှစ်ရက်လောက်ကြာရင် တစ်ပတ်လောက် စိတ်ကောက်ပြီ။ သူမကို အဆက်အသွယ်ဖြတ်ထားပေလိမ့်မည်။ သူမက မနေနိုင်လို့စပြီးဆက်သွယ်မှ စိတ်ပြေသွားတတ်တာမျိုးပါ။

ဒါကြောင့် ထွန့်ခေါင်နှင့်အပေါင်းအသင်းလုပ်ရတာ တစ်ခါတလေတော့လည်း စိတ်ကုန်ချင်သည်။

ဒါပေမဲ့ သူမမှာ တခြားအပေါင်းအသင်းများများစားစားမရှိပါ။ တက္ကသိုလ်တုန်းက ပေါင်းသင်းဖြစ်သည့် သူငယ်ချင်းတွေက အခု



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်ဝင်နေကြပြီမို့ သွားစရာလာစရာ အပြင်ထွက်ချင်သည့်အခါ မျိုးမှာ ထွန့်ခေါင်ကိုသာအဖော်လုပ်ရသည်။ ထိုအထဲက သူငယ်ချင်း နွယ်နွယ်နှင့် ရုံပိတ်ရက်ဆန်းအေးမှာ တစ်ပတ်တစ်ခါလောက်တော့ တွေ့ ဖြစ်သည်။

သူမလည်း သင်တန်းတွေတက်ပြီး ဘာလုပ်ရမှန်းမသိသေးလို့ ပါ။ မိဘတွေကိုယ်ပိုင် ပုဂ္ဂလိကစာသင်ကျောင်းထူထောင်ထားတာမို့ ဆရာမဝင်လုပ်စေချင်ပေမယ့် ကလေးတွေကို စာသင်ရမှာ သူမ စိတ် မပါပေ။

အိမ်မှာလည်း ကလေးလိုသာ နေခဲ့တာမို့ စားချင်စား အိပ်ချင် အိပ်၊ လည်ပတ်ချင်လည်ပတ်၊ ရှော့ပင်ထွက်ချင်ထွက်၊ ဒါကိုပဲ သူမအတွက် အလုပ်ကြီးအကိုင်ကြီးတစ်ခုလို ဖြစ်နေခဲ့သည်။

''မုဒြာ ဟာ ဝေးတယ်ကွာ၊ အနားမှာကိုယ်ရှိနေရဲ့နဲ့ စိတ်က အဝေးကိုရောက်နေတာလား၊ ကိုယ်က ဂျူတီဖျက်ပြီး မုဒြာကိုလာတွေ့ တာနော်၊ ကော်ဖီဆိုင်မှာလည်း ဟိုကောင်ကြိုဟ်မွှေလို့ အေးအေးဆေးဆေး မနေရဘူး၊ ဒီနေ့ ကိုယ်ရေလည်တင်းတယ်''

''ကန်တော်ကြီး သွားထိုင်မလား''

''ဝေါက်ပြီကွာ ကိုယ်စိတ်မပါတော့ဘူး၊ ဆေးရုံပဲပြန်သွားတော့ မယ်၊ ဟောက်စ်ဆင်း ကဲ့အချိန်က စာတွေ့ရော လက်တွေ့ရော အရမ်း အရေးကြီးတယ်၊ ကိုယ်က မင်းကိုချစ်လို့ အဲလိုတန်ဖိုးရှိတဲ့အချိန်တွေကို ခွဲပေးနေတာ၊ မင်းကတော့ ဂရုမစိုက်ဘူး''

''မဟုတ်ပါဘူးဟယ်၊ နင့်အကြောင်းပဲ တွေးနေတာပါ၊ ကန် တော်ကြီးရောက်မှ တို့ဘာတွေးတယ်ဆိုတာ နင့်ကိုပြောပြမယ်လေ၊





ရောက် ဖို့လည်းနီးနေပြီပဲဥစ္စာ သွားရအောင်နော်''

''သွားကိုမသွားချင်တော့တာ၊ သွားလည်း စကားကောင်းပြော လို့ရမှာမဟုတ်တော့ဘူး၊ မင်းဒီကနေ ဆင်းလိုက်တော့''

''ဟင် တို့က တက္ကစီနဲ့ပြန်ရမှာလား၊ နင်နဲ့အတူတူ အိမ်ပြန် ရမယ်ထင်လို့ ကားတောင်ယူလာတာ မဟုတ်ဘူး''

''မသိဘူးကွာ အဆင်မှမပြေတာ တက္ကစီနဲ့ပဲပြန်လိုက်တော့''

ထွန့်ခေါင်က ဖွတ်ပင်ထားသွားသည်။ ထွန့်ခေါင်က ငယ်ငယ် တည်းက ဒီပုံစံ ဒီအချိုးပါ။ ယောကျ်ားလေးဖြစ်ပြီး စိတ်ကောက်ရစိတ်ဆိုး ရတာနှင့် သဝန်တို မနာလိုဖြစ်ရတာနှင့် ဘဝင်တွေမြင့်ပြီး သူ့ကိုယ်သူ လည်း အထင်ကကြီးချင်သည်။

တကယ်ဆို ထွန့်ခေါင် အခုနောက်ပိုင်းမှ လှိုတပြေပြည့်စုံချမ်းသာ သွားတာပါ။ အရင်က ထွန့်ခေါင်အဖေက ရွှေပန်းထိမ်တစ်ခုမှာ နေ့စား လစားဝန်ထမ်းပင်။ ဒါပေမဲ့ ပညာရှင်မို့ ဒီလောက်ကြီး ပြည့်စုံချမ်းသာ တာမျိုး မဟုတ်ပေမယ့် အဆင့်အတန်းရှိရှိတော့ နေနိုင်စားနိုင်သည်။

ထွန့်ခေါင်အမေက ထွန့်ခေါင်နှစ်တန်းလောက်မှာဆုံးပြီး ခြောက် တန်းနှစ်မှာတော့ ထွန့်ခေါင်အဖေက ရွှေဆိုင်ပိုင်ရှင်သူဌေးမကြီးနှင့် နောက် အိမ်ထောင်ပြုခဲ့သည်။ ထွန့်ခေါင်က သိတတ်သည့်အရွယ်ရောက်နေပြီမို့ မိထွေးနှင့်နေရမှာစိုး၍ သူ့အဖေနောက်ကို လိုက်မသွား။ အဘွားနှင့်သာ နေရစ်ခဲ့သည်။

ဒါပေမဲ့ ထွန့်ခေါင်အဖေက အမေနှင့်သားကို လိုလေသေးမရှိ ထောက်ပံ့ပေးကမ်းခဲ့သည်။ ပျဉ်ထောင်အိမ်ကနေ နှစ်ထပ်တိုက်ဆောက် ပေးထား၏။ ရွှေဆိုင်ပိုင်ရှင်အမျိုးသမီးကြီးက ထွန့်ခေါင်အဖေနှင့်ရမှ



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး တိုးတက်အောင်မြင်လာတာမို့ မငြိုမငြင် ထောက်ပံ့ပေးကမ်းခိုင်းခဲ့တာဟု မိဘတွေကတစ်ဆင့် သိခဲ့ကြားခဲ့ရသည်။

“ပွမ် ပွမ်”

“အမယ်လေး”

နားနားကပ်၍ ကားဟွန်းအကျယ်ကြီးတီးလိုက်တာကြောင့် သူမ လန့်ဖျပ်တုန်တက်သွားရသည်။ တက္ကစီလာလျှင် လက်ပြတားဖို့ ပြင်နေတာပါ။ တက္ကစီကား အလာကိုသာနေရာကိုမှ ထားရစ်ခဲ့သော ထွတ်ခေါင်ကို တိုးတိုးလေး သူမကျိန်ဆဲနေမိတာပါ။

“ဟင် ဟိုလူ”

ကော်ဖီဆိုင်မှာတွေ့ခဲ့သောလူပါလား။ သူမရှေ့မှာ ကားကိုဝိတ်ရပ်ပြီး ကားပေါ်ကနေ သူမဆီလျှောက်လာတာမို့ သူမ အံ့သြနေမိသည်။ ဒီလူ ဘာလုပ်မလို့လဲ။ သူမဆီတည့်တည့်လျှောက်လာနေတာ ဘာလုပ်မလို့လဲ။

“မင်းကောင် ဘယ်ရောက်သွားတာလဲ”

“ရှင်နဲ့ဘာဆိုင်လို့လာမေးနေတာလဲ၊ ကိုယ့်လမ်းကိုယ်သွားပါလား”

“မင်းတစ်ယောက်တည်း ဖြစ်နေတာ အထာမကျလို့မေးတာပေါ့ကွ၊ မင်းကောင်က ငေါ်မပေါ်တစ်ယောက်တည်း ထားသွားတတ်တာပဲလား”

“အဲဒါ ရှင့်ကိစ္စမဟုတ်ပါဘူး၊ ရှင်နဲ့မဆိုင်ပါဘူး”

“ကိုယ်က ဆိုင်ချင်တယ်”

“ဘာ”





“မင်းလိုအရမ်းလှတဲ့ကောင်မလေးကို ငါသာဆိုရင် အရမ်းဂရုစိုက်မိမှာပဲ၊ မျက်စိအောက်ကကို အပျောက်ခံမှာမဟုတ်ဘူး”

“ကျွတ်”

ဆိုက်ကိုကတော့ ဘာတွေလာပြောနေမှန်းမသိပေ။ ရုပ်ရည်က သန့်သန့်ပြန့်ပြန့် အဝတ်အစားက ခေတ်လူငယ်တွေလို စတိုင်မိမိ။ ကားအကောင်းစားကြီးစီးပြီး လာကြောင်နေတာ သဘောတော့မကျပေ။

“ဟိတ္တ် နေဦး”

သူမ လှည့်ထွက်သွားမည်ပြင်တော့ ရှေ့ကနေပိတ်ကာ ရပ်ထားသည်။

“ဘာလဲ မေးမယ်”

“မင်းဘယ်သွားမှာလဲ ကိုယ်လိုက်ပို့မယ်”

“မလိုပါဘူး”

“ပို့ချင်လို့ပါ၊ မင်းကိုတစ်ယောက်တည်းတွေ့ရဲ့နဲ့ ကိုယ်ထားသွားရက်ဘူး”

“ရှင်နဲ့ကျွန်မ ဘယ်အချိန်တုန်းက မိတ်ဆွေဖြစ်သွားလို့ ဒီစကားတွေလာပြောနေတာလဲ”

“မိတ်ဆွေဖြစ်မှ ကူညီရမှာလားကွာ၊ မြန်မာပြည်မှာ လူလူချင်း နိုင်းပင်းကူညီတာ ယဉ်ကျေးမှုဓလေ့ပါ၊ ဒုက္ခရောက်နေသူကို မစောင့်ရှောက်ဘဲ မျက်နှာလွှဲတာ လူသားမဆန်တာပဲ”

“သူပြန်လာမှာ၊ ဟိုနားခဏပဲသွားတာ၊ ရှင် ပြန်ပါတော့”

“ဘာလို့လိမ်ချင်ညာချင်ရတာလဲ၊ မင်းကောင် မင်းကို ကားပေါ်ကဆင်းခိုင်းပြီး ကားမောင်းထွက်သွားတာ မသိဘူးထင်နေလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ရှင်ဘယ်နေရာက ကြည့်နေတာလဲ၊ ကော်ဖီဆိုင်မှာကတည်းက နောက်ကလိုက်လာတာလား"

"ဟုတ်တယ် ကိုယ့်ကို ပွဲကြမ်းသွားတာ မကျေနပ်လို့ တင်းပြီးလိုက်လာတာ"

"ရှင်က လူမိုက်လား"

"လူလိမ္မာမဟုတ်တာတော့ သေချာတယ်၊ ကိုယ့်ကိုစိန်ခေါ်ရင် ကိုယ်က ခေါင်းငုံ့မခံတတ်ဘူး၊ ပြန်ဖြေလိုက်ရမှ စားဝင်အိပ်ပျော်တာ၊ မဟုတ်ရင် တစ်နေ့လုံး နေလို့ထိုင်လို့မကောင်းတော့ဘူး"

"ရှင့်ဘက်က မှားတာကိုတော့ ရှင်ပြန်မတွေးဘူးလား"

"ဘာလဲ မင်းကို ကိုယ်ကြည့်နေတာကိုလား"

"ဟုတ်တယ်လေ သူမလာခင်တည်းက အငမ်းမရ ရှင်ကြည့်နေတာ ကျွန်မ မသိဘူးများ ထင်နေလား"

"သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိတယ်တဲ့၊ ကိုယ်ကြည့်နေတာကို မင်းပြန်မကြည့်ဘဲ သိပါ့မလား၊ မင်းလည်း ကိုယ့်အကြည့်တွေကို ကြွေသွားတယ်မဟုတ်လား"

"ရှင်"

သူ ဒီလိုဒဲ့ကြီးပြောတော့ သူမ ရှက်ရွံ့ထူပူသွားသည်။ ခပ်မိုမိုခပ်မိုက်မိုက်စတိုင်နှင့်မို့ သူမလည်း ကြည့်မိသွားတာပါ။

ဒါပေမဲ့ သူ့ရဲ့ရူးရူးခွဲညို့နေသော မျက်ဝန်းများရဲ့ဒဏ်ကို မခံနိုင်စွာ ချက်ချင်းမျက်လုံးလွှဲဖယ်လိုက်ရသည်။ တကယ်ကို ဒီလူအတင့်ရဲမှန်းလည်း သိသွားခဲ့သည်။ ထိုလူက ခပ်ညို့ညို့အပြုံးများဖြင့်

"မင်းစိတ်ဝင်စားမလားလို့ ကိုယ့်နာမည် မင်းသဝဏ်၊ မင်း





နာမည်ကရော"

"အရူး ဘာလို့ပြောရမှာလဲ"

"ကြက်ဟင်းခါးသီးပဲ စကားလုံးတွေ မချောမွေ့ဘူး၊ ခါးလည်းခါးတယ်၊ မင်းက ချစ်စရာကောင်းသလောက် အပြောဆိုးတာပဲ"

"ရှင် လာကြောင်မနေနဲ့ ကျွန်မချစ်သူက သဝန်တိုတတ်တယ်၊ ရှင်လက်တွေ့အမြင်ပဲနေ၊ တခြားယောက်ျားလေးကြည့်တာတောင် ကြိုက်တာမဟုတ်ဘူး"

"ကိုယ့်ကိုမခြိမ်းခြောက်ပါနဲ့၊ ကိုယ်လည်းကြောက်တတ်တဲ့ကောင်မဟုတ်ပါဘူး၊ တစ်ခုတော့ ကြိုပြောထားမယ်၊ မင်းလက်မထပ်ရသေးတဲ့အပျိုစင်တစ်ယောက်ဆိုရင် ကိုယ် ပိုးပန်းခွင့်ရှိတယ်၊ မင်းရောမင်းကောင်ရော ပိတ်ပင်လို့မရဘူး"

"ဟာ ရှင်ဘယ်လိုလူလဲ၊ ကျွန်မမှာယောက်ျားမရှိပေမယ့် ချစ်သူရှိတယ်လေ၊ စည်းတွေကမ်းတွေ ရှင် နားမလည်ဘူးလား"

"ဟင့်အင်း ကိုယ်အဲဒါတွေ သိပ်မသိဘူး၊ ကိုယ်ကြိုက်တဲ့ကောင်မလေးက ကိုယ့်ကိုပြန်ကြိုက်ဖို့ ဘယ်လိုကြိုးစားရမလဲဆိုတဲ့ရည်ရွယ်ချက်တစ်ခုပဲထားတယ်၊ မင်းကောင်ထက်ပိုချစ်တတ်ရင် မင်းကိုယ့်ကို ချစ်လာမှာပေါ့ မဟုတ်ဘူးလား"

"ဟား ရှင် စည်းလွတ်ဝါးလွတ် ရှူးနေတဲ့သူပဲ၊ ဒီလိုအရူးမျိုးကို တစ်သက်စာ တာ့တာပဲ"

သူမ ပိုးစိုးပက်စက်ပြောပြီး တက္ကစီကို လက်ပြတားကာ ကားပေါ်တက်၍ အမြန်မောင်းခိုင်းလိုက်သည်။ ထိုလူလိုက်လာ မလာတော့ မသိ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စက ထွင့်မှုခေါင် ထားခဲ့လို့ ဒီလိုဖြစ်တာ။ ခပ်ညစ်ညစ်နှင့် ထွင့်မှုခေါင်ကို တစ်ပတ်လောက်မခေါ်ဘဲ ပစ်ထားဖို့ စိတ်ကူးလိုက်သည်။ နေနိုင်သရွေ့ နေဦးပေါ့။

■ ■ ■



## အခန်း (၃)

"ဟာ မင်းကွာ ရည်းစားရှိတဲ့ကောင်မလေးများ သွားကြိုက်ရလားကွ အံ့ပါ့ကွာ၊ မင်း ရဲကြီးမှာမကြောက်ဘူးလား"

"အစက အဲလောက်စိတ်မဝင်စားပါဘူးကွာ၊ ချစ်စရာကောင်းလို့ ကြည့်နေမိတာ၊ သူ့ရန့်လေးက ဖြတ်သွားတာတောင် ငါ့နှာခေါင်းမှာ စွဲကျန်နေလို့ကွ၊ ငါက ဟင်းချက်တို့ တခြားစားစရာတို့ဆိုရင်တောင် အရသာထက် အနံ့ကိုကြိုက်မှ စားတတ်တာ အကျင့်လေ မင်းသိသားနဲ့၊ အဲဒီကောင်မလေးအနံ့က ပန်းရနံ့တစ်မျိုးမျိုးထွက်နေတယ်၊ ရေမွှေးလား လိုးရှင်းလား ရှန်ပူလားတော့ မသိဘူး၊ အဲဒီအနံ့ကို ငါအရမ်းခိုက်သွားတယ်"

"အဲဒါနဲ့ပဲ ဖွန်ကြောင်လိုက်တယ်ဆိုပါတော့၊ အနံ့ကြောင့် တတန်းကန်းဖြစ်သွားတာ မင်းက ခွေးမို့လား"

အောင်စိုး ပျစ်ပျစ်နစ်နစ်ရှုတ်ချနေသော်လည်း သူငယ်ချင်းမို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆိုးမိပေ။ ဘာမဟုတ်သည့်ကောင်က ဘလိုင်းကြီးဖွဲ့သွားတာကိုပဲ မခံနိုင်တာပါ။

မိန်းကလေးတစ်ယောက်ရှေ့မှာ ဒီကောင် ဟီးရိုးလုပ်ချင်သလို ကိုယ်လည်း ဟီးရိုးလုပ်ချင်တာပါပဲ။

"ငါ ပေါက်လာတာနော်၊ မင်းဓားစာခံဖြစ်သွားချင်လား အောင်စိုး"

"ဘာလဲ ကောင်မလေးရည်းစားနဲ့ ငြိလာတာလား"

"အလကား ဘလိုင်းကြီးဝင်ဖြတ်တာကွ၊ အဲဒါကြောင့် ငါတင်းသွားတာ"

"သူ့ရည်းစားကို ပေါတင်ကြီးရှိုးနေမှတော့ သူလည်း ပေါက်သင့်တာပဲလေ၊ သူ့နေရာမှာ မင်းဆိုရင်ရော ကိုယ့်စော်ကို တခြားကောင်နှာဘူးထပြီး သွားရည်တမျှားမျှားကြည့်နေရင် မင်းကြည့်ဖြုနိုင်လား"

"ဟ ငါ အဲလောက် နှာဘူးမကျဘူး၊ ဘယ်နေရာမှလည်း အကြည့်မရှေ့ဘူး။ မျက်နှာလေးက ချစ်စရာကောင်းလို့ ကြည့်နေတာပဲရှိတယ်"

"အဲဒီထက်ဆိုးရင်လည်း ငါသာ အဲဒီကောင့်မလေးရဲ့ချစ်သူဆိုရင် မင်းလိုကောင်ကို နုတ်နုတ်စင်းပြီး အသေသတ်ပစ်မယ်"

"မေတ္တာထားတယ်ပေါ့"

ပြောင်ချော်ချော်ပြောရင်း အသားလွှာတစ်ခုကို ကူနှင့်ညှပ်၍ ပါးစပ်ထဲထည့်လိုက်သည်။ ပြီးမှ ဘီယာတစ်ကျိုက်ကို အရသာခံ၍သောက်လိုက်သည်။ အောင်စိုးကတော့ အမြည်းမစားဘဲ ဝီစကီကို ရေမရောဘဲ အသေစောအောင် သောက်တတ်သူပင်။





"ဟိတ်ကောင် အသေစောနေဦးမယ် ရေရောဦး"

"ငါက အရက်ကို အသီးအနှံနဲ့မြည်းတာ ဘယ်တော့မှမသောဘူး ခင်သာ အသားတွေ အဆီအဆိမ့်တွေနဲ့မြည်းလို့ ရောဂါရပြီး သေမှာ"

"ငါက အကြိုက်သောက်တတ်တဲ့ကောင် မဟုတ်ဘူး၊ ခံစားချက်ရှိတဲ့နေ့သာ ဖြေဖျောက်တာ"

"မင်းမှာဘယ်နေ့ရော ခံစားချက်မရှိလို့လဲ၊ အိမ်ကို ဘီယာမသောက်ဘဲ ပြန်တဲ့နေ့ဘယ်နေ့ရှိလဲ ငါ့ကိုပြော"

"ဒါကတော့ကွာ အိမ်ကိုပြန်ရောက်တိုင်း အကုသိုလ်များလို့ပေါ့၊ ငါက ဘဝမှာအပျော်တွေနဲ့ပဲလွင့်ချင်တာ၊ ဖေဖေဆုံးတဲ့အချိန်က ငါသိတတ်တဲ့အရွယ်မရောက်သေးလို့လား မသိဘူး ခုချိန်တွေလောက် စိတ်ပင်ပန်းခဲ့တာမဟုတ်ဘူး။ အခုတော့ကွာ ဟိုလူကြီးမျက်နှာမြင်တိုင်း ခွဲခွဲထိုးပစ်ချင်တယ်၊ မေမေ့ယောက်ျား ဘာလို့လုပ်လိုက်တာလဲလို့ပေါ့"

"မင်းအမေ အမှီရှာသင့်လို့ ရှာတာ အပြစ်မတင်ပါနဲ့ကွာ၊ ကိုယ့်အမေကို အပြစ်မတင်ရင် မင်းဟိုလူကြီးကိုလည်း အပြစ်မမြင်တော့ဘူးပေါ့၊ အခုက မင်းကြောင့် သူတို့လည်း စိတ်ဆင်းရဲနေရမှာပဲ"

"ငါကလည်း သူတို့ကို စိတ်မချမ်းသာစေချင်ပါဘူး"

"ဘာကွ"

မင်းသဝဏ်စကားကြောင့် အောင်စိုး အနည်းငယ် အံ့သြသွားသည်။ မင်းသဝဏ်မှာ ဒီလိုညဥ့်ဆိုးလေးရှိမှန်း မသိလို့တော့မဟုတ်ပါ။ အိမ်မှာနေသည့်အချိန်တွေဆို သူ့အမေနှင့်ပထွေးကို အမြဲကန့်လန့်တိုက်ခဲ့တိုက်နေတတ်သည့် လူဆိုးလေးပင်။ အခုလည်း မချိုမချဥ်မဲ့ပြုံးနှင့်

"မင်းက ဘာကိုအံ့သြသွားတာလဲ၊ ငါ့စိတ်ထဲမှာ အမြဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ငါစိတ်ဆင်းရဲသလို အဲဒီလူကြီးလည်း စိတ်မချမ်းသာစေရဘူး"

"မင်းကွာ တစ်အိမ်တည်းအတူနေနေတာ နှစ်တွေလည်း မနည်းတော့ဘူး၊ မင်းဘက်ကနည်းနည်းလောက်လျှော့လိုက်ရင် အားလုံး အဆင်ပြေသွားမယ့်ကိစ္စကွာ"

"ငါသာ အဲလိုလျှော့လိုက်ရင် ပထွေးဆိုတဲ့လူက ခေါင်းပေါ် ချေးတက်ပါလိမ့်မယ် သိလားအောင်စိုး၊ အခုတောင် သူ့အမေနဲ့သားဆီ တနင့်တပိုးပို့တယ်၊ သူကလည်း အိမ်မှာစည်းစိမ်အပြည့် ခံစားတယ်၊ မေမေကလည်း အဲဒါကို ကျေနပ်ပြီး တပြုံးပြုံး ငါလုံးဝကို မကျေနပ်တာ"

"သူ့ရဲ့ကြိုးစားမှုကြောင့် မင်းတို့အိမ်စီးပွားရေး ပိုတိုးတက်လာတာဆို၊ ဒီလူ အလကားထိုင်စားနေတာမှ မဟုတ်ဘဲကွာ၊ နားလည် ပေးလိုက်စမ်းပါ"

"နားလည်ပေးနိုင်ရအောင် အဲဒီလူက မင်းကိုနှမပေးထားလို့ လား၊ သူ့ဘက်က နာမနေနဲ့၊ မင်းသူငယ်ချင်းဖြစ်တဲ့ ငါ့ဘက်ကလည်း တွေးပေးဦး၊ အဲဒီလူကြီးက ငါ့အမေနဲ့အတူ အိပ်နေတယ်၊ ငါ့အမေပစ္စည်း တွေ ခွာယူနေတယ်ဆိုတာတွေးပြီး ငါ ဘယ်လိုမှ မခံစားနိုင်ဘူး"

"ကလေးအထာတွေနဲ့ကွာ၊ လင်မယားဖြစ်နေပြီပဲ အတူအိပ် တော့ ဘာဖြစ်လဲကွ၊ မင်းလည်း မင်းမိန်းမရရင် မိန်းမနဲ့ပဲအတူအိပ်မှာ မဟုတ်ဘူးလား"

"ဟိတ်ကောင် စကားကို ကတ်သတ်မပြောနဲ့၊ ငါ ဆွဲထိုးမိ မယ်"

"မ မလုပ်နဲ့ ဟိတ်ကောင်"

လက်သီးနှင့်ရွယ်လိုက်မှ တကယ်အထိုးခံရတော့မည်ဆိုတာ





သိပြီး အောင်စိုး အသံတိတ်သွားသည်။ ကိုယ့်အနားမှာ အဖော်ကောင်း တစ်ယောက်အဖြစ် အတူရှိနေပေးတတ်သည့် သူငယ်ချင်းမို့ သူ သည်းခံ ပေးလိုက်တာပါ။

မဟုတ်လျှင် စိတ်မြန်လက်မြန် ဒေါသထွက်လွယ်သော သူ့ စရိုက်ကြောင့် အောင်စိုး အရိုးတခြား အသားတခြား ဖြစ်သွားနိုင်သည်။

"သဝဏ် ဟိုလေ ငါတို့မင်းအိမ်အကြောင်း မပြောဘဲ မင်း ကောင်မလေးအကြောင်းပြောကြရင် မကောင်းဘူးလား"

"ဘယ်ကောင်မလေးလဲ"

"ဒီနေ့ ပြဿနာတက်လာတဲ့ ညေးစားရှိတဲ့ကောင်မလေးလေ၊ သူ့နာမည်က ဘယ်သူလဲ"

"မသိဘူး ဒါပေမဲ့ သူ့အိမ်ကိုတော့ ငါ သိခဲ့ပြီ၊ သူစီးသွားတဲ့ တက္ကစီနောက်က ငါတောက်လျှောက်လိုက်လာခဲ့တာ"

"ဒါဆို မင်းရှေ့ဆက်တိုးမှာပေါ့"

"မင်းသဝဏ်နောက်ကျကျန်တယ်ဆိုတာ ရာဇဝင်မရှိဘူးလေ ကွာ၊ လိုချင်တာရအောင်ယူတတ်တာ ငါ့အကျင့်ပဲ၊ အချစ်နဲ့စစ်မှာ မတရားတာမရှိပါဘူး၊ သူလက်မထပ်သေးသရွေ့ ငါ့ဘက်ကကြိုးစားဖို့ အခွင့်အရေးရှိရမှာပေါ့ မဟုတ်ဘူးလား"

"အဲဒါကြောင့် မင်းကို ဟိုကဆိုက်ကိုလို့ ပြောသွားတာ"

"ဘာ"

"ဘာ ဘာမှမဟုတ်ဘူး၊ ငါ့သူငယ်ချင်းက တော်တယ်လို့၊ လူ ဆိုတာ ကိုယ်ကြိုက်ရာကိုယ်လုပ်ကြတာပဲ၊ မင်းဆန္ဒအတိုင်းလုပ်ချင်ရာ လုပ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမကောင်းလို့ မြောက်ထိုးပင့်ကော်လုပ်နေသည်ဆိုတာ သူသိသည်။ သူကလည်း ဒါကိုပဲကျေနပ်ကာ

"နီးရာဓားကြောက်တတ်မှ အသက်ချမ်းသာရာရတယ်ဆိုတာ မင်းသဘောပေါက်လွယ်သားပဲ အောင်စိုး"

"ဟေ့"

"ငါ အဲဒီကောင်မလေးကို တကယ်ချစ်မိသွားတာကွ၊ ငါ့ရဲ့ဖူးစာရှင် ဖြစ်လာလိမ့်မယ်ထင်တယ်"

"မဟုတ်လည်း စိတ်ကူးယဉ်တာ ပိုက်ဆံပေးရတာမှတ်လို့ ယဉ်သာယဉ်"

"ငါ့ကိုအရွဲ့တိုက်ပြောနေတာလား"

"ဘီယာ ဘယ်နှစ်ခွက်မှ မသောက်ရသေးဘဲ မရစ်ပါနဲ့ကွာ၊ ကဲ ငါတို့ဒါလေးဖြတ်ပြီး သွားမယ်လေ"

"အိမ်စောစောမပြန်ချင်ဘူး၊ အိမ်ပြန်ဖို့အကြောင်း သတိမပေးစမ်းပါနဲ့၊ လေတဲ့နေ့ဆို ငါအပြင်မှာ အိပ်တတ်တယ်ဆိုတာ မင်းသိပါတယ်"

"ဒီနေ့ တကယ်အပြင်မှာအိပ်မလို့လား"

"မဟုတ်ပါဘူး နောက်ကျပြီးမှ အိမ်ပြန်မလို့ပါ၊ စောစောပြန်ရမှာပျင်းစရာကြီး၊ မေမေနဲ့ဟိုလူကြီး စိတ်ကသိကအောက်ဖြစ်အောင် ငါ မပြန်သေးဘူးကွာ၊ မင်းအတူနေပေးမှာမဟုတ်လား"

"ကိုယ်ကြိုက်တဲ့အရက်ကို အလကားသောက်နေရတာ၊ ကြိုက်တဲ့အချိန်မှသာပြန်၊ မင်းကို ငါဘာမှမပြောတော့ဘူး"

အဲလို လိုက်လျောတတ်မှုတွေကြောင့် အောင်စိုးနှင့်ပြောမနာ





ဆိုမနာ ပေါင်းသင်းဖြစ်နေခြင်းပင်။ ကိုယ့်အကြောင်းတွေ ရင်ဖွင့်တိုင်ပင်စရာလည်း ဒီကောင်တစ်ယောက်ပဲရှိတာပါ။

အိမ်ပြန်ချိန်တွေဟာ အမြဲတမ်းနောက်ကျလျက် . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အိမ်ပြန်တာ အရမ်းနောက်ကျလိုက်တာ သားရယ်၊ နေ့စဉ်နေ့တိုင်းနီးပါး ဒီလိုအချိန်ထိ အပြင်မှာ ဘာတွေလုပ်နေတာလဲ သား"

မေမေ့ကို ဘာစကားမှမတုန့်ပြန်ဘဲ အိမ်ထဲဝင်လာခဲ့သည်။ သူ ဘယ်အချိန်ပဲအိမ်ပြန်ပြန် မေမေ တံခါးဖွင့်ပေးမှ သူ ကျေနပ်တာပါ။ သူ ဘယ်အချိန်ပြန်ရောက်မည်ဆိုတာ မေမေ ဖုန်းဆက်မေးလည်း သူ ဘယ်တော့မှမပြော။

ဒါမှ ဘယ်အချိန်ရောက်လာမလဲမျှော်မှန်းပြီး ဟိုလူကြီးနှင့်အိပ်ခန်းထဲမှာ အတူတူမနေဘဲ ဧည့်ခန်းကနေထိုင်စောင့်နေမှာမဟုတ်လား။

မေမေမစောင့်ဘဲ အိမ်အကူ မဲစော သော့ဖွင့်ပေးပြီဆိုလျှင်တော့ သူ အိမ်ထဲမဝင်ဘဲ အပြင်ကနေ တံခါးကို တဂျုန်းဂျုန်းတဝုန်းဝုန်းထုနှက်ရိုက်ပုတ်၍ သောင်းကြမ်းတတ်သည်။

ခြံစောင့် ကိုမောင်ငယ် လာဆွဲလည်း ကိုမောင်ငယ်ကို အော်ဟစ်မာန်မဲပစ်တတ်သည်။ ဒါကြောင့် ကိုမောင်ငယ်လည်း လာမဆွဲရဲ။





သူ့ရဲ့သောင်းကြမ်းမှုတွေကြောင့် အိပ်မရသော မေမေကသာ အပေါ်ထပ်ကနေ ဆင်းလာပြီး တံခါးလာဖွင့်ရသည်။

"သားလေး အရက်နံ့ကလည်း တထောင်းထောင်းနဲ့ မင်းအရက်သမားဖြစ်တော့မှာပဲ"

"အရက်သမားဘာလို့ဖြစ်ရမှာလဲ၊ ဘီယာသောက်တာ"

"အတူတူပဲမဟုတ်ဘူးလားကွယ်၊ ဘာသောက်သောက်မူးတာပဲ၊ သားကို မေမေ အဲလိုပုံစံမျိုး မမြင်ချင်ပါဘူး၊ မေမေ့ကိုမသနားဘူးလား သား"

"သား သနားစရာလိုလို့လား၊ မေမေ့ကို ဟိုလူကြီးက သနားနေ ချစ်နေကြင်နာနေတာမဟုတ်လား"

"ဒါကတော့ကွယ်"

"မေမေ"

"ဟင် သား"

"သားမေမေနဲ့အိပ်ချင်တယ်"

"ဩော် သားရယ်၊ ဒီအရွယ်ကြီးကျမှ မအေနဲ့အိပ်ချင်ရလား၊ သားက လူပျိုကြီးဖြစ်နေပြီလေ သားရဲ့"

"အာ ဘာဖြစ်လို့လဲ၊ ကိုယ့်အမေနဲ့ကိုယ်အိပ်တာပဲ၊ မေမေ့လက်မောင်းပေါ်မှာ ခေါင်းလေးအုံးပြီးအိပ်ရတာ ဘယ်လောက်အရသာရှိလဲ၊ ဖေဖေဆုံးတဲ့အချိန်တုန်းက မေမေက သားအားမငယ်ရအောင်ဆိုပြီး ရင်ခွင်ထဲမှာပဲ သိပ်ခဲ့တာလေ၊ ဒီလူကြီးနဲ့မရခင်အချိန်ထိပဲ ဟုတ်တယ်မဟုတ်လား"

"အဲဒီတုန်းက သားက ငယ်သေးတယ်လေ၊ အခု သားက



www.burmeseclassic.com

www.burmeseclassic.com



ငယ်တော့တဲ့အရွယ်မှမဟုတ်တာ၊ ကလေးလိုဆိုးနေလို့ဘယ်ဖြစ်မှာလဲ သား။ မေမေလည်း တစ်နေကုန်ရွှေဆိုင်ထိုင်ရတာ ပင်ပန်းတယ်၊ သား အန်ကယ်လည်း ပန်းထိမ်တက်မှာအုပ်ချုပ်ရတာ ပင်ပန်းတာပဲ၊ ညဘက် လေးပဲ မေမေတို့မှာ နားနားနေနေလေး နေရတာ၊ သားကနေ့တိုင်း ဒီလိုကြီးလုပ်နေတော့ ဘယ်လိုလုပ်မလဲ၊ အိပ်ရာဝင်နောက်ကျတော့ မနက်အိပ်ရာထရင် မေမေခေါင်းတွေမူးလာတယ်၊ သားကလိမ္မာမှပေါ့ သားရယ် နော်''

''လိမ္မာရင်စိတ်ပင်ပန်းရတယ် မေမေ၊ သားလူဆိုက်လေးပဲလုပ်ချင်တယ်''

နှုတ်ခမ်းကိုစူ၍ပြောကာ မေမေ့ရင်ခွင်ထဲတိုးဝင်လိုက်သည်။ ဒီဆိုဖာခုံရှည်ပေါ်မှာ မေမေ့ပေါင်ပေါ်လှဲအိပ်ရင်း တစ်ညလုံး ဟိုလူကြီး အခန်းထဲမသွားအောင် သူ လုပ်နေကျပါ။

မေမေညလုံးပေါက်ဒုက္ခတွေခံရတာကိုလည်း သူ မသနားမိခဲ့ပေ။ မေမေနောက်အိမ်ထောင်ပြုတာကို ဟိုအရင်ကတည်းက လက်မခံနိုင်ခဲ့တာ။ ဖေဖေမဟုတ်သော တခြားသူစိမ်းယောက်ျားတစ်ယောက်နှင့် မေမေ အတူအိပ် အတူစား အတူနေ အတူသွားလုပ်နေခြင်းဟာ သူ့ရင်ဘတ်ကြီးက မခံစားနိုင်ဖြစ်နေခြင်းပင်။

''ထား မအိပ်သေးဘူးလား''

''သြော် ကိုအောင် ဒီမှာ သားဂျီကျနေလို့လေ၊ ကိုအောင်အိပ်နှင့်ပါ၊ ထား သားအိပ်ပျော်မှလာခဲ့ပါမယ်''

ဦးအောင်ဘွားအသံကြားတော့ သူ မျက်လုံးကိုစုံမှိတ်ချထားလိုက်သည်။ ဦးအောင်ဘွားက ရှေ့ကဆိုဖာခုံမှာဝင်ထိုင်လိုက်ပြီး





''ထားရဲ့သားက ငယ်တော့တဲ့အရွယ်မဟုတ်ဘူး။ ဘွဲ့ရပြီးတာ တောင် ကလေးလိုလုပ်နေတာမဟုတ်သေးပါဘူး ထားရယ်၊ အခု ည တစ်နာရီကျော်နေပြီ၊ သူမလာမချင်း ထားအိပ်ရေးပျက်ခံပြီး နေ့တိုင်း စောင့်နေရတယ်၊ နေ့စဉ်နေ့တိုင်းဆိုတော့ ထား ကျန်းမာရေးထိခိုက်လာမယ်လေ၊ ထားရဲ့သားကို နားလည်အောင်ပြောပါတော့လား ထားရယ်''

''သားက နားမလည်လို့မဟုတ်ပါဘူး၊ သူ့အမေကို ကလေးလိုဆိုးချင်နေတာပါ''

''အဲဒါ ခက်တာပဲ၊ ကိုယ့်သားလည်း သူနဲ့ရွယ်တူပဲ၊ ဒါပေမဲ့ အရမ်းရင့်ကျက်နေပြီ၊ ဆယ်တန်းဆိုလည်း ဂုဏ်ထူးငါးဘာသာနဲ့အောင်ခဲ့တယ်၊ သူလို ရိုးရိုးမေဂျာနဲ့မဟုတ်ဘူး၊ အခု ဆရာဝန်ဖြစ်ဖို့ ဟောက်စ်ဆင်းနေရပြီ၊ နေ့စဉ်နေ့တိုင်း ခဏတဖြုတ်တွေ့ရဖို့မပြောနဲ့ တစ်လတစ်ခါ တွေ့ဖို့ အဆင်မပြေရင်တောင် ဖအေဖြစ်သူကို ဘာမှအပြစ်ပြောရှာတာ မဟုတ်ဘူး''

သူ့သားနှင့်နှိုင်းယှဉ်ပြောခံရတော့ သူ ဖြုန်းခနဲ မေမေ့ရင်ခွင်ထဲက ခုန်ထလိုက်သည်။

''အန်ကယ့်သားနဲ့ကျွန်တော့်ကို နှိုင်းယှဉ်မပြောနဲ့၊ ကျွန်တော် မကြိုက်ဘူးအန်ကယ်၊ သူနဲ့ကျွန်တော်နဲ့က အခြေအနေချင်းတူလို့လား၊ အရင်က အန်ကယ်နယ်တကာလှည့် ငွေထွက်ရှာနေရတော့ သူနဲ့အချိန်ပြည့်အတူတူနေခဲ့ရလို့လား၊ မတွေ့မမြင်ရဘဲ ဝေးကွာနေရတာကို သူ အကျင့်ပါနေပြီလေ၊ အခု မေမေနဲ့လက်ထပ်ပြီး အဆင်ပြေမှ အတူတူ နေချင်ပါတယ်လို့ ပြောပါတော့မလား။ အန်ကယ်ဒီအိမ်မှာနေမှ သူ ဆေးကျောင်းတက်ဖို့ ဝတ်ဖို့စားဖို့ အဆင်ပြေမှာမဟုတ်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"သား သားအဲလို မပြောရဘူးလေ"

"ပြောမှာပဲ မေမေ၊ သူ့သားနဲ့နှိုင်းယှဉ်ပြီးပြောပြောနေတာ သား တင်းတယ်၊ အခြေအနေချင်း ဘဝချင်းမတူတာ သူ မသိဘူးလား။ သားက မေမေ့ရင်ခွင်ထဲမှာ ပြည့်ပြည့်စုံစုံ စံစားနေတာ သူတို့က အခုမှ"

"အန်ကယ်လည်း အန်ကယ်တတ်ထားတာနဲ့ မင်းအမေစီးပွားရေးကို ပံ့ပိုးကူညီနေတာပါ၊ အန်ကယ် အလကားထိုင်စားနေတာမဟုတ်ဘူး၊ အရင်ကထက် စီးပွားရေးတွေတိုးတက်အောင်မြင်လာတာ မင်းအမေအသိပါ မောင်သဝဏ်၊ ဒီအိမ်ကို အန်ကယ်ရောက်လာလို့ အကျိုးယုတ်တာတစ်ခုမှ မရှိပါဘူး"

"ဟုတ်သားပဲ သားရယ်၊ အဲလိုမပြောရဘူးလေ သားရဲ့ သားအန်ကယ်က သားအပေါ်ရော ဘာမကောင်းတာရှိလို့လဲ၊ သူ့သားလိုပဲ သားကိုလည်း ဆရာဝန်ကြီး ပညာတတ်ကြီး ဖြစ်စေချင်တာပါ၊ သားဆယ်တန်းနှစ်တုန်းက သူ့သားဆီတောင်မသွားဘဲ သူနဲ့မေမေနဲ့တစ်ညလုံး တစ်ယောက်တလဲထိုင်စောင့်ပြီး သားကိုစာကျက်ခိုင်းခဲ့ကြတာလေ၊ ကိုဒ်ငှားထားတဲ့ ဆရာ ဆရာမတွေတောင် သူ့လောက်သားအပေါ် ဂရုစိုက်ခဲ့ကြတာမဟုတ်ပါဘူးကွယ်"

"အဲဒါက မေမေ့ကိုမျက်နှာလိုမျက်နှာရလုပ်တာပါ၊ သားအတွက် ကော်ဖီလာပို့ရင် သူ့အတွက်လည်းပါတယ်၊ လက်ဖက်သုပ်ဆိုလည်း သူ့ဖို့သီးသန့်ထည့်ယူလာတယ်၊ မေမေကြင်နာတာ ဂရုစိုက်တာခံချင်လို့ အဲလိုလုပ်တာ"

"သားရယ် ကလေးကျနေတာပဲကွယ်"

သားကိုဒေါ်သက်ထား ဘယ်လိုဖျောင်းဖျနှစ်သိမ့်ရတော့မည်





မသိပေ။ သားခြောက်တန်းနှစ်လောက်မှာ ကိုအောင်ဘွားနှင့်လက်ထပ်မည်လို့ပြောကတည်းက သားကအတိုက်အခံလုပ် ဆန့်ကျင်ခဲ့သည်။

ဖေဖေဆုံးပေမယ့် ဖေဖေ မဟုတ်သောသူကို ဖအေမတော်နိုင်ဘူးဟု ဖွတ်အကြောက်အကန် ပြောသည်။ မိမိလည်း ငယ်သူငယ်ချင်းအပေါင်းအသင်းလိုဖြစ်ခဲ့သော ကိုအောင်ဘွားနှင့်လက်ထပ်ချင်လို့တော့ မဟုတ်ပါ။ တောင်းအားတော့ထည့် လှအားတော့ခနဲ့၊ အကွပ်မရှိတဲ့ကြမ်းပရမ်းပတာ၊ အလံမရှိသောရထား အမြင်မတင့်တယ်ဆိုသလို မုဆိုးမမိမိကို သွေးတိုးစမ်းချင်သူတွေက အများသားပင်။ စီးပွားရေးလောကမှာလည်း မိန်းမသားမို့ ဘယ်သူမှလေးလေးနက်နက် အထင်တကြီး မဆက်ဆံချင်။ ဟိုလိုဒီလို ကြံစည်ချင်သူတွေ၊ သွေးထိုးမြှောက်ပင့်အပိုင်စီးချင်သူတွေနှင့် တကယ်ကို စိတ်ရှောက်ချားစရာပါ။

ဒါကြောင့်မို့ အကြောင်းသိ အစင်းသိ ကိုအောင်ဘွားနှင့်လက်ထပ်ခဲ့ခြင်းပင်။ ကိုအောင်ဘွားက ပန်းထိမ်ဆရာဆိုတော့ မိမိစီးပွားရေးနှင့်လည်း အံကိုက်ကွက်တိဖြစ်ခဲ့သည်။

ဒါကြောင့်လည်း စီးပွားရေးက ဒီရေအလား မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင်လာခဲ့တာပါ။ ဒါကို သူ့မိသားစုကိုထောက်ပံ့ပေးကမ်းနေတာ ငြိုငြင်လို့ ဖြစ်ပါ့မလား။

"မေမေ"

"အင်း ဘာလဲ သား"

"သားနဲ့အိပ်မှာလား"

"သားရယ် မဆိုးပါနဲ့၊ မေမေလည်း ကောင်းကောင်းနားချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သားအခန်းထဲမှာ နားလို့ရတာပဲ"

"ကဲ ထား ထားရဲ့သားစိတ်တိုင်းကျ သူ့အခန်းထဲသာလိုက်သွားလိုက်ပါကွာ၊ မဟုတ်ရင် ကိုယ်တို့တစ်ညလုံး အိပ်ရမှာမဟုတ်ဘူး အောက်ထပ်မှာဝုန်းဒိုင်းကြဲနေမှာ သိရဲ့သားနဲ့"

ဦးအောင်ဘွား စိတ်လျှော့ကာ အပေါ်ထပ်ပြန်တက်သွားသည်။ သူ့ အားရပါးရ ကျေကျေနပ်နပ်ပြုံးပြီး မေမေ့ပါးကိုနမ်းမွှေးလိုက်၏။

မေမေက သက်ပြင်းချကာ မျက်စောင်းဝေ့သည်။

"ခက်တော့တာပဲ သားရယ်၊ သားကိုမေမေပြောဆို မရိုက်ရက်လို့ သားဆိုးနေတာလား၊ မေမေက ဖတာဆိုးလေးဆိုပြီး အလိုလိုက်ထားတာ၊ ဒီလိုဆိုးနေလို့တော့ မဖြစ်သေးဘူး သားရယ်၊ သားက ငယ်တော့တဲ့အရွယ်မဟုတ်ဘူး ရင့်ကျက်သင့်ပါပြီ"

"မိဘတွေက သားသမီးတွေကိုအဘိုးအဘွားကြီးဖြစ်တဲ့အထိ သူငယ်နှပ်စားလေးလို့ထင်ပြီး ရင်အုပ်မကွာ ထားချင်ကြတာဆို၊ မေမေက သားကိုမချစ်ဘူးလား"

"ချစ်တာပေါ့ သားရယ် ချစ်တာပေါ့၊ မေမေ့သားလေးကို အူဝဲလေးလို့ထင်နေတုန်းပဲ၊ ဒါပေမဲ့အိမ်ထောင်ရေးကိစ္စမှာတော့ ကလေးလိုဆိုးနေလို့မရဘူးလေ၊ သားအန်ကယ်က သားကိုချစ်လို့ ဒီလိုကိစ္စကို ခွင့်လွှတ်ထားတာ၊ အဲဒါကိုသားနားလည်ရမယ်"

"ဘာကိုနားလည်ရမှာလဲ၊ သူတို့က မေမေ့ကိုမှီခိုနေရတာ၊ မေမေ့သားဖြစ်တဲ့သားကိုလည်း အရိပ်အခြေကြည့် ဆက်ဆံတာဝတ်မှဖြစ်မှာပေါ့ မေမေ၊ အဲလိုအလိုက်မသိရင် အဲဒီလူကြီးကို ဒီအိမ်ပေါ်မှာတောင်မထားဘူး"





"သားရယ်"

ဒေါ်သက်ထား သက်မတွေပဲ ချလိုက်မိသည်၊ သားကိုဖျောင်းဖျရတာ ကျွဲပါးစောင်းတီးနေရသလိုပင်။

ပထွေးဖြစ်သူကို အမြင်စောင်းနေမှတော့ ဘယ်လိုလုပ်အကောင်းမြင်တော့မှာလဲ။ သားစိတ်လေး ပြေရာပြေကြောင်းဖြစ်ဖို့သာ ဖြေသိမ့်ရတော့မှာပါ။

"သားလေး အိပ်ချင်ပြီမဟုတ်လား၊ သားအခန်းထဲ သွားမယ်လေ"

"အခန်းထဲရောက်ရင် အိပ်ပျော်သွားမှာ၊ အိပ်ပျော်သွားရင် ဟိုလူကြီးဆီ မေမေ သွားအိပ်နေမှာစိုးလို့၊ ဒီနားမှာပဲ မေမေ့ပေါင်ပေါ်မှာ အိပ်တော့မယ် မေမေ"

"ကဲ သားသဘော သားရယ်၊ သားကိုမေမေ ဘယ်လိုမှပြောလို့မနိုင်တော့ဘူး"

ဒေါ်သက်ထား စိတ်မလျှော့လို့မဖြစ်တော့။ သူ့အလိုမလိုက်လျှင် ကိုအောင်ဘွားပြောသွားသလို သားကတစ်ညလုံး သောင်းကြမ်းနေတော့မှာ။ သားဒီလိုဖြစ်သည့်အချိန်တိုင်း ကိုအောင်ဘွားကို မျက်နှာမပြရဲအောင် အားနာရလေသည်။

ဒီလိုသာ ရှေ့ဆက်သွားလျှင်ဖြင့် . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ရှေ့ဆက်ရမည့်ခြေလှမ်းတွေကို သူ ခဏရပ်ထားလိုက်သည်။ ကောင်မလေးအိမ်နားအထိ အတင့်ရဲမသွားသင့်ဘူး ထင်လို့ပါ။ အိမ်ထဲက နေ အပြင်ကိုကောင်မလေး ဘယ်အချိန်ထွက်မလဲဆိုတာ စိတ်ရှည်ရှည် စောင့်ကြည့်ဦးမှ ဖြစ်မှာမဟုတ်လား။

"ဟင် ဟိုကောင်က ဘာလဲ"

ကောင်မလေးတို့ခြံဝင်းထဲ ဟိုကောင်ဝင်သွားတာမြင်လိုက်တာ မို့ သူ ဖျဉ်းခနဲ ဖြစ်သွားသည်။ ဒီကောင်က ဒီနားဝန်းကျင်မှာနေတာ ကြောင့် ကားမပါဘဲ အဲဒီအိမ်ထဲဝင်သွားတာလား။

ဒါဆိုလျှင်တော့ သူ ပိုပြီးချဉ်းကပ်ရခက်တော့မည်ထင်သည်။ အိမ်အဝင်အထွက်ရှိနေပြီဆိုလျှင် မိဘတွေသဘောတူ ကြည်ဖြူထားလို့ မဟုတ်ပါလား။ သူ့စိတ်တွေ ကသိကအောက် နေမထိထိုင်မသာ ဖြစ် သွားသည်။





"ဟူး မလွယ်ပါလား ကောင်မလေး"

သူ ညည်းတွားရင်းဖြင့် စိတ်ရှည်ရှည်ထားကာ ဆက်စောင့်နေ လိုက်သည်။ ဟိုကောင့်ကိုတစ်နာရီလောက်နေမှ ပြန်ထွက်လာတာတွေ့ လိုက်ရသည်။ သူ့စိတ်တွေ ပေါ့ပေါ့ပါးပါး ပြန်ဖြစ်သွားပြန်၏။

နောက်ထပ်တစ်နာရီထပ်အကြာမှာတော့ ကောင်မလေး ကား ကို ကိုယ်တိုင်မောင်း၍ ထွက်လာတာကို သူ ဝမ်းသာအားရမြင်တွေ့လိုက် ရသည်။

"မင်း ဘယ်သွားမလဲ၊ စကြဝဠာအနှံ့သွားလိုက်စမ်းကွာ ငါ လိုက်ပြီးသားပဲ"

ကောင်မလေးကနောက်က မျက်ခြေပြတ်မခံဘဲ သူတောက် လျှောက်လိုက်လာခဲ့သည်။ လမ်းတစ်နေရာအရောက်မှာ သူငယ်ချင်းဖြစ် ဟန်တူသော ကောင်မလေးတစ်ယောက်။ သူမကားပေါ်တက်လိုက်သွား သည်။ မီးပွိုင့်ရောက်တော့လည်း သူ့ကားကိုအမြင်မခံ။ စင်တာတစ်ခု ရှေ့အရောက်မှာတော့ သူမကားလေး ပါကင်နေရာယူကာ သူငယ်ချင်း လက်ကိုဆွဲ၍ စင်တာထဲဝင်သွားသည်။

သူ မသိမသာပဲ ကပ်လိုက်လာခဲ့သည်။ သူမ နာမည်လေးသိရ ဖို့ ဒီတစ်နည်းပဲရှိတော့သည် မဟုတ်လား။

သူမက သူငယ်ချင်းနှင့်ရယ်လိုက်မောလိုက်ဖြင့် သူ့ကိုလုံးဝ သတိမထားမိပါ။

"ဟဲ့ မှုန်ဩ နင်ထွင့်ခေါင်းနဲ့ မခေါ်ပြန်ဘူးလား၊ ဘာလဲ ဟိုက စိတ်ဆိုးစိတ်ကောက်သွားပြန်ပြီလား"

"ဒီတစ်ခါ ငါကောက်တာ၊ သူဖုန်းဆက်တာလည်း မကိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ခုနက အိမ်လာတာလည်း ငါ ရေချိုးအလှပြင်နေတာ အကြောင်းပြပြီး ဆင်းမတွေ့လိုက်ဘူး''

''ဟယ် အံ့သြစရာ ကြားသားမိုးကြိုးတော်၊ နင်တို့တစ်ခုခု ဖြစ်တိုင်း ဟိုက စိတ်ကောက်လို့ နင်ချည်းပဲချော့ရတာမဟုတ်လား။ နင့်ဘက်က ကောက်စရာရှိလည်း နင်ပဲအရင်စချော့ရတာလေ''

''အဟဲ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီတစ်ခါက နင်နဲ့တွေ့လို့ရတဲ့ ရက်က တိုက်ဆိုင်သွားတယ်လေ၊ ငါ့ဘက်က တင်းလို့ရတဲ့အနေအထား လေးဖြစ်သွားတာ ငါကံကောင်းသွားတာပေါ့ မဟုတ်ဘူးလား''

''မှုံဒြာရယ် နင်ကတော့လေ မပြောလိုက်ချင်ဘူး၊ ဒါနဲ့နေပါဦး ဒီတစ်ခါက် ကောက်ရတဲ့အကြောင်းအရင်းက ဘာလဲ''

''ကြောင်တစ်ယောက်ကြောင့်ပေါ့ဟာ၊ ငါ့ကိုကော်ဖီဆိုင်မှာ ဖွန်ကြောင်နေတာကို အဲဒီတစ်ယောက်ကို သွားပွဲကြမ်းတယ်''

''ဟယ် ဒုက္ခပဲ၊ ဆိုင်ထဲမှာ ရှုန်းရင်းဆန်ခတ်ဖြစ်သွားမှာပေါ့''

''မဖြစ်ရအောင် ဆွဲခေါ်ထုတ်လာရတာပေါ့ဟယ်၊ အဲဒါလမ်း လည်းရောက်ရော သူကတော့ မအားတဲ့ကြားက ငါ့ကိုလာတွေ့ရတယ်၊ ဒီပြဿနာဖြစ်သွားတော့ စိတ်မပါတော့ဘူးဆိုပြီး ငါ့ကိုလမ်းလယ်ခေါင်မှာ ချထားခဲ့တာပဲ၊ ငါက သူနဲ့တွေ့မယ်ဆိုရင် ဘယ်တော့မှ ကားယူလာတာ မဟုတ်ဘူး၊ ငါ ဒေါက်ပြုတ်သွားတာပေါ့၊ တက္ကစီငှားစီးပြီး အိမ်ပြန်ရတာ လေ အဲ''

မှုံဒြာက တစ်ခုခုကိုအမှတ်ရသွားသလို ခြေလှမ်းပါရပ်သွား သည်။ သူမသူငယ်ချင်းကောင်မလေးလည်း ရပ်သွားကာ မှုံဒြာ မျက်နှာ ကိုလှည့်ကြည့်ပြီး





''ဘာဖြစ်တာလဲဟဲ့ စင်တာထဲရောက်မှ အိမ်မှာပိုက်ဆံကျန်ခဲ့ လို့ ဖြစ်သွားတဲ့ပုံစံနဲ့''

''ဟိုလူ''

''ဘယ်လူလဲ''

''အဲဒီနေ့က ဖွန်ကြောင်တဲ့လူပေါ့၊ ငါတို့နောက်ကို လိုက်လာ တယ်၊ ငါ့ကိုထွင့်ခေါင် ထားခဲ့တာ သိသွားတာပေါ့ဟာ၊ ငါကျိုးတာပေါ့''

''အဲဒါနဲ့''

''ငါ တက္ကစီငှားတော့မယ့်အချိန်မှာ ငါ့အနားမှာ ကားထိုးရပ် ပြီး သူလိုက်ပို့မယ်ပြောတယ်''

''ဟယ် အတင့်ရဲသားပဲ၊ လူပုံစံက ဘယ်လိုလဲ ချောလား''

''အင်း စတိုင်လည်းမိုက်တယ်၊ မိန်းကလေးတွေအသည်းခွဲ လောက်မယ့်ပုံစံမျိုးပေါ့၊ အဝတ်အစားဝတ်တာလည်း လူငယ်ဆန်ပေမယ့် စမတ်ကျတယ်''

''ဝေဖန်နေတာတော့ စိတ်ဝင်စားတဲ့ပုံပဲ''

''ဘာလုပ်ရမှာလဲ ငါ့မှာထွင့်ခေါင်ရှိပြီးသား''

''အေး အဲဒါ ငါပြောချင်နေတာ နင့်အနားမှာ ထွင့်ခေါင်ရှိနေရဲ့ နဲ့ ရှိုးတယ်ဆိုတော့ ဒီပုဂ္ဂိုလ် တော်တော်မလွယ်တာပဲ''

''အဲဒါကြောင့် ဆိုက်ကိုဝင်နေပါတယ်၊ ကြောင်နေပါတယ်လို့ ပြောတာပေါ့ လာပါဟယ် ဈေးဝယ်မယ်၊ မမလင်းတို့ ဒီနေ့အင်္ကျီအသစ် အဆန်းတွေရောက်တယ်ဆိုလို့ နင့်ကိုချိန်းလိုက်တာ၊ ထွင့်ခေါင်အတွက် လည်း အင်္ကျီတစ်ထည်ဝယ်သွားရမယ်''

''မိန်းမ စိတ်ကောက်မလို့ဆို ဒီတစ်ခါလည်းနင်ပဲ ချော့ဦး



www.burmeseclassic.com

www.burmeseclassic.com



မလို့လား''

''ခုနက ဒဏ်ပေးလိုက်ပြီလေ၊ အဟင်း ငါကျေနပ်သွားပြီ သူ စိတ်မကောင်းဖြစ်သွားမှာပဲ၊ နောက်ရက်တွေကျ နင်တို့က ငါ့အနား ရှိတော့တာမဟုတ်ဘူး၊ သူ့ကိုပဲအဖော်လုပ်ရမှာ''

''ဝဋ်ရှိသရွေ့ ခံလိုက်ဦးပေါ့ဟယ်''

ကြားနေရသမျှ သူမဘက်က လိုက်လျောရတာချည်းပင်။ ဟို ကောင်က ဘာမို့လို့ သူမဒီလောက် အလျှော့ပေးဆက်ဆံနေရတာလဲ။ သူသာဆိုလျှင်တော့ သူမကို အစွမ်းကုန်လိုက်လျော အလျှော့ပေးကြင်နာ မိမှာပ်။။

နာမည်လေးက မုဒြာတဲ့။ ချစ်စရာကောင်းလိုက်တာ နာမည် ရော လူရော။ မင်းမှာရည်းစားမရှိရင် သိပ်ကိုကောင်းမှာပဲ မုဒြာရယ်။

ဒါပေမဲ့ ကိုယ်ဆိုတဲ့ကောင်က မင်းမှာဘယ်လိုအနှောင်အဖွဲ့တွေ ရှိရှိ ရအောင်ချစ်မှာပါ။ ကိုယ်က မင်းသဝဏ်လေ။

လိုချင်တာကို မရဖူးဘူးဆိုတာမှ မရှိခဲ့တာ။

မုဒြာ မုဒြာတဲ့လား။။

■ ■ ■



## အခန်း (၆)

''မုဒြာတဲ့လား၊ နာမည်လေးက လှသားပဲကွ''

''လူကလည်း အလန်းနော်၊ ရှေ့ကကြည့်ကြည့် နောက်ကကြည့် ကြည့် ဘေးစောင်းတိုက်ကြည့်ကြည့်၊ မျက်လုံးထဲက မဖျောက်ဖျက်ရက် အောင် ချောတာလှတာနော်၊ အဲဒါထက် ချစ်စရာကောင်းလွန်းတယ်လို့ ပြောလို့ရတယ်၊ ငါ သူ့ကိုရအောင်လိုက်မယ်လို့ ဆုံးဖြတ်ထားတယ်ကွာ''

မင်းသဝဏ်အပြောကို အောင်စိုး နှာခေါင်းရှုံ့ပစ်လိုက်သည်။ ဒီကိစ္စကို အောင်စိုး အားမပေးနိုင်ပါ။

''မင်းကွာ ချစ်သူရည်းစားရှိတဲ့မိန်းကလေးကို မမျှော်လင့်စမ်း ပါနဲ့ကွာ၊ တခြားမိန်းကလေးတွေ မင်းအတွက်ပေါပါတယ်''

''သန်းခြောက်ဆယ်ကျော်ထဲမှာ တစ်ယောက်ကိုချစ်မိဖို့လည်း ခဲယဉ်းတယ်၊ အဲဒါကြောင့် အချစ်ဆိုတာက တန်ဖိုးရှိတာ''

''အချစ်အကြောင်း ငှီကာချဲ့ပြောတာ မင်းဆီက ဒီတစ်ခါ



www.burmeseclassic.com

ပထမဦးဆုံး ကြားဖူးတာပဲ၊ အေး ဒါပေမဲ့ ငါအားတော့မပေးချင်ဘူးကွာ၊ ကောင်မလေးက ရည်းစားရှိနေတယ်''

''အခုခေတ်မှာ အဲဒါဆန်းလို့လား။ ငါလည်း အစက ဒီလောက် စိတ်အားမထက်သန်ပါဘူး၊ ဟိုကောင်က မကျေနပ်တဲ့ပုံစံမျိုးကွ၊ ငါနဲ့ တွေ့တဲ့နေ့က လမ်းလယ်ခေါင်မှာတစ်ယောက်တည်း ထားခဲ့တယ်၊ မနေ့ က သူငယ်ချင်းနှစ်ယောက်ပြောနေတဲ့စကားတွေကို ကြားရတဲ့အခါမှာ လည်း ဟိုကောင်ကို ရေရေလည်လည် တင်းဖို့ကောင်းတယ်၊ ဒီမှာ မိန်းမတွေက ကြင်နာတတ်တဲ့ယောကျ်ားတွေကို အသည်းစွဲတာကွ၊ ငါသာ ကြင်နာပြလိုက်ရင် ဟိုကောင့်ကို မကြာခင် ခွာထုတ်ပစ်လိမ့်မယ် စောင့် ကြည့်နေ''

''မင်းစိတ်ကူးနဲ့မင်းတော့ ဟုတ်နေတာပဲ''

မျက်နှာကိုမဲ့ကာပြောရင်း အောင်စိုး အရက်ခွက်ကိုကောက် ကိုင်သည်။ မင်းသဝဏ်က အောင်စိုးလက်ကို ဖျတ်ခနဲ ဖမ်းဆွဲထားသည်။

''ငါတိုက်တာ သောက်ပြီး ငါ့ကောင်းကြောင်းတစ်ခွန်းမှမပြော ဘူး၊ ဟိတ်ကောင် မင်းမသောက်နဲ့တော့''

''မင်းကကွာ ငါက အမှန်တရားပြောတာ''

''မပြောနဲ့ မှန်တာပြောရင် ခဲနဲ့အပေါက်ခံရမယ်၊ စားလို့သောက် လို့ကောင်းအောင် ဟုတ်ဟုတ် မဟုတ်ဟုတ် ဖားပြီးပြော''

''အဟဲ အေး အေးပါကွ တစ်ခွက်သောက်မယ်နော်''

အောင်စိုးက အရက်ခွက်ကိုပြန်ဆွဲလုပြီးသောက်သည်။ မျက်နှာ က စပ်ဖြဲဖြဲဖြင့် သထာချင်စရာမကောင်းပါ။ အောင်စိုး ဇက်ပိုးကိုတစ်ချက် အုပ်ပစ်လိုက်ပြီး





''မျိုးဆို့ မင်းအဆိပ်အပင်းဖြစ်မှာပဲ''

''ဟား အဲလို ကြမ်းတမ်းရိုင်းစိုင်းတဲ့ကောင်က ကောင်မလေး ကို ကြင်နာပြချင်တယ်ဆိုတာ ငါတော့ လုံးဝမယုံဘူး''

''ဟ ကြင်နာတယ်ဆိုတာ အချစ်နဲ့ခံစားဖန်တီးရတာ၊ မင်းလို ကောင်ကတော့ ဒီလိုဆက်ဆံရေးနဲ့ပဲ တန်တယ်''

''မင်းနဲ့ပေါင်းသင်းရတာ ငါလည်းဝဋ်ကြွေးပဲ၊ စားချင်သောက် ချင်တော့လည်း ခွင့်လွှတ်ပေးရမှာပေါ့ကွာ၊ ဒါနဲ့ကောင်မလေးကို မင်း ဘယ်လိုကြိုးစားမှာလဲ''

''ငါ့မှာ အစီအစဉ်တွေရှိပြီးသားပါ၊ ငါလုပ်ချင်တာရှိရင် ဖွတ် တရွတ်ဆိုတာ မင်းလည်းသိသားပဲ၊ ကိုယ်လိုချင်တာရဖို့ ဘယ်သူ့မျက်နှာ မှ ကြည့်နေမှာမဟုတ်ဘူး''

''အေး ကိုယ့်အတ္တနဲ့ကိုယ့်ကို ပြန်မရူးမိစေနဲ့ သူငယ်ချင်း၊ လောကမှာ ဘာမှအလကားရတာမရှိဘူး''

''ငါကလည်း အလကားမယူပါဘူး၊ ငါ့မှာပိုင်ဆိုင်တာတွေ အများကြီးပဲ၊ ဟိုကောင်တင်တောင်းနိုင်တာထက် ငါပိုပြီးတင်တောင်းနိုင် တယ်''

''ငါပြောနေတာ ငွေကြေးမဟုတ်ဘူး၊ လိုချင်တာတွေရှိရင် ပေးဆပ်ရတာတွေလည်း ရှိလာနိုင်တယ်၊ ငါပြောချင်တာက မင်းက မိသားစုအတွက်လည်း ကောင်းတဲ့လူတစ်ယောက်မဟုတ်လို့''

''ဘာ''

''မဟုတ်ဘူးလား သဝဏ်၊ မင်းအမေရော ပထွေးရော မင်း ကြောင့်စိတ်ချမ်းသာရလို့လား၊ နေ့တိုင်းတစ်မျိုးပြီးတစ်မျိုး ပြဿနာရှာ

www.burmeseclassic.com



တယ်၊ ပြောရရင် သူတို့ချစ်ခြင်းကိုခွဲနေတာ မင်းဝင်္ဂလိုက်မှာပဲ''

အောင်စိုးစကားကို သူ ပခုံးတွန့်လျက် မဲ့ပြုံးဖြင့်လှောင်လိုက်သည်။ ဒါချစ်ခြင်းကိုခွဲနေတာမှ မဟုတ်တာ။ အဖေမဟုတ်သောယောက်ျား တစ်ယောက်နှင့်အတူနေတာကို ခံစားလို့မရတာ။

ဒီလူကြီးနှင့်မရခင်က မေမေက သူ့ကိုအမြဲတွေးပွေ့ယုယနေခဲ့တာပါ။ ညတိုင်းပုံပြင်လေးတွေပြောပြီး မေမေ့ရင်ခွင်ထဲမှာပဲ သိပ်ခဲ့သည်။

မိုးလင်းဘရိတ်ဖတ် သူ့တစ်ယောက်အတွက်ပဲ ကြင်ကြင်နာနာ ဂရုစိုက်ကျွေးခဲ့တာပါ။ အခုတော့ ဟိုလူကြီးအတွက် အမြဲဦးဦးဖျားဖျား အရင်လုပ်ပြီးမှ သူက ဒုတိယနေရာမှာ ဖြစ်နေခဲ့သည်။

''အောင်စိုး''

''ဘာလဲ''

''မင်းက ဖအေရင်း မအေရင်းနဲ့နေရတော့ အဲဒီခံစားချက်ကို နားလည်မှာမဟုတ်ဘူး''

''မင်းအမေက အိမ်ထောင်ပြုချင်လို့ ပြုခဲ့တာမှမဟုတ်တာ သဝဏ်၊ တစ်ပင်လဲလို့တစ်ပင်ထူတာ ပြဿနာကြီးကြီးမားမားလည်း မဟုတ်ဘူး၊ ပြီးတော့ အားကိုးအားထားပြုမှုဖြစ်မယ့်အခြေအနေမို့ လက်ထပ်လိုက်ရတာ၊ အလံမရှိတဲ့ရထား တံခွန်မရှိတဲ့ဘုရား မတင့်တယ်တယ်ဘူးဆိုတာ ပတ်ဝန်းကျင်ကလူတွေတောင်နားလည်တယ်၊ မင်းအမေကို ဘယ်သူမှ အပြစ်မမြင်ဘူး၊ မင်းနားလည်သင့်ပါတယ်ကွာ''

သူ ဒေါတွေတွေဝေဝေတော့ ဖြစ်သွားခဲ့သည်။ တကယ်လည်း မေမေ့မှာ အပြစ်မရှိပါ။ ဖေဖေဆုံးပြီး ဆွေမျိုးသားချင်း အားကိုးစရာမရှိတာမို့ ရှိသည့်ဖေဖေ့ဘက်ကဆွေမျိုးတွေကလည်း ဟိုဟာလိုချင် ဒီဟာ





လိုချင် အနိုင်ကျင့်ချင်နေတာမို့ မေမေဒိုတာကိုမြင်ပြီး ထိုအချိန်တွေက သူတောင် စိတ်ညစ်ခဲ့ရသည်။

နောက်ပိုင်း အိမ်ထောင်ပြုပြီးမှ ထိုကိစ္စတွေ အေးချမ်းသွားခဲ့တာပါ။

''သဝဏ် မင်းကလေးမဟုတ်တော့ပါဘူးကွာ၊ ပထွေးတစ်ယောက်ကို ဘယ်သူမဆို လက်မခံချင်တာ ငါနားလည်တယ်၊ ဒါပေမဲ့ ဖြစ်သင့်တာဆို လက်ခံပေးရမှာပဲ သဝဏ်''

''မင်းက ငါ့ထက်ရင့်ကျက်ပါတယ်''

စိတ်ကောင်းဝင်နေချိန်မို့အောင်စိုးကို ချီးမွမ်းပြီး ဘီယာတစ်ခွက် ကောက်မော့၏။ အောင်စိုးက ဆက်မသောက်တဲ့ မင်းသဝဏ်မျက်နှာကို သေချာကြည့်ကာ

''မင်းက လူကကောင်းချင်တယ်၊ မသိစိတ်က ဆိုးနေတာ၊ အရွယ်ရောက်နေတဲ့ သားတစ်ယောက်အနေနဲ့ မင်းအမေအပေါ် ရင့်ကျက်ပေးလိုက်ပါကွာ''

''ပထွေးသာမရှိရင် ငါ မေမေ့ကို စိတ်ဆင်းရဲအောင်မလုပ်ပါဘူး၊ မင်းလည်းငါ့ဘက်က စဉ်းစားကြည့်ဦး၊ မေမေက အဲဒီလူနဲ့ဆိုင်မှာ တစ်နေကုန်အတူရှိနေတာ ညရောက်တော့လည်း အတူတူပဲ၊ ငါ့မှာသာ ဘယ်အချိန်ဖြစ်ဖြစ် တစ်ယောက်တည်းဖြစ်နေတာ၊ ငါ့အဖေမဟုတ်ဘဲနဲ့ ဆိုတဲ့အတွေးက ငါဘယ်လိုမှ ခံစားလို့မရဘူး''

''အိမ်ထောင်တစ်ခုကို မင်း အဲလိုတွေးလို့မရဘူးလေ၊ သဘာဝတရားဆိုတာကို မင်းလက်ခံနိုင်ရမယ်၊ မင်းတောင်ချစ်တတ်နေပြီပဲ''

ဒီစကားကိုကြားတော့ မင်းသဝဏ် မျက်နှာပြုံးယောင်သန်းသွား



www.burmeseclassic.com

www.burmeseclassic.com



လျက်

"အဲဒါကိုမင်းယုံတယ်နော်"

"ဘာလဲ"

"ငါချစ်တတ်လာပြီဆိုတာ မင်းယုံလားလို့"

"အဲဒါလည်း အားမကျဘူး"

"ဟ ဘာဖြစ်လို့လဲ"

"ချစ်တတ်တာပဲရှိတာ၊ ချစ်သင့်လားလို့ မင်းမှမတွေးတာ"

"အချစ်နဲ့စစ်မှာ မတရားဘူးဆိုတာ ရှိလို့လား၊ မတရားဘူးထင်လို့ အလျှော့ပေးလိုက်ရင် ပိုင်ဆိုင်ရတာရှိပါတော့မလား၊ ငါ့အတွက်တော့ ငါရဖို့ပဲ အရေးကြီးတယ်၊ ဒါပေမဲ့ ငါ့ဘက်ကပေးချင်တဲ့ဆန္ဒဖြစ်နေတဲ့သူ တစ်ယောက်ပဲရှိတယ်"

"မုဒြာ မဟုတ်လား"

မင်းသဝဏ် စပ်ဖြဲဖြဲနှင့်ခေါင်းညိတ်၏။ ရင်ထဲမှာ တကယ်ရှိနေတာကြောင့်လေးလေးနက်နက် ခေါင်းညိတ်ပြလိုက်ခြင်းပင်။

မုဒြာ မင်းကိုငါ တကယ်ချစ်မိနေပြီ၊ မင်းရဲ့ရန့်လေး ငါ့နှာခေါင်းဝမှာ အခုထိ စွဲထင်နေဆဲပါ။ ဘယ်တော့မှ မေ့လို့မရဘူးဆိုတာ . . ။

■ ■ ■



## အခန်း (၇)

မေ့မေ့ပျောက်ပျောက်နေမည်လို့ ဆုံးဖြတ်ထားပေမယ့် ထွဋ်ခေါင်ကို ကြာရှည်စိတ်ဆိုးမနေနိုင်။ သွားစရာလမ်းကြောင်းက ထွဋ်ခေါင်အဖော်ပါမှဖြစ်မှာ။

နွယ်နွယ်တို့က ရုံးတက်နေပြီမို့ သူမကိုအဖော်မလုပ်မပေးနိုင်တာ။ အိမ်ထဲမှာနေရတာ ငြီးငွေ့လာသော်လည်း သူမတစ်ယောက်တည်း အပြင်ထွက်ရမှာ မဝံ့ရဲပေ။ သမီးအလှလေးကိုအိမ်က ဖေဖေ မေမေတို့ကလည်း စိတ်မချဘူး မဟုတ်လား။

ထွဋ်ခေါင်နဲ့ဆို အိမ်ကစိတ်ချတာမို့ ဒီကောင်ကိုပဲချော့မော့ပြီး အဖော်လုပ်နေရတာပါ။ စိတ်ဆိုးစိတ်ကောက်ကာ ပစ်ထားတတ်သော ထွဋ်ခေါင်ကို တစ်ခါတလေတော့လည်း စိတ်ကုန်ချင်သည်။

အဖော်မရှိလို့သာ ပေါင်းသင်းနေရတာ ယောက်ျားဖြစ်ပြီး တစ်ပစ်ခါခါ စိတ်ကောက်တတ်တာကိုတော့ မကြိုက်ပေ။

"သမီးလေး အပြင်သွားမလို့လား"



www.burmeseclassic.com

www.burmeseclassic.com



စလင်းဘတ်အိတ်လွယ်ကာ အပေါ်ထပ်ကဆင်းလာသော သူမကို မေမေက ညှော်ခန်းမှာထိုင်နေရင်းက လှမ်းမေးသည်။ သူမ မေမေရှိရာလျှောက်သွားပြီး မေမေရှေ့မှာ ထိုင်လိုက်ကာ

"ထွဋ်ခေါင်နဲ့သူ့ဂျူတီထွက်ချိန် ချိန်းထားလို့မေမေရဲ့၊ ဟိုနေ့က လိုချင်တဲ့ရေမွှေးမရခဲ့လို့လေ၊ အဲဒါ သူဝယ်ပေးမယ်ပြောထားလို့"

"အင်း အဲဒါဆိုလည်း သွားပေါ့၊ ဒါနဲ့ သမီးတို့လက်ထပ်ဖို့ကိစ္စရော တိုင်ပင်ပြီးကြပြီလား၊ သူဟောက်စ်ဆင်းပြီးမှလား သမီး"

"အိမ်ထောင်ရေးကိစ္စက လေးလေးနက်နက်စဉ်းစားမှဖြစ်မှာ မေမေ၊ ခေါင်က ဆရာဝန်ဖြစ်တော့မယ်သာပြောတာ ကလေးဆန်လွန်းတယ်၊ အပေါင်းအသင်းဘော်ဒါအနေနဲ့တောင် တော်တော်သည်းညည်းခံရတာ မေမေ၊ အဲဒါကြောင့် မုဒြာ သူ့ကိုအဖြေမပေးသေးတာ"

"အင်း အဲဒါလည်းကောင်းပါတယ် သမီး၊ ဒါပေမဲ့ သူ့အဘွားသဘောတူတာကိုတော့ သမီး ခေါင်းညိတ်ထားတယ်နော်၊ မငြင်းတာဟာ လက်ခံခြင်းတစ်ဝက်ပဲ"

"လူကြီးတွေဆန္ဒကို ကလန်ကဆန်မလုပ်ရဲ့ပါပဲ မေမေ၊ ဆရာဝန်ဂုဏ်ကို မက်မောပြီး အဆင်မပြေနိုင်တဲ့အိမ်ထောင်ရေးကိုတော့ မထူထောင်ချင်ဘူး မေမေ၊ သူ့ကိုဒီအတိုင်းလေးစောင့်ကြည့်ချင်သေးတယ်"

"အဲဒါကတော့ သမီးသဘောပါကွယ်၊ မေမေတို့လည်း ကိုယ့်အဆင့်အတန်းနဲ့ကိုယ်ဆိုတော့ ဂုဏ်ပကာသနကို အရမ်းကြီးမက်မောနေစရာမလိုပါဘူး၊ မောင်ထွဋ်ခေါင်ဆိုတာ ငယ်ငယ်တည်းက တစ်ရပ်ကွက်တည်းနေကြတာဆိုတော့ အကြောင်းသိ အစင်းသိတွေ မဟုတ်လား။





သမီးတို့ချင်းကလည်း ငယ်သူငယ်ချင်း၊ သမီးစဉ်းစားတယ်ဆိုတာလည်း အကြောင်းရှိလို့ဆိုတာ မေမေနားလည်ပါတယ်၊ သမီးအဖေကဆို သူ့အလုပ်သူ့ကျောင်းသားတွေနဲ့ မအားတာကတစ်ကြောင်း သမီးကို ယုံကြည်တာတစ်ကြောင်းကြောင့် ဘာမှပြောရတာမဟုတ်ပါဘူး၊ လူငယ်တွေလိမ္မာတယ်ဆိုတာ လူကြီးသူမတွေဆုံးမသွန်သင်မှုရှိတာထက် ပင်ကိုစရိုက်က နားခံသိတတ်မှုရှိမှဖြစ်တာ၊ မေမေတို့က သမီးလိမ္မာလေးဖြစ်ဖို့ပဲ မျှော်လင့်တာပါ၊ ကျန်တာကတော့ သမီးဘဝအတွက် သမီးရဲ့ရွေးချယ်မှု အတိုင်းပဲပေါ့"

ဒေါ်ဝတ်ရည်က ကျောင်းဆရာမပီပီ ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းတတ်ဖို့ အရင်ဆုံးသွန်သင်ဆုံးမသည်။ သားသမီးပဲဆိုပြီး အမိန့်အာဏာတွေနှင့် မထိန်းချုပ်ပါ။

ရွေးချယ်တတ်အောင် သင်ပြပေးထားတာမို့ စဉ်းစားချင့်ချိန်နေတာပဲမဟုတ်ပါလား။ တကယ်ဆို ငယ်သံယောဇဉ်တွေနှင့် ရှုးရှုးမိုက်မိုက်ဆုံးဖြတ်လို့ရနေတာပဲ။

အဖော်မရှိလို့ တွဲနေသည်ဆိုပေမယ့် ဘဝအတွက်လေးလေးနက်နက်စဉ်းစားနေတာပဲ တော်သေးသည်။

"ကဲ သမီး အပြင်သွားမလို့ဆို သွားလေ၊ ခေါင်နဲ့ချိန်းထားတယ် မဟုတ်လား၊ အပြန်နောက်မကျစေနဲ့နော် သမီး"

"ဟုတ်ကဲ့ မေမေ"

"အိတ်ကြီးက ဖောင်းလို့ ဘာတွေလဲ သမီး"

"ဟိုနေ့က စင်တာသွားတာ ခေါင့်အတွက်အကျီဝယ်လာခဲ့တာပါ မေမေ၊ အဲဒါလည်း ပေးချင်လို့ သွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



မမေ့ပါးလေးကို အာဝါးပေးပြီး သူမထွက်လာခဲ့သည်။

ခေါင်းနှင့်တွေ့ရမည့်နေ့ဆို ထုံးစံအတိုင်း သူမ ကားမယူလာပါ။ လမ်းထိပ်ရောက်မှ တက္ကစီငှားပြီး တွေ့နေကျကော်ဖီဆိုင်လေးကို လာခဲ့သည်။

လမ်းမှာခေါင်းဆီဖုန်းလှမ်းဆက်တော့ နောက်ကျမှရောက်မည်ဟု ပြော၏။ ဒါလည်းထုံးစံပဲမို့ ကော်ဖီနှစ်ခွက်လောက်ဆင့်သောက်ပြီး စောင့်ရဦးတော့မည်။

"ဟူး လူရှင်းလို့တော်သေးတာပဲ"

နေ့လယ်ချိန်မို့ ဆိုင်လေးက လူရှင်းကာ တိတ်ဆိတ်နေသည်။ နားမှာနားကြပ်လေးတပ်၍ သီချင်းနားထောင်ရင်း စောင့်ဖို့ဆုံးဖြတ်လိုက်၏။

"မုဒြာ"

"ဟင် ရှင်"

သူမ စားပွဲဝိုင်းမှာလာထိုင်ရင်း ခေါ်လိုက်တာကြောင့် သူမ တအံ့တသြလေး မျက်လုံးပြူးသွားရသည်။ သူ့ကိုယ်သူ မင်းသဝဏ်ပါ လို့ မိတ်ဆက်ထားသည့်သူ။

"ထိုင်ပြီနော် မုဒြာ၊ မင်းဘော်ဒါမလာသေးဘူးမဟုတ်လား"

"ရှင် မုဒြာ နာမည်ဘယ်လိုသိတာလဲ"

"ဟိုနေ့က ဝယ်လာတဲ့အင်္ကျီ မင်းဘော်ဒါကိုပေးဖို့ ဒီနေ့ချိန်း ထားတာလား။ စပို့ရှပ်အပြာရောင်လေးလေ"

"ဟင် ရှင် ရှင်ဒါ ဒါတွေသိနေတယ်"

စင်တာမှာ သူမတို့ကို နောက်ယောင်ခံလိုက်နေတာ သေချာ





သွားသည်။ မျက်နှာက မပြုံးမရယ်သော်လည်း တည်တည်တံ့တံ့လည်း မဟုတ်။ ရဲတင်းစွာဝင်ထိုင်ပြီးမှ ခွင့်တောင်းသလိုလို မျက်နှာချိုသွေးပုံက အမြင်ကတ်စရာပင်။

"ရှင် ဘာသဘောလဲ၊ ဘာလို့ မုဒြာနောက်လိုက်နေတာလဲ၊ သူခိုးလား၊ ဓားပြလား၊ လူကုန်ကူးတဲ့သူလား"

"ဟာကွာ ဝေးလိုက်တာ၊ ကိုယ့်ပုံစံက အဲလိုလုပ်မယ့်အဆင့် အတန်းမျိုးလား"

"မသိဘူးလေ လူလိမ်တွေက ပိုပြီးဟန်ဆောင်ကောင်းတယ်၊ မုဒြာမှာရည်းစားရှိတယ်ဆိုတာ သိရဲ့နဲ့ လိုက်ကပ်နေပုံထောက်ရင် ဒီပုဒ်မ တွေတပ်ဖို့ပဲရှိတယ်"

"မင်းကိုချစ်လို့ဆိုတာရော ဘာလို့မတွေးတာလဲ"

"ဘာ အဲလို မနာကျင်တတ်တဲ့သူမျိုး အရမ်းမုန်းတာပဲ၊ ရည်းစားလက်တွေ့တွဲနေတာ ရှင့်မျက်မြင်လေ၊ ရှင်က ကြောင်တောင် နိုက်တတ်တဲ့လူစားမျိုးလား"

"စကားလုံးတွေက မင်းနဲ့မလိုက်ဘူးကွာ၊ လူပုံလေးက ချစ်စရာ ကောင်းရဲ့နဲ့ စကားလုံးတွေက ကြမ်းတမ်းလိုက်တာ"

"ရှင် ဒီနေရာက ထွက်သွားပါ၊ ကျွန်မရည်းစားက သဝန်တို တတ်တယ်"

"မင်းကောင်က ဒီနေ့ရော ဘယ်အချိန်ရောက်မှာမို့လဲ"

"ရှင်လည်း ယဉ်ကျေးမှုမရှိတဲ့သူပဲ၊ သူ့ကိုကောင်တွေ ဘာတွေ သုံးပါနဲ့ မုဒြာ မကြိုက်ဘူး"

"အဟင်း မင်းဘော်ဒါလို့ပြောရင်တော့ ဖြစ်တယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဘော်ဒါက မမိုက်ပါဘူးကွာ၊ မိန်းကလေးကချည်း စောင့်နေရတာ မင်းစိတ်မပျက်ဘူးလား၊ ငါသာဆို ငါချစ်တဲ့မိန်းကလေးကို တခြားအရာ တွေထက်ဦးစားပေးမိမှာပဲ''

''သူက ရှင့်လို အလေနတောမှ မဟုတ်တာ၊ ဆရာဝန်လောင်း ရှင်သိရဲ့လား။ ဟောက်စ်ဆင်းနေတဲ့အချိန်မို့ ဂျူတီတိုင်းအရေးကြီးနေတာ၊ မုဒြာကိုတွေ့ချင်လွန်းလို့သာ သူ့ခမြာ ထွက်ထွက်လာရတာ သိပြီလား''

''ဩော် ဟုတ်လား''

''ဟုတ်တယ် အရင်က မုဒြာကို အရမ်းဂရုစိုက်တာ၊ သိပ်ကြင်နာတာ၊ အရမ်းလည်းသဝန်တိုတတ်တယ်၊ ဟိုနေ့က ရှင် လက်တွေ့ပဲလေ၊ ရှင် ကြည့်ရုံလေးနဲ့တောင် ပေါက်ကွဲတာမတွေ့ဘူးလား။ ကျွန်မအတွက်နဲ့ လူသတ်ဖို့တောင် ဝန်မလေးတဲ့သူမျိုးပဲ''

မုဒြာ အမြင်ကတ်စွာ မဟုတ်မဟပ်တွေပါပြောပစ်လိုက်သည်။ ဒီလိုပြောလိုက်ခြင်းဟာ ဒီလူနောက်ဆုတ်သွားအောင်လို့ပါ။ ဘယ်ကလူမှန်းမသိ၊ ဘယ်လိုလူမှန်းမသိဘဲ ဖွတ်အတင်းတွယ်ကပ်နေချင်တာ သူမ ကြောက်နေတာကြောင့်ပင်။ ဒါပေမဲ့ ဒီလိုပြောလိုက်တာတောင် ဒီလူက အပြုံးမပျက်ပေ။

''ငါ့အမြင်ပြောရရင်တော့ မိန်းကလေးတစ်ယောက်ကို လည်လယ်ခေါင်ချသွားရက်တဲ့သူက ကြင်နာသနားတတ်လိမ့်မယ်လို့ မထင်ဘူး၊ ပြီးတော့ မင်းကချည်းပဲ အလျှော့ပေးလိုက်လျောနေရတယ်မဟုတ်လား၊ စိတ်ဆိုးစိတ်ကောက်တာ ယောကျ်ားစစ်စစ်တွေမလုပ်ပါဘူးကွာ မိန်းကလေးက စချော့ရတယ်ဆိုတာလည်း ရာဇဝင်ရိုင်းပါတယ်''

''ဘာတွေဖြစ်နေနေ ရှင်နဲ့မဆိုင်ဘူး ကိုအဝှာ၊ မုဒြာတို့ကိစ္စ





မုဒြာတို့ချင်းပဲ သိတယ်၊ ကဲပါ ရှင်စကားတွေလာများမနေနဲ့ သွားပါ၊ သူလာတော့မှာ၊ ဟိုနေ့ကလိုကိစ္စမျိုးဖြစ်ရင် မုဒြာပဲ အရှက်ရမှာ''

''မင်းသွားစေချင်ရင် သွားပါ့မယ်၊ ဒါပေမဲ့ ဟိုတက်ဝိုင်းမှာထိုင်ပြီး ကြည့်နေမယ်နော်၊ မင်းကိုယင်ဖိုမသမ်းအောင် စောင့်ရှောက်ချင်လို့ပါ''

''ကြွ ကြွ အရူးနဲ့လာတွေ့နေတယ်''

သူ အပြုံးမပျက် နာခံစွာနှင့် သူမရဲ့မလှမ်းမကမ်းစားပွဲဝိုင်းမှာပြောင်းရွှေ့ထိုင်လိုက်သည်။ သူမကိုတော့ မျက်လုံးမလွှဲမိပါ။ ချစ်မြတ်နိုးခြင်းတွေ တစိမ့်စိမ့်တဖွားဖွား ဖြစ်ပေါ်လျက် သူမပုံရိပ်လေးပျောက်ပျက်သွားမှာစိုးရိမ်နေခဲ့သည်။

''ဟင် ပြန်မလို့လား''

သူမ ထရပ်လိုက်ချိန်မှာ သူ ပျာခနဲဖြစ်သွားခဲ့သည်။ သုတ်ခနဲနောက်ကလိုက်သွားဖို့ပြင်လိုက်စဉ်မှာတော့ သူမက ကော်ဖီနောက်တစ်ခွက်သွားယေါ်ခြင်း ဖြစ်နေ၏။

ထိုင်ရတာ ကြာနေပြီမို့ အားနာတာကြောင့် ဖြစ်မည်။ ဒါမှမဟုတ် သူမ ဗိုက်ဆာတာကြောင့်ပဲလား။

''မုဒြာ ဒီဆိုင်မှာ မုန့်ကောင်းတာလေးတွေရတယ်လေ၊ ဗိုက်ဆာရင် ကိုယ်ဝယ်ကျွေးရမလား''

''ဒီဆိုင်မှာရှိတာ သိသားပဲ၊ မစားချင်လို့ ဝယ်မစားတာ၊ မုဒြာသည်း ဝယ်စားနိုင်တယ်၊ ရှင်အပိုတွေလာပြောမနေနဲ့ ကိုယ့်နေရာကိုယ်သွားထိုင်''

''သွားမှာပါ မုဒြာရဲ့၊ မုဒြာတစ်ယောက်တည်း နေရတာငြီးလို့



www.burmeseclassic.com

www.burmeseclassic.com



ပျင်းနေမလားလို့ပါ''

''မပျင်းဘူး၊ သူ့ကိုစောင့်ရတာ ဘယ်လောက်ကြာကြာ ရင်ခုန်ပြီး စောင့်နေရလို့ ပျင်းချိန်မရှိဘူး သိရဲ့လား''

''ဟုတ်ပါပြီကွာ ကဲ ကိုယ်သွားမယ်နော်''

သူမရဲ့စူပုပ်ပုပ်မျက်နှာလေးကို စိတ်လှုပ်ရှားစွာတစ်ချက် ငေးကြည့်ပြီး နေရာမှာပြန်ထိုင်နေလိုက်သည်။ သူမ စကားကို နာခံချင်လို့ပါ။

ဒါပေမဲ့ မျက်နှာလေးငယ်ကာ နာရီတကြည့်ကြည့် အပေါက်ဘက်ကို ငေးမောနေတာတော့ စိတ်မကောင်းပေ။ ခဏအကြာမှာတော့ သူမဆီကိုဖုန်းဝင်လာပြီး သူမ စိတ်ညစ်ညူးဟန်လေးပေါ်သွားသည်။ ပြီးမှ စူပုပ်ပုပ်ဆောင့်အောင့်လျက် ခြေလှမ်းကြဲဖြင့် အပြင်ကိုထွက်သွားသည်။

ဟိုကောင် မလာနိုင်တော့ကြောင်း အကြောင်းကြားလိုက်တာကြောင့်ဖြစ်မည်။ ဒီလိုချစ်စရာကောင်းသော ကောင်မလေးကို ဒီကောင်မို့ ရက်စက်ရက်သည်။

''မုဒြာ''

သူ အပြေးလိုက်သွားကာ ခေါ်မိ၏။ သူမ ခြေလှမ်းမရပ်ဘာမို့ သူမရှေ့မှာ ခြေစုံရပ်၍ လက်ကာတားလိုက်သည်။

''မုဒြာ မင်းဘော်ဒါမလာတော့ဘူးတဲ့လား''

''ဟုတ်တယ် ဆရာဝန်ကြီးတွေနဲ့ ခွဲခန်းဝင်ပြီး ပရက်တီကယ်လုပ်ရမှာမို့တဲ့''

''ဘယ်သွားမှာလဲ ကိုယ်လိုက်ပို့မယ်လေ မုဒြာ''

''မလိုပါဘူး ကိုယ့်ခြေထောက်နဲ့ကိုယ် သွားလို့ရပါတယ်''





''အဖော်ပါတာမဟုတ်တဲ့နဲ့ကွာ၊ မင်းဘယ်သွားသွားပါ လိုက်ပို့ပါရစေနော် ကိုယ်စိတ်မချလို့ပါ''

မုဒြာ စိတ်ပျက်ညစ်ညူးစွာဖြင့် မျက်နှာလေးပို၍ ရှုံ့မဲ့သွားသည်။ ခေါင်ကို စိတ်တိုနေပါတယ်ဆိုမှ ဒီတောက်တဲ့လိုလူက တစ်မျိုး။

''ရှင်ကိုယ့်လမ်းကိုယ် သွားပါလား ကိုအတ္တ''

''ကိုယ့်နာမည် မင်းသဝဏ်ပါ၊ မင်းနဲ့ကိုယ် သက်တူရွယ်တူလောက်ပဲရှိမှာဆိုတော့ သဝဏ်လို့ ခေါ်လို့ရပါတယ်''

''ပြီးရော သဝဏ် ရှင်ကိုယ့်ဘာသာပြန်ပါတော့၊ မုဒြာကို မပတ်သက်ပါနဲ့၊ မုဒြာ စိတ်ညစ်နေလို့ပါ''

''ကိုယ့်ကိုဂရုမစိုက်နိုင်တဲ့လူအတွက် ဘာလို့ စိတ်ညစ်နေမှာလဲ သူ မရှိတဲ့အချိန်ပဲဖြစ်ဖြစ် ကိုယ့်ကိုအသုံးချပါ မုဒြာ၊ ကိုယ် မင်းဆီက ဘာမှမတောင်းဆိုပါဘူး''

''ရှင် ဘာလို့ရူးတိတိရွတ်ဖြစ်နေတာလဲ သဝဏ်၊ ရှင်ဂရုစိုက်နေလို့လည်း မုဒြာ ရှင့်ကိုစိတ်ဝင်စားလာမှာ မဟုတ်ပါဘူး''

''မင်းကိုယ့်ကို စိတ်ဝင်စားပါလို့ ကိုယ်မတောင်းဆိုပါဘူး၊ ကိုယ့်ဘက်က ချစ်နေရတာနဲ့တင် ကိုယ် ကျေနပ်နိုင်ပါတယ်၊ မင်းဘော်ဒါ ဘက်ချစ်တတ်တယ် ချစ်နိုင်တယ်လို့မင်းယုံကြည်လက်ခံလာခဲ့အထိ ကိုယ့်ကို ကြိုးစားခွင့်ပေးပါ၊ ကိုယ့်ကို ဒါလေးတော့ မျှော်လင့်ခွင့်ပေးပါ မုဒြာ''

ဒီလူကို မုဒြာ ဘယ်လိုနားလည်ရမည်မသိတော့ပေ။ သူ့ရဲ့စကားတွေက သူမကိုစိတ်လှုပ်ရှားစေတာကတော့ အမှန်ပင်။ သူ့လို ရူးတိတိရွတ်လူမျိုး သူမတစ်ခါမှ မတွေ့ဘူးပါ။

ရဲတင်းသည့်ထင်ရသော်လည်း ရိုင်းစိုင်းသည်ဟုလည်း ပြောလို့



www.burmeseclassic.com

www.burmeseclassic.com



မရပေ။ တောင်းဆိုမှုတွေက သူမစိတ်တွေ ညှတ်နူးလာအောင် ပြုစားနေခဲ့သည်မဟုတ်လား။

ဒါပေမဲ့ သူမဘဝမှာ ရည်မှန်းချက်တွေက သပ်သပ်ရှိပြီးသားပါ။ ခေါင်ကိုမချစ်နိုင်တောင် သူမကို ခေါင်တန်ဖိုးထားလာလျှင် လက်ထပ်ဖို့အထိ ရည်ရွယ်ထားပြီးသားပင်။

"မုဒြာကို နောက်တစ်ခါ မတွေ့ပါနဲ့လား သဝဏ်"

"အဲဒီစကားကိုတော့ ကိုယ်နားမထောင်နိုင်တာ ခွင့်လွှတ်ပါ မုဒြာ"

"ရှင့်ကို မုဒြာ မျှော်လင့်ချက်တွေမပေးဘူးနော်"

"ကိုယ် သိပါတယ်"

"ကြိုးရှည်ရှည်နဲ့လှန်ထားတယ်လို့လည်း အထင်မခံချင်ဘူး။ ရည်းစားရှိမှန်းသိရဲ့ ဖွတ်တိုးဝင်ချင်တဲ့ ရှင့်ရဲ့စိတ်ကိုလည်း ကြောက်တယ်"

"ကိုယ့်စိတ်ထဲမှာ ထင်နေတာ တစ်ခု ပြောပြရမလား"

"ပြောကြည့်လေ"

"မင်းတို့ချစ်သူတွေ မဟုတ်ကြဘူး"

"ဘာ"

"ဒါမှမဟုတ် မင်းက တစ်ဖက်သတ်ချစ်နေတာပဲ ဖြစ်လိမ့်မယ်"

"ရှင်"

"စိတ်မဆိုးပါနဲ့ မင်းဘော်ဒါက မင်းကိုချစ်တဲ့အရိပ်အယောင် မတွေ့ရဘူး။ အတိအကျပြောရရင် မင်းကိုတန်ဖိုးမထားဘူး၊ သေချာတာတစ်ခုထပ်ပြောမယ်၊ ရိုင်းတယ်လို့ မထင်နဲ့နော်၊ မင်းကိုဘယ်အချိန်





ရိုက်သတ်ချက်စားစား ရတယ်လို့ အိမ်ကြက်လိုအပိုင်တွက်ထားတဲ့ပုံစံမျိုးနဲ့ တန်ဖိုးထားရမှန်းမသိ ဖြစ်နေတာ"

"ဟင်"

သူ့ရဲ့သုံးသပ်ချက်တွေကို သူမ အံ့သြပြီးရင်း အံ့သြနေရသည်။ ဒီလိုဖြစ်နိုင်လိမ့်မည်ဟု သူမ တွေးပင်မတွေးခဲ့မိဘူးပါ။ မင်းသဝဏ်သူလိုချင်တာတစ်ခုအတွက် ခေါင့်ကိုပုံကြီးချဲ့ အပြစ်တင်နေတာပဲ။

"မင်းသဝဏ် ရှင်မုဒြာတို့ကို သွေးခွဲနေတာလား၊ မုဒြာဆီက လိုချင်တာတွေအတွက်"

"မင်းဆီက ကိုယ်ဘာမှမမျှော်လင့်ဘူးလို့ ပြောပြီးပြီလေ၊ မင်းအနားမှာ သူ မရှိတဲ့အချိန်တွေ ခဏလေးဖြစ်ဖြစ် မင်းကိုအဖော်လုပ်ပေးခွင့်ရရင် ကျေနပ်ပြီ၊ ကဲပါကွာ မင်းအများကြီးတွေးမနေနဲ့၊ ကိုယ့်ကားပေါ်တက် ကိုယ်လိုက်ပို့မယ်"

"မလိုဘူး ဖယ်"

သူမလက်ကို ဖမ်းဆွဲလိုက်သော မင်းသဝဏ်ကို သူမခါထုတ်ပစ်လိုက်သည်။ သူနှင့်မဆိုင်ဘဲ ခေါင်ကို အပြစ်ပြောနေတာ မကြိုက်ပါ။

ဘာပဲဖြစ်ဖြစ် ခေါင်ကသာ သူမနှင့်ပတ်သက်ဆက်နွယ်နေသူပဲ မဟုတ်လား။ သူမက ခေါင်ကိုအပြစ်မဖြစ်အောင် ကြိုးစားကြည့်ချင်နေသူပါ။

ခေါင် မကောင်းတာတွေသိနေပေမယ့် ကောင်းလာနိုးနိုး မျှော်လင့်ကြည့်ချင်သေးတာပါ။ ခေါင်က အရင်ဦးဆုံး ချစ်ခွင့်ပန်ထားသူမို့ပင်။

"မုဒြာ"

မုဒြာ သူ့ရှေ့ကနေ ဖွတ်ထွက်သွားသည်။ တက္ကစီတစ်စီးပေါ်



www.burmeseclassic.com

www.burmeseclassic.com



လက်ပြတားပြီးလိုက်သွားတာကို သူ မဟန့်တားချင်တော့။

သူမ စိတ်ပင်ပန်းနေတာကိုသိ၍ နောက်ကလိုက်သွားဖို့လည်း စိတ်မကူးတော့ပါ။ သူမ ထားခဲ့သောနေရာမှာ ခြေစုံရပ်ကျန်ခဲ့ရခြင်းကို သူ ကျေနပ်နေမိသလား။

သူများရဲ့ဆန္ဒအတိုင်း လိုက်လျောမိခြင်းဟာ သူ့အတွက်တော့ ပထမဦးဆုံးပါပဲ။

■ ■ ■

## အခန်း (၈)

"ဒီပေါင်မုန့်ဘယ်သူလုပ်ထားတာလဲ၊ မမွှေးဘဲနဲ့ ခါးတဲ့အနံ့ ထွက်နေတယ်၊ ကော်ဖီကလည်း နို့ဆီအနံ့ကြီးနဲ့ ဘာလဲကွာ ဒါ မေမေ့ လက်ရာမဟုတ်ဘူး ဒေါ်မြို့ မေမေရော"

သူ အော်လိုက်၍ ဒေါ်မြို့ ပျာပျာသလဲရောက်လာကာ

"မသက်ထား သိပ်နေမကောင်းလို့ အိပ်ရာက မထနိုင်တာပါ ကွယ်"

"ဟင် မေမေနေမကောင်းဘူး ဘာဖြစ်တာလဲ ဒေါ်မြို့"

"မနက်စောစောက ဆရာဝန်ခေါ်ပြီး ဆေးထိုးရတယ်၊ အိပ်ရေး ပျက်တာများတော့ အစားပါပျက်လာပြီး အားနည်းတာတဲ့၊ မနက်က အိပ်ရာအထမှာ မူးလဲသွားတာလေ"

"အာ အဲဒါဘာလို့ ကျွန်တော့်ကို အိပ်ရာကနှိုးပြီး မပြောတာ လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသက်ထားက လူလေးအိပ်ရေးပျက်မှာစိုးလို့ မနိုးပါနဲ့ဆိုလို့ ပါကွယ်"

"မေမေပြောတာနဲ့ပဲ မနိုးတော့ဘူး။ မေမေတစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ၊ အဲဒီပေါင်မုန့်တွေရော ကော်ဖီတွေရော သွန်ပစ်လိုက် တော့ အနံ့မကောင်းရင် ကျွန်တော် မစားဘူး"

"အေး အေးပါကွယ်"

မင်းသဝဏ် မေမေအခန်းရှိရာ အပေါ်ထပ်ကိုအပြေးတက်လာ ခဲ့သည်။ မေမေ့ကိုစိုးရိမ်စိတ်နှင့် အခန်းတံခါးလည်း ခေါက်မနေတော့ပါ။

"မေမေ ဟာ"

မင်းသဝဏ် ကိုယ့်မျက်လုံးကိုယ်ပင် ရှက်သွားမိသည်။ ဦးအောင် ဘွားက မေမေ့ကိုရင်ခွင်ထဲမှာထားပြီး မေမေ့နဖူးလေးကို စကားတွေ ပြောရင်း နမ်းနေတာကြောင့်ပါ။

"သား"

"သ သဝဏ် လာလေ"

မေမေ့ကိုပျာပျာသလဲ ခေါင်းအုံးပေါ်ပြောင်းတင်ပေးပြီး ဦး အောင်ဘွား ကယောင်ချောက်ချားဖြင့် ထရပ်သည်။ မေမေ့မျက်နှာကို ဘယ်လိုကြည့်ရမှန်းပင် မသိတော့ပါ။

ဟိုလူကြီးကိုဆွဲထိုးပစ်ချင်စိတ်တွေနှင့် မျက်မှောင်ကြုတ်ကြည့် မိရင်း

"မေမေ နေမကောင်းနေတာ နားပါစေလား၊ အန်ကယ်က ဆိုင်ကိုသွားတာမဟုတ်ဘူး"

"မင်းအမေ ဒီလောက်ဖြစ်နေတာ ဆိုင်ကိုဘယ်လိုသွားမလဲကွ၊





ဒီနေ့တစ်ရက်ဆိုင်ပိတ်လိုက်တယ်၊ မနက်က ဆေးရုံတင်ရမလိုတောင် ဖြစ်သွားတာ"

"အဲလောက်ဖြစ်နေတာ သားတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်ကို ဘာလို့မပြောရတာလဲ၊ မေမေဆိုးဆိုးဝါးဝါးဖြစ်သွားရင် ကျွန်တော် သိလိုက် ရမှာတောင် မဟုတ်ဘူး"

"မေ မေမေက သားလေးအိပ်ရေးပျက်သွားမှာစိုးလို့ မနှိုးခိုင်း တာပါကွယ်၊ သားက မနက်ဆို ဆယ်နာရီကျော်လောက်မှ အိပ်ရာထ တတ်တာလေ၊ သားရော မေမေလုပ်ပေးတဲ့ မနက်စာ မဟုတ်လို့ စားရော စားဖြစ်ရဲ့လား"

"ထားပါ ထားဒီလောက်ဖြစ်နေတာ သားအတွက် ပူနေရ သေးလား၊ ဒေါ်ပြုံးလုပ်ပေးတာ မစားနိုင်ရင် အပြင်ကတစ်ခုခုမှာစားလိမ့် မပေါ့"

သူ ဟွန်းခနဲလုပ်ကာ နှုတ်ခမ်းမဲ့ပစ်လိုက်သည်။ ဦးအောင်ဘွား ပြောတာကို သဘောမတွေ့လို့ပါ။ မအေက သားကိုဂရုစိုက်တာ ဒီလူ ကြီးဒီလိုမျိုး ပြောစရာလား။

သူ မကျေမနပ်ဖြစ်သွားတာကို မေမေက သဘောပေါက်ကာ

"သားက ချေးများတယ်လေ၊ ထားလုပ်ပေးတာမှ ကြိုက်တာ ကိုအောင်ရဲ့၊ ငယ်ငယ်တည်းက မနက်စာဆို ထားလက်ရာပဲစားတာ၊ ဒေါ်ပြုံးက ကော်ဖီမဖျော်တတ်ဘူး၊ ပေါင်မုန့်တွေဘာတွေဆိုလည်း စား ကောင်းအောင် မီးမကင်တတ်ဘူး မကြော်တတ်ဘူး၊ အဲဒါကြောင့် သား အတွက် စောစောထပြင်ဆင်ပေးခဲ့ပြီးမှ ဆိုင်ကိုသွားရတာပေါ့"

"အဲလိုတွေလုပ်လို့ အခု အဲလိုဖြစ်ရတာမဟုတ်လား ထား၊

www.burmeseclassic.com



ညဆိုသူပြန်ချိန်ကို စောင့်ရတယ်၊ မှူးလာလို့ရှိရင် သူ့အနားမှာ တစ်ညလုံးစောင့်အိပ်ရတယ်၊ မနက်ကျတော့ ဆိုင်သွားရမှာမို့ စောစောထပြီး သူ့အတွက် မနက်စာစီစဉ်ပေးခဲ့ရတယ်၊ အသက်အရွယ်နဲ့ ဒီဒုက္ခတွေကို ဘယ်လိုလုပ် နေ့စဉ်နေ့တိုင်း ခံနိုင်ရည်ရှိတော့မှာလဲ၊ ထားက သားကို မဆုံးမဘဲ အလိုလိုက်နေတော့ ရောဂါဝေဒနာကို ထားပဲခံစားရမှာ''

''အန်ကယ် ကျွန်တော်တို့သားအမိကို သွေးခွဲနေတာလား''

''ငါ အမှန်ကိုပြောနေတာ၊ မင်းအမေကို မင်းချစ်တယ်ဆိုရင် ဒီလိုဒုက္ခတွေ မပေးသင့်တာ မင်းသိသင့်တယ်''

''ခင်ဗျားနဲ့ကွာရှင်းလိုက်ရင် မေမေ့ကိုဒုက္ခတွေပေးတော့မှာ မဟုတ်ဘူး''

''ဘာ''

''သား သား မပြောရဘူးလေ''

ဒေါ်သက်ထား မိုက်ခနဲ မူးမေ့လဲမသွားအောင် ထိန်းထားရသည်။ မနက်စောတည်းက ဆရာဝန်ကြီးရောက်လာပြီး ဆေးတွေသွင်း ဆေးတွေထိုး ကိုအောင်ဘွားက အစာကျွေးပြီး ဆေးတွေတိုက်ထားလို့ ဒီလောက်ခံနိုင်ရည်ရှိနေတာပါ။

သား လွန်နေမှန်းသိရဲ့နဲ့ သားကိုမပြောရက်။ ကိုအောင်ဘွားကို ငြိုငြင်မှာစိုးလို့ လိုက်ပြောနေမိတာကြောင့် သားပိုပြီး ရောင့်တက်လာတာ ဘယ်လိုတတ်နိုင်တော့မှာလဲ။

ကိုအောင်ဘွားလည်း မိမိဒီလိုဖြစ်ပြီဆိုတော့ စိုးရိမ်စိတ်တွေနှင့် ပေါက်ကွဲတော့မှာပေ့ါ။ ပြေလည်မှုတွေဖြစ်အောင် ဘယ်လိုများလုပ်ရပါတော့မလဲ။ အခု သားက ကိုအောင်ဘွား ဒီလိုပြောရပ့ါမလားလို့ တော်





တော်လေး မကျေမချမ်း ဖြစ်သွားပုံပါ။

''သားကို မပြောစေချင်ရင် သူ့ပါးစပ်ကို ပိတ်ခိုင်းထားပါ မေမေ၊ မေမေတောင် မပြောရက်ဘဲနဲ့ သူပြောစရာ မလိုဘူး''

''သား အန်ကယ်က မေမေ့ကိုစိုးရိမ်လို့ပါ သားရယ်၊ သားက အဲလိုပြောတာ ဘယ်ကောင်းပ့ါမလဲ''

''မေမေက သားကိုအပြစ်မြင်နေတာလား၊ သားကိုသားတစ်ယောက်အခွင့်အရေးတောင် မပေးချင်တော့တာလား မေမေ''

''မဟုတ်ပါဘူး သားရယ်၊ မေမေပြောတာက''

''တော်ပြီ မေမေရာ မေမေတို့ ငယ်မူပြန်နေတာကို သားက ဘယ်လိုနေရမှာလဲ၊ မေမေတို့မကွာရှင်းရင် သား ဒီအိမ်ကထွက်သွားမယ်''

''သား သားဘယ်လိုပြောလိုက်တာလဲ၊ သား အဲလို စိတ်လိုက်မာန်ပါ မလုပ်ရဘူးနော်၊ သားနေစေချင်သလို မေမေ နေပ့ါမယ်''

အပြင်လှမ်းထွက်သွားသော သားကို မကြားကြားအောင် ဒေါ်သက်ထား အော်ပြောလိုက်ရသည်။ ဦးအောင်ဘွားလည်း စိတ်ပင်ပန်းစွာ ဒေါ်သက်ထား ခုတင်အစွန်းလေးမှာ ဝင်ထိုင်လိုက်သည်။

''ထား''

''သား သားစိတ်ထင်ရာတွေလုပ်သွားမှာစိုးတယ် ကိုအောင်ရယ်''

''မလုပ်လောက်ပါဘူး ထားရယ်၊ ကိုယ့်ကိုမကျေမနပ်ဖြစ်ပြီး ပေါက်ကွဲသွားတာပါ''

''သားနဲ့ကိုအောင်ကို့ ပြေလည်စေချင်ပြီး ဆက်ဆံရေးတွေ အဆင်ပြေစေချင်တာ၊ ထားဘယ်လိုလုပ်ရတော့မလဲမသိဘူး ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်''

''ကိုယ်လည်းအတတ်နိုင်ဆုံး လိုက်လျောပေးနေတာပဲ ထားရယ်၊ ထားကို ဒုက္ခပေးနေတာ ကိုယ့်ကိုစိတ်ကသိကအောက်ဖြစ်အောင်လုပ်နေတာကို သည်းခံနိုင်သလောက် သည်းခံပေးနေတာပဲ၊ ကိုယ့်ဘက်က ဘာတွေများလွန်နေလို့လဲ''

''သားလွန်နေတာ သားမှန်းနေတာ ထားသိပါတယ်၊ ဒါပေမဲ့ ဖတဆိုးသားလေးကို ထားအပြစ်မတင်ရက်ဘူး ကိုအောင်၊ ထားက ကိုအောင်နဲ့အချိန်ပြည့်တွေ့မြင်ပြီး ကြည်ကြည်နူးနူး နေနေတဲ့အချိန်မှာ သားကတစ်ယောက်တည်း ဖြစ်နေတယ်မဟုတ်လား၊ သူ့အဖေအရင်းလည်းမဟုတ်ဘူးဆိုတော့ သူ အကောင်းမမြင်နိုင်ဖြစ်နေတာပါ''

''ထားကို ကိုယ်လက်မထပ်မိခဲ့ရင် ကောင်းမှာပဲ ထားရယ်''

''ထားကို လက်ထပ်ခဲ့တာ ကိုအောင် နောင်တရနေပြီလားဟင်''

ကိုအောင်ဘွား သက်ပြင်းတွေချကာ ခေါင်းရမ်းသည်။ ဒေါ်သက်ထား လက်ကလေးကို ထွေးဆုပ်ကိုင်ကာ

''ထားနဲ့ပတ်သက်ပြီး ကိုယ်နောင်တမရပါဘူး ထား၊ ကိုယ့်မိသားစုအဆင်ပြေမှုတွေအတွက် ထားကိုတောင် ကျေးဇူးတင်နေတာပါ''

''ကိုအောင်ရဲ့ကြိုးစားမှုကြောင့် ထားတို့လည်း အဆင်ပြေတာပဲလေ၊ စီးပွားရေးအရတော့ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အဆင်ပြေကြတာပါ၊ လူမှုရေးအရပဲ ကိုအောင်ကို အားနာနေတာ''

''အဲဒါက သဝဏ်နားလည်လိုက်ရင် အားလုံးအဆင်ပြေနေပါပြီ၊ အခု ထားက သဝဏ်ကို အရမ်းချစ်ပြီး အလိုလိုက်လွန်းတယ်





သဝဏ်က ကွာရှင်းဖို့တွေ ဘာတွေတောင် ပြောလာပြီ၊ အဲဒီအပေါ်မှာ ထားက သားကိုချစ်တဲ့စိတ်နဲ့''

''ထား အဲလိုတော့ ကိုအောင့်အပေါ် ကျေးဇူးမကန်းပါဘူး၊ သား လူမမယ်နဲ့ အားကိုးအားထားလိုအပ်လို့ ကိုအောင်ကို ထားလက်ထပ်ခဲ့တာပါ၊ ထားကိုလက်ထပ်ဖို့အတွက်ကိုအောင် သားလေးကို အဘွားနဲ့ ထားရစ်ခဲ့ရတာကို ထား နားလည်တယ်၊ ကိုအောင်ဘက်က ပေးဆပ်မှုအတွက် ထားတစ်သက်လုံး ကျေးဇူးတင်နေမှာပါ''

''ဒါဆို အခုရော ဘယ်လိုလုပ်မှာလဲ ထား၊ ထား သားက ကိုယ်တို့ကို အနေအထိုင်မတတ်တဲ့ပုံစံမျိုး စိန်ခေါ်သွားတာ''

''သားကို ထားဖျောင်းဖျပါမယ် ကိုအောင်၊ တဖြည်းဖြည်း သိမ်းသွင်းယူပါမယ်၊ သားက အမေကိုဆိုးချင်နေတာပါ''

''အခုထိ ဖြေတွေးနေတုန်း ထားရယ်''

ဦးအောင်ဘွား စိတ်ဓာတ်ကျသလို ညည်းတွားနေသည်။ လင်ယောကျ်ားက ဖနီးမယားကို ဂရုစိုက်တာ ဘာတွေများမှားယွင်းနေလို့လဲ၊

လူမြင်ကွင်းမှာ မတော်တရော် ထင်သလို နေနေကြတာလည်း မဟုတ်ပါ။ ကိုယ့်အခန်းကိုယ့်အိပ်ရာမှာ ဘယ်လိုပဲနေနေပေါ့။

တံခါးမခေါက်တဲ ဝင်လာပြီး ပေါက်ကွဲချင်သလို ပေါက်ကွဲသွားတော့ ဘယ်လိုလုပ်ရမလဲ။ သားက တစ်ဖက် ယောကျ်ားကတစ်ဖက်နှင့် ထားကိုတော့ သနားပါသည်။

သဝဏ်ကိုက အရမ်းဆိုးနေတာ။ သူ နားလည်ပေးလိုက်လျှင် ဘာမှပြဿနာတက်စရာမရှိ။

''ကိုအောင် သားကိုအရမ်းစိတ်ဆိုးနေလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆိုးတာမဟုတ်ပါဘူး၊ စိတ်မကောင်းဖြစ်တာပါ ထား။ သူနဲ့ဘယ်လိုအဆင်ပြေအောင်လုပ်ရရင် ကောင်းမလဲ စဉ်းစားနေတာ။ ဘယ်လိုအနေအထိုင်မျိုးထိ ဆင်ခြင်ရမလဲ ဘာတွေလုပ်ပေးရမလဲ"

"ထားတို့အနေအထိုင်ပက်စက်နေကြလို့လား၊ အမြင်မတော်အောင် ပလူးပလဲနေကြလို့လား။ သားက သက်သက်ပြဿနာရှာနေတာပါ၊ သားက လူကသာအရွယ်ရောက်လာတာ စိတ်က ကလေးစိတ်ပဲရှိသေးတယ်"

"ကိုယ်တို့လက်ထပ်ပြီးတည်းက သူ့ရဲ့စိတ်က ဒီအတိုင်းပါပဲ။ သူ မကျေနပ်ခဲ့ဘူး၊ ကိုယ်နဲ့လက်ထပ်မှာကို လက်မခံချင်ခဲ့ဘူးလေ။ ကလေးဘဝမို့ သူ မတွန်းလှန်နိုင်တာ မဆန့်ကျင်ရဲခဲ့တာပါ၊ အခု ခြေရာချင်းတူလာပြီဆိုတော့ သူ စိန်ပါခေါ်ရဲလာတာ"

"သူ့မှာချစ်သူတစ်ယောက်လောက်ရှိရင် ကောင်းမှာပဲ၊ အဲဒါမှ သူနားလည်မှုရှိလာမှာ"

"သူ့လိုလူမျိုးကို ဘယ်သူက ကြိုက်မှာလဲ ထားရယ်"

"ထားတို့မိတ်ဆွေတွေထဲကနေ စပ်ဟပ်ပေးစားရင်ရော မကောင်းဘူးလား"

"ကိုယ်တို့လွှတ်လွှတ်လပ်လပ်နေချင်လို့ ပထုတ်တယ်ဆိုပြီး ပြဿနာရှာနေပါဦးမယ်"

"ထားလည်း မစဉ်းစားတတ်တော့ပါဘူး ကိုအောင်ရယ်"

ဒေါ်သက်ထားလည်း စိတ်ဓာတ်ကျချင်ချင်ပါ။ ဖတဆိုးသားလေးမို့ အရိပ်တကြည့်ကြည့် အမြတ်တနိုး အငြိုငြင်မခံရက်ဘဲ အလိုလိုက်ထားခဲ့တာ။ လိုလေသေးမရှိ ဖြည့်ဆည်းပေးခဲ့တာ။





လူမိုက်လူဆိုးလေးဖြစ်အောင် တွန်းအားပေးမိသလိုဖြစ်နေခဲ့ပြီလား။ သားအတွက်ရင်လေးလွန်းလှပါသည်။

"ထား ထားလည်း ဘာမှမတွေးပါနဲ့တော့၊ သူက သူ့ခြေထောက်ပေါ်မှ သူမရပ်နိုင်သေးတာ မိုက်ရူးရဲမဆန်လောက်ပါဘူး၊ အခု ထားနေမကောင်းဖြစ်တာတောင် မေမေ သက်သာလားလို့ တစ်ခွန်းမေးမသွားတဲ့ ထားရဲ့သားက ထားဖျောင်းဖျလို့ရဖို့ မလွယ်ဘူး၊ ဒီလိုပဲ ခွင့်လွှတ်ပေးလိုက်ပါ၊ ကိုယ်လည်း ထားစိတ်ညစ်အောင် ထားသားကို အတိုက်အခံလုပ်နေမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်ဘက်က သားကိုထားခဲ့ရတဲ့ စွန့်လွှတ်မှုမျိုးရှိခဲ့တယ်ဆိုတာ သူ သဘောပေါက်အောင် တစ်နေ့နေ့တော့ သူနားလည်အောင် ပြောပြရလိမ့်မယ် ထား၊ ဘာမှစိတ်မကောင်းမဖြစ်နဲ့နော်၊ ကိုယ်ကြိုပြောထားတာပါ"

"အင်း ကိုအောင်လည်း ဒီလောက်တော့ ပြောသင့်ပါတယ်"

ဒေါ်သက်ထား စိတ်တွေကိုလျှော့ချကာ မျက်လုံးလေးကို စုံမှိတ်ထားလိုက်သည်။ ဒီအိမ်ထောင်ရေးကို မှားယွင်းစွာထူထောင်ခဲ့တာမဟုတ်ပါ။ သားအတွက် မိမိအတွက် တကယ်ကိုလိုအပ်လို့ပင်။

ကိုအောင်ဘွားသာ နားလည်မှုမရှိလျှင် ဒီထက်တောင်ပိုစိတ်ဆင်းရဲရမှာ။ အခုတော့ ကိုအောင်ဘွားကို အားနာပြီးရင်း အားနာရင်းနှင့်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ငါ့ကိုနည်းနည်းပါးပါး အားမနာသင့်ဘူးလား ခေါင်၊ အပြစ် လုပ်ခဲ့တာက နင်နော်၊ ငါ့ကိုလမ်းလယ်ခေါင်မှာတစ်ယောက်တည်း ပစ် ထားခဲ့တာ"

"ငါလွှန်မှန်းသိလို့ ငါ နင့်အိမ်ကိုလာချော့သားပဲ၊ နင်က ထွက် မတွေ့ခဲ့တာလေ၊ ငါ အဲဒီလို ဘယ်ချိန်တုန်းက လုပ်ဖူးလို့လဲ"

"ဟုတ်ပါတယ် အဲဒါကို ငါကကြည်နူးပြီး ငါက နင့်အတွက် အကျီဝယ်လာခဲ့မိတယ်၊ အဲဒါပေးဖို့ ငါနင့်ကိုချိန်းလိုက်တယ်လေ၊ ပြီးရင် ငါမရခဲ့တဲ့ပစ္စည်းသွားယူဖို့အတွက် နင့်ကိုလိုက်ပို့နိုင်းမယ်ဆိုပြီး မိန် ကလေးတန်မဲ့အချိန်တွေအကြာကြီးစောင့်နေခဲ့တာ၊ လာမလိုလိုပြော နင် ရောက်မလာခဲ့တာမဟုတ်ဘူးလား"

"အဲဒီအတွက် ဆောရီးပါဆို၊ ဆောရီးဘယ်နှခါထပ်လုပ်ရ မှာလဲ၊ ဆရာကြီးတွေက လက်တွေ့သင်တန်းပေးနေတာ တကယ် ထွက်လို့မရတော့တာ၊ ဘယ်နေ့လာမယ် ဘယ်အချိန်ရောက်မယ်ဆို





သူတို့က ကြိုပြောတာမဟုတ်ဘူး၊ ရောဂါဆန်းဆန်းပြားပြားဖြစ်ပြီဆိုရင် သူတို့ကိုယ်တိုင်စောင့်ကြည့်ပြီး ပညာပေးတာ၊ အဲဒါက ငါတို့အတွက် အောင်လက်မှတ်ပဲ၊ နင်က ဆရာဝန်မဟုတ်တော့လည်း ရှင်းပြရတာ ခက်လိုက်တာဟာ"

ထွန့်ခေါင်က စိတ်မရှည်သလို ခေါင်းပါခါသည်။ သူမအပေါ် ဘယ်တော့မှ ထွန့်ခေါင် စိတ်မရှည်တတ်ပါ။

ဂျူတီချိန်တွေအကြောင်းပြပြီး သူမကိုတစ်ယောက်တည်းပစ် ထားဖို့လည်း ဝန်မလေးပေ။ အခုလည်း သူမက မနေနိုင်လွန်းစွာ သူ့အိမ် ကိုရောက်လာပြီး ရန်တွေ့နေမိခြင်းပင်။

ထွန့်ခေါင်အဘွားက သူမရောက်လာတာကို တပြုံးပြုံးဖြင့်ကျွေး ဖို့မွေးဖို့ဆိုပြီး ချက်ပြုတ်နေသည်။

"ထွန့်ခေါင် အပြစ်ရှိတာ နင်နော်၊ ဒီတစ်ခါတော့ နင်ကောက်ဖို့ မစဉ်းစားနဲ့၊ ငါ့စိတ်ကိုမနည်းလျှော့ပြီး လာခဲ့တာ"

"ကြောက်စရာပဲ၊ ကဲ ပြောပါဦး ငါ့ကိုဟိုနေ့က မပေးလိုက်ရတဲ့ အကျီလာပေးတာမဟုတ်လား"

"ပါတော့ ပါပါတယ်၊ ဒါပေမဲ့ ဒီအတိုင်းမပေးနိုင်ဘူး၊ ဟိုနေ့က ရေမွှေးလည်းသွားမယူရသေးဘူး၊ နင်ဒီနေ့ဂျူတီအော့ဖ်လို့ လာတာနော်၊ အဲဒီကိုလည်း လိုက်ပို့ရမယ် ကော်ဖီဆိုင်လည်းထိုင်မယ်"

"သဘော သဘော ဒီအခွင့်အရေးပဲချောင်းနေ၊ ငါ့မှာနားရက် တောင် စာကောင်းကောင်းကျက်ရတယ်မရှိဘူး၊ နင့်အလုပ်ချည်းပဲ"

"ငါ့မှာနင်ပဲအဖော်ရှိလို့ပါဟယ်၊ တစ်ယောက်တည်းသွားရလာရ တာကျတော့ ကြောင်တောင်တောင်နဲ့ဟ၊ နွယ်နွယ်နဲ့ကလည်း တစ်ခါလေရ



www.burmeseclassic.com

www.burmeseclassic.com



ပဲ တွေ့ရတာ''

''အေး နှင် အဲလိုလုပ်ချင်ရင် ငါ့ကိုရည်းစားတော်မှဖြစ်မှာနော်၊ မဟုတ်ရင် ပတ်ဝန်းကျင်က ဝေဖန်လို့ နင်ပဲသိက္ခာကျမှာ''

''ဩော် ချစ်သူမဟုတ်လည်း တစ်နေ့နေ့တော့ လက်ထပ်ဖြစ်မှာပဲ၊ ပတ်ဝန်းကျင်ဝေဖန်မှာ ငါမကြောက်ပေါင်''

နှုတ်ခမ်းမဲ့ကာ ပြောနေသော မုဒြာကို ထွဋ်ခေါင် လက်ဆစ်နှင့် ခေါက်ခနဲ အသည်းယားကာ ခေါက်ပစ်လိုက်သည်။ မုဒြာနဖူးလေးကို ပွတ်လျက် မျက်နှာလေးရှုံ့မဲ့နေပြီး

''ဘာလို့ ငါ့နဖူးခေါက်ရတာလဲ နာလိုက်တာ''

''အသည်းယားလို့ပေါ့၊ နင်က ငါ့ကိုချစ်တယ်တော့မပြောဘူး၊ လက်ထပ်မယ်ပဲပြောတယ်၊ ငါ့ရဲ့ဆရာဝန်ဂုဏ်က အဲလောက်တောင် မက်စရာကောင်းနေလား''

''ဟယ် ခေါင်''

ထွဋ်ခေါင် စကားကို မုဒြာ တော်တော်လေးအံ့သြသွားမိကာ

''နင့်ကိုယ်နင် အဲလောက် အထင်ကြီးနေလား ခေါင်ရယ်၊ ငါတို့အဆင့်အတန်းက နင့်ရဲ့အဲဒီဆရာဝန်ဂုဏ်ပုဒ်လောက်ကို မက်မောစရာလား၊ နင့်ကိုငယ်ငယ်က သူငယ်ချင်းမို့ လူကိုခင်တာပါ ခေါင်၊ အပေါင်းအသင်းအဖော်မရှိလို့ နင့်ကိုတွဲတာပါ၊ လူကြီးမိဘတွေက ကောင်းမယ်သင့်တော်မယ်ထင်လို့ သဘောတူတာကို ငါလည်းငြင်းစရာမရှိလို့ လက်ခံထားတာပါ၊ အဲဒါနဲ့ပဲ နင့်ဆရာဝန်ဂုဏ်ပုဒ်ကို မက်မောရာရောက်သွားရောလား၊ ဒါဆိုရင်တော့''

''ဆော ဆောရီး မုဒြာ ငါနင့်ကိုစလိုက်တာပါ၊ အလကား





နောက်တာ စိတ်မဆိုးပါနဲ့''

သူမစကားဆုံးအောင် မပြောလိုက်ရ။ ထွဋ်ခေါင်ပျာပျာသလဲ တောင်းပန်သည်။ မုဒြာ လက်ကိုဆုပ်ကိုင်ပြီး

''ကဲ တောင်းပန်နေတာကို မျက်နှာကြီးပြင်ပါ၊ ဒီနေ့ နင်လိုချင်တဲ့ရေမွှေးလည်းလိုက်ဝယ်ပေးမယ်၊ ကော်ဖီလည်းဝယ်တိုက်မယ်ကွာ၊ ရုပ်ရှင်ကြည့်မလား၊ ပန်းခြံသွားမလား အကုန်လိုက်ပို့မယ်၊ ဒီနေ့တစ်နေ့လုံး နင့်အတွက် အချိန်ပေးမယ် ကျေနပ်ပြီလား''

''ခေါင်နော် နင်စကားပြောဆင်ခြင်ပါ၊ ငါနင့်ဆီက ဘာမှ မက်မောလို့ မဟုတ်ဘူး''

''သိတယ် အဖော်မရှိလို့ဆိုတာ ငါလည်း အဲဒါကိုမခံမရပ်နိုင်ဖြစ်တာ၊ ချစ်တယ်လို့ အဖြေမပေးဘဲ အဖော်မရှိလို့တွဲနေတယ်ဆိုတာကြီးက ငါ့ဘက်က တွေးကြည့်ရင်ရော ဘယ်လောက်အောက်လဲ၊ တကယ် အီးလ်ငုပ်တယ်''

ဒါလည်း ဟုတ်မှာပဲလို့ မုဒြာ ပြုံးစိစိဖြစ်သွားရသည်။

''အေးပါ ခေါင်ရယ် ငါ့ဘက်ကလည်း အဲဒါကို သိပါတယ်၊ ဒါပေမဲ့ ခေါင် နင့်ကိုလက်ထပ်ဖို့သင့်တော်တဲ့လူတစ်ယောက်အဖြစ်ပဲ တွေးနိုင်သေးတယ်၊ အခုချိန်ထိ ရင်ခုန်မှုတော့မဖြစ်သေးဘူး၊ ငါ နင့်ကို ရှင်းပွင့်လင်းလင်း ဝန်ခံတာပါ၊ ဒါပေမဲ့ ငယ်သံယောဇဉ်တွေနဲ့အိမ်ထောင်ဘက်အဖြစ်တော့ ရွေးချယ်နိုင်ပါတယ်''

''အဲဒါနဲ့ပဲ ငါကျေနပ်ပေးရဦးမှာပေါ့၊ ကဲ သွားမယ်လေ၊ အဘွားကိုနှုတ်ဆက်ဦး''

''ဟဲ့ အဘွားက ငါတို့နေ့လယ်စာ စားဖို့ ချက်နေတာထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ချက်လည်း အပြန်မှစားမယ်လို့ပြောလိုက်ပေါ့ဟာ''

''အေး ခဏနော်''

မီးဖိုခန်းထဲက အဘွားဆီ မုဒြာ ဝင်လာခဲ့သည်။ အသက်ခြောက်ဆယ်ကျော်အဘွားက မြေးအတွက် နေ့စဉ်နေ့တိုင်း ဖျတ်ဖျတ်လတ်လတ် ချက်ပြုတ်နေတုန်းပါ။

''အဘွား''

''သြော် မြေးမလေး၊ ဗိုက်ဆာပြီလားကွဲ့၊ အဘွားမြန်မြန်လေး ချက်နေပါတယ်''

''မဆာသေးဘူး အဘွား၊ မုဒြာတို့ အပြင်သွားလိုက်ဦးမယ်၊ အပြန်ကျမှ စားမယ်လေ နော်အဘွား''

''သြော် အေးပါကွယ် ညနေကျလည်း အပြင်ကစားလာလို့ဆိုပြီး အဘွားချက်ထားတာကို စားချင်မှစားမှာမဟုတ်လား''

''စားမှာပါ အဘွားရယ် တစ်ခါတလေ အဘွားမြေးက မုဒြာကို သူ့ကားနဲ့ပြန်ခေါ်မလာလို့ အဘွားဆီမရောက်ရတာပါ၊ မုဒြာက အဘွား လက်ရာကို ကြိုက်လို့ အမြဲစားချင်တာ''

''အမလေး အဘွားလက်ရာကို ကြိုက်လို့ကတော့ မြေးတို့ လက်ထပ်ပြီးလည်း အဘွားကချက်ကျွေးမှာပါ၊ ဒါနဲ့ မြေးလေးဟောက်စ် ဆင်းဖို့က မလိုတော့ဘူး၊ ဘွဲ့ယူပြီးတာနဲ့ သမီးတို့တစ်ခါတည်း လက်ထပ် ကြမှာလား မြေးမလေး''

''ရှင် ဟိုလေ အဘွား၊ ခေါင်က ဘွဲ့လွန်တက်ဦးမှာ၊ အဲဒါပြီးမှ ဆေးခန်းဖွင့်မှာတဲ့၊ လက်ထပ်ဖို့က လိုဦးမှာပါ''





''သြော် အကြာကြီးစောင့်ပြီး ဘာလုပ်မှာလဲ၊ လက်ထပ်ပြီးမှ ဆက်တက်လည်းရတာပဲ နှစ်ဖက်လုံးအဆင်ပြေနေတာ ဘာလိုသေးလို့လဲ၊ အဘွားကတော့ မြန်မြန်လက်ထပ်စေချင်ပြီ၊ သူ့အဖေကိုလည်း အဘွား ပြောထားတယ်၊ လိုအပ်တာအကုန်လုပ်ပေးမယ်တဲ့၊ သူ့သားအောက်မကျ အောင်လုပ်ပေးနိုင်တယ်တဲ့လေ၊ နိုင်ငံခြားမှာ ဘွဲ့လွန်သွားတက်လည်း မြေးမလေးပါလိုက်သွားနိုင်အောင် စီစဉ်ပေးမှာပါ''

''ဟုတ်ကဲ့ပါ အဘွား၊ အဲဒီကိစ္စ နောက်မှခေါင်နဲ့စီစဉ်လိုက်ပါ မယ်၊ အခုသွားလိုက်ဦးမယ်နော်အဘွား''

''အေး အေး ဒီမှာအပြီးနေနိုင်အောင်သာ လုပ်ပါကွယ်''

အဘွားကတော့ ဖွတ်ကိုတိုက်တွန်းနေသည်။ သူမရောက်လာ လျှင်လည်း စကားတွေပြောလို့မဆုံးပါ။ ဒီအသက်အရွယ်မှာ စကားပြော ဖော်လေးလိုအပ်နေရှာသည်မဟုတ်လား။

ဒါကြောင့်လည်း မြန်မြန်လက်ထပ်စေချင်တာ ဖြစ်ပေလိမ့်မည်။

သူမကတော့ ခေါင်ရဲ့ဆက်ဆံရေးတွေအတွက် စဉ်းစားဦးမည် ဟု ဆုံးဖြတ်ထားသည်။ တန်ဖိုးထားတတ်လာသည့် တစ်နေ့မှပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

''ဟား သူ့ရန့်လေး ရနေသလိုပဲ''

မုဒြာတို့အလွမ်းပြေကော်ဖီဆိုင်လေးကို လာထိုင်နေမိခြင်းဖြစ်သည်။ သူထိုင်နေကျနေရာလေးကိုထိုင်၍ သူမ ထိုင်နေကျနေရာလေးကို သူမ ရှိနေသည်အမှတ်နှင့် သူ ငေးမောနေခဲ့ခြင်းဖြစ်သည်။

သူမ မရှိပါဘဲ သူမရဲ့ကိုယ်သင်းရန့်လေး သူ့နှာခေါင်းဝမှာ မွှေးပျံ့စွဲထင်နေတာကတော့ အံ့ဩစရာကောင်းလွန်းနေသည်။ ဘာကြောင့်လဲ။ သူ့စိတ်ထဲမှာ ထင်ယောင်နေတာလား။ စွဲလမ်းနေတာလား။

ဒီအချိန်ဆို သူမ ဘာတွေလုပ်နေမလဲ။ အိမ်မှာလား။ သူငယ်ချင်းနှင့်လျှောက်သွားနေလား။

''ဟင် ဟာ''

အမှတ်တမဲ့ သူမကိုမြင်လိုက်ရ၍ ထရပ်လိုက်မိပြီးမှ နောက်က သူမဘော်ဒါပါလာတာမြင်လိုက်တာမို့ နေရာမှာ ကျောခြေမပျက် ပြန်ထိုင်





နေလိုက်ရသည်။ နီးကပ်လာသော သူမရဲ့ရန့်လေးက ပိုပြီးမွှေးပျံ့လာတာမို့ စိတ်တွေက ဂနာမငြိမ်ပါ။

အရင်နေ့တွေလို သူမတစ်ယောက်တည်း အရင်ရောက်နေတာ မဟုတ်ပါလား။ တစ်ခါတည်းတွဲမြင်လိုက်ရတာ သူ့သွေးတွေ ဘာကြောင့် ဆူဝေနေသည် မသိ။ သူမတစ်ယောက်တည်းကို မြင်တွေ့ရသည့်ခံစားချက်မျိုးမဟုတ်တာကြောင့် သူမကို သဝန်တိုမိတာလားဟု ထိပ်လန့်စွာတွေးဖြစ်သည်။

''မင်းကိုငါ အရမ်းကိုချစ်မိနေပြီထင်တယ် မုဒြာရယ်''

တိုးတိတ်စွာပြောမိရင်း ဟိုကောင်အနားမှာ အပြုံးမျက်နှာလေးဖြင့် စကားတွေပြောကာ ကော်ဖီသောက်နေသော သူမမျက်နှာလေးကို မှတ်မြတ်နိုးနိုးပင်ကြည့်နေမိသည်။ ဘေးနားကလူတွေကို သူ မမြင်ပါ။ ပတ်ဝန်းကျင်ကိုလည်း သူ သတိမထားမိပါ။

သူ့မျက်ဝန်းထဲမှာ မုဒြာရဲ့လှုပ်ရှားမှုလေးအတိုင်း ပြုံးမိရယ်မိနှုတ်ခမ်းလေးမဲ့သွားမိလိုက်ဖြင့် စီးမျောခံစားနေခဲ့သည်။

''ခေါင် ဟဲ့ မလုပ်နဲ့ ခေါင်''

''ခွပ်''

''ဟ''

မျက်နှာကိုဘာကြောင့် အထိုးခံလိုက်ရမှန်းမသိဘဲ မင်တက်ကြောင်အမ်းသွားခဲ့သည်။ အမှတ်တမဲ့မို့ ပတ်ဝန်းကျင်ကိုတောင် သတိထားမိလိုက်ရဲ့လားမသိ။

နာကျင်သွားသောပါးပြင်ကို ပွတ်မိလျက် ထွင့်ခေါင်ဆိုသည့်ကောင်ကို အစိမ်းလိုက်ဝါးစားချင်စိတ်များဖြင့် သူ မျက်မှောင်ကြုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပစ်လိုက်သည်။

"မင်းဘာလုပ်တာလဲ ဟိတ်ကောင်"

"မင်းမျက်လုံးတွေ စည်းကမ်းမရှိလို့ ဆုံးမတာ၊ မကျေနပ်ရင် ထွက်ခဲ့ ဟေ့ကောင်"

"စိန်လိုက်လေ"

သူ အဲလောက် သွေးမနည်းပါ။ ဆိုင်ပြင်ထွက်ကာ ကားမောင်း ထွက်သွားသော ထွန်းခေါင်တို့နှစ်ယောက်ရဲ့နောက်က သူ့ကားလေးကို မောင်း၍ လိုက်လာခဲ့သည်။ စိန်ခေါ်လျှင် တိမ်ပေါ်အထိလိုက်မည့်ကောင် ဆိုတာ ဒီကောင်သိအောင် အကြောင်းပြရမည်။

ဒီကောင်ကားရဲ့အရှိန်အတိုင်း ကွေ့ဝိုက်ပြီး သူ ထပ်ကြပ်မကွာ လိုက်လာခဲ့သည့်အချိန်မှာ လူရှင်းသော စက်ရုံဟောင်းအဆောက်အဦး ဟောင်းတွေဘက် ရောက်လာခဲ့သည်။

"ဩော် သူသေကိုယ်သေ ချဲချင်နေတယ်ပေါ့"

ရှေ့ကားရပ်သွားသည့်အချိန်မှာ သူ့ကားကို ဘရိတ်ဆောင့်နင်း ကာ ရပ်လိုက်ပြီး ကားပေါ်က အလျင်အမြန် ခုန်ဆင်းလိုက်သည်။

"ခေါင် ခေါင် မလုပ်နဲ့နော်၊ နင် ရန်မဖြစ်ရဘူး၊ နင် အဲလို မလုပ်ရဘူး"

မုဒြာက ထွန်းခေါင်လက်ကို အသည်းအသန် လိုက်ဆွဲ၍ တားဆီး နေသည်။ ထွန်းခေါင်က မုဒြာလက်တွေကို မညှာမတာပင် ပုတ်ခတ်ဖယ် ရှားပစ်၏။ သဝဏ်မျက်နှာကို စူးစိမ်းစွာကြည့်ကာ

"ဟိတ်ကောင် မင်းမျက်လုံးတွေက မိန်းမမြင်ရင် ငမ်းငမ်းတက် ပဲလား၊ မင်းနှမမင်းမအေကို အဲလိုကြည့်ပါလားကွ"





"မင်းရော မင်းအမေ မင်းနှမကို အဲလိုကြည့်ဖူးလား၊ ကိုယ်ချစ် တဲ့မိန်းကလေးကိုပဲ ယောကျ်ားတိုင်း အဲလိုကြည့်ကြတာ မင်းမသိဘူး လား"

"ဘာ"

"ဟုတ်တယ် ငါ မုဒြာကိုချစ်လို့ သူဘာပဲလုပ်လုပ် ဘယ်လိုပဲ နေနေ ကြည့်နူးပြီးကြည့်နေတာ၊ ဒါပေမဲ့ အချစ်နဲ့ကြည့်တာ တဏှာရာဂ စိတ်မပါဘူး၊ အောက်ကျိုးမရှိုးဘူး သန့်စင်တယ် ရိုးသားတယ် အဲဒါ မင်းသိထား"

"တောက် မင်းကြောင်တောင်နိုက်တတ်တဲ့ကောင်လား၊ မုဒြာ ဘေးမှာယောကျ်ားတစ်ယောက်ပါနေတာ မင်းမတွေ့ဘူးလား"

"ငါ မင်းကိုမှမမြင်တာ"

"ဘာ မင်း"

"ခွပ်"

"ခွပ်"

ဒီတစ်ခါ အထိုးခံရတာကိုတော့ သူ ချက်ချင်းပင်လက်တုန့်ပြန် လိုက်သည်။ မုဒြာက သနားစဖွယ်မျက်ရည်လေးလည်လျက် နှစ်ယောက် ကြားဝင်လာပြီး

"မလုပ်ကြပါနဲ့ ရန်မဖြစ်ကြပါနဲ့၊ မုဒြာတောင်းပန်ပါတယ်"

"မုဒြာ နင်ဖယ်စမ်းဟာ၊ ငါအထိုးခံလိုက်ရပြီ၊ ငါမကျေနပ်ဘူး နင့်ကိုနောက်တစ်ခါ မကြည့်ရဲအောင် ငါဆုံးမပြမယ်"

"နင်ထိုးလို့ ဟိုကပြန်ထိုးတာလေ၊ ကိုယ်ထိလက်ရောက်လုပ်မှ တော့ ဘယ်သူက ခံမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်က အဲဒီကောင်ဘက်က နာနေတာလား၊ နင့်ကိုနှာဘူးတစ်ထောင်မျက်လုံးတွေနဲ့ကြည့်နေတာကို နင်ကအရသာရှိနေတာလားမုဒြာ"

"နင်လျှောက်ပြောမနေနဲ့ ခေါင်၊ သူ ဘယ်လိုကြည့်ကြည့် ကိုယ်ပြန်မကြည့်ရင် မမြင်ရဘူး"

"နင်မှအပြောကောင်း ငါကတော့ ယောကျ်ားချင်းကြောတာလုံးဝမခံနိုင်ဘူး၊ ငါပါရဲ့နဲ့ နင့်ကိုအဲလိုကြည့်တာ ငါ့ကိုစိန်ခေါ်တာပဲ၊ အဲဒါ ငါ့ကိုသက်သက်ကြောတာ"

ထွန့်ခေါင်စကားလုံးတွေကြောင့် မင်းသဝဏ် သရော်သလိုလိုပန်းတွန့်၍ လှောင်ရယ်လိုက်သည်။

"မုဒြာကို မဲမနေနဲ့၊ မင်းကမှ တကယ်အပြောကောင်းတာပဲ၊ မင်းရှေ့မှာမုဒြာကိုကြည့်တာကို မခံမရပ်နိုင်ဖြစ်ပြနေတယ် မင်းထားချင်တဲ့အခါ မင်းလာချင်တဲ့အခါမျိုးကျတော့ မုဒြာကို ကျီးထိုးထိုး ခွေးစားစားဖြစ်ချင်သလိုဖြစ် ဝစ်ထားတဲ့ကောင်ကများ"

"ဘာ မင်း အဲဒါကိုသိတယ်"

"ငါက မုဒြာကိုအရိပ်လိုလိုက်ကြည့်နေတာ မသိဘဲနေပါ့မလားမယုံရင် မုဒြာကို မေးကြည့်ပါလား"

"ဘာ မုဒြာ"

ထွန့်ခေါင် ပျာခနဲ မုဒြာဘက်လှည့်ကြည့်လိုက်သည်။ မုဒြာလည်း ထိုသို့ ရန်တိုက်ပေးလိမ့်မည်မထင်၍ အံ့ဩသွားဟန်ရှိ၏။

"မုဒြာ နင်ဒီကောင်နဲ့တွေ့နေတာပေါ့ ဟုတ်လား"

"မ မဟုတ်ပါဘူး လမ်းမှာ ခေါင်ထားခဲ့တဲ့နေ့က သူလိုက်လာ





တယ်၊ ကော်ဖီဆိုင်မှာ ခေါင့်ကိုစောင့်ပြီး ခေါင်မလာနိုင်တဲ့နေ့ကလည်းသူရှိနေတယ်"

"ဟင် နင့်ကိုဒီကောင် ဘာပြောလဲ ဘာလုပ်လဲ မုဒြာ"

"ဟို ဘာ ဘာမှမလုပ်ပါဘူး ခေါင်"

"အမှန်အတိုင်းပြောလိုက်တာမဟုတ်ဘူး မုဒြာရယ်၊ ချစ်တယ်ဆိုတဲ့အကြောင်းပြောတယ်၊ မကြွင်နာတတ်တဲ့လူစိမ်းကားကြီးပစ်ထားတာကို သနားကရုဏာဖြစ်ပြီး လိုက်ပို့မယ်ဆိုပြီး လက်ကိုင်တာကို"

"နင် နင်လျှောက်ပြောမနေနဲ့ ကလေကာဝကောင်"

"မဟုတ်လို့လား ကိုယ်ပြောတာတွေ မှားလို့လား။ ကိုယ် သစ္စာဆိုရဲတယ်နော်"

"တောက် နင်တော်တော့နော်"

"တောက် ဟိတ်ကောင်"

"ခွပ် ခွပ်"

"မင်းက ငါ့ကိုထိုးရင် ငါလည်းပြန်ထိုးမှာပေါ့"

"ခွပ် ခွပ်"

ကလေးတွေလိုပင် သူတပြန်ကိုယ်တပြန် ထိုးကြိတ်ရင်း လုံးထွေးသွားသည်။ ထွန့်ခေါင်ကိုဒေါသဖြစ်အောင်ဆွထားတာမို့ ထွန့်ခေါင်ဘာမှမမြင်နိုင်ဘဲ ဒေါသတွေကြီးနေသည်။

မုဒြာက မျက်ရည်တွေစို့ရွဲလျက် နှစ်ယောက်လုံးကိုဆွဲရှန်းတားဆီးနေ၏။

"တော်ကြပါတော့ တော်ကြပါတော့ ငါ့ကိုသာ အသေသတ်ကြပါ နင်တို့ရန်မဖြစ်ကြနဲ့တော့ အဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားအားတွေကို ဘယ်လိုမှဆွဲရုန်းတားဆီးလို့မရသော အခါ မှဒြာ ငုတ်တုပ်ထိုင်ပြီး ငိုနေသည်။ မှဒြာ မျက်ရည်တွေကိုမြင်တော့ မခံစားနိုင်စွာ မင်းသဝဏ် ချက်ချင်းရပ်တန့်သွား၏။

မှဒြာ မျက်ရည်တွေကိုသုတ်ပေးချင်သော ကရုဏာတွေဖြစ်ထွန်း နေလျက် ကိုယ့်မျက်နှာပေါ်က ဒဏ်ရာတွေကိုပင် ဂရုမစိုက်နိုင်။

"မှဒြာ"

မှဒြာဆီ ခြေလှမ်းအရွေ့မှာ သူ့ကိုဆွဲလှည့်ပြီး

"ဟိတ်ကောင် ဘယ်လဲ"

"ခွပ်"

သူ့မျက်နှာ လည်ထွက်သွားသော်လည်း ထွင့်ခေါင်ကို ပြန် မတုန့်ပြန်မိဘဲ မှဒြာဆီဆက်လျှောက်လာခဲ့သည်။

"မှဒြာ"

"ဟိတ်ကောင်"

"ခွပ် ခွပ်"

"တော်ပါတော့ ခေါင်ရဲ့၊ သူ ဘာမှပြန်မလုပ်တော့ဘဲနဲ့ တော် ပါတော့၊ နင်တို့ကလေးတွေလိုရန်ဖြစ်နေမှာလား၊ နင် ဟောက်စ်ဆင်းနေ တဲ့ ဆရာဝန်တစ်ယောက်ဖြစ်ပြီး အဲလိုမျိုး ကလေးဆန်နေတော့မှာလား နင့်မှာဂုဏ်သိက္ခာမရှိပေ...ားလား၊ သဝဏ်လည်းပြန်ပါတော့နော်၊ မှဒြာ တောင်းပန်ပါတယ်၊ မှဒြာ တကယ်ကို တောင်းပန်ပါတယ် ပြန်ပါတော့"

"ကိုယ် ကိုယ်ပြန်မယ်၊ မင်းမငိုရင် ကိုယ်ပြန်မယ်မှဒြာ မင်းမျက်ရည်တွေက ကိုယ့်ကိုပူလောင်စေလို့ပါ၊ မငိုပါနဲ့နော်၊ ကိုယ့်ရင် ကို မီးစနဲ့အထိုးခံရသလို ပူနေတယ် မငိုပါနဲ့ မှဒြာ"





သူ့အသံက ကရုဏာများဖြင့် နူးညံ့ညင်သာလွန်းနေ၍ မှဒြာ မင်တက်မိကာ မျက်ရည်တွေရပ်တန့်သွားလေသည်။ မှဒြာကို အကြာ ကြီးငေးမောကြည့်ပြီး မှဒြာ မျက်ရည်မကျတော့ဘူးဆိုမှ မင်းသဝဏ် ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။ ထိုတဒင်္ဂလေးမှာ သူ့ရင်ထဲ ဝေဒနာအမျိုးမျိုးနှင့် ဘာတွေဖြစ်သွားမှန်းပင် မသိပါ။

သေချာတာက မှဒြာကို ရင်နှင့်ရင်းကာ ချစ်မိသွားပြီဆိုတာပါပဲ၊ ကိုယ့်ကြောင့် မင်းဘယ်တော့မှ မျက်ရည်မကျစေရဘူး မှဒြာရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"အမယ်လေး သားမျက်နှာမှာ ဒဏ်ရာတွေ ဗရပွပါလား သားရယ်၊ ရန်ဖြစ်လာတာလား၊ ဘယ်သူက ထိုးကြိတ်လွှတ်လိုက်တာလဲ ပြောပါဦး၊ ဘယ်လိုတွေဖြစ်လာတာလဲ သား"

သဝဏ် မျက်နှာလေးကိုပွတ်သပ်ကာ ဒေါ်သက်ထား ပျာယာခတ်ကာ ကတုန်ကယင် စိုးရိမ်နေရှာသည်။ မင်းသဝဏ်က နာကျင်နေသော်လည်း ဘာမှမဖြစ်သည့်ပုံစံနှင့်

"ယောက်ျားလေးပဲ ရန်ဖြစ်တာ မဆန်းပါဘူး မေမေရယ် ယောက်ျားလေးတိုင်း ဒီဒဏ်ရာလောက်တော့ ရဖူးကြပါတယ်"

"ဘယ်ဟုတ်မလဲ သားရယ်၊ သားက အိမ်မှာသားဆိုးတာ အပြင်မှာတစ်ခါမှ ရန်မဖြစ်ဘူးပဲနဲ့ ဘယ်လိုဖြစ်တာလဲ သား၊ မေမေ့ကို ပြောပါဦး"

"ဘာမှမဟုတ်ပါဘူး မေမေရာ၊ ကိစ္စအသေးအမွှားနဲ့ပါ၊ စိုးရိမ် မနေနဲ့ သားအိပ်တော့မယ် မေမေ"





"ဘယ့်နှယ်အိပ်ရဦးမှာလဲ၊ မျက်နှာက ညိုမည်းမှုးရောင်နေတာ ဆေးလိမ်းရ ဆေးသောက်ရဦးမှာပေါ့"

"ရပါတယ် မေမေ"

"ရပါတယ်မလုပ်နဲ့၊ ဆေးလိမ်းဆေးသောက်လုပ်မှဖြစ်မှာ သား၊ ကိုအောင် ထားကိုဆေးသေတ္တာလေး ယူပေးပါနော်"

"အင်း ထား ကိုယ်သွားယူလိုက်မယ်"

ဦးအောင်ဘွားလည်း စိတ်မကောင်းဖြစ်နေဟန်ဖြင့် ခပ်သုတ်သုတ်ပင် ဆေးသေတ္တာသွားယူသည်။ ဧည့်ခန်းထဲမှာ ထိုင်နေပေမယ့် မင်းသဝဏ် အတွေးတွေက မှုံခြာဆီကိုပဲရောက်နေသည်။

ခဏနေတော့ ဦးအောင်ဘွား ပြန်ရောက်လာကာ

"ကိုယ်လိမ်းပေးလိုက်မယ်လေ ထား၊ ဒီဆေးက ချက်ချင်း ရောင်တာနာတာ သက်သာတယ်၊ အနုကယ်လုပ်ပေးမယ်နော် သဝဏ်"

"ရတယ် မေမေလိမ်းပေးလိမ့်မယ်"

ဦးအောင်ဘွား စိုးရိမ်တာကို လက်မခံချင်၍ မေမေ့ကိုပဲလုပ်နိုင်းလိုက်သည်။ မေမေက ဦးအောင်ဘွားလက်ထဲက ဆေးသေတ္တာကို လက်လွှဲယူ၍ သူ့မျက်နှာပေါ်က ဒဏ်ရာတွေကို ဆေးလိမ်းပေးသည်။ သူနာကျင်စပ်ဖျဉ်းနေပေမယ့် မျက်နှာတစ်ချက်ရှုံ့မသွားမိပါ။ မျက်ရည်တွေနှင့် တောင်းပန်တားဆီးနေသော မှုံခြာမျက်နှာလေးကိုပဲ မြင်ယောင်နေမိသည်။

သူ ဘာကြောင့် ဒီလောက်တောင် မှုံခြာကိုချစ်မိသွားခဲ့သည် သိပေ။

"သားလေး"



www.burmeseclassic.com

www.burmeseclassic.com



“ဗျာ”

“မနာဘူးလား သား”

“အင်း နာပါတယ်”

“ဘာကိစ္စနဲ့များ ဒီလိုအထိုးအကြိတ်ခံရတဲ့အထိ ဖြစ်ရတာလဲ သားရယ် ဟင်၊ မိန်းကလေးကိစ္စလား ဟုတ်လား သား”

“အင်း သားချစ်နေတဲ့ကောင်မလေးမှာ ချစ်သူရှိတယ် မေမေ သူနဲ့ဖြစ်ကြတာ”

“သားရယ် ဘာလို့များ ချစ်သူရှိတဲ့ကောင်မလေးကိုမှ ကြိုက်ရတာလဲ၊ သားမှာတခြားကြိုက်စရာမိန်းကလေးမရှိဘူးလား သား”

“ကြိုက်တာက ဘယ်မိန်းကလေးမဆို ကြိုက်လို့ရတာပေါ့ မေမေရယ်၊ ချစ်တာကတော့ လူတိုင်းချစ်လို့မရနိုင်ဘူးလေ၊ သား အဲဒီကောင်မလေးကို တကယ်ချစ်တာပါ၊ သူ့အတွက်ဆို ဘာမဆိုလုပ်နိုင်လိမ့်မယ်လို့ ထင်တယ်၊ သူ့ကြောင့် သားဘဝတစ်ခုလုံး ပြောင်းလဲရမယ်ဆိုလည်း ပြောင်းလဲနိုင်မယ်လို့ ထင်တယ်”

“အဲလောက်တောင်ပဲလား သားရယ်”

ဒေါ်သက်ထား စိတ်မကောင်းဖြစ်သွားသည်။ သားက တစ်ခုခုဆို အစွဲအလမ်းကြီးလွန်း၏။

အခုချစ်သူရည်းစားရှိသည့်မိန်းကလေးကိုမှ ချစ်မိနေပြီတဲ့လား။ ဒဏ်ရာဗရပွနှင့် ပြန်လာသော သားကြောင့် မျက်ရည်တွေပင်လည်လာမိသည်။ ဘာလုပ်ပေးရပါ့မလဲ။ သားအတွက် ဘာများလုပ်ပေးရပါ့မလဲ။

“သား မေမေသားနဲ့အတူ အိပ်ပေးမယ်နော်၊ ညကျ သားဒဏ်ရာတွေနာရင် မေမေဆေးထပ်လိမ်းပေးမယ်”





“ဒီနေ့တော့ သားအခန်းထဲမှာ တစ်ယောက်တည်းသွားအိပ်ပါ့မယ်၊ သူ့အကြောင်းတွေးနေချင်လို့ပါ၊ သားသွားအိပ်တော့မယ်နော်”

“ဩော် အင်း အင်း သားလေးတစ်ခုခုဆို မေမေ့ကိုနှိုးနော် သား”

“ဟုတ်ကဲ့”

အေးဆေးတည်ငြိမ်နေသော သားကိုကြည့်ကာ စိတ်မကောင်းဖြစ်ရမှာလား ဝမ်းနည်းရမှာလား၊ စိတ်ချမ်းသာရတော့မှာလားပင် မသိပေ။ သူ့အခန်းထဲဝင်သွားသော သားကိုမျက်စိတဆုံးလိုက်ကြည့်မိကာ

“ဘယ်လိုလုပ်ကြမလဲ ဟင် ကိုအောင်၊ သားကချစ်သူရည်းစားရှိတဲ့ မိန်းကလေးကိုချစ်မိကာမှ တည်ငြိမ်သွားသလိုပဲနော်၊ ထားတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ ဒီလိုသာ ရင့်ကျက်တည်ငြိမ်မယ်ဆိုရင်တော့ စည်းစိမ်အကုန်တောင် တင်တောင်းပေးလိုက်ပါတယ်”

“ကိုယ်လည်း အဲလိုလုပ်ပေးချင်ပါတယ်၊ ဘယ်လိုမိန်းကလေးမို့ သဝဏ် ဒီလောက်ထိ ဟက်ထိသွားတာလည်းမသိဘူး။ အခုခေတ်မိန်းကလေးတွေက စည်းစိမ်ဥစ္စာသာ မက်လုံးပေးလိုက်ရင် ကိုယ့်ဘက်ပါလာမှာပါ၊ သူ့ချစ်သူက မပြည့်စုံတဲ့သူဆိုရင် အပြေးတောင်လိုက်လာဦးမယ်”

“အင်း လုပ်လို့ရရင်လည်း လုပ်လိုက်ချင်ပါတယ်၊ သားလေးကို တည်ငြိမ်ရင့်ကျက်စေချင်လို့လေ၊ ချစ်သူရည်းစားသာရရင် သူ လူကြီးဆန်လာမယ်လို့ ထင်တယ်၊ ဘဝကို ဘယ်လိုရပ်တည်ရမယ်ဆိုတာလည်း နားလည်လာလိမ့်မယ်၊ အဲလိုသာဆိုရင် ထားတို့လည်း စိတ်ချမ်းသာရတာပေါ့ ကိုအောင်”



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဘွား ဘယ်လိုလုပ်ပေးရမလဲ၊ အတွေးတွေ ဝင်သွားသည်။ မင်းသဝဏ်ကိုချစ်သူရည်းစားရှပြီး အိမ်ထောင်လည်းကျစေချင်ပါသည်။ ဒါဟာ မင်းသဝဏ်ကို မုန်းလို့မဟုတ်ပါ။

ကိုယ့်မှာလည်း သားတစ်ယောက်ရှိတာမို့ သားအရွယ်မင်းသဝဏ်ကို သားတစ်ယောက်လိုပင်ချစ်ပါသည်။ ဒါပေမဲ့ မင်းသဝဏ်က အချစ်မခံ။ ကြင်နာယုယမှုလည်းမခံဘဲ အနေစိမ်းသည်။ ပထွေးတစ်ယောက်အဖြစ်တောင် လက်မခံချင်ဘဲ အမြဲတိုက်ခိုက်ရန်ရှာဖို့လောက်ပဲ ဆန္ဒတွေရှိနေခဲ့၏။

အခုနောက်ပိုင်းဆို ကွာရှင်းပါလို့တောင် စိန်ခေါ်လာခဲ့ပြီဖြစ်သည်။ ဒီနေ့ပဲ ထိုကောင်မလေးကြောင့် အေးအေးသက်သာ တိတ်တိတ်ဆိတ်ဆိတ် ဖြစ်နေခဲ့တာ။

"ထား"

"ရှင် ကိုအောင်"

"ကောင်မလေးအခြေအနေက ဘယ်လိုရှိမလဲ မသိဘူး။ သဝဏ် အဲဒီကောင်မလေးနဲ့ပတ်သက်သွားရင် အကောင်းသားကွာ၊ ကိုယ်နည်းနည်းပါးပါး စုံစမ်းပြီး သဝဏ်နဲ့ကိစ္စ ညှိနှိုင်းကြည့်ချင်တယ်၊ သဝဏ်ကို အိမ်ထောင်ကျစေချင်တာ တခြားအတွေးကြောင့်မဟုတ်ဘူးနော်၊ ထားကိုစိတ်ချမ်းသာစေချင်တယ်၊ ကိုယ်လည်းသည်းခံရတာတွေနဲ့ အရမ်းကိုပင်ပန်းနေပြီ"

"ထား နားလည်ပါတယ် ကိုအောင်၊ ထား တွေးနေတာလည်း ထားတို့အတွက် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေဖို့တစ်ခုတည်းအတွက်မဟုတ်ပါဘူး၊ ဒီလိုကျစ်ကန်ကန် မိုက်ကန်းကန်းနဲ့ နေသွားမယ်





ဆိုရင် သားလူဆိုးလူမိုက် မိဘကိုစော်ကားရဲတဲ့ ကလေးဖြစ်သွားမှာစိုးလို့ပါ"

"အေးလေ ကိုယ်တို့အကောင်းဆုံးကြိုးစားကြည့်တာပေါ့ ထားရယ်နော်၊ ထားစိတ်ချမ်းသာသာနေပါ၊ ထားအရမ်းကြီး ကျန်းမာရေးကောင်းသေးတာမဟုတ်ဘူး။ ကိုယ်ကတော့ ထားအတွက် အရမ်းစိုးရိမ်တယ်၊ သားကိုချစ်လွန်းတာ အပြစ်တင်တာမဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်အတွက်လည်း တွေးပေးစေချင်တယ်၊ ထား ကျန်းမာရေးကောင်းမှ ကိုယ်လည်း စိတ်ချမ်းသာတာ"

"ဟုတ်ကဲ့ပါ ကိုအောင်၊ သားကို အဲဒီကိစ္စ အဆင်ပြေအောင်လုပ်ပေးနိုင်ဖို့ပဲ ကြိုးစားပါ၊ သားပြောင်းလဲလာမယ်လို့ ထား ယုံကြည်နေတယ်"

"ကောင်းပါပြီ ထား၊ အတတ်နိုင်ဆုံးအဆင်ပြေအောင်လို့ ကြိုးစားကြည့်ပါမယ်၊ ဟိုဘက်နဲ့ထိုးတဲ့ကြိတ်တဲ့အထိ ဖြစ်လာတာဆိုတော့ စည်းရုံးဖို့တော့ သိပ်မလွယ်ဘူး။ ဒါပေမဲ့ ကောင်မလေးဆန္ဒထက် လူကြီးမိဘတွေကိုသိမ်းသွင်းလို့ရရင် ပြီးတာပါပဲ၊ အရေးကြီးတာက ကောင်လေးဘက်က မပြည့်စုံရင် အခြေအနေကောင်းနိုင်ပါတယ်"

ဦးအောင်ဘွားဆန္ဒတွေ ပြင်းပြနေသည်။ ထိုကောင်မလေးနှင့်သာ မင်းသဝဏ် ပတ်သက်သွားလျှင် အားလုံးအေးချမ်းပြီပေါ့။

ဒီကိစ္စဟာ မကြာခင်မှာပဲ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ငါတို့လက်ထပ်ရအောင် မှုဒြာ"

"ဘာ"

"ငါ မကြာခင်ဘွဲ့ယူတော့မယ်၊ အခု ဟောက်စ်ဆင်းလို့ပြီးသွားပြီ၊ ဆရာဝန်ကြီးတွေနဲ့သွားတွေ့တယ်ဆို နောက်ထပ်အထူးကုဘွဲ့ယူဖို့လိုအပ်တဲ့စာအုပ်စာတမ်းတွေအတွက် ဆွေးနွေးနေတာ၊ ငါ ဘွဲ့ယူပြီးတာနဲ့ ရိုးရိုးဆရာဝန်တော့ဖြစ်ပြီ၊ ငါ နင်နဲ့လက်ထပ်ချင်တယ် မှုဒြာ၊ ပြီးမှ ဘွဲ့ထပ်ယူမယ်"

"ဟိုလေ ခေါင် ငါ အဲလိုအလောတကြီး လက်မထပ်ချင်သေးဘူး၊ နင် အေးအေးဆေးဆေး ဘွဲ့လွန်ထပ်တက်ပါ ပြီးမှ"

"ဘယ်လိုဖြစ်သွားတာလဲ မှုဒြာ၊ နင် ငါ့ကိုလက်ထပ်မှာပါဆိုရင်မခုန်သေးတောင် သံယောဇဉ်တွေနဲ့လက်ထပ်မှာပါလို့ နင်ပြောခဲ့တာမဟုတ်ဘူးလား"

ထွဋ်ခေါင်အသံက ကျယ်သွားသည်။ ထွဋ်ခေါင်ကပြောချင်လှ





ချင်ပြီဆို ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်ပါ။

မှုဒြာ ပခုံးကိုဆုပ်ကိုင်ခါရမ်းပြီး မေးတာမို့ ထွဋ်ခေါင် လက်တွေကိုဖယ်ချရသည်။

"နင်အဲလို ငါ့ကိုကြမ်းကြမ်းတမ်းတမ်း မဆက်ဆံပါနဲ့ ခေါင်၊ ငါ့အပေါ်ငယ်ငယ်တည်းက အနိုင်ကျင့်ဆက်ဆံတတ်တဲ့ နင့်အကျင့်ကိုသိပြီးသားပါ၊ ဒါပေမဲ့ ဆရာဝန်ဖြစ်လာတာနဲ့ နူးညံ့သွားမလား ပြောင်းလဲသွားမလားလို့ ငါ မျှော်လင့်ခဲ့တယ်"

"မှုဒြာ ငါ့ကိုအပြစ်ရှာချင်လာတာ ဘာသဘောလဲ"

"ဘာသဘောမှမဟုတ်ဘူး၊ အပြစ်ရှာနေတာလည်းမဟုတ်ဘူး၊ ဒါပေမဲ့ မိန်းကလေးဆိုတာ ကိုယ့်ကိုကြင်နာစေချင် ဂရုစိုက်စေချင်ကြတာပဲ"

"ဟိုကောင်က အဲလိုတွေလုပ်လို့ နင်စိတ်ယိုင်သွားပြီး ငါ့ကိုပြဿနာရှာတာလား မှုဒြာ"

"ခေါင်ရယ် နင်ဘာလို့ အဲလိုတွေးလိုက်ရတာလဲ၊ ငါ သူ့ဆီက ကြင်နာတာတွေ ယုယတာတွေကို စိတ်ယိုင်နေတာမဟုတ်ဘူး၊ အဲဒါတွေကို နင့်ဆီကမျှော်လင့်နေတာ၊ ငါကပြောပြီးသား စကားကိုပြင်ပြီး ဗလောင်းဗလဲ သစ္စာမဲ့တတ်တဲ့ ဟိုပင်ဒီပင်ခုန်ကူးတတ်တဲ့ မိန်းကလေးမဟုတ်ဘူး၊ ငါ နင့်ကိုအဖြေမပေးဘဲ စဉ်းစားနေခဲ့တယ်ဆိုတာ အဲဒီအချက်ကြောင့်ပဲ ခေါင်၊ နင် ဘယ်တုန်းကမှ ငါ့ကိုဂရုမစိုက်ခဲ့ဘူး၊ ကြင်နာလိုက်လျောပြီးဆက်ဆံခဲ့တာ တစ်ခါမှ မရှိဘူး၊ ရှင်းရှင်းပြောရရင် အဲဒီအချက်တွေက ငါ့ကိုရင်ခုန်အောင် ချစ်တတ်အောင် မလုပ်ခဲ့တာ ပေါ့"

"ဟား"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ တော်တော်တတ်နေပါလားလို့ ခနဲ့ပစ်လိုက်ချင်သည်။ အပြိုင်ရှိလာမှ ဒီစကားတွေထွက်တတ်လာတာ ခံရခက်သည်။ ငယ်ကတည်းက ဒီအတိုင်းနေလာကြတာ အခုမှ ဒါတွေလာပြောနေရလားလို့ မုဒြာကို ထွင့်ခေါင် ဒေါသတွေဖြစ်သွားမိ၏။

"နင် ဘာမဲ့တာလဲ ခေါင်"

"နင် စကားတွေတတ်လာလို့ပါ"

"ခံစားချက်ရှိရင် စကားလုံးဆိုတာ ဖြစ်လာတာပဲ၊ ငါ တစ်ဖက်မှာ သာယာသွားလို့ ဒီစကားပြောတာမဟုတ်ဘူး၊ နင် ပစ်စလက်ခတ်လာမတွေ့တဲ့အချိန်တွေမှာ သူ ငါ့အနားမှာရှိနေခဲ့တယ်၊ ရန်ဖြစ်ပြီး ထိုးကြ ကြိတ်ကြတဲ့နေ့မှာလည်း ငါ့မျက်ရည်တွေကိုမြင်လို့ နင်ထိုးတာကို ပြန်မတုန့် ပြန်တော့ဘဲ ငါ့စကားကိုနားထောင်ခဲ့တယ်၊ ဒီအရာတွေက ငါ့ကိုတကယ် ချစ်တယ်ဆိုတာ ဟုတ်မှာပါလားလို့ ငါ့စိတ်တွေ လှုပ်ရှားစေခဲ့တာ အမှန်ပါပဲ၊ ဒါပေမဲ့ ဒီအရာတွေကို ငါ သူ့ဆီက မျှော်လင့်နေတာ မဟုတ်ဘူး ခေါင်၊ ငါလက်ထပ်ဖို့ရည်ရွယ်ထားတဲ့ နင့်ဆီကပဲလိုချင်တာ"

"မုဒြာ နင် ဒီစကားတွေပြောတာ ငါအရမ်းဝမ်းနည်းတယ်၊ ငါနဲ့နင်က အရင်တည်းက ဒီပုံစံ ဒီအတိုင်းနေလာခဲ့တာပါ၊ ဒီလိုနေလာရင်းနဲ့ ငါချစ်တယ်လို့ပြောတာကို အဖြေမပေးပေမယ့် နင်လက်ခံခဲ့တယ်၊ သမီးရည်းစားတွေလို တွဲသွားတွဲလာလုပ်ခဲ့တယ်၊ လူကြီးတွေ သဘောတူတာကိုလည်း မငြင်းခဲ့ဘူး၊ အခု ဟိုကောင့်ပေါ်လာမှ ငါ့ဆီကလိုချင်တာတွေများနေတာလား၊ သူ့ဆီကရတာနဲ့ ငါ့ဆီကရတာ မတူလို့ နှိုင်းယှဉ်နေတာလား၊ နင့်ကိုထင်မထားဘူး"

"ဘာ"





"ဒီလောက် လောဘကြီးမယ်လို့"

ထွင့်ခေါင်ကို ရှင်းပြရတာ သူမ စိတ်ပင်ကုန်လာသည်။ သူ့ဆီက လိုချင်ပါတယ်လို့ပြောနေတာတောင် ငါပေးပါမယ် ပြုပြင်ပါမယ်လို့ ဘာလို့မနှစ်သိမ့်နိုင်ရတာလဲ။

သူမ စိတ်တိုသွားကာ

"နင်လည်း အတ္တကြီးနေတာပဲ ခေါင်၊ နင် ကြိုးစားပြုပြင်ကြည့်ပါမယ်လို့ ငါ့ကိုနှစ်သိမ့်ပေးတော့ ဘာဖြစ်မှာမို့လဲ၊ နင့်ကိုယ်က နင့်ကိုယ်နင် ဆရာဝန်ဆိုပြီး အထင်ကြီးနေတာ၊ ကိုယ်ချစ်တဲ့မိန်းကလေးအတွက် မာနတွေ အတ္တတွေထားဖို့ လိုလို့လား"

"နင်က ငါ့ကိုအတ္တတွေ မာနတွေရှိနေတယ်လို့တောင် ထင်နေပြီပေါ့၊ နင့်စိတ်တွေ အရမ်းကိုပြောင်းလဲသွားတာပဲ မုဒြာ၊ အဲဒါ ဟိုကောင်ကြောင့်၊ ဟိုကောင့်ကြောင့်သာမဟုတ်ရင် နင်ငါ့ကို အဲလိုမျိုးအပြစ်ရှာနေမှာမဟုတ်ဘူး"

"ခက်တာပဲ ခေါင်ရယ်၊ နင်နဲ့ငါ ဘာစကားမှပြောလို့အဆင်မပြေဘူး၊ ငါပြန်တော့မယ်"

ထွင့်ခေါင် ဘာမှမပြော။ နေပါဦးလို့လည်း မတား။ ပြန်တော့လို့လည်း နှင်မလွှတ်ဘဲ သူ့အခန်းထဲကို ဝင်သွားသည်။ အဘွားကိုနှုတ်ဆက်ဖို့အတွက် အဘွားရှိသော မီးဖိုခန်းထဲကို ဝင်လာခဲ့သည်။

"အဘွား"

"ဟော မြေးမလေး မြေးနဲ့စကားပြောပြီးကြပြီလားကွဲ့၊ အခု မြေးတို့စားဖို့ အဘွားချက်ပြုတ်နေတာ"

"နေပါစေ အဘွား မုဒြာ မစားတော့ပါဘူး၊ မုဒြာ ပြန်တော့



www.burmeseclassic.com

www.burmeseclassic.com



မလို့ အဘွားကိုလာနှုတ်ဆက်တာ''

''မြေးတို့စကားပြောကြတာ အဆင်မပြေဘူးလား''

''ခေါင် စိတ်က တစ်မျိုးပဲ အဘွားရယ်၊ ခေါင်က ညှိနှိုင်းလို့ မရဘူး၊ သူဖြစ်ချင်တာပဲ သူသိတယ်''

''အင်း မြေးလေးက သူဖြစ်ချင်တာ သူလုပ်တယ်ဆိုတာ မြေးမလေးပြောတာ မမှားပါဘူး၊ ငယ်ငယ်တည်းက သူ့အကျင့်ပဲကွဲ့၊ ဆရာဝန်ဖြစ်ချင်တော့ ဆေးမှတ်မီအောင် သူအသည်းအသန် ကြိုးစားတယ်၊ အခုလည်း ဘွဲ့လွန်တက်ဖို့အတွက် စာတွေကိုကြိုးပြီး လေ့လာနေပြန်ပြီ၊ အဲလိုအချိန်မှာ မုဒြာကိုကောင်းကောင်း မဆက်ဆံဘူးမဟုတ်လား''

''ပညာရေးကို ဦးစားပေးတာ မုဒြာ အပြစ်မတင်ပါဘူး၊ တွေ့ကြတဲ့အချိန်မှာတော့ မုဒြာကို တန်ဖိုးထားစေချင်တာပေါ့ အဘွားရယ်၊ အခုက မုဒြာကိုချစ်တယ် လက်ထပ်ချင်တယ်ဆိုတာ ဘယ်လိုယုံကြည်ပြီး လက်ခံရမလဲ''

''မြေးမလေး မုဒြာ၊ အဘွားမြေးလေးကို စိတ်ကုန်နေပြီလား ကွယ်၊ မြေးလေးက ကံဆိုးရှာပါတယ်၊ အမေက သူလူမမယ်ကလေးလေး ဘဝမှာဆုံးသွားတယ်၊ သူ့အဖေနောက်အိမ်ထောင်ပြုတော့လည်း ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ နေရပေမယ့် တစ်လတစ်ခါတောင် ပုံမှန်လာမတွေ့နိုင်လို့ ဖခင်မေတ္တာလည်း ငတ်ရှာပါတယ်၊ ပညာရေးကလည်း စာတွေပဲအမြဲကျက်ပြီး လေ့လာနေရတော့ ပတ်ဝန်းကျင်ကို အဆင်ပြေအောင် မဆက်ဆံတတ်ဘူး ဖြစ်နေတာပါ''

အဘွားက မြေးအတွက်မျက်ရည်ကျကာ ဖြေရှင်းရှာသည်။ မုဒြာ စိတ်မကောင်းဖြစ်ကာ အဘွားလက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး





''မုဒြာ နားလည်ပါတယ်၊ အဲဒါကြောင့် သူ့ကိုညှိနှိုင်းနေတာပါ၊ မုဒြာ သစ္စာမဲ့ချင်လို့ ဆင်ခြေတွေပေးနေတာမဟုတ်ပါဘူး၊ သူ့ကိုဖြစ်သင့်တာတွေ ဆွေးနွေးတယ်၊ သူလက်မခံဘူး၊ မုဒြာကိုပဲ အပြစ်တွေပြန်မြင်နေတယ် အဘွား''

''မြေးလေး တယူသန်တတ်တယ်ဆိုတာ အဘွားလက်ခံပါတယ်ကွယ်၊ မြေးကိုအဘွားပြောကြည့်ပါဦးမယ်၊ မုဒြာကသာ မြေးလေးကို ပစ်ပစ်ခါခါ မလုပ်လိုက်ပါနဲ့၊ သူက မုဒြာကို သံယောဇဉ်ကြီးရှာပါတယ်၊ ငယ်ကတည်းက မုဒြာတစ်ယောက်ကိုပဲ အပေါင်းအသင်းလုပ်ခဲ့တာ မဟုတ်လား''

''မုဒြာလည်း အဲဒီသံယောဇဉ်တွေကြောင့် သူ့ကိုမချစ်တောင် လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာပါ၊ သူ့စိတ်တွေ မုဒြာအပေါ်ပျော့ပျောင်း ဂရုစိုက်လာမယ်ဆိုရင် ဘာမှကိုပြောစရာမလိုပါဘူး၊ ဒီလိုဖြေရှင်းစရာကိစ္စတွေလည်း ရှိလာမှာမဟုတ်ဘူး အဘွား''

''အေးပါ မုဒြာလေးရယ်၊ ဘယ်မိန်းကလေးမဆိုကိုယ့်အပေါ် ဂရုစိုက်တာ ကြင်နာတာ လိုချင်ကြတာပဲ၊ အဘွားနားလည်ပါတယ်၊ မြေးလေးကို အဘွားသေချာပြောပါမယ်၊ စိတ်တော့မပျက်လိုက်ပါနဲ့ဦးနော်၊ ဘွဲ့ယူတဲ့နေ့ကျရင်လည်း လိုက်သွားပါဦး''

''ဟုတ်ကဲ့ပါ အဘွားရဲ့ အဲဒီအတွက်မစိုးရိမ်ပါနဲ့၊ စိတ်လည်း မဆင်းရဲနေနဲ့ဦးနော်၊ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ခေါင်နဲ့ဆက်ပြီး ဆွေးနွေးသွားမှာပါ၊ ခေါင်သာ မုဒြာကိုတကယ်ချစ်ခဲ့ရင် ပြုပြင်ပြောင်းလဲလာမယ်လို့ မုဒြာ ယုံကြည်ပါတယ် အဘွား''

မုဒြာ တကယ်ယုံကြည်နေဆဲမို့ ဒီလိုပြောလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

ခေါင်နှင့်ပတ်သက်သည့် သံယောဇဉ်တွေက နည်းသည့်ထုထည်မှမဟုတ်တာ။ အနှစ်နှစ်ဆယ်ကျော် အတူကြီးပြင်းခဲ့ကြသည့် ငယ်သံယောဇဉ်တွေကြောင့် . . . ။

■ ■ ■



## အခန်း (၁၃)

"ဒေါ်ပြုံး မေမေရော ဆိုင်သွားပြီလား"

"ဩော် ဒီနေ့ဆိုင်ပိတ်လိုက်တယ်လေ၊ ဦးအောင်ဘွားရဲ့သားဘွဲ့ယူမှာဆိုလားပဲ"

"ဘာ အန်ကယ့်သားဘွဲ့ယူမှာ မေမေက ဘာလို့လိုက်သွားရတာလဲ"

"ဩော် ဦးအောင်ဘွားနဲ့ပတ်သက်နေရတာကို သားရယ်၊ ဘွဲ့ယူတဲ့အချိန်မှာမိစုံဖစုံလေးနဲ့မှ တင့်တယ်မှာပေါ့၊ တခြားကလေးတွေလည်း မိသားစုတွေ စုံညီကြမှာဆိုတော့ ဦးအောင်ဘွားက ခေါ်သွားတာပါ"

"ကျွတ် မေမေကကွာ ကိုယ့်သားလည်း မဟုတ်ဘဲနဲ့"

မင်းသဝဏ် မကျေမချမ်းဖြစ်သွားသည်။ ဦးအောင်ဘွားကို မကျေနပ်နေတာမို့ မေမေလိုက်သွားတာကို မကြိုက်တာပါ။ ဒါကြောင့်မို့လည်း သူ့ကိုမပြောခဲ့တာဖြစ်မည်။

www.burmeseclassic.com



"သဝဏ် လူလေး၊ သားအမေက သားအတွက်မနက်စာလုပ်ပေးခဲ့တယ် စားလိုက်လေ သား"

"ဟင့်အင်း မစားတော့ဘူး ကျွန်တော် အပြင်သွားလိုက်ဦးမယ်"

"ဩော် အင်း စားသွားတာမဟုတ်ဘူးကွယ် ဗိုက်ဆာနေတော့မှာပဲ"

ဒေါ်ပြုံးကို ဘာမှပြန်ပြောမနေတော့ဘဲ ကားပေါ်တက်ကာမောင်းထွက်လာခဲ့သည်။ ဦးတည်ရာက မေမေတို့သွားနေသော ဘွဲ့နှင်းသဘင်ခန်းမရှိရာကိုပါ။

မေမေ့ကို ထိုနေရာကဆွဲထုတ်ခေါ်လာဖို့ စဉ်းစားထားသည်။ ဘာကိစ္စ ဦးအောင်ဘွားသားကို ဒါမျိုးလုပ်ပေးရမှာလဲ။ သူ့သားမို့ ဦးအောင်ဘွား သွားချင်သွားပစေပေါ့။

မေမေ့ကိုစိတ်တိုကာ ကားကိုအရှိန်မြှင့်ကာ အမြန်ပင်မောင်းလာခဲ့သည်။

"ဟင် မုဒြာ"

ဘွဲ့နှင်းသဘင်ခန်းမ ကားပါကင်မှာ ကားရပ်ခဲ့ပြီး မေမေတို့ကိုလိုက်ရှာနေစဉ်မှာ မုဒြာကို ဖျတ်ခနဲ တွေ့လိုက်ရ၍ သူ အံ့သြသွားသည်။

"ဩော် ဟိုကောင်ဘွဲ့ယူလို့ လိုက်လာတာဖြစ်မယ်၊ မင်းတို့က အဲလောက်တောင် ရင်းနှီးကြတာလား မုဒြာရယ်"

ရင်ထဲမှာမကောင်းဖြစ်သွားသော်လည်း မုဒြာကို မျက်ခြေပြတ်မခံဘဲ သူလိုက်ကြည့်မိသည်။

"ဟင် မေမေ ဦးအောင်ဘွား ထွဋ်ရှ ထွဋ်ရှခေါင်နဲ့မုဒြာ"

သူ အရှမ်းကိုအံ့သြသွားခဲ့ရသည်။





ဘာ ဘာတွေလဲ။ ထွဋ်ရှခေါင်က။

သူ ဆက်မတွေးနိုင်ဘဲ ခေါင်းကိုရမ်းခါနေမိသည်။

ဒါပေမဲ့ လက်မခံလို့မဖြစ်သည့်ကိစ္စ။ လေးယောက်သား ပြုံးရွှင်စွာဓာတ်ပုံတွေတွဲရိုက်နေကြတာ။ မုဒြာရဲ့ချစ်သူ ထွဋ်ရှခေါင်ဆိုတာ သူ့ပထွေး ဦးအောင်ဘွားရဲ့သားပေါ့။

သူ အရာအားလုံး ဆုံးရှုံးလိုက်ရသည်ဟု ခံစားလိုက်ရသည်။ ဘာကြောင့် ဒီလောက်တောင် တိုက်ဆိုင်လွန်းရတာလဲ။ ဘာကြောင့် ထွဋ်ရှခေါင်က ဦးအောင်ဘွားရဲ့သားဖြစ်နေရတာလဲ။

အာ ဘာတွေလဲကွာ။ ဘာတွေလဲ။ ဘာတွေဖြစ်နေတာလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"တစ်ခုခုဖြစ်မှပဲ ငါ့ဆီရောက်လာတော့တယ်၊ ဒီကြားထဲ ဘယ်မှာလွင့်နေတာလဲ၊ မုဒြာဆိုတဲ့ကောင်မလေးအတွက်ပဲ အချိန်ကုန်နေတာမဟုတ်လား။ မျက်နှာပေါ်က ဒဏ်ရာအနာရွတ်မကျန်တော့လို့ တော်သေးတာပေါ့"

"အဲဒါတွေထားပါ ငါပြောစရာရှိလို့ မင်းကိုခေါ်လိုက်တယ်ဆိုတာ မင်းသိတယ်မဟုတ်လား။ ငါပြောတာ နားမထောင်ဘဲ မင်းပဲပြောမှာလား"

"အေးပါ မင်းပဲပြောပါ မင်းရင်ဖွင့်ချင်တာရှိလို့ဆိုတာ ငါသိပါတယ်၊ တစ်ခွက်သောက်လိုက်ဦးမယ်နော်"

အောင်စိုးတို့က အဲလိုငတ်ကြီးကျခဲ့မည်ဆို နှစ်ယောက်မရှိ။ သူလည်း တစ်ဝက်လောက်မော့သောက်ချလိုက်ပြီးမှ

"မုဒြာ ချစ်သူ ထွန်းခေါင်က ငါ့ပထွေးရဲ့သားဖြစ်နေတယ်"

"ဘာ"





အောင်စိုးလက်ထဲက ဘီယာဖန်ခွက်စားပွဲပေါ် ဆောင့်ခနဲ လွတ်ကျသွား၏။ ဒီကောင် အတော်အံ့ဩသွားပုံပင်။

"ဟုတ်တယ်ကွာ ငါ အရမ်းအံ့ဩသွားတယ်၊ သိသိချင်း ဘယ်လိုဖြစ်သွားမှန်းကို မသိဘူး၊ ငါ မုဒြာကို ဆုံးရှုံးရမှာ သေချာသွားပြီလို့ ခံစားရတယ်"

"ဩော် မင်းက ပထွေးရဲ့သားဖြစ်နေလို့ အလျှော့ပေးလိုက်တော့မယ်လို့ စဉ်းစားလိုက်လို့လား"

"ဘယ်သူပဲဖြစ်ဖြစ် ငါသိပ်ဂရုစိုက်တတ်တဲ့ကောင် မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီကိစ္စတွေနဲ့အတိုက်အခံဖြစ်ရင် မေမေ စိတ်ဆင်းရဲရလိမ့်မယ်၊ မေမေက အဲဒီကောင်ကိုလည်း သားတစ်ယောက်လို ချစ်တဲ့ပုံစံပဲ၊ ဓာတ်ပုံအရိုက်ခံနေတာ ပြုံးလို့ပျော်လို့"

"မင်းက မင်းအမေအတွက်ရော ဘယ်အချိန်တုန်းက စဉ်းစားပေးဖူးလို့လဲ"

"အဲလိုတော့မပြောပါနဲ့ကွာ၊ ပထွေးတစ်ယောက်ကို သူစိမ်းလို့မြင်ပြီး မကျေမနပ် အနေခက်လို့ ဆန့်ကျင်တိုက်ခိုက်နေတာကလွဲရင် မေမေ့ကိုစိတ်ဒုက္ခပေးလိုတဲ့စိတ် မရှိပါဘူး၊ သားဆိုးတစ်ယောက်လို ငါ ဂျိုတိုက်ရုံပဲတိုက်တာပါ"

"အင်း ကိုယ့်ကိုယ်ကိုယ်တော့ ဆိုးမှန်းသိသားပဲ"

အောင်စိုး လှောင်သလိုရယ်လိုက်တာကို သူ ခံရခက်သွားသည်။

"ငါမသိလို့ ဆိုးနေတာမဟုတ်ဘူး။ မင်းလည်း ပထွေးရတဲ့အခါ အဲလိုခံစားမှုမျိုး ဖြစ်လိမ့်မယ် စောင့်ကြည့်နေ"

"မင်းမေတဲ့မှပဲ ငါ့အဖေကသေပြီး ငါကပဲ ပထွေးရဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုတ်ကောင် ငါက မင်းကို ကိုယ်ချင်းမစာလို့ပြောနေတာမဟုတ်ဘူး။ တစ်အိမ်တည်းအတူနေပြီး တစောင်းစေးနဲ့မျက်ချေးဖြစ်နေမယ့်အစား ပြေလည်အောင်နေကြည့်စေချင်တာ၊ တစ်ယောက်နဲ့တစ်ယောက် အနေမခက်တော့ဘူးပေါ့''

''အခု အဲလိုနေလို့ရမှာမဟုတ်ဘူး၊ ပိုဆိုးသွားပြီး ဦးအောင်ဘွားကို ငါ အမုန်းတရားတွေ ပိုကြီးမားသွားပြီ အောင်စိုး''

''အာ ဘာဆိုင်လဲဟ သူ့သားရဲ့ရည်းစားကိုလည်း မင်းက ကြိုက်သေးတယ် မင်းကပဲ ပိုမုန်းစရာလား''

''ပိုပြီးမလွယ်လို့ ပိုပြီးမုန်းတယ်လို့ ပြောရတာပေါ့၊ ငါဘာလုပ်ရမှန်းမသိတော့ဘူးကွာ၊ ငါ ငါ မုဒြာကိုချစ်လို့မရတော့ဘူးလားကွာ''

ငိုသံပါနှင့်ပြောနေတော့ အောင်စိုး စိတ်မကောင်းဖြစ်လာသည်။ ဒီအချိန်မှာ မင်းသဝဏ် စိတ်တွေရှုပ်ထွေးနေမှာ အမှန်ပါပဲ။

''သဝဏ်''

''ဘာလဲ''

''မင်းစိတ်လျှော့လိုက်တာ ငါဒီတစ်ခါပဲ မြင်ဖူးတယ်''

''မုဒြာ ပျော်နေတယ်''

''အစတည်းက မချစ်သင့်ခဲ့တာ''

''ငါ့ရင်ဘတ်ကို ဘယ်လိုလုပ်ထားမှာလဲ၊ တို့နိုင်ငံက လူပေါင်းသန်းခြောက်ဆယ်ကျော်မိန်းကလေးဦးရေ ရာခိုင်နှုန်းပိုများတယ်၊ ဒါပေမဲ့ အဲဒီထဲကနေ ငါချစ်မိတဲ့တစ်ယောက်ကို ငါမရနိုင်ဘူးကွာ၊ ဘာကြောင့် ဒီလိုတွေ ရှုပ်ထွေးတာလဲ၊ တိုက်ဆိုင်ရတာလဲ''

''မင်းပထွေးကို မင်းမသိစိတ်က သံယောဇဉ်ရှိနေတာပဲ''





''ဘာ''

''မင်းရဲ့စိတ်နဲ့ဆို ပထွေးကိုတောင် မုဒြာကိုစွန့်လွှတ်နိုင်းလိုက်ပါလို့ သူ့သားကိုပြောခိုင်းလို့ ရနေတာပဲ''

''ဟင်''

ဒီတစ်ချက်ကို ကြံမတွေးမိ။ မတွေးသင့်လို့မတွေးမိတာလည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ် အောင်စိုးပြောသလို မသိစိတ်က ပထွေးကို သံယောဇဉ်ရှိနေလို့များလား။ ဒါကြောင့် သူ့သားကိုဒုက္ခမပေးချင်တော့တာလား။

ဟင့်အင်း မဟုတ်ဘူး။ သူ မနူးညံ့ပါ မသိမ်မွေ့ပါ။

ပထွေးကိုမချစ်ပါ သံယောဇဉ်မရှိပါ။

''ဒီစကား ဦးအောင်ဘွားကို ပြောသင့်တယ် အသိပေးသင့်တယ်လို့ မင်းပြောချင်တာလား အောင်စိုး''

''စွန့်စားကြည့်ပေါ့ကွာ၊ ငါတိုက်တွန်းတာတော့ မဟုတ်ဘူးနော်၊ မင်း အခုလိုဖြစ်နေတာကို မကြည့်ရက်လို့''

''အေးပါ ငါလည်း ဒီလိုဖြစ်ချင်လို့ ဖြစ်နေတာမဟုတ်ပါဘူး၊ ငါ မုဒြာကိုတကယ်ချစ်မိနေတာ၊ ငါ့တစ်သက်မှာ ဒီလိုအချစ်မျိုး တစ်ခါမှ မချစ်ဖူးပါဘူး၊ မုဒြာသာ ငါ့ပထွေးရဲ့သားနဲ့မဟုတ်ဘဲ တခြားသူနဲ့ဆိုရင် မျှော်လင့်ချက်ရှိနိုင်သေးတယ်လို့ ထင်တယ်၊ ဟိုကောင်က မုဒြာကို မကြင်နာဘူးလေ၊ ငါက အကြင်နာတွေနဲ့ ဖြားယောင်းဖို့ စဉ်းစားထားတာ၊ ဒါပေမဲ့ အလိမ်အညာတွေမဟုတ်ပါဘူး၊ ရင်ထဲက တကယ့်အစစ်အမှန်တွေပါ''

''အေး မင်း ဒီလောက်ခံစားနေလို့ ငါကတော့ ယုံသွားပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကံတရားပေါ့ကွာ၊ ချစ်တိုင်းဖူးစာကံပါတတ်တာမှ မဟုတ်တာ၊ မင်းက တစ်ဖက်သတ်အချစ်ဆိုတော့ ပိုတောင်ဆိုးသေးတယ်''

''မင်း ငါ့ကိုအားပေးနေတာလား အသေသတ်နေတာလား''

ဘီယာဝင်တာများလာတော့ အောင်စိုးကို အကောင်းမမြင်ချင်၊ သူ့စိတ်တွေလည်း ဒွိဟမကွဲတော့ပါ။

သူ ဘာလုပ်ချင်တာလဲ။ ဘာဖြစ်ချင်တာလဲ။

မုဒြာ ပုံရိပ်တွေက ဝေးသွားလိုက် နီးလာလိုက်။ ထွဋ်ခေါင်ဘွဲ့ရာတပ်ပုံရိုက်တာကို အားလုံးပြုံးပျော်နေတာက သူ့ရင်ကိုနာကျင်စေတာလား။ ဘာမှမပိုင်ဆိုင်ရဘူးဆိုရင်တောင် အဲဒီအပြုံးကိုတော့ ငါ တွန့်ကိုပါတယ် မုဒြာ။

ဒီအခွင့်အရေးလောက်ဖြစ်ဖြစ် ရချင်ပါတယ်။

အခုတော့ ဘာဆိုဘာမှ •••။

■ ■ ■



## အခန်း (၁၅)

''ဟယ် သား သားအရက်တွေမူးလာတယ်၊ ကိုအောင်ရေ သားကိုတွဲပါဦး ဒုက္ခပါပဲ''

ကားတောင်မမောင်းနိုင်တော့လို့ အောင်စိုး ကားမောင်းပြီး လိုက်ပို့ခဲ့ရသည်။ ဦးအောင်ဘွားနှင့်ဒေါ်သက်ထားက မင်းသဝဏ်ကို ညှိခန်းထဲထိ တွဲခေါ်သွား၏။

''အန်တီ ကျွန်တော့်ကိုခွင့်ပြုပါဦးခင်ဗျာ''

''အေး သားရယ် သားကိုအိမ်အထိလိုက်ပို့ပေးတာ အန်တီ ကျေးဇူးတင်ပါတယ်၊ သားတစ်ခါမှ ဒီလောက်ကြီးထိ မူးအောင်မသောက်ဖူးပါဘူး။ သားမှာ ဘာတွေစိတ်ညစ်စရာရှိတယ်လို့ ရင်ဖွင့်သေးလဲ မောင်အောင်စိုး''

''ဗျာ ဟို အဲဒါ သူ့ကိုပဲမေးကြည့်ပါ''

အောင်စိုးက ပြောစရာရှိပေမယ့် မပြောချင်သည့်ပုံစံမျိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားသည်။ ဦးအောင်ဘွားက ရေကျက်အေးနှင့်ပျားရည်ကို ဖျော်ကာ မင်းသဝဏ်ကို ဝင်အောင်တိုက်သည်။

"သား သားလေး ဘာလို့ဒီလောက်တောင် မူးအောင်သောက်လာရတာလဲ သားရယ်၊ သားလေး ဘာတွေစိတ်ညစ်စရာရှိလို့လဲ"

"မေမေ"

"ဟင် သားလေး"

"မေမေ အန်ကယ့်ကိုကွာရှင်းလိုက်ပါလား"

"သားရယ် အဲလိုဖြစ်စေချင်နေတာလား၊ သား အန်ကယ်ကို သားအဲလောက်တောင် မုန်းနေလား သား"

"အန်ကယ်ရဲ့သားက သားချစ်နေတဲ့ ကောင်မလေးရဲ့ချစ်သူ ဖြစ်နေတယ် မေမေ"

"ဟင်"

"ဘာ"

ဦးအောင်ဘွားရော ဒေါ်သက်ထားရော အံ့ဩသွားရသည်။

"မင်းပြောတာ မုဒြာလား။ မင်းချစ်နေတဲ့ကောင်မလေးက မုဒြာလား သဝဏ်"

"ဟုတ်တယ် အမှန်ပဲ ဒီနေ့မှ သိလိုက်ရတယ်၊ ဒီနေ့ အန်ကယ်ရော မေမေရော မုဒြာရော ထွဋ်ခေါင်နဲ့ခတ်ပုံတွေတွဲရိုက်နေကြတယ်လေ ဟုတ်တယ်မဟုတ်လား။ အားလုံးပြုံးပျော်နေကြတယ်"

"သား"

"ကျွန်တော်က တစ်ယောက်တည်းရယ်၊ ဘာလို့ အဲလိုဖြစ်ရတာလဲ၊ ထွဋ်ခေါင်က ဘာမို့လို့လဲ၊ ထွဋ်ခေါင်က ဆရာဝန်မို့ မုဒြာက





မက်နေတာလား၊ သားဘွဲ့ယူတုန်းက အန်ကယ်လိုက်တာမဟုတ်ဘဲနဲ့ ထွဋ်ခေါင်ဘွဲ့ယူတာကို မေမေက ဘာလို့လိုက်သွားတာလဲ"

"သားရယ် အန်ကယ့်ကို သားမခေါ်တာလေ၊ မလိုက်ရဘူးဆိုလို့ သူနေခဲ့တာပါ၊ သူလိုက်မယ်လို့ သားကိုပြောသားပဲ"

"သားအဖေမှမဟုတ်တာ၊ ဘာလို့လိုက်ရမှာလဲ၊ မေမေလည်း ထွဋ်ခေါင်အမေမဟုတ်ဘူးလေ၊ လိုက်စရာမလိုဘူး သွားစရာမလိုဘူး"

"ဩော် သားရယ်"

ဒါကိုလိုက်ကြည့်ရင်းနဲ့ ထွဋ်ခေါင်က ကိုအောင်ဘွားရဲ့သားဆိုတာ သိသွားခဲ့တာဖြစ်မည်။ အရင်တည်းက ကောင်မလေးတစ်ယောက်ကြောင့် သားနှင့်ထွဋ်ခေါင် ပတ်သက်မှုတွေရှိနေခဲ့တာကိုတော့ မိမိတို့မသိခဲ့ကြပေ။ ကိုအောင်ဘွားကို မျက်နှာမော့ကြည့်ပြီး ဒေါ်သက်ထား သက်ပြင်းတွေ လေးလေးပင်ပင် ရှိုက်ထုတ်မိသည်။

အားနာစရာတွေ တစ်ခုပြီးတစ်ခု ထပ်ဖြစ်ရတော့တာ မဟုတ်ပါလား။ ဦးအောင်ဘွားလည်း မျက်နှာမကောင်းပါ။

ဘာလုပ်ရမှန်းမသိလို့ စိတ်ပျက်လက်ပျက် ဖြစ်နေတာဖြစ်မည်။ သားကိုကြည့်တော့လည်း သားဆီမှာတစ်ခါမှ မမြင်ခဲ့ရဘူးသည့် မျက်ရည်တွေနှင့်။ မုဒြာကို တကယ်ချစ်လို့ ဝမ်းနည်းကြေကွဲ ခံစားနေရှာတာလား။

မေမေ ဘာလုပ်ပေးရမှာလဲ သားရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဘယ်လိုလုပ်ကြမလဲ ကိုအောင်၊ သားက အရမ်းကိုထိခိုက်ခံစားနေတာ၊ ထားရင်တွေ ချိတောင်မချိဘူး"

"ကိုယ်လည်း ဘာလုပ်ရမှန်းမသိတော့ဘူး ထားရယ်၊ သားနဲ့လက်ထပ်မယ့် မုဒြာသာမဟုတ်ရင် သူ့အတွက် မရရအောင် တောင်းရမ်းပေးဖို့စဉ်းစားထားတာပါ၊ ဘာလို့ အခုလို တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရတာလဲကွာ"

"သား စိတ်သက်သာအောင် ထားတို့ကွာရှင်းသင့်သလား ကိုအောင်"

"ထား"

ဒါကိုတော့ ဦးအောင်ဘွား လက်မခံနိုင်ပေ။ စည်းစိမ်ဥစ္စာအတွက်မဟုတ်ဘဲ ထားကိုချစ်မြတ်နိုးနေမိလို့ပါ။

တက္ကသိုလ်တက်ခဲ့သည့် ငယ်စဉ်ဘဝတွေက ထားကို စိတ်ဝင်





စားခဲ့ပေမယ့် ထားကတခြားတစ်ယောက်နှင့် လက်ထပ်သွားခဲ့သည်။ ကိုယ်လည်းအိမ်ထောင်ကျပြီး သားတစ်ယောက်မွေးလို့ ခြောက်နှစ်အရွယ်လောက်မှ ဇနီးသည်ဆုံးပါးသွားခဲ့တာဖြစ်သည်။

ဖူးစာကံပါလာတော့ ထားကလည်း မုဆိုးမဘဝနှင့် ပြန်ဆုံတွေ့ခဲ့ကြသည်။ ဒီလို ကံတရားတွေပါလာတာကို ဘာလို့ကွာရှင်းတာမျိုးလုပ်ရမှာလဲ။

"ထားက သားကိုချစ်လွန်းလို့ ကိုယ့်ကိုကွာရှင်းဖို့တောင် ပြောထွက်တယ်နော်၊ ကိုယ် စိတ်မကောင်းလိုက်တာ ထားရယ်"

"ထားလည်း အဲလိုမဖြစ်ချင်ပါဘူး ကိုအောင်၊ ကိုအောင်နဲ့သားကို အရမ်းကိုပြေလည်စေချင်တာပါ၊ ကိုအောင်နဲ့သား ဆက်ဆံရေးလေးတစ်ခုသာ ပြေလည်လိုက်မယ်ဆိုရင် ထားတို့မိသားစုဘဝလေးက အရမ်းကိုပြည့်စုံပြီး စိတ်ချမ်းသာစရာကောင်းမှာ၊ ထား တခြားအများကြီးမမျှော်လင့်ပါဘူး ကိုအောင်၊ အားလုံးစိတ်ချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်လေး နေချင်ပါတယ် ဒါပေမဲ့"

"ထားရယ် ကိုယ်ရော ဒီထက်ပိုပြီး ဘာတွေရင်းနှီးပေးဆပ်ရဦးမှာလဲ၊ သူနေစေချင်သလို နေခဲ့တာပါ၊ ထားနဲ့အတူမအိပ်ရလို့ ကြည်ကြည်နူးနူး မနေရလို့ ကိုယ်ဘာတွေများ ပြဿနာရှာခဲ့လဲ၊ ပေါက်ကွဲချင်တာတောင် ထားမျက်နှာနဲ့မျိုသိပ်ခဲ့တယ် သည်းခံခဲ့တယ်၊ တတ်နိုင်သလောက် အလျှော့ပေးဆက်ဆံခဲ့တယ်၊ ယောက်ျားပဲကွာ မာနတော့ရှိတာပေါ့ ဒါပေမဲ့ ထားရဲ့သားမို့"

"ထားနားလည်ပါတယ် ကိုအောင်၊ အဲဒါကြောင့် ကိုအောင့်ကိုထား ပိုပြီးလေးစားရတာပါ၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုတွေပါမလာပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ထား ဘ၀ကိုလုံခြုံမှုပေးနိုင်တယ်ဆိုပြီး အားလည်းကိုးခဲ့မိပါတယ်၊ အခု လည်း ထားဆန္ဒက ကွာရှင်းချင်တာမဟုတ်ပါဘူး၊ သားဖြစ်ချင်တာကို ထားတို့ဘာမှလုပ်မပေးနိုင်တော့ဘူးလေ၊ ကိုအောင်သားရဲ့ချစ်သူကို သား ကချစ်နေတာ၊ ထားတို့စည်းစိမ်ဥစ္စာတွေနဲ့ စည်းရုံးသိမ်းသွင်းမက်လုံး ပေးလို့ရော သင့်တော်ပါ့မလား။ ကိုအောင်လည်း ကိုအောင့်သားအပေါ် ဒီလိုမလုပ်ရက်ဘူးဆိုတာ ထားနားလည်တယ်၊ လုပ်ပေးပါလို့ ကိုအောင့် ကိုလည်း မတောင်းဆိုရက်ဘူး၊ ပြီးတော့ မုဒြာတို့က ချို့တဲ့တဲ့သူတွေ မဟုတ်ဘူး၊ ဘယ်ဘက်ကတွေးတွေး မလွယ်ဘူးလေ ကိုအောင်''

ဦးအောင်ဘွား လက်မှိုင်ချကာ စိတ်ဓာတ်ကျသွားသည်။ သား ထွဋ်ခေါင်နှင့်မုဒြာကို အမေသဘောတူသည်ဆိုတုန်းက ကိုယ်တိုင်လည်း သဘောတူကျေနပ်ခဲ့သည်။

မုဒြာနဲ့ဆိုတာ ငယ်သူငယ်ချင်းသံယောဇဉ်တွေရှိကြသလို မုဒြာ တို့ဘက်က မျိုးရိုးလည်းသန့်သည်။ အဆင့်အတန်းလည်းရှိကြသည်။ မုဒြာလေးက သားအပေါ် သံယောဇဉ်ကြီးပြီး ရိုးသားဖြူစင်သူလေးလည်း ဖြစ်၏။

သားဘ၀နောင်ရေးအတွက်ပါ စိတ်အေးရပြီဆိုပြီး စိတ်ချလက် ချ စိတ်ချမ်းသာပျော်ရွှင်နေခဲ့တာပါ။ အခုတော့ ဘယ်လိုလုပ်ရမလဲ။

ထားကိုကွာရှင်းရမှာလား။ သားကိုပဲမုဒြာနဲ့ ဖြတ်တောက်ခိုင်း ပြီး မင်းသ၀ဏ်နှင့် အဆင်ပြေအောင်လုပ်ပေးရမှာလား။

''ကိုအောင်''

''ဟင် ထား''

''ကိုအောင်လည်း မတွေးတတ်တော့ဘူးမဟုတ်လား၊ သား





တစ်ယောက်အပေါ် တာဝန်မကျေတောင် သားတစ်ယောက်အပေါ် ဝတ္တရားကျေအောင် ကိုအောင့်သားကို သွားတွေ့လိုက်ပါဦး၊ ဘွဲ့ရပြီဆိုတော့ သူတို့လက်ထပ်ကြမှာလား၊ ဒါမှမဟုတ် ဘွဲ့လွန်တက်ပြီးမှ လက်ထပ်ဖြစ် ကြမှာလားဆိုတာ သေချာသွားမေးပါ၊ ဘာပဲဖြစ်ဖြစ် ထားမှာလည်း တာဝန်ရှိပါတယ် ကိုအောင့်သားပဲလေ''

''ထားရယ် ဒီလိုသိတတ်တဲ့ထားကို ကိုယ်ဘယ်လို ကွာရှင်းရ မှာလဲထားရယ်၊ ကိုယ်တို့ချင်း မုန်းကြလို့လည်းမဟုတ်၊ သဘောထား ခြင်း မတိုက်ဆိုင်လို့လည်းမဟုတ်ဘဲနဲ့ ထားဆုံးဖြတ်တာတော့ မစောပါနဲ့၊ ထားသားကိုချစ်တာ နားမလည်လို့တော့ မဟုတ်ပါဘူး။ ကိုယ့်ကိုလည်း စဉ်းစားခွင့်ပေးပါဦး ထား၊ ထားကိုရော သ၀ဏ်ကိုရော ကိုယ်မခွဲချင်ပါ ဘူး''

ဒေါ်သက်ထား ဘာပြောရမှန်းမသိတော့ပေ။ မိမိလည်းဖြစ်ပြီး သားအိမ်ထောင်တစ်ခု ပျက်ချင်လို့မှမဟုတ်တာ။ သားရဲ့ဆန္ဒကြောင့်ပါ။

မိမိရဲ့အိမ်ထောင်ရေးကြောင့် သားလူဆိုးလူမိုက်ဖြစ်ပြီး ပျက်စီး သွားမှာကိုတော့ မလိုလားပေ။ တကယ်ဆို တခြားပြဿနာကြီးကြီးမားမား ရှိမနေဘဲ ဒီလိုတွေမဖြစ်သင့်။

ချစ်ရသူကောင်မလေးကြောင့် သား ပြောင်းလဲလာလောက် ညီဟု ထင်ထားတာ။ အခုတော့ ပိုတောင်ဆိုးတော့မည့်အခြေအနေ ဖြစ်နေပါရောလား။

ဘယ်လိုအတိတ်ကံအကြောင်းတရားတွေများလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"အမေ့အတွက်ငွေနဲ့ အဝတ်အစားတွေပါ၊ ထားဝယ်ပေးလိုက်တာ အမေ၊ သားအတွက် အဝတ်အစားလည်းပါတယ်"

ဦးအောင်ဘွားက ငွေနှင့်အဝတ်အစားအိတ်တွေချပြီး အမေဖြစ်သူကို ကန်တော့လိုက်သည်။ ဒေါ်ကြီးငွေမှာ ပြုံးပြုံးကြီးနှင့်

"အေး အေး သာဓုပါသားရယ်၊ ထားကိုလည်းပြောလိုက်ပါ အမေက သာဓုခေါ်ပြီး ဆုတောင်းပေးလိုက်ပါတယ်လို့"

"ဟုတ်ကဲ့ပါ အမေ၊ ဒါနဲ့ သားကိုရော မတွေ့ပါလားအမေ"

"မနက်တည်းက သူ့ဆရာတွေဆီသွားတယ် သားရဲ့၊ ပြန်တော့ လာခါနီးပါပြီ၊ သား မပြန်ခင် တွေ့ချင်ရင် အမြန်ပြန်လာခဲ့ဖို့ ဖုန်းဆက်လိုက်ပါလား သား"

"ရပါတယ် အမေ၊ သားပြန်တဲ့အထိပဲ စောင့်လိုက်ပါမယ်၊ အခုတော့ အမေနဲ့စကားပြောချင်လို့ပါ"





"ဒါဆိုလည်း ထမင်းစားရင်းပြောပါလား သား၊ အမေ ထမင်းပွဲပြင်လိုက်မယ်"

"မစားတော့ဘူး အမေ၊ ထားနဲ့ဆိုင်က အပြန် အပြင်မှာစားလာလို့ပါ၊ အမေက အခုထိ အမေကိုယ်တိုင်ချက်နေတုန်းလား၊ အိမ်ဖော်လေးခေါ်ပါဆိုအမေရယ် ပင်ပန်းအောင်လို့"

"အမေက ကိုယ်တိုင်ချက်တာပဲ စားတတ်လို့ပါ သားရဲ့၊ အခုလည်း တစ်ပတ်တစ်ခါ အဝတ်လျှော် မီးပူတိုက် အိမ်သန့်ရှင်းရေးလုပ်တဲ့သူ ရှိနေတာပဲ"

"သား ဘွဲ့လွန်သွားတက်ရင်တော့ အမေအိမ်အကူတစ်ယောက်အမြဲခေါ်ထားမှ ဖြစ်မှာနော် အမေ၊ ထားက ငွေလည်းလုံလောက်အောင်ပေးထားရဲ့သားနဲ့ တခြားလိုအပ်တာရှိလည်း သားကိုပြောပါ"

"မရှိပါဘူး သားရယ်၊ ပိုတောင်ပိုနေပါသေးတယ်၊ အရင်ဘဝနဲ့တခြားစီပဲမဟုတ်လား၊ အဲဒါကြောင့် ထားကိုကျေးဇူးတင်နေတာပါ၊ သူတို့စီးပွားကို သားဘယ်လောက်ကြိုးစားပေးထားတယ်ပြောပြော ထားကြည်ဖြူရင် ထောက်ပံ့ပေးလို့ရမှာမဟုတ်ဘူးလေ၊ မြေးလေး ဆေးကျောင်းတက်နိုင်တာလည်း ထားကျေးဇူးကြောင့်ပါ၊ မြေးလေးကိုလည်း သားရဲ့ကျေးဇူးကိုသိတတ်ဖို့ အမြဲပြောဆိုဆုံးမထားပါတယ်"

"ထားကတော့ ကျေးဇူးတင်ခံချင်လို့ မဟုတ်ပါဘူး အမေ၊ သူတို့ကို သားက အကျိုးပြုနေလို့ ပြန်သိတတ်တဲ့သဘောပါ၊ နားလည်မှုရှိတဲ့ဇနီးကောင်းပါ"

ဒါကြောင့် ကွာရှင်းရမှာ စွန့်လွှတ်ရမှာကြောက်နေတာပါလို့ အမေကို စိတ်ဆင်းရဲအောင် မပြောရက်ပေ။ ဒီလို ပဋိပက္ခတွေကိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



အမေ စိတ်ထိခိုက်ရောဂါရသွားနိုင်သည်။

အမေက သားရဲ့အမေထက်ကို နောက်အိမ်ထောင်ဘက်ဖြစ်သည့် ထားအပေါ် သမီးချွေးမအဖြစ်ပိုပြီး ချစ်မြတ်နိုးရှာသည့်သူပါ။

"ခုနက သားပြောစရာရှိတယ်ဆိုတာ ဘာလဲ ပြောပါဦး သား"

"ဟို ဒီလိုပါ အမေ၊ သားရဲ့အိမ်ထောင်ရေးကိစ္စပါ၊ မုဒြာလေးနဲ့ ဘယ်အချိန်လက်ထပ်ဖြစ်မှာတဲ့လဲ၊ အခုဘွဲ့ရပြီဆိုတော့ ဘယ်အချိန် စီစဉ် ပေးရမှာလဲ၊ ထားကလည်း မေးနိုင်းလို့ပါ၊ သားကိုအကောင်းဆုံးတင့် တောင့်တင့်တယ် လုပ်ပေးချင်လို့တဲ့"

"အင်း အမေ ဘယ်လိုပြောရမှန်းတောင်မသိပါဘူးကွယ်"

"ဗျာ ဘာဖြစ်လို့လဲ အမေ"

"မြေးလေးပေါ့ကွယ်၊ မုဒြာအပေါ်မှာ ကြင်ကြင်နာနာ မရှိဘူး၊ တန်ဖိုးထားပြီး မဆက်ဆံဘူးနဲ့တူပါတယ်၊ မုဒြာက လက်ထပ်ဖို့ကိစ္စလည်း စဉ်းစားချင်တယ်၊ မြေးကိုချစ်တယ်ဆိုတဲ့အဖြေလည်း မပေးသေးဘူး ထင်တယ်"

"ဟင် ဒါက ဘယ်လိုဖြစ်တာလဲ အမေ၊ မုဒြာက လက်ထပ်ဖို့ပြောတုန်းက မငြင်းဘဲနဲ့ သားကိုတော့ အဖြေမပေးရသေးဘူးတဲ့လား"

ဦးအောင်ဘွား တအံ့တသြမေးတော့ ဒေါ်ကြီးငွေ လေးလံသော သက်ပြင်းတွေနှင့်ခေါင်းညိတ်ကာသည်။

"မုဒြာက သံယောဇဉ်တစ်ခုတည်းနဲ့လက်ခံလိုက်တာထင်တယ် မြေးဘက်က သူ့ကိုတန်ဖိုးမထားတာ၊ နူးညံ့ကြင်နာမှုမရှိတာတွေအတွက် ပုံအပ်ယုံကြည်ဖို့ တွေဝေနေတယ်ထင်ပါတယ် သားရယ်၊ ဒါလည်း မိန်း ကလေးဘက်က စဉ်းစားမှာပဲလေ၊ ဘယ်မိန်းကလေးမဆို ကိုယ့်ကိုချစ်





တယ်လို့ပြောတဲ့သူဆီက ကြင်နာတာ ဂရုစိုက်တာကို မျှော်လင့်ကြမှာပဲ၊ လက်ထပ်ရမယ့်သူဆိုတော့ ပိုပြီးတော့တောင် လေးလေးနက်နက် တွေး ပြီပေါ့"

"သားက ဘာလို့ အဲလိုဖြစ်နေတာလဲ အမေ"

"ငယ်ကတည်းက ဒီကလေးမလေးအပေါ် အနိုင်ကျင့်တတ်တာ သားလည်းသိသားနဲ့ အကျင့်ပါလာလို့ဖြစ်မှာပေါ့ သားရယ်၊ ဟိုရက်တွေ ကတော့ မုဒြာလေး ရင်ဖွင့်သွားရှာတယ်၊ ခေါင် ပြောင်းလဲပါစေလို့ မျှော်လင့်တယ်တဲ့၊ မဟုတ်ရင်တော့ လက်ထပ်ဖို့ကိစ္စကို စဉ်းစားဦးမယ် ထင်တယ်၊ ဘွဲ့ယူတဲ့နေ့ကလည်း အမေတောင်းတောင်းပန်ပန်ပြောလို့ မုဒြာ လိုက်သွားတာ၊ မြေးကိုစိတ်ကုန်နေပြီထင်ပါတယ်၊ မြေးက မာနနဲ့ တင်းခံနေသလို ဖြစ်နေတာကိုး"

ဦးအောင်ဘွား ဘယ်လိုစဉ်းစားရမှန်းပင် မသိတော့။ သားနှင့် မုဒြာ အဆင်ပြေနေကြတယ်ပဲထင်တာ။

"သားက မချစ်လို့များ အဲဒီလိုလုပ်နေတာလား အမေ"

"အဲဒါတော့ သားကိုယ်တိုင်ပဲ ပွင့်ပွင့်လင်းလင်း မေးကြည့် တော့ သားရယ်၊ အမေကတော့ မြေးလေးက ပညာရေးဘက်ဦးစားပေး ပြီး ပတ်ဝန်းကျင်ကို အဆင်ပြေပြေ မဆက်ဆံတတ်တော့တာလား၊ မုဒြာက အလျှော့ပေးလွန်းလို့ အပိုင်ပဲတွက်ထားတာလား မပြောတတ် တော့ပါဘူး၊ မုဒြာလိုအသိက်အဝန်းကောင်း၊ အကျင့်စာရိတ္တကောင်းတဲ့ မိန်းကလေးမျိုးရဖို့က လွယ်တာမဟုတ်ဘူး၊ ဆရာဝန်ဆိုပြီး တွယ်ချင်ကပ် ချင်တဲ့မိန်းကလေးက ခပ်များများရယ်၊ အမေ့ဆန္ဒကတော့ မြေးလေး အတွက် စိတ်ချအောင် မြန်မြန်ပဲမင်္ဂလာဆောင်ဖြစ်စေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မုဒြာ ဆန္ဒမပါရင်တော့ ဖြစ်မှာမဟုတ်ဘူး အမေ"

"မုဒြာလေးက ပြောရှာပါတယ်၊ သူ သစ္စာမဲ့ချင်လို့ ဖောက်လွဲဖောက်ပြန်လုပ်ချင်လို့ မဟုတ်ဘူးတဲ့၊ လက်ထပ်ဖို့အတွက် စဉ်းစားချင်သေးတယ်၊ ခေါင်း ပြောင်းလဲလာမလား စောင့်ချင်သေးတယ်တဲ့၊ အရမ်းသံယောဇဉ်ကြီးတဲ့ မုဒြာက ခုလိုပြောတာ ဘယ်လိုခံစားချက်ရှိနေလို့ဆိုတာ စဉ်းစားသာကြည့်တော့"

အမေ အတော်လေး စိတ်ကသိကအောက်ဖြစ်နေဟန်တူသည်။ မုဒြာကို ချွေးမအဖြစ်က ဆုံးရှုံးရမှာစိုးရိမ်လို့နေမှာပါ။

"ဟာ ဖေဖေ ရောက်နေတာလား"

"ဪ သား"

စကားကောင်းနေဆဲမှာ ထွန်းခေါင် ပြန်ရောက်လာပြီး ဦးအောင်ဘွားအနားမှာ ဝင်ထိုင်သည်။ ဒေါ်ကြီးငွေက မတ်တပ်ရပ်ကာ

"သားအဖနှစ်ယောက် ဆုံတုန်းလေး စကားပြောကြဦး၊ အမေ နောက်ဖေးမှာလုပ်စရာရှိတာလေး လုပ်လိုက်ဦးမယ်၊ မြေးက ထမင်းပူပူ ဟင်းပူပူစားတတ်တော့ နွှေးရဦးမှာ"

"ဟုတ်ကဲ့ အမေ"

ဒေါ်ကြီးငွေ နောက်ဘက်ဝင်သွားချိန်မှာ ထွန်းခေါင်က ပါလာသောအိတ်တွေကို ကိုင်ကြည့်ပြီး

"အဝတ်အစားတွေ ဝယ်လာတာလား ဖေဖေ"

"အင်း အဘွားအတွက်ရော သားအတွက်ရော ထားဝယ်ပေးလိုက်တာ၊ ငွေလည်းပေးလိုက်တယ်၊ သားလိုသလောက် အဘွားဆီက တောင်းသုံးနော် သား"





"ဟုတ်ကဲ့ အဘွားက ပေးပါတယ်"

"ဘွဲ့လွန်တက်ဖို့ရော ဘယ်လိုစဉ်းစားထားလဲ"

"တန်းစနဲ့တက်လို့မရသေးဘူးလေ၊ စောင့်ရဦးမှာဆိုတော့ ဒီကြားထဲ ဆရာတွေနဲ့တွေ့၊ လိုအပ်တာတွေစုဆောင်းရင်း စာကျက်ရုံပါပဲ"

"နိုင်ငံခြားသွားတက်မှာလား၊ ဒီမှာပဲ တက်ချင်တာလား သား"

"နိုင်ငံခြားပြန်အထူးကုဆရာဝန်ဆိုရင်တော့ ပိုပြီးဂုဏ်ရှိတာပေါ့ ဖေဖေ၊ အကုန်အကျလည်း ပိုများမှာပဲ၊ ဒေါ်သက်ထားမကြည်ဖြူရင်တော့"

"အဲဒီအတွက်တော့ မပူပါနဲ့ သား၊ ထားက သားဖြစ်ချင်တာတွေအကုန်လုပ်ပေးမှာပါ၊ သားအိမ်ထောင်ရေးကိစ္စတောင် တာဝန်ယူဖို့အတွက် အခုမေးခိုင်းလိုက်တာ၊ သားနဲ့မုဒြာက ဘယ်အချိန် လက်ထပ်ကြမှာလဲ"

အမေ့ဆီက ဘာမှမသိရသေးသည့်ပုံစံနှင့် သားအခြေအနေမှန်သိရအောင် သွေးတိုးစမ်းကာ မေးလိုက်သည်။ သားမျက်နှာ ရဲခနဲ ဒေါသဖြစ်သွားသည့်ဟန်ဖြင့်

"သားက အခုကို လက်ထပ်ချင်တာ ဖေဖေ၊ မုဒြာကိုလည်း ပြောတယ်၊ အဲဒါကို မုဒြာက စဉ်းစားဦးမယ်တွေ ဘာတွေလာလုပ်နေတယ်"

"ဘာပြဿနာရှိနေလို့လဲ သား"

"သဝဏ်ဆိုတဲ့ကောင်ကြောင့်ပဲ ဖြစ်မယ်"

"သဝဏ် သဝဏ်က ဘယ်သူလဲ သား"

"မုဒြာကိုကြိုက်နေတဲ့ ကြောင်ကောင်၊ သူက မုဒြာကိုတွယ်



www.burmeseclassic.com

www.burmeseclassic.com



ကပ်နေတာ၊ အဲဒါကို စိတ်ပါသွားလို့ သားကိုအပြစ်တွေမြင်လာတာဖြစ်လိမ့်မယ်''

''သဝဏ်ကိုစိတ်ပါတယ် ဖြစ်နိုင်ပါ့မလား သား''

''မဖြစ်နိုင်ရင် သားလက်ထပ်ဖို့ပြောတာ သူငြင်းပါ့မလား ဖေဖေ၊ ဘယ်ချိန်တုန်းက သားကိုမုဒြာ လွန်ဆန်ဖူးလို့လဲ၊ သားထားသလိုနေ ပြောသလိုရနေတာ စိတ်ဆိုးရင်တောင် သားက အရင်စချော့တယ်ဆိုတာ မရှိဘူး၊ သူပဲ ဟိုဟာဝယ်ပေး ဒီဟာဝယ်ပေးနဲ့ချော့ရတာ''

''အဲဒါတွေကို စိတ်ကုန်သွားတာရော မဖြစ်နိုင်ဘူးလား သား၊ မိန်းကလေးဆိုတာ သူတို့ကို ဦးစားပေးတာ ဂရုစိုက်တာကိုပဲ ကြိုက်တာ၊ သားက မုဒြာကို အဲလိုတွေတန်ဖိုးမထားခဲ့လို့များ''

ဦးအောင်ဘွား ပြောတာကို ထွဋ်ခေါင်လက်မခံ။ ခေါင်းကိုဆတ်ခနဲခါရမ်းလျက် နှုတ်ခမ်းဖျားကိုပင် တွန့်မဲ့လိုက်သေးကာ

''ငယ်ကတည်းက သံယောဇဉ်တွေနဲ့ပေါင်းသင်းကြီးပြင်းလာခဲ့ကြတာ၊ ဒါတွေက အရေးတယူလုပ်နေစရာမလိုဘူး ဖေဖေ၊ သားအားလပ်တဲ့အချိန်တွေမှာ သူ့ကိုအချိန်တွေပေးနေခဲ့တာပဲ၊ သူ့အပေါ်လုပ်နိုင့်အချိန်ပြည့်အချိန်မပေးနိုင်ပေမယ့် လိုအပ်သလောက်ဖြည့်ဆည်းနေတာသူကျေနပ်ရမှာပေါ့ ဖေဖေ၊ နှိုင်းယှဉ်စရာရှိမှ ဒီလိုပြဿနာဖြစ်ရတာ သားပိုပြီးမကျေနပ်ဘူး''

''ဩော် သားရယ် မုဒြာလေးက သားအပေါ် အရမ်းကို သံယောဇဉ်ကြီးပြီး သည်းခံရှာပါတယ်၊ ယှဉ်စရာရှိလို့ အယှဉ်ခံရပြီဆိုရင်တောင် အဲဒါ သားဘက်က လိုအပ်တာရှိလို့ဖြစ်မှာပေါ့ သား၊ အခု သားက ဘာဆက်လုပ်မှာလဲ''





ထွဋ်ခေါင် မဖြေ။ အဝေးငေးသလိုဖြင့် တွေးနေပြီးမှ

''မုဒြာက စဉ်းစားဦးမယ်ပြောတာကို ကျွန်တော် ရင်ခံမိတယ် ဖေဖေ၊ သားအနားမှာ ဆရာဝန်မလေးတွေဝိုင်းဝိုင်းလည်နေတာပါ၊ ရှင်းရှင်းပြောရရင် ချစ်သူရည်းစားလိုနေနေတဲ့သူတွေလည်းရှိတယ်၊ သူတို့ဆိုရင် ပျာပျာသလဲပဲ၊ သားလိုချင်တာလုပ်ချင်တာ အားလုံးအဆင်သင့်၊ သမီးရှင်မိဘတွေကလည်း သားကိုလိုလိုလားလား ရှိတယ်''

''ဆရာဝန်ဆိုတော့ စန်းပွင့်တာပေါ့၊ ဖေဖေ နားလည်ပါတယ်''

''အဲဒါကို မုဒြာကိုပြောပြတယ်၊ ဒါလည်း သူ သဝန်တိုတာတွေ မနာလိုဖြစ်တာတွေ မရှိဘူး။ သံယောဇဉ်နဲ့တော့ အိမ်ထောင်ဘက်အဖြစ်ရွေးချယ်ချင်တယ်၊ သင့်တော်မယ်ထင်လို့လည်း လက်ခံထားတာတဲ့၊ လက်ထပ်ရမှာတောင် ကသိကအောက်နဲ့ ဖေဖေ၊ အချစ်မပါဘဲနဲ့တယ်လိုလုပ်မလဲ''

''သားတွေးတာလည်း မမှားဘူး။ သူစဉ်းစားတာလည်း မမှားဘူး။ သားတို့ရှေ့ဆက်ဖို့ခက်လိမ့်မယ်၊ ဒါနဲ့ မုဒြာမိဘတွေရဲ့သဘောကရော''

''မသိဘူး အခုနောက်ပိုင်း မုဒြာတို့အိမ် သိပ်မရောက်ဖြစ်ဘူး။ သူ့မိဘတွေနဲ့ဆို သိပ်ကိုမတွေ့ဖြစ်သလောက်ပဲ''

''အဲဒါ သားဘက်က အလေးအနက်မရှိတာပဲ၊ မုဒြာကို တန်ဖိုးထားရင် မုဒြာမိဘတွေကိုလည်း လေးလေးစားစားရှိသင့်တယ်၊ မုဒြာကို ငယ်နိုင်လိုသဘောထားတာက မုဒြာဘက်က အိမ်ထောင်ဘက်အဖြစ်ရွေးချယ်ရမှာကို တွေဝေသွားတာ သား။ သားကရော ဆရာဝန်မလေးရွေးဘက်ကို သာယာနေတာလား''



www.burmeseclassic.com

www.burmeseclassic.com



ထွန်ရှုံခေါင် ဘာမှမပြောဘဲ တုံးတိုတာဝေလုပ်နေသည်။ အမေပြောသလို သားမာနကြီးသွားတာလား။ ပညာရေးကို အာရုံစိုက်လို့ ပတ်ဝန်းကျင်နဲ့ သဟဇာတမဖြစ်တော့တာလား။

ဒါတွေက မင်းသဝဏ်ကို အခွင့်အရေးပေးသလို ဖြစ်ခဲ့တာဖြစ်မည်။ သားရဲ့သဘောထားအမှန်နှင့် မုဒြာရဲ့သဘောထားအမှန်ကို သေချာသိသင့်ပြီထင်၏။

"သား"

"ဗျာ"

"မုဒြာနဲ့လက်ထပ်ဖို့ သားဆန္ဒအမှန်ကို ဖေဖေ သိချင်တယ်၊ အခု မုဒြာနဲ့သူ့မိဘတွေကို ဖေဖေ တစ်ခါတည်းဝင်တွေ့သွားမှာသား။ ဖေဖေလည်း သူတို့နဲ့မတွေ့ရတာ ကြာပြီ"

"သားက မုဒြာကိုလက်ထပ်မှာပါ ဖေဖေ"

"ဟင်"

"အပြိုင်ရှိလာလို့ သားကိုမလိုလားသလို လုပ်တာ သားမကျေနပ်ဘူး။ လက်ထပ်ပြီးမှ အရင်ကထက် နှိပ်စက်ပြမယ်၊ သားအခု စိတ်ကသိကအောက်ဖြစ်သလိုမျိုး သူ့ကိုအဲဒီထက်ပိုဖြစ်အောင် လုပ်မယ်"

"သား"

သားစိတ်တွေ ရိုင်းနေပါလားလို့ ပြောမထွက်။ ငယ်ငယ်တည်းက သားစိတ်ဆတ်တာ လိုချင်တာကို ရအောင်ယူပြီး ကျေနပ်မထားတတ်တာကို ကိုယ်သိနေသည်။

ဒါပေမဲ့ အိမ်ထောင်ရေးကို ဒါမျိုးသွားလုပ်လို့ ဘယ်ဖြစ်မှာလဲ။ အမေလည်း ဒါကြောင့် စိတ်ညစ်နေတာဖြစ်မှာ။ ကိုယ်က ရင်အုပ်မကွာ





မစောင့်ရှောက်နိုင်လို့ သား ဒီလိုတွေဖြစ်နေလေသလား။

"သားရယ် အဲလို စိတ်ကြီးနဲ့ လက်ထပ်မှာတော့ မကောင်းပါဘူးကွာ၊ မုဒြာ မိဘတွေက မိတ်ဆွေရင်းတွေ မုဒြာလေးကိုလည်း ဖေဖေ သမီးလေးလို ချစ်ခဲ့တာ၊ သားက အဲလိုစိတ်ကြီးနဲ့လက်ထပ်မှာတော့ ဖေဖေ ခွင့်မပြုနိုင်ဘူး သား"

"ဖေဖေလည်း သားဘက်က ခံစားကြည့်လေ၊ အပြိုင်ရှိလာမှ"

"အဲဒီအပြိုင်ဆိုတာကို ဘေးဖယ်ထားလိုက်ဦး၊ မုဒြာအပေါ်ဆက်ဆံနေတဲ့ သားရဲ့ဆက်ဆံရေးကိုက မိန်းကလေးတစ်ယောက် စဉ်းစားစရာ တွေဝေစရာဖြစ်နေယ် သား၊ သံယောဇဉ်နဲ့လက်ထပ်မှာကို သားသက်မခံနိုင်ဘူး။ သူ ချစ်လာအောင်ရော သားဘက်က ဘာတွေကြိုးစားအားထုတ်မှုရှိသလဲ၊ သူများကို အပြစ်တင်တော့မယ်ဆိုရင် ကိုယ့်အပြစ်ကိုအရင်ဆုံးမြင်အောင်ကြည့်တတ်ရတယ် သား၊ ကိုယ့်ဘက်က အပြစ်အနာအဆာမရှိဘဲ သူ့ဘက်ကပြောင်းလဲမှာမဟုတ်ဘူးလို့ သားတွေးကြည့်ပါ၊ တကယ်လို့ အပြိုင်ရှိခဲ့တယ်ဆိုရင် အဲဒီပြိုင်ဘက်ကို ဘယ်လိုအနိုင်ယူရမလဲဆိုတာ ဗျူဟာတစ်ခုတော့ သားမှာရှိရမှာပေါ့"

"နှိုင်းယှဉ်ခံရတာကို ခံရခက်တာ ဖေဖေ"

"နှိုင်းယှဉ်ခံရပြီဆိုတည်းက သားမှာလိုအပ်ချက်တွေရှိနေလို့ပေါ့၊ ဖေဖေ ပြောချင်တာကတော့ အတွေးမှားနဲ့ဆုံးဖြတ်ချက်အမှားနဲ့ မုဒြာကို လက်မထပ်ပါနဲ့၊ သဘောထားချင်း မတိုက်ဆိုင်ရင် အိမ်ထောင်ရေးမခိုင်မြဲနိုင်ဘူး၊ ဖေဖေ အားမပေးဘူး သား"

သားက အပြတ်ပြောတော့လည်း မတုန်မလှုပ်ပင်။ သားကို ဘယ်လိုနားလည်ပေးရမှန်းမသိ။ ဂုဏ်တစ်ခုကြောင့် အတွေးတွေ လွဲ



www.burmeseclassic.com

www.burmeseclassic.com



ချော်သွားခြင်းလား။ ဒါဟာ မင်းသဝဏ်အတွက် အခွင့်အရေးတွေဖြစ်သွားနိုင်သည်ဆိုတာ သား ဘာကြောင့်အတွေးမပေါက်တာလဲ။

တကယ်သာ မုဒြာလေးကို တန်ဖိုးထားခဲ့မည်ဆိုလျှင် မြတ်မြတ်နိုးနိုး သိမ်းပိုက်သင့်တာမဟုတ်ဘူးလား။

အခုတော့ လက်ထပ်ပြီးမှ စိတ်ကသိကအောက်ဖြစ်အောင်နှိပ်စက်မည်ဆိုသော သားရဲ့စိတ်ကို အံ့ဩထိတ်လန့်သွားခဲ့ရသည်။

ဖေဖေ ဆုံးမသွန်သင်မှုနည်းခဲ့တာကြောင့်ဆိုလည်း ခွင့်လွှတ်ပါတော့ သားရယ်။

■ ■ ■



BURMESE CLASSIC

## အခန်း (၁၈)

"ဩော် ကိုအောင်ဘွား မတွေ့တာကြာပြီ၊ လာထိုင်ပါ ကိုအောင်ဘွား"

"ဟုတ်ကဲ့ သမီးလေး မုဒြာရော"

"သမီးလေးအပေါ်ထပ်မှာ ရေချိုးနေတယ်၊ ခဏနေဆင်းလာမှာပါ ထိုင်ပါဦး၊ မြမြရေ ဧည့်သည်အတွက် ကော်ဖီလုပ်ပါကွယ်"

ဒေါ်ဝတ်ရည်က ပျာပျာသလဲ ဧည့်ခံတာကြောင့် အခြေအနေမဆိုးသေးဘူးထင်မိသည်။ အရင်တည်းက တစ်ရပ်ကွက်တည်းနေခဲ့ကြသည့်မိတ်ဆွေရင်းတွေ မဟုတ်လား။

"ကိုကျော်စွာရော မဝတ်ရည်"

"သူကတော့ သူ့ကျောင်းသားတွေနဲ့ ဘော်ဒါမှာပဲလေ၊ စာမေးပွဲနားနီးတော့ အချိန်ပြည့်ဂရုစိုက်နေတယ်၊ ကျွန်မကတော့ အိမ်ကိုပစ်ထားလို့မရတော့ စာသင်ချိန်ခဏပဲ သွားနိုင်တယ်"

"ကောင်းပါတယ် မဝတ်ရည်တို့ကိုယ်ပိုင်ကျောင်းက တော်တော်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်တာပဲ”

“အင်း အဲလိုဖြစ်ဖို့လည်း အပြိုင်အဆိုင်တွေများတော့ တော်တော်ကြိုးစားရတာ ကိုအောင်ဘွားရဲ့၊ ဒါနဲ့ ကိုအောင်ဘွားတို့အိမ်ထောင်ရေးရော စီးပွားရေးရော အဆင်ပြေကြတယ်မဟုတ်လား”

“ဟုတ်ကဲ့ ပြေပါတယ် မဝတ်ရည်၊ ဟို ကျွန်တော်တစ်ခုလောက် မေးချင်လို့ပါ”

“ဟုတ်ကဲ့ မေးပါ ကိုအောင်ဘွား၊ ကော်ဖီလည်းသောက်ပါဦး”

အိမ်အကူကောင်မလေး လာပေးသော ကော်ဖီခွက်ကို ဒေါ်ဝတ်ရည်က ဦးအောင်ဘွားရှေ့ တိုးပေးသည်။ ဦးအောင်ဘွားမှာ သားစကားတွေကြောင့် အားနာပြီး မမေးသင့် မေးသင့်ချင့်ချိန်နေမိသည်။ ဒါပေမဲ့ သိထားမှလည်း ဖြစ်မည့်ကိစ္စပါ။

“မုဒြာလေးနဲ့သားရဲ့မင်္ဂလာကိစ္စပါ၊ သားလည်းဘွဲ့တစ်ခုရပြီဆိုတော့ ဘယ်လိုစီစဉ်ချင်သလဲလို့ပါ မဝတ်ရည်”

“အဲဒီကိစ္စက ကျွန်မတို့လူကြီးတွေ စီစဉ်ပေးတာထက် သူတို့လူငယ်ချင်းညှိနှိုင်းတိုင်ပင်ပြီး အဆင်ပြေတာက ပိုကောင်းလိမ့်မယ် ကိုအောင်ဘွား”

“ဟို သားကိုစိတ်မကျေစရာများရှိနေလား မဝတ်ရည်”

“အဲဒါကတော့ ကျွန်မတို့အများကြီးမျှော်လင့်ထားတာ မရှိပါဘူး၊ အစတည်းက ခေါင်ကို ဘာဖြစ်ရမယ် ညာဖြစ်ရမယ် ဘာဖြစ်မှ ညာဖြစ်မှလို့ ကန့်သတ်တောင်းဆိုထားတာမှ မဟုတ်တာ၊ သူတို့လူငယ်ချင်း သံယောဇဉ်နဲ့ တစ်ယောက်အကြောင်းတစ်ယောက်သိနေတဲ့ ဆက်ဆံရေးတွေကြောင့် ကောင်းမယ်ထင်ပြီး သဘောတူထားတာပါ၊ ဒါပေမဲ့





အခုတလော ဘာဖြစ်ကြတယ်တော့မသိပါဘူး သမီးက ခေါင်ကိုလက်ထပ်ဖို့ စောင့်ကြည့်ချင်တယ် စဉ်းစားချင်သေးတယ် ဖြစ်လာတယ်”

“ဟုတ်ကဲ့”

“အဟင်း ခေါင်က ကလေးဆန်တယ် မေမေတဲ့၊ ဒါ သမီးရဲ့ခံစားချက်ပေါ့၊ တွေးကြည့်ရင် သမီးဘက်က လိုက်လျောရတာတွေများမယ်ထင်တယ်”

“ဟုတ်မှာပါ ဟုတ်ပါတယ်”

အားလုံးသိနေပြီးသားမို့ သားဘက်က အပြစ်လျော့အောင်လိုက်ကြံမပြောချင်၊ တကယ်လည်း မုဒြာလေးအပေါ် သားက နိုင်ခဲ့တာပါ။

ကော်ဖီလေးငုံကာ ထောက်ခံတော့ ဒေါ်ဝတ်ရည် အားရှိသွားဟန်ဖြင့်

“အင်း ကိုအောင်ဘွားတို့လည်း သိနေမှာပဲ၊ ဒါက ကျွန်မတို့ဘက်ကအပြစ်မြင်တာမဟုတ်ဘူးနော်၊ သူတို့ချင်းနားလည်ရင် သည်းခံနိုင်ရင်ပြီးတာပဲလေ၊ ခေါင်ကို ဘယ်လိုလုပ်ရမယ် ဘယ်လိုပြောရမယ် ဘယ်လိုပြန်အနိုင်ယူရမယ်လို့ ကျွန်မ အားမပေးဘူး၊ ခုခေတ်ကလေးတွေက ဦးနှောက်ရှိတယ်လေ၊ မိဘကတိုက်တွန်းလို့လည်း ရချင်မှရမှာ၊ သူတို့ဘာသာ ရွေးချယ်တာကို မှားမှားမှန်မှန် သူတို့ဘာသာ ခံရမှာဆိုတာ သိဖို့လိုတယ်”

“မဝတ်ရည်ပြောတာ မှန်ပါတယ်၊ ခုကိစ္စမှာ မုဒြာလေး မမှားဘူးဆိုတာ ကျွန်တော် သိပါတယ်”

“ကိုအောင်ဘွား အဲလို နားလည်ပေးတာ ကျေးဇူးတင်ပါတယ်၊ အဲဒါကြောင့် လူငယ်တွေကိစ္စထဲ ဝင်မပါတာ ကောင်းမယ်လို့ ခုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ သူတို့ရွေးချယ်မှုအပေါ်မှာ အကောင်းဆုံးလုပ်ပေးလိုက်တာပဲ ကောင်းမယ်မဟုတ်လား"

"ဟုတ်ပါတယ် ကျွန်တော်က သူတို့ချင်းအဆင်ပြေရင် တင့်တောင်းတင့်တယ်လေးဖြစ်အောင် လုပ်ပေးချင်လို့ ပွင့်ပွင့်လင်းလင်း လာမေးတာပါ၊ မဝတ်ရည်တို့ဆိုတာ အဆင့်အတန်းရှိပြီးသားမဟုတ်လား။ မျက်နှာမငယ်ရအောင်လို့ပါ၊ ကျွန်တော်ကနောက်အိမ်ထောင်ပြုထားတဲ့ အတွက် သားကိုသိမ်ငယ်မှုလည်း မဖြစ်စေချင်ဘူးလေ"

"အဲဒါ တစ်ပင်လဲလို့တစ်ပင်ထူတာ အစတည်းက ကျွန်မတို့ နားလည်ပါတယ်၊ အဲဒီအိမ်ထောင်ကြောင့်ပဲ ကိုအောင်ဘွားတို့အဆင် ပြေပြေဖြစ်လာတယ်၊ ခေါင်လည်း ဆေးကျောင်းတက်နိုင်တာမဟုတ်လား။ ထား သဘောထားပြည့်တာ ကျွန်မတို့လည်းသိတာပဲ"

ထားရဲ့သတင်းကတော့ ဘယ်နေရာမှာဖြစ်ဖြစ် မွှေးနေတာမို့ ဦးအောင်ဘွား ဂုဏ်ယူစွာပြုံးမိသည်။

"ဟုတ်ပါတယ် သားအတွက်လည်း ထားက တာဝန်ဝတ္တရား ကျေချင်တာပါ၊ ထားက ကျွန်တော့်အတွက်ဇနီးကောင်းပါ"

"အဲဒါကို သမီးတို့အဖေလည်း ပြောပါတယ်၊ ဒီလိုလုပ်လေ ကိုအောင်ဘွား၊ ကလေးတွေအိမ်ထောင်ရေးကို သူတို့ဘာသာ ဆုံးဖြတ် ပါစေ၊ လက်ထပ်ချင်လည်းထပ် မထပ်ချင်လည်းနေကြပေါ့၊ နောက်နှစ် ကျရင် သမီးအဖေက သမီးကိုကျောင်းဆရာမလုပ်စေချင်တယ်၊ ဒါလည်း သူ့သဘောပါပဲ၊ အခုတက်နေတာ သင်တန်းတွေစုံသလောက်ဖြစ်နေပြီ ကလေးတွေက သူတို့စိတ်ပါတဲ့အချိန်မှာ စိတ်ပါတာကို လုပ်နိုင်းမှဖြစ်မှာ"

"မဝတ်ရည်တို့က ကလေးတွေကိုသင်ပြပေးနေတဲ့သူတွေဆို





တော့ အရမ်းဖိအားပေးပုံသွင်းလို့မရဘူးဆိုတာသိနေကြတာပဲ၊ ကျွန်တော် လည်း ဖိအားမပေးပါဘူး၊ မတိုက်တွန်းပါဘူး၊ မဝတ်ရည်တို့လိုပဲ နေလိုက် ပါမယ်"

"ကောင်းပါတယ် ဩော် သမီး လာ၊ ဒီမှာ သမီးအန်ကယ် ရောက်နေတယ်"

စကားကောင်းနေစဉ်မှာ အပေါ်ထပ်ကနေ မုဒြာ သနပ်ခါးရေ ကျဲလေးပါးပါးလိမ်းလျက် လှေကားထစ်တွေအတိုင်း ဆင်းလာသည်။

"အန်ကယ်ရောက်နေတာ ကြာပြီလား"

"မကြာသေးဘူး၊ အခုလေးပဲ သမီး"

"ကဲ သမီး သမီးအန်ကယ်ကိုဧည့်ခံလိုက်ပါဦး၊ မေမေ စာသင် ဖို့ အချိန်ရောက်နေပြီ ကိုအောင်ဘွားခွင့်ပြုပါဦး"

"ဩော် ဟုတ်ကဲ့ မဝတ်ရည်"

ဒေါ်ဝတ်ရည် အပြင်ထွက်သွားသည့်အချိန်မှာ မုဒြာက ဦး အောင်ဘွားနှင့်မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်သည်။ တစ်ခုခုပြောစရာရှိ နေသည်ဆိုတာ ဦးအောင်ဘွား သိလိုက်သည်။

"ဘာတွေပြောစရာရှိနေလဲ သမီး"

"ခေါင်နဲ့ပတ်သက်ပြီး လာမေးတာမဟုတ်လား အန်ကယ်"

"ဆိုပါတော့ သမီး"

"မုဒြာ ခေါင်နဲ့လက်မထပ်ချင်သေးဘူး"

"သားရဲ့အဘွားဆီကရော သမီးအမေဆီကရော အကျိုးအ ကြောင်း ကြားထားပါတယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး မမှားပါဘူး၊ ဒါနဲ့ သားဆီကကြားတဲ့ တခြားကောင်လေးတစ်ယောက်ကြောင့်ဆိုတာရော မှန်သလား သမီး"

"ခေါင်က အဲဒီအကြောင်းထည့်ပြောသလား။ အဲဒီသဝဏ်ဆိုတဲ့လူနဲ့ မုဒြာ ဘာမှမပတ်သက်သေးပါဘူး၊ ခေါင်က အထင်လွဲပြီး သမုတ်နေတာ၊ အလကားနေ ပြဿနာရှာနေတာပဲ"

"သမီးကိုချစ်လို့ သဝန်တိုတာဖြစ်မှာပေ့ါ"

"အဲဒီမတိုင်ခင်ကလည်း မုဒြာကို အလေးအနက်တန်ဖိုးထားပြီး မဆက်ဆံခဲ့ပါဘူးအန်ကယ်၊ အဲဒါက အနားမှာ သူငယ်ချင်းတွေတစ်ယောက်မှမရှိတော့မှ ပိုပြီးသိသာခဲ့တာပါ၊ သူနဲ့ချိန်းပြီး စောင့်နေရတဲ့ အချိန်တွေက အရမ်းအထီးကျန်ရလို့လေ၊ ဘယ်လောက်ပဲနောက်ကျကျတောင်းပန်တယ်ဆိုတာတစ်ခါမှ မရှိခဲ့ဘူး၊ လာတွေ့လည်း စိတ်ကောက်ပြီးတစ်ယောက်တည်းပစ်ထားခဲ့ဖို့ ဝန်မလေးဘူး။ အဲဒီအချိန်တွေမှာ ဟိုလူက အနားမှာရှိနေပေးတာကို သူ ပြဿနာရှာတာ"

"ဪ"

"ဒါပေမဲ့မုဒြာ သစ္စာမမဲ့ခဲ့ပါဘူး။ ဟိုလူ့အပေါ် နည်းနည်းလေးတောင် စိတ်မယိုင်ခဲ့ဘူး။ သူ့ဆီက နူးညံ့လာမလား ကြင်နာဂရုစိုက်လာမလား ပြောင်းလဲလာမလားလို့ပဲ မျှော်လင့်ခဲ့တာ"

"သမီး မှန်ပ ါတယ်"

"သူ့ဆီက အဲဒါတွေမရရင် အိမ်ထောင်ဘက်အဖြစ် ခေါင်ကို မရွေးချယ်နိုင်တော့ဘူး အန်ကယ်၊ မုဒြာကို သည်းခံလိုက်လျောတန်ဖိုးထားပေးနိုင်တဲ့ ဟိုလူကိုပဲ ချစ်လိုက်တော့မယ်"

"ဟမ်"





ဦးအောင်ဘွား အံ့ဩသလို ဖြစ်သွားခဲ့ရသည်။ မုဒြာက မင်းသဝဏ်ကို ကိုယ့်ရဲ့မယားပါသားမှန်းမသိလို့ ပတ်သက်မှုရှိမှန်းမသိလို့ ရင်ဖွင့်နေခြင်းပင်။ အနည်းငယ် ပြုံးမိသွားလျက်

"သမီးက မင်းသဝဏ်ကို စိတ်ဝင်စားမှုရှိနေပြီလား"

"ကိုယ့်ကိုတန်ဖိုးထားနေတာကို ဘယ်မိန်းကလေးမဆို စိတ်လှုပ်ရှားမှာပါပဲအန်ကယ်၊ ခေါင်ဆီက မရတာတွေ မျှော်လင့်ထားတာတွေကို သူက ပေးနေတာပဲ၊ ပြီးတော့ ခေါင်ကိုအချစ်နဲ့ရွေးချယ်ခဲ့တာမဟုတ်ဘူး၊ သံယောဇဉ်နဲ့သင့်တော်မယ်ထင်လို့ လက်ခံခဲ့တာ၊ သူသာ တန်ဖိုးထားခဲ့မယ်ဆိုရင် အဲဒီသံယောဇဉ်တွေနဲ့ပဲ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်မိမှာပါ အခုက"

"အန်ကယ် နားလည်ပြီ၊ သားက အရမ်းဆိုးတာပဲကွာ၊ အန်ကယ် အဲလိုထင်မထားဘူး၊ သမီးရွေးချယ်ချင်တဲ့သူကို ရွေးချယ်နိုင်ပါတယ်၊ ဒါနဲ့သမီးက မင်းသဝဏ်ကို တကယ် စိတ်ဝင်စားနေပြီလား"

"ဟို"

"အန်ကယ့်ကို ပွင့်ပွင့်လင်းလင်း ပြောပါ သမီး၊ ခေါင်အဖေဆိုပြီး ထိန်ချန်စရာမလိုဘူး အားနာစရာမလိုဘူး"

"စိတ် စိတ်တော့လှုပ်ရှားပါတယ် အန်ကယ်၊ ဒါပေမဲ့ အဲဒီလူကလည်း အရူးလိုပါပဲ၊ ခေါင်နဲ့မုဒြာကို ချစ်သူရည်းစားလို့ထင်နေရဲ့နဲ့တောင် ခွတ်အတင်းတွယ်ကပ်ချင်တာပါ၊ ထိုးကြိတ်ကြတဲ့အထိတောင် ဖြစ်ကြသေးတယ်"

"ဪ သားလည်းဒဏ်ရာရသွားတာပေ့ါ"

"ခေါင်က ဒီလောက် ဒဏ်ရာမရပါဘူး၊ ဟိုလူကတော့ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်ထိသွားတယ်၊ မုဒြာဆွဲရုန်းတားဆီးနေတာကို ခေါင်က မရဘူး ဟိုလူကတော့ မုဒြာ မျက်ရည်ကျတာမြင်လို့ ခေါင် ထိုးကြိတ်နေတာ တောင် ပြန်မလုပ်တော့ဘဲနဲ့ ပေခံနေတယ်၊ အဲဒီမှာ မုဒြာကို ဘယ်သူက ပိုပြီးတန်ဖိုးထားတယ်ဆိုတာ သိလိုက်ရတာပဲ''

''ဪ''

မင်းသဝဏ်အချစ်ကို ဦးအောင်ဘွား လေးလေးနက်နက် သိခွင့်ရလိုက်သည်။ ကိုယ့်သားက မချစ်တတ်ဘဲ ထားရဲ့သားက ချစ်တတ်နေပါလား။ ဒါကြောင့်လည်း မင်းသဝဏ်ပြောင်းလဲချင်သလို ဖြစ်ခဲ့တာ ဖြစ်မည်။ ချစ်တတ်လာလျှင် ကိုယ်နှင့်ထားရဲ့အချစ်ကိုလည်း မင်းသဝဏ် နားလည်လာမှာပါ။

မုဒြာကို ကိုယ်နှင့်မင်းသဝဏ်ရဲ့ပတ်သက်မှုကို မပြောဖြစ်ဘဲ ပြန်လာခဲ့သည်။ ပြောလိုက်လျှင် မုဒြာ ရှက်သွားမှာစိုးလို့ပါ။

ဒီကောင်မလေးက ရင်ထဲရှိတာတွေ ဝန်ခံလိုက်သည်မဟုတ်လား။ မင်းသဝဏ်နှင့်မုဒြာ ရေစက်ပါမပါဆိုတာတော့ ….။

■ ■ ■



## အခန်း (၁၅)

''ကိုယ်သိခဲ့ရတဲ့အကြောင်းစုံကတော့ အဲဒီအတိုင်းပဲ ထား''

ပြောပြပြီးသည်နှင့် မောပန်းသွားသလို ဦးအောင်ဘွား ဆိုဖာခုံ ကိုမှီထိုင်ချလိုက်သည်။ ဒေါ်သက်ထားက ဦးအောင်ဘွားဘက်က ဆိုဖာခုံ မှာပြောင်းရွှေ့ထိုင်ကာ

''သူတို့ချင်း အဆင်မပြေဖြစ်နေကြတာပေါ့။ သားကြောင့် ဒီလို ပဋိပက္ခတွေဖြစ်ကြတာလား ကိုအောင်''

''ကိုယ့်သားအကြောင်း ကိုယ်သိတယ်၊ ငယ်ကတည်းက မုဒြာ အပေါ် နိုင်လာတာ၊ မုဒြာလေးက အဖော်မက်တော့ တော်တော်သည်းခံ ရှာပါတယ်၊ အခုတော့ ဘဝအတွက်ရွေးချယ်ရမယ့်အချိန်မှာ တစ်သက် လုံးအနိုင်ခံရမှာကိုတွေးပြီး တွေဝေသွားတာပေါ့၊ ဒါဖြစ်သင့်တာပဲ မုဒြာ မမှားပါဘူး။ မှားနေတာက ကိုယ့်သား၊ မုဒြာကို တန်ဖိုးထားရမှန်းမသိ ဘူး။ ငယ်နိုင်လို့ဖြစ်နေတာကို တစ်သက်စာ ဒီအတိုင်းဖြစ်ရမယ်ထင်နေတွေး



www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ လူဆိုတာ လက်သာရာပါသွားမှာပဲ''

''သား သဝဏ်နဲ့ အဆင်ပြေနိုင်တယ်လို့ ပြောတာလား ကိုအောင်''

''သူ့ကြိုးစားမှုအပေါ်မှာ မူတည်တယ်၊ သားခေါင်နဲ့ မုဒြာက ချစ်သူတွေမဟုတ်သေးတဲ့အတွက် သူ လွတ်လပ်စွာကြိုးစားခွင့်ရှိတယ်လေ၊ ကိုယ်မြှောက်ပင့်ပေးနေတာမဟုတ်ဘူး၊ မုဒြာကို သမီးရင်းလေးလို ချစ်လို့ သားသမီးချင်းစာနာမိတယ်၊ သူ့ကိုတန်ဖိုးထားနိုင်တဲ့သူနဲ့ပဲ တစ်သက်စာလက်ထပ်စေချင်တယ်လို့ပြောတာ''

''မင်းသဝဏ်နဲ့ခေါင်ကို ရန်တိုက်ပေးနေတာလား ကိုအောင်''

ဒေါ်သက်ထား စကားကြောင့် ဦးအောင်ဘွား ရယ်ချင်ချင်ဖြစ်သွားကာ

''ကိုယ်မွေးတဲ့သားနဲ့ မယားပါသားကို ရန်တိုက်ပေးစရာလားထားရယ်၊ သူတို့ရဲ့ကံတရားကို ယှဉ်ပြိုင်ခိုင်းတာပါ၊ မုဒြာကို တန်ဖိုးထားနိုင်တဲ့သူက မုဒြာရဲ့ဖူးစာရှင်ဖြစ်လာမှာပဲ၊ ကိုယ်ပြောတာ မဟုတ်ဘူးလားထား''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုအောင့်သားကနားလည်ပေးနိုင်မှာလား၊ ထားရဲ့သားမှန်းသိရင် ပေးကမ်းထောက်ပံ့မှုတွေကြောင့် အနိုင်ကျင့်တယ်ဖြစ်နေပါဦးမယ်၊ ထားတို့ကို မှီခိုရတယ်ဆိုပြီး သူ့မှာ သိမ်ငယ်မှုတွေရှိနေတယ်လေ''

''ဒါက အချစ်နဲ့မဆိုင်ဘူး ထင်တယ်၊ သူ့ဘက်က လိုအပ်ချက်ကို သူသိရမယ် နားလည်ရမယ်၊ လွတ်တဲ့ငါးကြီးတဲ့ပုံစံမျိုးနဲ့ သူ နောင်တရရမယ်၊ ဒါမှ မုဒြာအတွက် တရားမျှတမှာပေါ့၊ သူ့မှာလွတ်လပ်စွာ





ရွေးချယ်ပိုင်ခွင့်ရှိနေမှာပဲ''

''သားသိရင်တော့ ပျော်သွားမှာ၊ ခေါင် သိရင်တော့ စိတ်ကောင်းဖြစ်မှာ ကိုအောင်၊ သူတို့သံယောဇဉ်က နည်းတဲ့နှစ်မဟုတ်ဘူး''

''အဲဒါကြောင့် မုဒြာက ညှိနှိုင်းတယ်၊ သားက လက်မခံတာ၊ ကိုယ့်ကို သားဘာပြောလိုက်တယ်ထင်လဲ သား၊ မုဒြာကိုရအောင် လက်ထပ်ပြီး နှိပ်စက်မယ်တဲ့၊ သူ့ကိုသူများနဲ့နှိုင်းယှဉ်ပြီး ခံရခက်အောင် လုပ်လို့တဲ့လေ''

''အို''

ဒေါ်သက်ထား လန့်သွားမိသည်။ သားကြောင့် ခေါင် အငြိုးထားလိုက်တာဖြစ်မည်။ သားနှင့်မဆုံလျှင် သူတို့ချင်းအဆင်ပြေချင်ပြေနေကြမှာပါ။

ခေါင်နှင့်မုဒြာကြားမှာ သားက ဗီလိန်ဖြစ်နေခဲ့သည်လား။

''ထား ဘာဖြစ်သွားတာလဲ''

''သားကြောင့်များ ဒီလိုတွေဖြစ်သွားကြတာလားလို့ပါ''

''အဲဒီအတွက် စိတ်မကောင်းမဖြစ်ပါနဲ့ ထား၊ သူတို့လူငယ်ချင်းမို့ သူတို့ဘာသာဆုံးဖြတ်ကြပါလိမ့်မယ်၊ ဒီအချိန်မှာ မုဒြာရဲ့စိတ်က အဓိကပဲလေ၊ သံယောဇဉ်တွေနဲ့လက်ထပ်ဖို့စဉ်းစားရင်းက ဒီလိုဆုံးဖြတ်ချက်ချလိုက်တာ၊ သူ့မှာ ခံစားချက်တွေရှိလို့ဆိုတာ သေချာပါတယ်၊ ကိုယ်ကတော့ ဘယ်သူနိုင်ပါစေ ဘယ်သူရှုံးပါစေဆိုတဲ့စိတ်မရှိဘူး၊ တရားမျှတမှုကိုပဲ လိုလားတယ်၊ မုဒြာအချစ်နဲ့ ဘယ်သူက တန်သလဲဆိုတာ အဖြေပေါ်မှာပဲလေ၊ ကိုယ်ကတော့ မစိုးရိမ်ဘူး၊ ယှဉ်ပြိုင်မှုဟာ တရားမျှတ ခြင်းပဲ၊ ထိုက်တန်တဲ့သူက သရဖူပိုင်ဆိုင်ခွင့်ရမှာပဲ ထား''



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဘွား ပေါ့ပေါ့ပါးပါး ပြောနေပေမယ့် ဒေါ်သက်ထား ကတော့ သက်ပြင်းတွေလေးလံစွာ ချမိနေသည်။ ခေါင်ကလည်း သားတ ယောက်လိုပဲမဟုတ်လား။ ဦးအောင်ဘွားနှင့်လက်ထပ်ပြီးကတည်း ငွေရေးကြေးရေး ပညာရေးအတွက်ကအစ ပေးကမ်းထောက်ပံ့နေခဲ့ရသ ကလေးပါ။ သဝဏ်က ဦးအောင်ဘွားအပေါ် ရိုင်းပျသလိုလည်း မိမိအ ခေါင် မရိုင်းပျခဲ့။

အခုတွေ့လည်း တလေးတစား ဆက်ဆံတတ်သည်။ ဒီ ကလေးကို ဘယ်လိုလုပ် ရှုံးနိမ့်စေချင်မှာလဲ။

''ထား''

''ရှင် ရှင် ကိုအောင်''

''ဘာတွေ ဒီလောက်တွေးနေတာလဲ ထားရယ်၊ လူတစ်ယော ရဲ့ကံကြမ္မာက သူ့အကြောင်းတရားနဲ့သူပါ၊ ထားစိတ်မကောင်း မဖြစ်ပါ ခေါင်က လူဆိုးလေးမဟုတ်ပေမယ့် မုဒြာအပေါ်တော့ မကောင်းခဲ့ဘူ မုဒြာက ကိုယ်တို့သမီးလေးဖြစ်နေရင်ရော ခေါင်နဲ့ရစေချင်ပါ့မလား''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုအောင်ကိုရော ထား ကိုရော အငြိုးအတေးဖြစ်သွားမလားလို့ပါ''

''မဆိုင်တာထားရယ်၊ သူတို့ကိစ္စက ကိုယ်တို့လူကြီးတွေ ဖြတ်လို့ရတဲ့ကိစ္စမဟုတ်ဘူး၊ သူတို့ရဲ့နှလုံးသားတွေ ပေးဆပ်မှုတွေ အကျိုးရလဒ်ကို သူတို့ခံစားရမှာ၊ တိတ်တိတ်လေး မသိချင်ယောင်ဆော နေပါ ထားရယ်၊ သဝဏ်နဲ့အဆင်ပြေမယ့်နည်းလမ်းရလိုက်တယ်လို့ ကို မြင်တယ်၊ ကိုယ်က ခေါင်နဲ့မုဒြာရဲ့ချစ်ခြင်းကို ခွဲနေတာမဟုတ်ဘူ သဝဏ်နဲ့ပြေလည်ပါစေဆိုပြီး တမင်မြှောက်ပင့်နေတာလည်း မဟုတ်ဘူ





မုဒြာကို ဘယ်လောက်ချစ်နိုင်မလဲ မုဒြာအချစ်ကို ဘယ်လိုရအောင် ကြိုးစားမလဲ ဒါက အဓိကပဲ''

ဦးအောင်ဘွားပြောနေပေမယ့် ခေါင်အတွက် ဒေါ်သက်ထား စိတ်မကောင်းဖြစ်နေမိသည်။ ခေါင်ကိုလည်း မိန်းမကောင်းလေးရစေချင် သည်ပါ။

ဒါပေမဲ့ သားနှင့်အဆင်ပြေမည်လို့လည်း မပြောနိုင်ပေ။ သား ကလည်း အိမ်မှာဆို လူဆိုးလူသွမ်းလေးပါ။ ခေါင်ထက်တောင် ပိုဆိုး သည်မဟုတ်လား။ တကယ်လို့ ထိပ်တိုက်တွေ့ကြပြီဆိုလျှင် ဘယ်လို တွေဖြစ်ကြမှာလဲ။ ရင်တွေမောတာ အသက်ရှူလို့တောင် မဝနိုင်။

ဒီအကြောင်း သားသိလျှင် . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"တကယ်ပြောတာလား မေမေ၊ ထွဋ်ခေါင်နဲ့မုဒြာနဲ့ တက
ချစ်သူတွေမဖြစ်ကြသေးဘူးတဲ့လား"

"သားအန်ကယ် သေချာစုံစမ်းလာတာပါ"

"ဗျာ အန်ကယ်က"

"ဟုတ်တယ် မေမေ သွားခိုင်းလိုက်တာ၊ အစတည်းက သူ
ချင်းကို မိတ်ဆွေသဘောတူထားတာ မေမေသိထားတယ်လေ၊ ယေ
တည်းက သံယောဇဉ်ကြီးကြီးနဲ့ပေါင်းသင်းလာတာဆိုတော့ အခုချိန်
ချစ်သူတွေမဖြစ်ကြသေးဘူး၊ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့သူတွေ
တွဲသွားတွဲလာ တတွဲတွဲပဲနေကြတာ"

"အဲဒါကို မုဒြာက ဘာလို့သားကိုမပြောတာလဲ၊ သူ့ချစ်သူ
သဝန်တိုတတ်တယ် ဘာညာနဲ့ သားကိုရန်တွေ့သေးတာ"

"ဒါကတော့ သူ့စိမ်းယောက်ျားလေးမို့ သူ့အတွက်လုံခြုံအေ





ကာကွယ်တဲ့သဘောပေါ့ကွယ်၊ အဲဒါ မိန်းမကောင်းအကျင့်လို့ခေါ်တယ်၊ ပေါ့ပေါ့တန်တန် မိန်းကလေးဆို ကိုယ့်ကို ဘယ်သူပဲချည်းကပ်ချည်းကပ် တစ်ယောက်ပြီးတစ်ယောက် တွဲပစ်မှာပေါ့၊ အခုက ခေါင်က သူ့အပေါ် မကောင်းတာတောင် လက်ထပ်မယ့်သူပဲဆိုပြီး သစ္စာမဖောက်ခဲ့ဘူး၊ အပြောင်းအလဲ သာယာမှုမရှာဘူး၊ ဒီစိတ်ထားလေးဟာ ဘယ်လောက်တောင် လေးစားဖို့ကောင်းလဲ"

မေမေပြောပြနေမှ မုဒြာကိုပိုပြီးချစ်မြတ်နိုး လေးစားမိလာသည်။ ကိုယ့်ကိုရန်တွေ့ကောင်းသော လက်မခံချင်သော မိန်းကလေးကို အစတည်းက ပေါ့ပျက်ပျက်မဟုတ်လောက်ဘူးဆိုတာတွေးမိနေပါသည်။

တချို့မိန်းကလေးဆို ဖွင့်အတင်းလိုက်လျှော့ တွယ်ကပ်တော့မှာမဟုတ်လား။

"ဟိုလေ အန်ကယ်က အဲဒီစကားတွေ ဘာလို့ပြောတာလဲ မေမေ"

"သူ့သားနဲ့အဆင်မပြေရင် သားနဲ့အဆင်ပြေစေချင်လို့ပေါ့ ကွယ်"

"ဗျာ"

ဦးအောင်ဘွားက သူ့အပေါ် ဒီလိုစေတနာမျိုးရှိလိမ့်မည် မထင်မိ။ သူက အမြဲတမ်း ပုန်ကန်တော်လှန်နေခဲ့တာမဟုတ်လား။

"အခု အန်ကယ် ဘယ်သွားလဲ"

"သားက မြင်ရင်ပြဿနာရှာနေမှာစိုးလို့ သူ့အခန်းထဲမှာပေါ့ ကွယ်၊ သားက မြင်လိုက်တာနဲ့ ဖွတ်ပဲကွာရှင်းခိုင်းနေတာမဟုတ်လား၊ မေမေ့ကိုလည်း အခန်းထဲမလာခဲ့ပါနဲ့ သားအနားမှာ သားစိတ်အေးချနပ်

www.burmeseclassic.com



အောင် နေပေးလိုက်ပါလို့ ပြောတယ်''

ဒီလိုဆိုတော့လည်း သူ စိတ်မကောင်းပေ။ သူက စိတ်မထင်ရင် မထင်သလိုပြောချတတ်ပေမယ့် မေမေ့ကိုတစ်ခုလပ် တစ်လင်ကွာမုဆိုးမ တော့ မဖြစ်စေချင်ပေ။

ဖေဖေဆုံးခါစက ပတ်ဝန်းကျင်ယောကျ်ားသားတွေရဲ့ မထီမဲ့မြင် မခန့်လေးစား သွေးတိုးစမ်းမှုတွေကြောင့် မေမေ သိမ်ငယ်ခဲ့ရ စိတ်ပင်ပန်း ခဲ့ရတာတွေကို သူ သိနေခဲ့သည်။

ပတ်ဝန်းကျင်ဆိုတာ တောင်းအားလျှင်ထည့် လူအားလျှင်ခန့် ချင်ကြသူတွေမဟုတ်လား။ ဦးအောင်ဘွားနှင့်လက်ထပ်ပြီးမှ ဒီကိစ္စတွေ အေးချမ်းသွားခဲ့တာပါ။

မဟုတ်လျှင် စီးပွားဥစ္စာတွေနှင့် ချမ်းသာသော မုဆိုးမမေမေ ကို ချူချင်မြှူကျချင်အောင်သွယ်ချင်သူတွေလည်း အများသား။

''သား''

''ဗျာ''

''ဘာတွေတွေးနေတာလဲ၊ သား အိပ်ချင်ပြီလား၊ သား အခန်း ထဲမေမေလိုက်အိပ်ရမလား။ ဒီညေ့ခန်းထဲမှာပဲ မေမေ့ပေါင်ပေါ်အိပ်မလား သား''

''ဟင့်အင်း မေမေ့အခန်း မေမေပြန်အိပ်ပါ၊ သားဘာသာ သားအခန်းထဲမှာ တစ်ယောက်တည်းအိပ်ပါ့မယ်''

''ဟင် သား''

''အန့်ကယ် ပင်ပန်းလာတယ်ဆို၊ အန့်ကယ့်အနားမှာနေပေး လိုက်ပါ''





သားစကားကြောင့် ဒေါ်သက်ထား ပြုံးမိသွားသည်။ သားချစ် တတ်လာလို့ ကိုယ်ချင်းစာတတ်သွားတာ ဖြစ်မည်။ ဒါမှမဟုတ် ကိုအောင် ဘွားက သူ့သားထက်ပိုပြီး သံယောဇဉ်ရှိတယ်လို့ ထင်သွားတာလည်း ဖြစ်နိုင်သည်။ တကယ်တော့ ကိုအောင်ဘွားက သူ့သားကိုမချစ်လို့မဟုတ် ပေ။ မုဒြာအပေါ် ဒီလိုပြောရက်လုပ်ရက်တာကို စိတ်တိုဒေါသဖြစ်လာခဲ့ တာဖြစ်မည်။

မုဒြာလေးက အရမ်းတန်ဖိုးရှိသည့်မိန်းကလေးမဟုတ်လား။ သားရဲ့ကြိုးစားမှုတွေ ဘယ်လောက်အရာထင်မလဲဆိုတာတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟဲ့ မှုံအြာ တို့နောက်က ဘဲတစ်မွေလိုက်လာတယ်နော်၊ ကား
ပါကင်မှာကတည်းက ပါလာတာ"

"ဟင်"

တစ်ချက်မယောင်မလည် နောက်လှည့်ကြည့်မိလိုက်စဉ်မှာ
အပြုံးမျက်နှာနှင့် မင်းသဝဏ်ကိုတွေ့လိုက်ရသည်။ ဒီလူ ဘာလိုက်လုပ်
ပြန်တာလဲ။ သူမ လှည့်မကြည့်တော့ဘဲ ကုန်တိုက်တစ်ခုလုံး မွှေနှောက်
၍ ဝယ်စရာရှိတာတွေ ဝယ်နေလိုက်သည်။

"ဟဲ့ ပါလာတုန်းပဲ"

"နေစမ်းပါ လှည့်ကြည့်မနေနဲ့၊ ဂရုစိုက်တယ်ထင်ပြီး ရောင့်
တက်နေဦးမယ်"

"အဲဒီတစ်ယောက်က နင်ပြောတဲ့ မင်းသဝဏ်ဆိုတာလား"

"အင်း"

"မိုက်သားပဲ အီမိုကေနဲ့ စတိုင်က ဂွတ်တယ်"





"ဂွတ်ရင် နင်ယူလိုက်"

"မှုမနေနဲ့ နင့်အသံက သဝန်တိုတဲ့အရိပ်အရောင်တွေ ပါနေ
တယ်"

"လျှောက်ပြောမနေနဲ့ ငါ့မှာ ခေါင်"

ငါ့မှာခေါင်ရှိသားပဲလို့ စကားကိုဆက်မပြောဖြစ်တာ ခေါင်ကို
စိတ်နာလာမိလို့ဖြစ်သည်။ ဒီနေ့လည်း ခေါင်ကို ရှော့ပင်နဲ့ထွက်ဖို့ချိန်း
ကြည့်ပါသေးသည်။

စာတမ်းပြုစုဖို့ ဆရာနှင့်သွားတွေ့ရဦးမှာမို့ မလိုက်နိုင်ဘူးတဲ့။
အထူးကုဆရာဝန်ဖြစ်ဖို့ ကြိုးစားနေသည်ဆိုတာ သူမ မသိလို့မဟုတ်ပါ။
ဒါပေမဲ့ အခုဖြေ အခုရမှာလည်း မဟုတ်ဘဲနှင့် သူမကိုအချိန်ပေးသင့်
သည်ဟု ထင်မိသည်။

ခေါင်ကပဲ သူမနှင့်တဖြည်းဖြည်း ဝေးအောင် စွန့်ခွာနေသည်
လား။ သူမကို စွန့်လွှတ်ဖို့ပဲ ပြင်ဆင်နေခဲ့သလား။

"ဟဲ့ ပြောလေ၊ ခေါင်က ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူး၊ ဝယ်စရာရှိတာ မြန်မြန်ဝယ်ပြန်ရအောင်"

"နင် ငါ့ကိုအပေါ်ထပ်မှာ အအေးဝယ်တိုက်မယ်ဆို"

"အင်တာကတစ်မျိုး ဟိုကတကောက်ကောက်လိုက်နေလို့ စိတ်
ရှုပ်ရတဲ့အထဲမှာ"

"စိတ်ရှုပ်စရာလားဟယ် ဒီလောက် စတိုင်မိုက်တဲ့သူကို ခေါင်
ထက်အများကြီးသာတယ်"

"ပြောတော့မယ်"

နွယ်နွယ်ကို မျက်စောင်းထိုးပြီး အပေါ်ထပ် အအေးဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ မင်းသဝဏ် လိုက်လာတာတွေ့လည်း သူ့ကို ဂရုစိုက်မနေတော့ပေ။ ဆိုင်ကိုရောက်တော့ ကိတ်နှင့်အအေးမှာ၍သောက်ကြသည်။

"မုဒြာ ကိုယ်လည်းထိုင်မယ်နော်"

မင်းသဝဏ်က ထိုင်ပြီးမှခွင့်တောင်းသည်။ သူမ မော့မကြည့်ဘဲ အအေးကိုပဲ ပိုက်တံလေးဖြင့် စုပ်သောက်နေလိုက်သည်။

နွယ်နွယ်က သူမခါးကိုတို့၍

"ဟဲ့ စကားလေးဘာလေး ပြောလိုက်ပါဦး၊ သူ့တစ်ယောက်တည်း ပျင်းနေမှာပေါ့"

"ပျင်းပျင်းပေါ့ ငါနဲ့ဘာဆိုင်လို့လဲ"

"နင်ကလည်းဟယ် သနားပါတယ်"

"မသနားပါဘူး ခေါင်းသီရင် ငါ့ကိုပြသနာရှာခံနေရဦးမယ်"

"နင်လည်း တစ်သက်လုံး ခေါင်းကိုပဲကြောက်နေ"

"ကြောက်ရမှာပေါ့ သူက ငါလက်ထပ်မယ့်သူပဲ၊ ငါ့အနားကို ယင်ဖိုသမ်းရင်တောင် သဝန်တိုတာ"

သူမတို့ တိုးတိုးကြိတ်ကြိတ် ပြောနေသည့်စကားတွေ နားထောင်ပြီး သူရယ်ချင်နေမိသည်။ သူလည်း အအေးတစ်ခွက်မှာသောက်ရင်းဖြင့် ထိုင်နေရာက မထဖြစ်ပေ။

ဒါပေမဲ့ စကားပြောဖော်မရှိတာကြောင့် ကြောင်တောင်တောင်ဖြစ်လို့နေသည်။

"မုဒြာ"

"ဘာလို့ခေါ်နေတာလဲ ဘာမှန်းလည်းမသိဘူး"

"မုဒြာနဲ့ထွဋ်ခေါင်က ချစ်သူတွေမဟုတ်ကြဘူးဆို"





"ဟင်"

ဒီလူ ဘယ်လိုသိသွားပါလိမ့်ဆိုပြီး သူမ အံ့ဩသွားသည်။ မင်းသဝဏ်က သူမမျက်နှာကိုသေချာကြည့်ကာ

"ဟုတ်တယ် မဟုတ်လား မုဒြာ"

"ရှင်ဘာတွေလာပြောနေတာလဲ၊ ချစ်သူမဟုတ်ဘဲ သူ သဝန်တိုပါ့မလား။ ရှင့်ကိုတောင် ထိုးလွှတ်လိုက်သေးတယ်လေ၊ ရှင် မမှတ်သေးဘူးလား"

"အဟင်း ကိုယ်ကသိပ်အမှတ်သည်းခြေမရှိဘူး။ ကိုယ်ချစ်နေတဲ့သူအတွက်ဆို ဒုက္ခလည်းခံနိုင်တယ်၊ အနှိပ်တာလည်းခံနိုင်တယ်"

"ရှင် အရူးပဲ၊ ချစ်သူရှိတဲ့ မိန်းကလေးကို စည်းစောင့်သင့်တယ်ဆိုတာ ရှင်နားမလည်ဘူးလား"

"ချစ်သူ ချစ်သူနဲ့ နားခါးတယ်ကွာ၊ ဟုတ်လည်းမဟုတ်ဘဲနဲ့"

"ရှင်က ဘာသက်သေနဲ့ ချစ်သူမဟုတ်ဘူးလို့ ပြောနေရတာလဲ"

"ကိုယ် ဒီလိုပဲ စုံစမ်းထားတာပေါ့၊ လက်ထပ်မယ့်အစီအစဉ်တောင် ပျက်သွားပြီဆို"

"ဘာ"

သူမ အံ့ဩရပြန်သည်။ ဒီလူအတိအကျကို သိနေတော့တာပါလား။ ဘယ်သူ့ဆီကများ သေချာသောသတင်းကို ရပါလိမ့်။

"အဲဒီကြားစကားတွေကိုယုံရင် ရှင်မှားသွားလိမ့်မယ်၊ သူနဲ့ မုဒြာက ငယ်သူငယ်ချင်း အရမ်းသံယောဇဉ်ကြီးတယ်"

"ချစ်တယ်လို့အဖြေမပေးရသေးတာတော့ မင်းမငြင်းပါနဲ့ ထွဋ်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်က မင်းအပေါ်တော်တော်ဆိုးတယ်ဆို၊ မင်းကပဲအလျှော့ပေးသည်းခံနေရတာ၊ ကိုယ်သနားလိုက်တာကွာ၊ ကိုယ်သာဆို မင်းစိတ်ပင်ပန်းအောင်လုပ်ရက်မှာမဟုတ်ဘူး၊ တကယ်ပြောတာပါ၊ ကိုယ်အရမ်းတန်ဖိုးထားမိမှာ''

သူ့စကားတွေက သူမရင်ကိုလှုပ်ရှားသက်ဝင်စေသည်။ နွေးထွေးရှိန်းမြမှုရှိစေသည်ဟုလည်း ခံစားရ၏။

နွယ်နွယ်က ဟတ်ထိသွားပြီမဟုတ်လားဟု မေးချင်သည့်ပုံစံဖြင့် မေးတင်ငေါ့ငေါ့။

''မုဒြာ''

''ခေါ်ပြန်ပြီ''

''ကိုယ့်ကိုပြန်ချစ်ပေးပါလား''

''ရှင် သူငယ်ချင်းရှိနေတာကို အဲလိုပဲ ပြောရလား''

''ပြောပါစေ နင်ကလည်း''

ထွဋ်ခေါင် အနိုင်ယူတာတွေကို အမြင်ကတ်နေသော နွယ်နွယ်က မင်းသဝဏ်ကိုမြှောက်ပင့်ပေးနေသည်။ မုဒြာက နွယ်နွယ်ကိုတံတောင်ဖြင့် နံစောင်းကိုထိုးလျှက်

''ငြိမ်ငြိမ်နေစမ်းပါ ပါးစပ်ပိတ်''

''သူ့ကိုမမဲပါနဲ့ မုဒြာရယ်၊ သူက အလိုက်တသိထောက်ခံပေးနေတာကို သူ့အလှည့်ကျရင် သူ ကံကောင်းအောင်လို့နေမှာပေါ့''

''ရှင်နော် လျှောက်ပြောမနေနဲ့၊ ကဲ ပြန်ပါတော့''

''ဘာလို့ နှင်တာလဲ မုဒြာရယ်၊ ဒီလိုအခွင့်အရေးက အမြဲတမ်းရတာမှမဟုတ်တာ၊ ကိုယ်မုဒြာကိုချစ်တယ်၊ အဲဒါလေးကို အသိအမှတ်





ပြုပေးပါနော်''

''မုဒြာက ခေါင်နဲ့လက်ထပ်မှာ၊ ရှင်မနှောင့်ယှက်ပါနဲ့ သဝဏ်''

''ဘာလို့ အဲဒီစကားပဲပြောနေတာလဲ၊ ထွဋ်ခေါင်နဲ့မုဒြာ ချစ်သူတွေမဟုတ်ဘူး၊ လက်ထပ်ဖြစ်မှာလည်း မဟုတ်ဘူးဆိုတာ ကိုယ်သိထားပါတယ်၊ ကိုယ့်ကို အနားမကပ်ရဲအောင် မုဒြာ တမင်ပြောနေတာမဟုတ်လား''

''မဟုတ်ဘူး အတည်ပြောတာ၊ ရှင့်အချစ်ကို မုဒြာ လက်မခံနိုင်ဘူး''

''အဲလိုမလုပ်ပါနဲ့ မုဒြာရယ်၊ မုဒြာကို ကိုယ်တကယ်ချစ်တာပါ၊ ကိုယ့်အချစ်ကိုယုံပေးပါ အသိအမှတ်ပြုပေးပါနော်''

''ကဲ နားမထောင်ချင်တော့ဘူး ရှင်ပြန်ပါဆို''

''မုဒြာ အဖြေမပေးချင်သေးရင်နေပါ၊ ကိုယ့်အချစ်ကိုတော့ အသိအမှတ်ပြုပေးပါ မုဒြာ''

''ရှင် ဖွတ်ကြီးပါလား သဝဏ်၊ ကဲ အသိအမှတ်ပြုမယ် ရှင်ပြန်မှာလား''

''တ တကယ်နော်''

''ရှင်အခုချက်ချင်း ထပြန်မှ အသိအမှတ်ပြုမှာ''

''အိုကေ ကိုယ်သွားပြီ''

''ရှင့်အချစ်ကို လက်ခံသေးတာမဟုတ်ဘူးနော်''

အော်ပြောလိုက်တာတောင် မင်းသဝဏ် ကြားပါရဲ့လားမသိ။ ကားသော့လေး ကောက်ကိုင်ကာ အမြန်ပင်ပြေးထွက်သွားသည်။

''ဟဲ့ ရှိကျိုးလိုက်တာ ငါသာဆို အဲလိုလူမျိုးကို မှုမနေဘဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း အဖြေပေးလိုက်ပါတယ်''

''အဲလို အရှက်မရှိရင် ဘယ်သူက အထင်ကြီးမှာလဲ''

''ဟဲ့ နင်က သူ့အထင်ကြီးအောင် မူလိုက်တာပေါ့လေ''

''မဟုတ်ပါဘူး''

''ဒါဆို ဘာလို့ ဖွတ်နှင်ထုတ်နေတာလဲ''

''ရင်ခုန်နေလို့''

''ဘာ''

''ထွဋ်ခေါင်နဲ့မခံစားရတဲ့ ခံစားမှုတွေ သူနဲ့တွေ့တိုင်း ခံစားရတယ်၊ ရင်တွေခုန်သလိုလို တလှပ်လှပ်နဲ့၊ ပြီးတော့ သူ့စကားတွေကို ငါ ကြည်နူးမိတယ်''

''အမယ်လေး မိန်းမ သူ့ရှေ့မှာတော့ အထာကြီးနဲ့မူနေပြီးတော့ အခု ရင်ဘတ်ထဲရှိတာ အကုန်ပွင့်အံထွက်လို့ပါလား''

''ဒါပေမဲ့ ငါသူ့ကိုချစ်လို့မရဘူး''

''ဘယ်လိုဖြစ်ရပြန်တာလဲ မိန်းမ''

''ခေါင် ပြုပြင်ပြောင်းလဲလာမယ်ဆိုရင် ခေါင်ကိုငါ လက်ထပ်ရမှာလေ၊ ခေါင် အနေစိမ်းလို့ ဝေးနေတာပါ၊ တို့တွေသံယောဇဉ်က သူ့အချစ်ထက်ခိုင်မာနေပြီးသား၊ လူကြီးတွေကိုပေးထားတဲ့ကတိကလည်း ရှိသေးတယ်''

မုဒြာ လေးလေးနက်နက် ပြောနေတာမို့ မင်းသဝဏ်အတွက် နွယ်နွယ် စိတ်မကောင်းဖြစ်သွားသည်။ မုဒြာက ရင်ထဲကခံစားချက်ကို သိုဝှက်ပြီး အပြင်မှာမပေါ်အောင် နေတတ်သူပါ။

''မုဒြာ''





''ဘာလဲ''

''ခေါင်နဲ့လက်ထပ်ရမှာ နင်နောင်တမရဘူးလား''

''ငါ နောင်တရမှာစိုးလို့ အဖြေမပေးသေးဘဲ ပြောင်းလဲလာမလားမျှော်လင့်နေတာပေါ့ဟယ်၊ ခေါင် ငါ့အပေါ်ကောင်းခဲ့တာတွေလည်း ရှိပါတယ်၊ နင်တို့ငါ့အနားမှာမရှိတဲ့အချိန်တွေမှာ ငါ့အနားမှာခေါင် နေခဲ့တာပဲ၊ ငါ သွားချင်တဲ့နေရာတွေလိုက်ပို့တယ်၊ ငါကြည့်ချင်တဲ့ရုပ်ရှင်လိုက်ပြတယ်၊ စာကျက်ရလို့ ရုပ်ရှင်မကြည့်နိုင် အိပ်ငိုက်နေတတ်တာ သူ့ရဲ့ပေးဆပ်မှုတွေပဲမဟုတ်လား''

''အေး နင်ကတော့ ခေါင်ကိုဆိုရင် ဘယ်လိုအကောင်းမြင်ရလဲပဲ တွေးနေ''

''နာစရာတွေရှိပေမယ့် ကောင်းတာလေးတွေနဲ့ဖြေပေးရတာပေါ့ဟယ်၊ ငါလိုအပ်တဲ့အချိန်တွေမှာ ခေါင်ရှိနေပေးခဲ့ဖူးတာပဲ''

''အေးလေ ဒါကတော့ နင့်ဆုံးဖြတ်ချက်နဲ့နင်ပါ၊ ဒါပေမဲ့ မင်းသဝဏ်အချစ်က လေးနက်တယ်နော်၊ နင့်အပေါ်မှာလည်း တန်ဖိုးထားတယ်လို့ ငါထင်တယ်''

''ဟုတ်မှာပါ''

မယုံမရဲပြောလိုက်မိခြင်းမဟုတ်။ အသေအချာကို သိနေတာပါ။ မင်းသဝဏ်ရဲ့မျက်လုံးတွေက ဝန်ခံနေတာပဲ။

သူမ ယုံကြည်ပါသည်။ သူမကို မင်းသဝဏ် လေးလေးနက်နက် တန်ဖိုးထားပြီး ချစ်သည်ဆိုတာ။

ဒါပေမဲ့ ခေါင်က သူ့အရင်နေရာ ရထားခဲ့သည်မဟုတ်လား။

တစ်နေ့နေ့ ရှင်နားလည်လာအောင်တော့ . . .။

■ ■ ■

www.burmeseclassic.com

## အခန်း (၂၂)

"မုဒြာ လာတယ်၊ မြေးလေး ထွက်ခဲ့ပါဦး"

စာကျက်နေရာမှ အဘွားအခန်းတံခါးခေါက်ပြီး လာခေါ်တာကြောင့် ထွက်လာခဲ့ရသည်။ မုဒြာက ဧည့်ခန်းထဲမှာ သူ့ကိုထိုင်စောင့်နေဟန်ရှိသည်။

"ဘာလာလုပ်တာလဲ"

"နင်နဲ့မတွေ့တာ ကြာလို့ပေါ့ဟယ်၊ နင်ကလည်း လာလိုက်ရင် အိမ်မှာမရှိဘူး။ ရှိတော့လည်း အပြင်မထွက်ဘူး၊ ဘာတွေများ ဒီလောက်အလုပ်ရှုပ်နေတာလဲ"

"ဘွဲ့လွန်တက်ဖို့အတွက် ပြင်ဆင်နေတာ၊ နင့်လိုအားနေတာ မဟုတ်ဘူး"

"ပြောပုံကိုက"

သက်သောင့်သက်သာမရှိသော စကားလုံးတွေက အရင်အ





တိုင်းပဲဆိုပေမယ့် အခုတစ်ခါ ရင်မှာအောင့်မျက်သွားစေသည်။ ပြောင်းလဲပေးဖို့ ပွင့်လင်းစွာတောင်းဆိုထားတာပဲမဟုတ်လား။

သူမစိတ်ထဲလည်း မကြည်မလင်ဖြစ်နေတာမို့

"ငါလာတာ နင့်အတွက်အနှောင့်အယှက်ဖြစ်လို့ အဲဒီလေသံနဲ့ ပြောတာလား ခေါင်"

"နင်ရော ငါ့ကိုအလေးအနက်ရှိလို့လား မုဒြာ၊ ငါ လက်ထပ်ဖို့ပြောတာတောင် နင်ငြင်းနေတာပဲ"

"အဲဒီငြင်းရတဲ့အကြောင်းအရင်းကို နင့်ကိုပြောပြီးသားလေ၊ နင်နည်းနည်းလောက် ပြုပြင်ပြောင်းလဲလိုက်မယ်ဆိုရင် ငါတို့ကြားမှာ အဆင်မပြေစရာအကြောင်းမရှိဘူးနော်"

"ငါအခု နင့်စကားနားထောင်ပြီး ပြောင်းလဲလိုက်ရင် မိန်းမတစ်ယောက်ကို ငါတစ်သက်လုံး အောက်ကျို့ခံနေရမှာပေါ့၊ အဲဒါမျိုးတော့ အဖြစ်မခံနိုင်ဘူး"

"ငါပြောနေတာက နင့်ကိုအောက်ကျို့ခံခိုင်းနေတာ မဟုတ်ပါဘူး။ ချစ်တယ်လို့ပြောထားတဲ့လူတစ်ယောက်ဆီက ချစ်သူတစ်ယောက်လို ဆက်ဆံခံချင်တာပါ၊ ကြင်ကြင်နာနာ နွေးနွေးထွေးထွေး ရင်ခုန်အောင် ဆွဲဆောင်စေချင်တာပါ"

"ဟား အရမ်းကိုအနုပညာဆန်နေတော့တာပါလား မုဒြာရယ်၊ နင်ရုပ်ရှင်ရိုက်ပါလား။ အချစ်ဒရမ်မာကားလေ၊ နင် အကယ်ဒမီရမှာ သေချာတယ်"

လှောင်ပြောင်ခံရခြင်းအတွက် ရင်မှာရှက်စိတ်ဖြင့် ခံရခက်သွားခဲ့သည်။ ဟိုတစ်ယောက်ရဲ့နူးညံ့သောချစ်စကားတွေနှင့်တော့ တခြားစီပင်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်ဘာတွေဘဝင်မြင့်နေတာလဲ ခေါင်၊ ဆရာဝန်တစ်ယောက်အနေနဲ့ အားလုံးရဲ့ဦးစားပေးခံရလို့ ဘဝင်မြင့်သွားတာလား၊ ဒါမှမဟုတ် ဒီအခြေအနေနဲ့ နေနိုင်တာကို အောက်ခြေလွတ်သွားတာလား"

"နှင် ငါ့ကိုနှိမ့်ချပြီး ဘဝဟောင်းကို မမေ့နဲ့လို့ သတိပေးတာလား။ ငါ အရင်ဘဝအခြေအနေကတည်းက နှင့်ကိုဒီလိုဆက်ဆံလာတာပါ။ နှင်ကသာ ဟိုမင်းသဝဏ်ဆိုတဲ့ကောင်ကြောင့် မဟုတ်တာတွေကို တောင့်တနေတာ"

"နှင်အဲလိုမပြောနဲ့ ခေါင်၊ ငါသူ့ကို စိတ်ကူးတောင်မယဉ်သေးဘူး။ ငါလိုချင်တာ နှင့်ဆီကတောင်းနေတာ၊ နှစ်ဦးနှစ်ဖက်အဆင်ပြေဖို့ ညှိနှိုင်းနေတာ"

"ငါ မိန်းမတစ်ယောက်ရဲ့ဩဇာခံနာခံရတဲ့ လူတစ်ယောက်မဖြစ်ချင်ဘူး မုဒြာ၊ အိမ်ထောင်ဦးစီးရဲ့အမိန့်ကို နာခံမယ့် မိန်းမမျိုး ဥပမာ နှင်က ငါနိုင်သမျှ သည်းခံနိုင်တယ်လေ၊ အဲဒါကြောင့် ငါလက်ထပ်ချင်တာ"

"ဘာ"

"အဲလိုနေခဲ့တဲ့သူက အခုမှ ငါ့ကိုဘာတွေတောင်းဆိုနေတာလဲ မုဒြာ၊ နှင် ငါ့ကိုစိတ်ပျက်အောင်လုပ်နေတာပဲ"

"ခေါင်"

"နိုင်းယှဉ်စရာရှိလို့ နှင် ဒီလိုတွေဖြစ်နေတယ်ဆိုတာ ငါသိတယ် အဲဒါကြောင့် နှင့်ကိုပိုပြီးမကျေနပ်တာ မုဒြာ၊ ပြောင်းလဲခြင်း။ ပြောင်းလဲရင် နှင်ပဲပြောင်းလဲရမှာ၊ နှင် အရင်လိုပဲနေပါလား ဟင် မုဒြာ"

"နှင်အရမ်းအတ္တကြီးတာပဲ ခေါင်"





သူမ ဒါပဲပြောနိုင်သည်။ တကယ်ကို ဘာပြောရမှန်းမသိတော့လို့ပါ။ သူလိုချင်တာ သူဖြစ်ချင်တာပဲပြောနေတာ မဟုတ်ပါလား။

"ငါပြောတဲ့နည်းလမ်းကလည်း အဆင်ပြေနိုင်တာပဲမဟုတ်လား မုဒြာ၊ ညှိနှိုင်းမယ်ဆိုရင် နှစ်ဦးနှစ်ဖက် ဖြစ်သင့်တာပဲလုပ်ရမှာပေါ့။ အရင်အတိုင်းပဲလေ ထူးပြီးပြောင်းလဲစရာလည်း မလိုဘူး"

"နှင်ဘာလို့ ငါ့ကိုအလျှော့မပေးချင်ရတာလဲ ခေါင်၊ ငါ့ကိုပျော့ပျော့ပျောင်းပျောင်း ညင်ညင်သာသာ ဆက်ဆံဖို့ အဲလောက်တောင်ခက်ခဲနေလား နှင်ငါ့ကိုချစ်တယ်ဆို"

"ချစ်လို့ ဒီလောက်ညှိနှိုင်းနေတာ မုဒြာ၊ အရင်စိတ်နဲ့သာဆိုရင် နှင့်ကိုခေါက်ထားလိုက်တာကြာပြီ၊ ငါ အဲလောက် အာရုံနောက်မခံဘူး"

"ဆရာဝန်ဖြစ်ပြီး မသိမ်မွေ့လိုက်တာ ခေါင်ရယ်၊ နှင် သိပ်ကိုလွန်တယ်၊ နှင်ဖြစ်ချင်တဲ့ နှင့်အတ္တတစ်ခုပဲကြည့်နေတယ်၊ နှင် ငါ့ဆန္ဒကိုလိုက်လျောရလို့ ဘာတွေပွန်းပဲ့သွားမှာမို့လဲ၊ နှင့်ဂုဏ်သိက္ခာတွေ မာနတွေထိခိုက်သွားမှာမို့လား"

"ဒီနေ့လည်း နှင်နဲ့စကားပြောရတာ အဆင်မပြေဘူး၊ နှင်ပြန်တော့ မုဒြာ"

"ဘာ ခေါင်"

ဒီက စကားဆုံးအောင်မပြောရသေးခင် ထွဋ်ခေါင်က အရင်ဆုံး သူ့အခန်းထဲ ပြန်ဝင်သွားသည်။ သူမ ဆတ်ဆတ်တုန်အောင် ဒေါသဖြစ်သွား၏။ အဘွားကိုနှုတ်မဆက်မိဘဲ ထွဋ်ခေါင်တို့အိမ်ထဲကနေ သူမ ပြေးထွက်လာခဲ့သည်။

ခေါင်ကို သူမ တဖြည်းဖြည်း စိတ်နာလာခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူမတို့အိမ်ရဲ့ခပ်လှမ်းလှမ်းမှာ မင်းသဝဏ်ရဲ့ကားလေးရပ်ထားတာမြင်လိုက်ရတာမို့ သူမ အံ့ဩသွားရသည်။ မင်းသဝဏ်ကားထဲမှာရှိနေလေသလား။

တခြားနေရာကနေ သူမကိုကြည့်နေလေသလား။ သူမဘယ်မှလှည့်မကြည့်တော့ဘဲ ခပ်စိုက်စိုက်ပင်လာခဲ့သည်။

"မုဒြာ"

"အမလေး"

အနားကပ်ခေါ်လိုက်သံကြောင့် သူမ လန့်ဖျပ်သွားကာ ရင်ဘတ်လေးကိုဖိထားလိုက်ရသည်။ မင်းသဝဏ်မျက်နှာက ပြုံးမြမြနှင့်ပါ။

"ရှင်ဘာလို့ ဒီအထိလိုက်လာရတာလဲ မင်းသဝဏ်၊ ပတ်ဝန်းကျင်က ဘယ်လိုထင်ကြမလဲ"

"မင်းကိုတွေ့ခေါင်နဲ့စိတ်မချလို့ပါ၊ အခု အဲဒီအိမ်ကပြန်လာတာမဟုတ်လား"

"သူနဲ့ပတ်သက်တာပဲ သူ့အိမ်သွားတာပေါ့ အဲဒါဘာဖြစ်လဲ"

"မင်းတို့ချစ်သူမဟုတ်ဘူးဆို၊ ဘာလို့ သူ့ကိုသွားတွေ့နေတာလဲ အဲဒါကျတော့ မိန်းကလေးတစ်ယောက်အနေနဲ့ သိက္ခာကျမှာမကြောက်ဘူးလား"

"အဲဒါ မုဒြာတို့ကိစ္စပါ၊ ရှင်နဲ့မဆိုင်ပါဘူး သဝဏ်"

"မင်းဘာလို့ ဒီလိုလုပ်နေတာလဲ မုဒြာ၊ မင်းအပေါ် မကောင်းတဲ့လူအပေါ် မင်းဘာလို့ သံယောဇဉ်တွယ်နေတာလဲ၊ မင်းအပေါ်





ဒီလောက်ချစ်မယ့်သူရှိနေတာကိုကွာ"

မင်းသဝဏ် စိတ်မကောင်းသလို လေသံနှင့်ပြောသည်။ သူမလည်း စိတ်မကောင်းပေ၊ မင်းသဝဏ်ကို ဒီလောက်ထိဒုက္ခမခံစေချင်ပါ။

"ရှင်ပြန်တော့ မင်းသဝဏ်၊ မုဒြာ မိဘတွေမြင်သွားရင် မကောင်းဘူး"

"ကိုယ်က ထွဋ်ခေါင်လောက် အဆင့်အတန်းမရှိလို့ နှင်ထုတ်ခံရတာလား၊ ကိုယ်က မုဒြာအတွက် ဘယ်နေရာမှအသုံးမဝင်တဲ့ကောင်လား မုဒြာရယ်"

"ရှင်ဘာမှပြောမနေပါနဲ့ ပြန်ပါတော့ သဝဏ်ရယ်၊ မေမေတို့မြင်ပြီးမေးလို့ရှိရင် မုဒြာ ဖြေရခက်နေပါဦးမယ် သွားပါတော့နော်"

လေသံပျော့ပျော့လေးနှင့်ပြောသည့်အခါမှာ မင်းသဝဏ် ခေါင်းညိတ်ကာ

"ကိုယ်ပြန်ပါမယ် မုဒြာ၊ မုဒြာ ဘာပြောပြော ကိုယ်က နားထောင်ချင်တဲ့သူပါ၊ ဒါပေမဲ့ ခါးခါးသီးသီးတော့ နှင်မလွှတ်ပါနဲ့၊ ကိုယ်ဝမ်းနည်းလို့ပါနော် မုဒြာ"

တောင်းတောင်းပန်ပန်ပြောပြီး မင်းသဝဏ် ပြန်သွားသည်။ သူ့ကားလေး အဝေးကိုရောက်သွားသည့်အခါမှာ သူမရင်ထဲ လစ်ဟာဆွေးမြေ့ကာ ကျန်ခဲ့သည်။

မုဒြာလည်း ရှင့်ကိုချစ်မိနေပြီထင်ပါတယ် မင်းသဝဏ်ရယ်"

ဒါပေမဲ့ ရှင့်ကိုမုဒြာ ချစ်လို့မဖြစ်သေးပါဘူး။ မုဒြာ သစ္စာမဲ့သူမဖြစ်ချင်ဘူး။ ကိုယ်ကအပြစ်ရှိသူ မဖြစ်ချင်ဘူး သဝဏ်။

ခဏစောင့်ပါလို့ မညည်းဆဲရက်လို့ အခုလို ခါးခါးသီးသီး ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



နေရတာပါ။ ရှင်စိတ်ကုန်သွားရင် နောက်ထပ်မလာပါနဲ့တော့။

ရှင့်ကိုမုဒြာ နားလည်ပေးနိုင်ပါတယ်။ နားလည်ပါတယ် သဝဏ်။

■ ■ ■





## အခန်း (၂၃)

"သား ဘာဖြစ်နေတာလဲ ကိုအောင် လာကြည့်ပါဦး"

ဒေါ်သက်ထား လာခေါ်တာမို့ ဦးအောင်ဘွား အိပ်ခန်းထဲက နေ ကပျာကယာ ထလိုက်လာခဲ့ရသည်။ မင်းသဝဏ်က ညေ့ခန်းဆိုဖာခုံ ရှည်ကြီးပေါ်မှာ မှောက်လျက်ထိုးလိုက် ပက်လက်လှန်လိုက် ဖောက်ထိုးကြီးနေလိုက် ငုတ်တုတ်ထိုင်လိုက် ဘာတွေဂနာမငြိမ်ဖြစ်နေသည်မသိပါ။ ဆံပင်တွေဖွထားတာလည်း ခေါင်းတစ်ခေါင်းလုံး ပွထနေသည်။

နောက်တစ်ကြိမ်လည်း ထိုသို့ပဲလုပ်ပြန်၏။ ထရပ်ကာ လမ်းလျှောက်တော့ ချောင်းကြည့်နေရင်းက လင်မယားနှစ်ယောက် ပြေးပေါက်များမတတ်ဖြစ်ရသေးသည်။

ဘာဖြစ်တာလဲလို့ သွားမေးရမလား၊ ကိုယ့်အခန်းကိုယ်ပြန်နေရမလား ဝေခွဲလို့ပင်မရပါ။

"ထား အခန်းထဲသွားနေပါလား"

"ကို ကိုအောင်က ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားချင်းဆိုတာ သူရင်ဖွင့်ချင်တာရှိရင် ပွင့်ပွင့်လင်း လင်းရင်ဖွင့်လို့ရအောင်ပေါ့"

"ကိုအောင်ရယ် ကိုအောင်ကို သားကကြည်ဖြူတာလည်း မဟုတ်ဘဲနဲ့ ပိုပေါက်ကွဲပြီး ပြဿနာတွေတက်နေပါဦးမယ်"

"သူပေါက်ကွဲတော့လည်း ပေါ့သွားတာပေါ့ကွာ၊ အခုလိုနေတာ က မရှုနိုင်မကယ်နိုင်နဲ့ ဒုက္ခရောက်သွားလိမ့်မယ်"

"ဖြစ်ပါ့မလား"

"သွားပါကွာ"

ဒေါ်သက်ထားကို အပေါ်ထပ်အခန်းထိ လိုက်ပို့ပြီးမှ ညှော်ခန်း ထဲကို ပြန်ဆင်းလာခဲ့သည်။ အခုချိန်ထိ မင်းသဝဏ် ဂနာမငြိမ်သေးပါ။

"သဝဏ်"

"ဗျော် အန်ကယ်"

အသံကြား၍ ဆိုဖာပေါ်မျက်နှာမှောက်နေလျက်က မင်းသဝဏ် ခေါင်းခေါက်လျက် ဆိုဖာခုံကိုမှီ၍ ထိုင်သည်။

"မင်းဒီနေ့ အပြင်ကပြန်လာတည်းက ဘယ်လိုဖြစ်နေတာလဲ၊ အဖော်မရှိလို့လား။ မင်းအမေကို ခေါ်ပေးရမလား"

"မခေါ်ပါနဲ့၊ ကျွန်တော်တစ်ယောက်တည်းနေချင်လို့ပါ"

"မင်းအဖော်လိုနေတာပါ၊ ရင်ဖွင့်ချင်တာတွေ နားထောင်ပေး မယ့် အဖော်လေ ဟုတ်တယ်မဟုတ်လား"

"အန်ကယ်က ဘယ်လိုလုပ်သိတာလဲ"

"ငယ်ရာက ကြီးလာတာပဲကွာ သိတာပေါ့၊ မင်းအမေကို ပိုးလို့ မရတဲ့အချိန်တွေတုန်းက ငါလည်း မင်းလိုပဲ ခံစားခဲ့ရတယ်"





"ဗျာ မေမေ့ကိုပိုးခဲ့တာ ဘယ်အချိန်တုန်းကလဲ"

"ကျောင်းတုန်းကပေါ့၊ ကျောင်းတော်ကဓာတ်လမ်းပါ၊ ငယ်ရွယ် သေးတော့ တော်တော်အထိနာခဲ့တယ်"

"ဗျော်"

ကိုယ်က ဝမ်းနည်းပေးရဦးမလိုပင်။ ကိုယ့်အမေကို လူပျိုတည်း က ပိုးခဲ့တာဆိုတော့ စိတ်ထဲတစ်မျိုးကြီးပါ။

"သဝဏ် မုဒြာနဲ့တွေ့လာခဲ့တာလား"

"အင်း အန်ကယ့်သားနဲ့ချစ်သူတွေမဟုတ်သေးဘူးဆိုတာ တကယ်ရောဟုတ်ရဲ့လား"

"သူတို့ကိုယ်တိုင် ပြောတာပါ၊ သားရော မုဒြာရော အဖြေ မပေးရသေးဘူး ချစ်သူတွေမဟုတ်ကြဘူးတဲ့ ဘာဖြစ်လို့လဲ"

"မုဒြာက ထွဋ်ခေါင်ကိုပဲလက်ထပ်မယ်ပြောနေတယ်၊ ကျွန်တော့် ကို ကြိုးစားခွင့်တောင်မပေးဘူး"

"ဟင် အဲဒါ မင်းအညာခံရပြီ"

"ဗျာ"

"မင်းတကယ်ထင်ပြီး နောက်ဆုတ်ရင် မင်းရှုံးမှာပေါ့"

မခံချင်အောင် ဆွလိုက်သည့်စကားကြောင့် သူ အံ့သြသွားရ သည်။ မြှောက်ပင့်ပေးလိုတာ သားနှင့်ရန်တိုက်ပေးသည့်သဘောလား။

"အန်ကယ် ကျွန်တော့်ကိုမြှောက်ပင့်ပေးနေတာလား၊ ထွဋ်ခေါင် နဲ့ရန်တိုက်ပေးတာလား။ ဘယ်သူ့ကိုနိုင်စေချင်တာလဲ"

"မရှုံးတဲ့သူက နိုင်မှာပဲ၊ ကိုယ့်ကြိုးစားမှုရလဒ်အပေါ်မှာ မူတည် တယ်လေ၊ အန်ကယ့်အနေနဲ့ကတော့ ထွဋ်ခေါင်ရော သဝဏ်ရော



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ့်သားတွေလို့ သတ်မှတ်ထားတယ်''

''ဟင် ဗျာ''

ဒီလိုပြောလိုက်သည့်အတွက် သူ နည်းနည်းရှက်သွားမိသည်။ ကိုယ်က တစ်ဖက်သတ်တစ်ချိန်လုံး တိုက်ခိုက်နေခဲ့တာပါ။

ဒါကို စိတ်နာမနေတာ တကယ်ပဲမေတ္တာမှန်ခဲ့တာကြောင့်လား။

''ကျွန်တော် လွန်ခဲ့တာတွေရှိပါတယ်၊ အဲဒါတွေအတွက်''

''မိဘတွေအပေါ် သားသမီးဆိုးတယ်ဆိုတာ ဓမ္မတာပါ၊ အဲဒါကို စိတ်နာကြည်းနေလို့ဖြစ်ပါ့မလား။ ကဲ အဖေတစ်ယောက်လိုပဲ သဘောထားထား၊ ဦးလေးလိုပဲဖြစ်ဖြစ် ယောကျ်ားအချင်းချင်း ရင်ဖွင့်ချင်ရင်လည်း ပွင့်ပွင့်လင်းလင်းပေါ့ကွာ၊ မင်းအခု ဘာဖြစ်နေတာလဲ''

''ဟို ကျွန်တော်''

''မင်းသူငယ်ချင်းလို့ သဘောထားကွာ ကဲပြော''

''ကျွန်တော် မုဒြာကိုချစ်တယ်၊ ဒါပေမဲ့ မုဒြာက စည်းတွေတားနေတယ်၊ ဘောင်မကျော်စေချင်တာ ဘာကြောင့်လဲ ထွဋ်ခေါင်နဲ့တကယ်ပဲ လက်ထပ်ချင်လို့လား''

''အဲဒါနဲ့ မင်းစိတ်လျှော့မှာလား နောက်ဆုတ်မှာလား''

''ကျွန်တော် အဲလိုတော့ လုပ်နိုင်မှာမဟုတ်ဘူး''

''ဒါဆို ကြိုးစားပေါ့ကွ၊ ထွဋ်ခေါင် ဘာလို့ မုဒြာအချစ်ကို မရလဲ သိလား''

''ဟင့်အင်း''

''မကြိုးစားလို့ပဲ၊ သူက မုဒြာ့အချစ်ကို သက်သောင့်သက်သာလေးရချင်တာ၊ မပေးဘဲနဲ့ ရပြီထင်နေတာ၊ အရင်းအနှီးမရှိဘဲ အကျိုး





အမြတ်မရနိုင်ဘူးဆိုတာ စီးပွားရေးသမားမဟုတ်တော့ မသိဘူး၊ ရင်းနှီးပေးဆပ်မှုသာရှိရင် အကျိုးအမြတ်မရဘဲနေပါ့မလား''

''အဲဒါက''

''အချစ်နဲ့စီးပွားရေးအတူတူပဲ၊ ငွေလိုချင်ရင် ပစ္စည်းပေးရတယ် မေတ္တာလိုချင် မေတ္တာပေးရတယ်၊ ဘာမှမပေးချင်ရင် ဘာမှရမှာမဟုတ်ဘူး''

''ထွဋ်ခေါင်ကို ဘာလို့ အဲဒီစကားတွေ မပြောခဲ့တာလဲ''

''ပြောတယ်မရဘူး၊ သူက သူ့ကိုယ်သူပဲချစ်ပြီး သူ့အတွက်သူပဲကြိုးစားနေတာ၊ တစ်ဖက်စွန်းရောက်နေတဲ့သူက သူများအတွက် တွေးမပေးတတ်ဘူးဆိုတာ အမှန်ပဲ၊ အန်ကယ့်အနေနဲ့တော့ မုဒြာမှာအပြစ်မရှိဘူးလို့ ထင်တယ်''

''ဒီလိုတွေဖြစ်လို့ စိတ်ဓာတ်ကျပြီး ထွဋ်ခေါင် စာမေးပွဲမဖြေနိုင်အောင် စိတ်ထိခိုက်သွားပါဦးမယ်''

''ထွဋ်ခေါင် အဲလောက် မပျော့ညံ့ဘူး၊ အဲဒါကြောင့်လည်း သူ့အဘွားနဲ့တစ်ယောက်တည်း ထားခဲ့တာပေါ့၊ သားခေါင်က အရမ်းကိုမာကြောတယ်၊ အန်ကယ်မလာလို့လည်း သူ တွေးမပူဘူး၊ သူဖြစ်ချင်တဲ့ပညာရေးကိုပဲ အာရုံရောက်တယ်၊ အခုချိန်ထိ ဘယ်အရာကမှ သူ့ပညာရေးလောက်အရေးမကြီးဘူး''

ဦးအောင်ဘွား ရှင်းပြနေတာ ဘယ်သူ့အတွက်ဆိုတာ သူ သေချာနားမလည်ပေ။ ထွဋ်ခေါင်ကို နှိမ့်ချင်လို့ ဒီစကားတွေလာပြောနေတာလား။ သားအရင်းမို့ ရှုတ်ချချင်တာတော့ ဟုတ်မှာမဟုတ်ပေ။

ဒါဆို သူ့ကိုရော ဘာလို့မြှောက်ပင့်ပေးနေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"သဝဏ် မင်းဘာတွေတွေးနေတာလဲ၊ အန်ကယ့်ကိုတစ်မျိုး ထင်နေတယ်ထင်တယ်၊ သားဘက်မလိုက်လို့ မင်းသံသယဝင်နေတာ လား"

"ဟုတ် ဟုတ်ကဲ့"

ပွင့်လင်းစွာဝန်ခံလိုက်သည့်အတွက် ဦးအောင်ဘွား ပြုံးမိသည်။

"အန်ကယ့်သားကို အန်ကယ်ချစ်ပါတယ်၊ သူ့အတွက် တာဝန် ကျေချင်လို့ ထားအလုပ်တွေကို ဝန်ထမ်းတွေနဲ့အတူ ကြိုးကြိုးစားစား လုပ်ခဲ့တယ်၊ ကိုယ်မရောက်ခင်ကအချိန်တွေထက် အောင်မြင်တိုးတက် စေချင်လို့ တခြားမှာလေ့လာပြီး ပညာတွေသင်ခဲ့တယ်၊ ဒါကြောင့်လည်း ထားက အန်ကယ့်စေတနာတွေ အသိအမှတ်ပြုပြီး သားကိုထောက်ပံ့ ခဲ့တာပေါ့"

"မေမေ ပြောပါတယ်"

"အဲဒါ ထားပါ၊ ဒီကိစ္စရှင်းပြတယ်ဆိုတာ မင်းအထင်မလွဲ အောင်လို့ မဟုတ်ပါဘူး၊ သားအပေါ်မှာတာဝန်ကျေခဲ့တယ်ဆိုတာ သိစေ ချင်လို့ပါ၊ အခုဟာက အချစ်ရေးဖြစ်နေတယ်၊ အရင်တည်းက မုဒြာလေး နဲ့သဘောတူခဲ့တာ၊ တခြားအပေါင်းအဖော်သိပ်မရှိတော့ သူတို့နှစ်ယောက် သံယောဇဉ်ကြီးခဲ့ကြတယ်၊ အဲဒီအချိန်တွေမှာ အန်ကယ်တို့က စီးပွားရေး သိပ်အဆင်ပြေကြီးမဟုတ်ခဲ့ပေမယ့် မုဒြာ မိဘတွေကလည်း အဆင့် အတန်း မခွဲခြားခဲ့ဘူး"

"မုဒြာ မိဘတွေက သဘောကောင်းလား"

"အင်း သဘောကောင်းတယ်ဆိုတာထက် သဘောထားပြည့်ဝ တယ်ပြောရမှာပေါ့၊ စိတ်ဓာတ်ပြည့်တယ်၊ အဆင့်အတန်းဂုဏ်ဒြပ်ရှိတယ်၊





သားသမီးကို အမိန့်အာဏာတွေနဲ့ မချုပ်ကိုင်ဘူး၊ မေတ္တာနဲ့ပဲ ထိန်းချုပ် တယ်၊ လွတ်လပ်ခွင့်ပေးထားတယ်ဆိုပေမယ့် ကိုယ်ပိုင်အသိဉာဏ်နဲ့ ဆင်ခြင်တတ်အောင် သွန်သင်ဆုံးမထားတယ်၊ အဲဒါကြောင့် မုဒြာလေး အမျိုးသမီးကောင်းလေး ဖြစ်နေတာ"

မင်းသဝဏ် ကျေကျေနပ်နပ်ပင်ပြုံးလိုက်မိသည်။ ဒီလိုမိန်း ကလေးကို သူချစ်မိသွားလို့ပါ။ သူ လောကြီးစွာပင်

"ထွဋ်မှခေါင်နဲ့ကိစ္စက မိဘတွေကလည်း သဘောတူတယ်ဆို"

"အဲဒါက ငယ်သူငယ်ချင်းအကြောင်းသိဓာတ်သိ၊ ပြီးတော့ သားက ဆရာဝန်မဟုတ်လား၊ သင့်တော်မယ်ထင်လို့လေ၊ အန်ကယ်တို့ လူကြီးတွေဆန္ဒရှိကြတာပေါ့၊ သူတို့ကလည်းမငြင်းဘူး၊ အဲဒါကပဲ လွယ် သလိုဖြစ်သွားလို့ မုဒြာလေးကို တန်ဖိုးထားရမှန်းမသိတော့တာလား မသိတော့ပါဘူးကွာ"

ဦးအောင်ဘွားလေသံက စိတ်မကောင်းဟန်ပေါက်နေသည်။ သူလည်း မေးခွန်းတွေထုတ်ရင်းဖြင့် စောစောက ဂနာမငြိမ် မတည်ငြိမ် သောစိတ်တွေ အတန်အသင့် ကျေအေးရာတည်ငြိမ်သွားသည်ဟု ထင်မိ၏။

စကားပြောဖော်ဆိုတာ စိတ်ကိုပြောင်းလဲမှုပေးတာကတော့ အမှန်ပါ။ ဦးအောင်ဘွားနှင့် သူ ပိုပြီးရင်းနှီးလာခဲ့သလိုပင်။

"မုဒြာက တကယ်စိတ်ကုန်တာရော ဟုတ်ရဲ့လား၊ အခုထိ ထွဋ်မှခေါင်နဲ့လက်ထပ်မယ်ဆိုတာကြီးပဲ ပြောနေတယ်"

"မုဒြာက မျက်နှာမများချင်လို့ ခေါင်ကိုစိတ်ကုန်နေတာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ ခေါင်ကို နောက်ဆုံးအခြေအနေတစ်ခုအထိ မျှော်လင့် ကြည့်ချင်သေးတယ်ထင်တယ်၊ ဒါက သစ္စာမဲ့ချင်တာလား၊ သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လား၊ နှစ်ခုစလုံးလားဆိုတာမသိဘူး၊ ဘာပဲဖြစ်ဖြစ် အဲဒီတံတိုင်းကိုဖြိုဖျက်ဖို့ မင်းဖွဲ့ရှိမှ ကြိုးစားနိုင်မှဖြစ်မှာ၊ မုဒြာကို သားနှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့တော့ ရစေချင်တယ်''

ဦးအောင်ဘွား စကားကြောင့် သူ့ရင်ထဲ ရှိန်းခနဲနွေးထွေးသွားသည်။ သူ့ကိုသားတစ်ယောက်အဖြစ် သဘောထားသည်လို့ ပြောလိုက်တာပဲမဟုတ်ပါလား။ သူ့လုပ်ရပ်တွေအတွက် မျက်နှာပူအားနာမိသလိုပင်။ ဒါကို ဦးအောင်ဘွား နားလည်နေသလို သူ့ပခုံးကို ဆုပ်ညှစ်အားပေးပြီး

''အတိတ်ကို မတွေးပါနဲ့၊ လူတစ်ယောက်နဲ့တစ်ယောက် ပတ်သက်ဖို့ ချစ်ခင်တွယ်တာဖို့ဆိုတာ လွယ်တာမှမဟုတ်တာ၊ ရေစက်ရှိလို့ဆုံစည်းပြီးရင် ဒီလိုပဲ နားလည်မှုနဲ့အဆင်ပြေသွားကြမှာပါ၊ မုဒြာနဲ့ကိစ္စလည်း စိတ်မလျှော့ပါနဲ့ကွာ''

''ဟုတ်ကဲ့''

အားပေးမှုကြောင့် စိတ်သက်သာရာရသွားသည်။ အဖေတစ်ယောက်လို ခံစားမှုနှင့် နွေးထွေးနေခဲ့သည်မဟုတ်လား။

မုဒြာ မင်းကိုချစ်ဖို့ ကိုယ်အားတွေပိုရှိလာပြီ။ ကိုယ့်ကို အားပေးမယ့်သူတွေရှိလို့လေ။

သနားသဖြင့် ပိုင်ဆိုင်ခွင့်ပေးပါ မုဒြာ။

■ ■ ■



## အခန်း (၂၄)

''မုဒြာ သမီးနဲ့ရပ်စကားပြောနေတယ်ဆိုတဲ့ ကောင်လေးက ဘယ်သူလဲ''

''ရှင်''

အိမ်ထဲကတစ်ယောက်ယောက်မြင်လို့ သတင်းပေးလိုက်ပြီဆိုတာ သူမ သိလိုက်သည်။ မေမေက အမေးအမြန်းထူသူတော့ မဟုတ်ပါ။

ခေါင်မဟုတ်သော တခြားသူစိမ်းယောကျ်ားလေးမို့ ဘယ်လိုပတ်သက်တာလဲ စိတ်ဝင်စားကာ သိချင်နေတာဖြစ်မည်။ မေမေ့အနားစွန့်မပျက် ဝင်ထိုင်လိုက်ကာ

''အသိယောကျ်ားလေးတစ်ယောက်ပါ မေမေ၊ ခေါင်တို့အိမ်ကပြန်တွေ့လို့ စကားပြောနေတာပါ''

''အသိဆိုတာဘယ်လိုပတ်သက်မှုမျိုးလဲ ရိုးရိုးသားသားဆိုရင် ဒီနားမှာ ကားရပ်ပြီးလာစောင့်နေတာမျိုး လုပ်မှာမဟုတ်ဘူးနော်၊ သိတယ်မဟုတ်လား သမီး''



www.burmeseclassic.com

www.burmeseclassic.com



"ဟို"

မုဒြာ ဘာပြောရမှန်းမသိပေ။ တစ်ယောက်ယောက်က အသေ

အချာမြင်ထားလို့ မေမေ အတိအကျ သိနေတာပါ။

"ဘာတွေဖုံးကွယ်ချင်နေတာလဲ သမီး၊ ခေါင်နဲ့ပတ်သက်ပြီး

ပွင့်လင်းလို့ မေမေက ယုံကြည်နေခဲ့တာနော်"

"အဲလိုမဟုတ်ပါဘူးမေမေ၊ ဖုံးကွယ်တယ်ဆိုတာ သက်ဆိုင်

ပတ်သက်မှုမရှိသေးလို့ပါ"

"ဒါဆို နောက်ရော ပတ်သက်လာနိုင်သလား"

"အဲဒါလည်း မသိသေးပါဘူး"

"စကားကိုရှင်းအောင်ပြော သမီး၊ မေမေနားလည်အောင်

ပြော"

"သူ သူ မုဒြာကို ပရိုပို့စ်လုပ်ထားတယ် မေမေ"

"သမီးသဘောက"

"ခေါင် အပြောင်းအလဲကို မျှော်လင့်နေတာပါ၊ ခေါင်ပြောင်း

မယ်ဆိုရင် သူ့ကိုအဖြေမပေးပါဘူး"

"မပေးပါဘူးဆိုတဲ့စကားက ပေးတော့ပေးချင်တယ်ဆို

အဓိပ္ပာယ်လည်း သက်ရောက်နေတယ်၊ သမီးအဖြေက မပြတ်သား

"မုဒြာ သူ့ကိုရင်ခုန်ပါတယ်"

"ဘာ"

"ခေါင် မပေးတာတွေ သူကပေးနိုင်တယ်မေမေ၊ ခေါင် တ

မထားတာကို သူကတန်ဖိုးထားတယ်၊ ခေါင့်ဆီကမျှော်လင့်တာတွေ သူ

မှာရှိနေတယ်"





"အဲဒါကြောင့် ခေါင်ကို အဖြေမပေးဘဲ စဉ်းစားဦးမယ်ဆိုပြီး

တွေဝေသွားတာလား"

"ဟင့်အင်း သူနဲ့မတွေ့ခင်တည်းက ခေါင်ကို မယုံရဲဖြစ်သွားတာ

ပါ၊ ခေါင်က အရင်ကလိုပဲ အနိုင်ယူချင်တယ်၊ မုဒြာကိုလည်း အရင်ကလို

ပဲ သူ့အပေါ်အလျှော့ပေးစေချင်တယ် လိုက်လျောစေချင်တယ်၊ ချစ်သူ

ဘဝရဲ့ကြည်နူးမှု အိမ်ထောင်သည်ဘဝရဲ့သာယာမှု ဘယ်မှာရှာရမလဲ၊

သူ့အတွက် ကလေးတွေမွေးပေး၊ ဝေယျာဝစ္စတွေလုပ်ပေးရမှာပဲ အဖတ်

တင်သွားမယ်၊ ပျော်ရွှင်မှု သာယာမှု ဘာမှရှိမှာမဟုတ်ဘူး မေမေ"

သမီးရဲ့ရင်ဖွင့်စကားတွေအတွက် ဒေါ်ဝတ်ရည် အလေးအနက်

တွေးနေမိသည်။ ခေါင်နှင့်ပတ်သက်သည့်ကိစ္စတွေမှာ သမီးစိတ်မချမ်းမြေ့

တာ သိနေရသည်။ ကိုယ်တွေကလည်း သမီးဆန္ဒအတိုင်း လွှတ်ပေးထား

တာပါ။ ပစ်စလက်ခတ် ဥပေက္ခာပြုထားတာတော့ မဟုတ်ပေ။

"ခုနကောင်လေးကို ရွေးချယ်ရင်တော့ သမီးစိတ်ချမ်းသာမယ်

လို့ ထင်သလား"

"သူ့ကြောင့်တော့ ရင်ခုန်ရတယ်၊ စိတ်လှုပ်ရှားရတယ်၊ ပျော်ရွှင်

ကြည်နူးရပါတယ် မေမေ"

"ဒါဆို သူ့ကိုဘာလို့ လက်မခံသေးတာလဲ"

"မုဒြာမျက်နှာများတာမျိုး သစ္စာမဲ့တာမျိုး မဖြစ်ချင်ဘူး မေမေ၊

အားလုံးသိနေတာက ခေါင်နဲ့ပဲလေ၊ တတွဲတွဲနဲ့တစ်နေ့ လက်ထပ်ဖြစ်မယ်

ထင်နေကြတာ၊ အဲဒါကြောင့် အဲဒီအရာတွေ ခေါင်ဆီကရရင် ခေါင်ကို

ပဲ လက်ထပ်မှာပါ"

"သမီးရဲ့ထိန်းသိမ်းမှုလေးကို မေမေ သဘောကျပါတယ် သမီး



www.burmeseclassic.com

www.burmeseclassic.com



က အားလုံးရဲ့ဂုဏ်သိက္ခာအတွက် နှလုံးသားကိုထိန်းချုပ်ထားတာပဲ၊ မေမေ ချီးကျူးပါတယ် သမီး၊ ဒါပေမဲ့ ခေါင်ကိုမျှော်လင့်ဦးမယ်ဆိုရင် ဒီတစ်ယောက်ကို ပြတ်သားသင့်တယ်လေ၊ လှေနံနှစ်ဖက်နင်းသလို ဖြစ်နေရင်တော့ မေမေ ခွင့်မလွှတ်ဘူးနော်''

''သူ သူ့ကို ခေါင်နဲ့လက်ထပ်မယ်ဆိုတဲ့အထိ ပြတ်ပြတ်သားသား ပြောထားပါတယ်၊ သူက နောက်မဆုတ်တာပါ''

''ဩော်''

''မုဒြာ ဘာပြောပြော သူမနာဘူး၊ ခေါင်နဲ့ပတ်သက်သမျှတွေလည်း သူသိနေတယ်၊ ချစ်သူတွေ မဖြစ်ကြသေးဘူးဆိုတာကအစပေါ့''

''ခေါင်ရော အဲဒီကိစ္စတွေ သိသလား''

မုဒြာ ခေါင်းညိတ်ပြကာ

''ထိုးကြိုးကြိတ်ကြတဲ့အထိတောင် ဖြစ်ကြသေးတယ်၊ ဒါပေမဲ့ သူက သည်းခံလိုက်တယ်၊ ခေါင်က မုဒြာတားဆီးတာ လက်မခံဘဲ မုဒြာကိုတောင်အပြစ်ပြောတယ်''

သမီးစကားတွေထဲမှာ အဖြေက ရှင်းလင်းသလောက် ရှင်းနေသည်။ ခေါင်ကို သံယောဇဉ်တွေနှင့်ခင်တွယ်ပြီး ထိုကောင်လေးကို အချစ်တွေနှင့်ငြိတွယ်သာယာနေသည်ပဲ။

''အဲဒီကောင်လေးနာမည်က ဘယ်သူတဲ့လဲ''

''မင်းသဝဏ်ပါ မေမေ၊ ငွေကြေးချမ်းသာတဲ့အသိုက်အဝန်းကပဲဖြစ်မယ်ထင်ပါတယ်၊ အရှိန်အဝါကြောင့် အစပိုင်းမှာ ဂျုတ်ဆတ်ဆတ် နိုင်ပေမယ့် မုဒြာနဲ့ပတ်သက်ရင် သူအလျှော့ပေးပြီး တန့်ဖိုးထားတာတွေက သိသာပါတယ်''





''ခေါင်မှာ အဲလိုချီးကျူးစရာတွေ သိပ်မရှိဘူးနော်''

''ရှင်''

''သမီးအပေါ် ချစ်တာကိုပြောတာပါ၊ ကိုယ့်သမီးအပေါ် ဒီလိုဆက်ဆံတာ မေမေတို့လည်း ဘယ်စိတ်ကောင်းမှာလဲ သမီး၊ ဒါပေမဲ့ သံယောဇဉ်တွေကို မပြတ်တောက်ချင်တာပါ၊ ဖြစ်နိုင်မယ်ဆိုရင် မေမေကတော့ ခေါင်ကိုမမျှော်လင့်စေချင်တော့ဘူး''

''မေမေ''

မေမေ ပြတ်သားမှုကြောင့် သူမ အံ့သြသွားရသည်။ မေမေက ခေါင်အပေါ် သံယောဇဉ်ရှိသူပါ။ သမီးအပေါ်ထားသည့်မေတ္တာကြောင့် ခေါင်အပေါ် စိမ်းသွားခဲ့တာဖြစ်မည်။ ခေါင်ကလည်း ခေါင်ပါပဲ၊ မေမေတို့ကိုလည်း အရေးတယူ တရင်းတနှီးမနေပေ။ ငယ်ငယ်တုန်းက ဟိုအိမ်ကူးလိုက် ဒီအိမ်ကူးလိုက် ပျော်ရွှင်ခဲ့ရသလောက် အခုတော့ အနေဝေးကာ သွေးအေးသွားခဲ့ကြသည်။

မေမေတို့က အရင်အတိုင်း ရှိစေချင်ပေမယ့် ခေါင်က ပညာရေးနှင့်မအားမလပ်တာတွေအကြောင်းပြပြီး စိမ်းသွားခဲ့တာဖြစ်သည်။

''သမီး သူ့ကိုတစ်ခါလောက် အိမ်ခေါ်ခဲ့ပါလား၊ မေမေ အကဲခတ်ကြည့်ရအောင်''

''ရှင် ဟို မုဒြာတို့ အဲလောက်မရင်းနှီးသေးပါဘူး မေမေ၊ မုဒြာ သူ့ကိုလုံးဝ လက်မခံရသေးပါဘူး''

''လက်ခံဖို့ စိတ်ကူးတော့ ရှိနေတယ်မဟုတ်လား''

''အဲဒါက ခုနက ပြောသလိုပဲ၊ ခေါင်ကို''

''အပင်ပန်းခံပြီးဘာလို့ မျှော်လင့်နေတော့မှာလဲ သမီး ခေါင်



www.burmeseclassic.com

www.burmeseclassic.com



ကို အပြတ်ပဲပြောလိုက်ပေါ့''

''လက်ထပ်ဖို့ကိစ္စတွေတောင် ဖြစ်ခဲ့ပြီးမှ ကောင်းပါ့မလား''

''သမီးတို့ချစ်သူရည်းစားတွေဖြစ်ပြီး ကတိသစ္စာပြုခဲ့ကြတာမို့ လို့လား။ လူသိရှင်ကြား စေ့စပ်ကြောင်းလမ်း လက်ထပ်ထားတာမျိုးလည်း မဟုတ်တာနဲ့ သမီးဘာကိုကြောက်လန့်နေတာလဲ၊ ကိုယ့်အပေါ် တစ်သက် လုံးအနိုင်ယူမယ့်ယောကျ်ားနဲ့ ဝေးရမှာ ဘာဝမ်းနည်းစရာလိုလို့လဲ သမီး အခုချိန်ထိရော သမီးမျှော်လင့်ထားသလို ဖြစ်လာလိမ့်မယ်လို့ ထင်နေ သေးလား''

ယောင်ယမ်းကာ ခေါင်းရမ်းလိုက်ခြင်းမဟုတ်၊ စိတ်လျှော့စိတ် ကုန်စွာ ခေါင်းရမ်းခါလိုက်မိခြင်းပါ။

''မုဒြာ အကြိမ်ကြိမ်ညှိနှိုင်းပြီးပါပြီ ဒါပေမဲ့ ခေါင်က သူ့အတွက် သူပဲတွေးပြီး ခေါင်းမာတယ် မာနနဲ့တင်းခံနေတယ်၊ ဒါပေမဲ့ မုဒြာကို မချစ်လို့တော့ မဟုတ်လောက်ပါဘူး''

''ချစ်တယ်ဆိုတာ ဘယ်လိုမျိုးလဲ သမီးသိလို့လား၊ အနိုင်ယူ တတ်တာ အချစ်မဟုတ်ဘူး၊ သဝန်တိုတိုင်းလည်း အချစ်မဟုတ်ဘူး သမီး၊ အချစ်ကနူးညံ့တယ် သိမ်မွေ့တယ် လိုအပ်တာကိုဖြည့်ဆည်းချင် တဲ့စိတ်မျိုးရှိတယ်၊ ပေးဆပ်မှုရှိတာလည်း အချစ်စစ်ပဲ၊ အဲဒါမျိုးတွေ မင်းသဝဏ်မှာရှိနေလား၊ ခေါင်ဆီကရနိုင်သလားဆိုတာ သမီးပဲအသိဆုံး ဖြစ်ပါလိမ့်မယ်၊ အိမ်ထောင်ရေးကို အသိစိတ်တစ်ခုတည်းနဲ့မဟုတ်ဘဲ ဦးနှောက်နဲ့ရော နှလုံးသားနဲ့ရော ဆုံးဖြတ်ပါ သမီး၊ မှားပြီးမှပြင်လို့မရ တာ အိမ်ထောင်ရေးတစ်ခုပဲရှိတယ်''

မေမေက ကျောင်းဆရာမပီပီ နှိုင်းယှဉ်စရာတွေနှင့် အသိစိတ်





တွေသွင်းပေးနေသည်။ သူမ ဆုံးဖြတ်ရဲအောင် တွန်းအားပေးနေတာပါ။

မုဒြာ ဘာလုပ်သင့်လဲ မင်းသဝဏ်။ ရင်ထဲကဆန္ဒတွေအတိုင်း လုပ်သင့်ရဲ့လား။

လုပ်လိုက်ရင်ရော ခေါင်နဲ့ဘာတွေဖြစ်ကြမှာလဲ။ မုဒြာ ဘဝထဲ ကို ဘာလို့အမှတ်တမဲ့ ရောက်လာခဲ့ရတာလဲ သဝဏ်။

မုဒြာလည်း အမှတ်တမဲ့ကနေ ထာဝရအမှတ်တရတွေ ဖြစ်ချင် ပါတယ်။ ဒါပေမဲ့ အခုချိန်ထိ တွေဝေနေတုန်းပဲ။

အဲဒါ ရှင့်ကိုမချစ်လို့မဟုတ်ဘူးဆိုတာကတော့ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မင်းပထွေးနဲ့အဆင်ပြေသွားတော့ မင်းက ငါ့ကိုတောင် သတိမရတော့ဘူးပေါ့လေ"

"ဟာ တိုးတိုးပြောစမ်းပါ"

ဆိုင်ထဲမှာ လူအချို့ရှိနေတာမို့ ရှက်ရွံ့စွာ ခပ်ကြိတ်ကြိတ် သတိ ပေးလိုက်ရသည်။ အောင်စိုးက မကြိုက်ဟန်ဖြင့် ပခုံးကိုပုတ်ပြီး

"ပထွေးနဲ့အဆင်ပြေတာပဲ ဘာရှက်စရာရှိလို့လဲ၊ မင်းအရင်က ပြဿနာရှာ ရန်လုပ်နေတာကသာ ရှက်စရာကောင်းတာ၊ ဟိုကသည်းခံနေရဲ့နဲ့ မင်းက အနိုင်ကျင့်ချင်နေတာလေ၊ မအေနဲ့အိပ်လို့ မကြည်နူးလို့နဲ့ သနားမညှာတာ ကျိုင်တွေပူနေတာ"

"တော်စမ်းပါကွာ အဲဒါတွေ ထားလိုက်စမ်းပါ"

"အဲဒါတွေထားပြီး ဘာတွေယူရမှာလဲ"

အောင်စိုးက ပျော်နေသလိုဖြင့် စနောက်နေသည်။ သူလည်း





ခါတိုင်းနှင့်မတူ စိတ်တွေပေါ့ပေါ့ပါးပါး ဖြစ်နေ၏။

အမုန်းနှင့်အာဃာတသာမရှိလျှင် လောကကြီးက နေပျော်မှန်း သူသဘောပေါက်လာခဲ့ပြီဖြစ်သည်။

"မင်းပြောင်စပ်စပ်လုပ်မနေနဲ့၊ ငါ ဘီယာမသောက်ချင်ဘဲ မင်းကိုလာတိုက်တာ ကျေးဇူးတင်"

"ဟ အဲလိုတွေတောင် ပြောင်းလဲနေပြီ၊ ပထွေးစိတ်ဆင်းရဲမှာ စိုးလို့လား"

"မဟုတ်ပါဘူးကွာ၊ ငါ့ရဲ့စိတ်တွေက မုဒြာကိုချစ်လို့ နူးညံ့လာတာပါ၊ လူကိုလူလိုမြင်တတ်လာတာ အချစ်စိတ်ကြောင့်"

"မုဒြာက မင်းကိုအဖြေပြန်ပေးပြီလား"

"အနားတောင် အကပ်မခံသေးဘူး"

"အားကျစရာပဲ"

အောင်စိုး အူမြူးကာ ရွှတ်နောက်နောက်လုပ်နေသည်။ သူလည်း ရှက်သလိုရယ်လိုက်မိကာ

"မင်းလှောင်လည်း ငါအထီးမကျန်တော့ဘူး၊ အန်ကယ်က နောက်မဆုတ်ဖို့ အားပေးတယ်၊ ဖွဲ့ရှိရှိနဲ့ကြိုးစားစေချင်တယ်တဲ့"

"သူ့သားကိုတော့ အားမပေးဘဲနဲ့ မင်းကို သူတို့လင်မယား ကြား မနှောင့်ယှက်အောင် ဖားနေတာလား"

"ငါလည်း အစက အဲလိုထင်ခဲ့တာ၊ ဒါပေမဲ့ သားနှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုတော့ မုဒြာနဲ့လက်ထပ်စေချင်တယ်တဲ့၊ ထွဋ်ခေါင်က မုဒြာအပေါ်မကြင်နာတာကို အန်ကယ် အမြင်မကြည်ဘူး ဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က ဘဝင်မြင့်နေတာလား"

"မုဒြာကို ငယ်နိုင်မို့ အကျင့်ဖျောက်မရတာထင်ပါတယ်"

"ဒါနဲ့များ မုဒြာက အဲဒီကောင်ဆီက ဘာမျှော်လင့်နေလို့ မင်း ကိုအဖြေမပေးတာလဲ၊ မချစ်နိုင်လို့များလား"

"အာ မင်းပါးစပ်ပုပ်ကြီးနဲ့ကွာ၊ သွား ပလုတ်ကျင်းပစ်လိုက်"

မင်းသဝဏ်တို့ ဆတ်ဆတ်ခါအောင် အဖြစ်သည်းလွန်းနေသည်။ မုဒြာသာ တစ်ယောက်ယောက်နှင့် လက်ထပ်သွားလျှင် ရူးသွားမလားပင် မသိ။

"မင်း အဲလောက် အကဲမပိုစမ်းပါနဲ့ကွာ၊ တကယ်ဆို ထွဋ်ခေါင်က မုဒြာကိုမင်းထက်အရင်တွေ့ပြီး ဆုံစည်းထားတာနော်၊ ဒီလိုပြဿနာတွေနဲ့ မုဒြာ ခွာလိုက်ရင် မင်းကြောင့်လို့ပဲထင်မှာ"

"မုဒြာလည်း အဲဒါကြောင့် ထွက်ရခက်နေတာနေမှာ၊ မုဒြာဘက်က အခြေအနေပြောင်းတာကို ငါ့ကြောင့်လို့ စွပ်စွဲပြီး မုဒြာကို အပြစ်တင်တယ်တဲ့"

"မုဒြာက မင်းကို ထွဋ်ခေါင်အဖေရဲ့ မယားပါသားမှန်းသိသလား"

"ဘယ်သူကမှ မပြောသေးဘဲ ဘယ်လိုလုပ်သိမှာလဲ"

"မင်းမပြောတော့ဘူးလား၊ ထွဋ်ခေါင်အဖေနဲ့ ရင်းနှီးတာဆိုတော့ ချည်းကပ်ရတာ လွယ်တာပေါ့"

"အဲလိုဖြစ်မှာစိုးလို့ ငါမပြောသေးတာ၊ ငါ သူ့ဆီကအချစ်စစ်သက်သက်လိုချင်တယ်၊ ငါသူ့ကိုဘယ်သူ့အောင်သွယ်မှုနဲ့မှ သိခဲ့တာမဟုတ်ဘူး၊ သူ့ကိုယ်သင်းရနံ့လေးကို နှစ်သက်ရင်းက သတိထားမိခဲ့





တာ၊ ဘယ်သူ့အကူအညီမှမယူဘဲ ငါ့အစွမ်းအစနဲ့ ကြိုးစားချင်တယ်၊ သူ့ကိုလည်း ဘယ်သူ့သားသမီးဘယ်သူ့ဆွေမျိုးလို့ မဟုတ်ဘဲ မင်းသဝဏ်ဆိုတဲ့ကောင်ကိုပဲ ချစ်စေချင်တာ"

"စိတ်ကူးယဉ်တွေဆန်နေလိုက်တာ အရမ်းကိုချစ်တတ်နေတယ်ပေါ့၊ ငါတော့ မြင်ယောင်သေးတယ်၊ အရမ်းသံယောဇဉ်ကြီးကြတဲ့ ထွဋ်ခေါင်နဲ့လက်ထပ်ဖြစ်ပြီး အသည်းကွဲကျန်ခဲ့မှာ"

"ဟိတ်ကောင်"

"အား"

လက်မောင်းကို နာကျင်သွားလောက်အောင် လက်သီးနှင့်ထိုးပစ်လိုက်၍ အောင့်စိုး အားခနဲအော်သည်။ ဒီကောင်က တကယ်ကိုမခံချင်အောင် စနောက်နေတာ သည်းမခံနိုင်တော့။ အောင်စိုးရှေ့က ဘီယာပုလင်းနှင့်ဖန်ခွက်တွေပါ ဆွဲယူလိုက်သည်။

"တော်ပြီ မင်းကိုမတိုက်တော့ဘူး၊ သထာအောင်မှ မလုပ်တာ"

"ဟား ဟား စတာပါ သူငယ်ချင်းရာ၊ မင်းသည်းသည်းလှုပ်နေလို့ တမင်နောက်နေတာပါ၊ မင်း မုဒြာကိုတကယ်ချစ်တာလား သဝဏ်"

"ငါ ဘယ်မိန်းကလေးနဲ့မှ အလေးအနက်မရှိခဲ့တာ မင်းသိပါတယ်၊ ငါက မိန်းကလေးဆိုရင် အသားဖြူရမယ် အရပ်မြင့်ရမယ်၊ ဆံပင်ရှည်ရမယ်နဲ့ အရမ်းချေးများပြီး ချစ်သူတောင် တစ်ယောက်မှ မထားခဲ့ဘူး၊ အခုက သူ့ရနံ့လေးကို ငါစွဲလမ်းသွားခဲ့တာ၊ အဝေးကတောင် ရှူရှိုက်လို့ရလို့ ငါ သူ့အနားက မခွာချင်ဘူး"

"မင်းလည်း ဒီရောဂါနဲ့ရူးမှာပဲ"

"ဟိတ်ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ ဟ ငါနောက်တာမဟုတ်ဘူး မင်းအချစ်ကို တင်စားတာ၊ ချီးမွမ်းတာ၊ မုဒြာကို ရှုံးလောက်အောင်ချစ်နေတာလို့"

အောင်စိုး ဗျာပျာသလဲ ဖြေရှင်းတာကြောင့် မင်းသဝဏ်လက်သီးလေထဲမှာ ရပ်တန့်သွားရသည်။ အောင်စိုးက မင်းသဝဏ်ရှေ့က ဘီယာဖန်ခွက်ကို ရယ်ကြဲကြဲဖြင့် မသိမသာပြန်ဆွဲပြီး

"မင်းချစ်တာကို အရင်က အားမပေးပေမယ့် အခု အားပေးပါတယ်ကွာ၊ ထွန်းခေါင်နဲ့မုဒြာက ချစ်သူတွေမဟုတ်ဘူးဆိုတော့လေ၊ မင်းက ကြာကူလီမဟုတ်တော့ဘူးပေါ့"

"အောင်စိုး ငါ တော်တော်လေး ဒေါသထွက်နေပြီနော်"

"အဲဒီလက်သီးကြီးကို အောက်ချထားစမ်းပါ၊ ငါတကယ် အကောင်းပြောနေတာပါ၊ ငါ အဲဒါကြောင့် ဒီနေ့ပျော်နေတာကွ၊ အရင်က ငါ့သူငယ်ချင်းက ချစ်သူရည်းစားရှိတဲ့ မိန်းကလေးကို ဖွတ်အတင်းတွယ်ကပ် ကြာကူလီ အီစီကလီလုပ်နေတယ်လို့ထင်ပြီး တကယ် ရင်ထဲမကောင်းဘူး၊ ရဲကြီးမှာ ဝင့်လိုက်မှာစိုးလို့လေ၊ အခု အဲဒီအလုံးကြီးပြုန်းခနဲကျသွားတော့ ငါ့ကိုယ်ခန္ဓာတောင်ပေါ့သွားတယ်"

"အစတည်းက အသားမရှိဘဲ အရိုးပေါ်အရေကပ်နေတာပေါ့မှာပေါ့၊ အပိုတွေပြောနေတယ်"

"ကြည့် မင်းလည်း ငါ့ကိုအကောင်းမပြောဘူး၊ စိတ်တွေပေါ့ပါးနေလို့ မျက်နှာကြည်ကြည်လင်လင်နဲ့ စနောက်နေနိုင်တာ မဟုတ်လား"

"အင်း ဟုတ်ပါတယ်၊ ဒီကပြန်သွားရင် ပြဿနာရှာစရာမလိုတော့လို့ ငါ့စိတ်တွေ သက်သောင့်သက်သာ ဖြစ်နေတယ်၊ မဟုတ်ရင် ဒီနေ့ ဘယ်လိုပုံစံမြင်ရတွေ့ရမလဲ ဘယ်လိုရန်လုပ်ရမလဲ၊ တိုက်ခိုက်ရ





မလဲနဲ့ ပူလောင်နေတာ"

"ငါ ဝမ်းသာပါတယ်ကွာ၊ မင်း ဒီလိုပြောင်းလဲတာ မင်းအမေနဲ့ ပထွေးလည်း စိတ်ချမ်းသာနေကြမှာပါ၊ သူများကို စိတ်ချမ်းသာမှုပေးရင် ကိုယ်လည်း စိတ်ချမ်းသာရတာပဲ၊ သူများကို စိတ်ဆင်းရဲမှုပေးချင်ရင် ကိုယ်ကအရင် စိတ်ဆင်းရဲရမှာ"

"ငါ နားလည်နေပါပြီ၊ အရင်ကကိစ္စတွေအတွက် ငါ အခု အရမ်းအားနာနေတာ၊ မုဒြာနဲ့ကိစ္စ အားပေးတာလည်း အားနာတာပဲ၊ ပြိုင်ဘက်က သူ့သားအရင်းလေ၊ ဘယ်လိုပဲဖြစ်ဖြစ် သားကိုနိုင်စေချင်မှာပဲမဟုတ်လား။ အခု ငါ့ကိုအားပေးတယ်ဆိုတော့ စိတ်ရင်းအမှန်ကို သိလိုက်ရတယ်၊ မုဒြာကိုချစ်ပြီး မကြင်နာတတ်တဲ့သားနဲ့ မဖြစ်စေချင်ဘူးဆိုတာကြောင့်လေ၊ ငါ အန့်ကယ့်အပေါ် အချိန်တော်တော်ကြာကြာ မှားခဲ့တာပဲ"

"မှားတာကို မှားမှန်းသိဖို့ပဲ လိုတာပါကွာ၊ မှားမှန်းမသိဘဲ ဆက်မိုက်နေရင် လူမပီသတာပါ"

"မင်းက စာတွေတတ်နေလိုက်တာ ငါ အသိနောက်ကျသွားတယ် ကျေးဇူးပဲ အောင်စိုး"

"အေး အဲဒါဆို ငါ သောက်လို့ရပြီလား"

"မင်းဘယ်အချိန်တုန်းက ရပ်နေလို့လဲ သောက်နေတာ မနားသေးဘဲနဲ့"

"အဟဲ မင်းသိရင်ပြီးတာပဲ"

အောင်စိုးက အားမနာတမ်းသောက်သည်။ သူ မငြိုငြင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးက ကိုယ့်ဆီက စားသောက်နေပြီး ကောင်းရင်ကောင်းတယ် ဆိုးရင်ဆိုးတယ်၊ ပွင့်လင်းစွာ မညှာတမ်းဝေဖန်ပြောဆိုတတ်သူ မဟုတ်လား။

ဒါမှ သူငယ်ချင်းကောင်းပီသသူပင်။ ညှာကပ်ဖားပြီး စားသောက်နေတာမှ မဟုတ်တာ။

ဒီနေ့ အိမ်ပြန်လမ်းမှာ ပေါ့ပါးလန်းဆန်းနေသည်။ စောနေသေးသည်မို့ အိမ်ပြန်ချင်စိတ်လည်းမရှိသေး။

သူ့ကားလေးရဲ့ဦးတည်ရာဟာ . . . ။

■ ■ ■



## အခန်း (၂၆)

နေညိုချိန်အလွန်မှာ ညအလင်းရောင်မီးတွေ တဖျပ်ဖျပ်လင်းလက်လာသည်။ မုဒြာတို့အိမ်ကြီးက ပိုပြီးနန်းတော်ဆန်သွား၏။

သူမကို မမြင်တွေ့ရပေမယ့် သူမရနံ့လေးကို စိတ်ကူးအတွေးများဖြင့် မွှေးပျံ့စွာ ရှူရှိုက်ခွင့်ရနေတာ ကျေနပ်စရာပင်။ အချစ်ဆိုတာ ထိတွေ့ဆက်ဆံနေရမှာ မဟုတ်ပါဘူး။ စိတ်ကူးနဲ့လည်း ခံစားလို့ရနေတာ ပဲမဟုတ်လား။

"ကျွီ"

"ဟာ"

ကားမီးရောင်က မျက်နှာကိုတည့်တည့်ထိုးလာတာမို့ ဟာခနဲ အော်၍ မျက်နှာကိုလက်နှင့်အုပ်လိုက်ရသည်။ ဘယ်သူလဲ ဘာကြောင့် သူ့ကို ဒီလိုမျိုးလုပ်ရတာလဲ၊ ကားပေါ်က ဖျတ်ခနဲ ခုန်ဆင်းလာသူက

"မင်းသဝဏ် မင်းဘာလာလုပ်တာလဲ"

"ဟင် ထွန်းခေါင်"

www.burmeseclassic.com



"အေး ငါ မုဒြာနဲ့လက်ထပ်မယ့်သူပဲ၊ မင်းဘာကြောင့် အရှက်မရှိ မုဒြာ အိမ်နားကို လာနေရတာလဲ"

"ငါ မုဒြာကိုချစ်လို့ လာတာပေါ့ကွ"

"ဘာ ဟိတ်ကောင်"

"မင်းလက်တွေ ဘာတွေမပါနဲ့နော်၊ ငါ ရန်မဖြစ်ချင်ဘူး၊ မင်းလည်း ဆရာဝန်တစ်ယောက်ပဲ အဆင့်အတန်းရှိပါ"

"ငါ အဆင့်အတန်းရှိဖို့ဆိုတာ မင်းသိတတ်ဖို့လိုတယ်၊ မင်း ဒီနေရာကနေ ဒိုးလိုက်တော့"

"ငါ့ဘာသာ မုဒြာအရိပ်အယောင် မြင်ရမလားလို့ လာတာ မင်းနဲ့ဘာဆိုင်လို့လဲ၊ မင်းလည်း မင်းလမ်းမင်းသွားပါလား"

"ဘာ"

အစက မုဒြာတို့အိမ်ဝင်ဖို့ မရည်ရွယ်ပါ။ မုဒြာတို့အိမ်ရှေ့ကနေဖြတ်ပြီးမှ ကိုယ့်အိမ်ကိုရောက်သော်လည်း မုဒြာတို့အိမ်ကိုတစ်ခါတလေ လှည့်ကြည့်ဖြစ်ချင်မှတောင် ကြည့်ဖြစ်တာ။

မုဒြာကို အရေးတယူဂရုတစိုက် လုပ်နေရမည့်သူဟု မတွေးခဲ့။ အရင်ကလိုပင် ကိုယ့်ကိုတွေ့ချင်လျှင် အိမ်ကိုလာလိမ့်မည်၊ အပြင်မှာချိန်းလိမ့်မည်။ ကော်ဖီသောက်ချင်လျှင် ဆိုင်မှာတွေ့ဖြစ်၏။ သိပ်အထွေအထူးဂရုစိုက်နေစရာမလိုပါ။ ယခုတလောမှာတော့ မုဒြာ အချိုးတွေပြောင်းပြီး အကန်တွေနှင့်ပေါက်လာသည်။

လက်မထပ်ချင်ဘူးတွေ စဉ်းစားဦးမယ်တွေနှင့် ကိုယ့်ကိုစိတ်ပျက်စိတ်ကုန်အောင်တွေ လုပ်လာ၏။ ဒါကြောင့်လည်း မခေါ်ဘဲ ပစ်ထားတာပါ။





"ဟိတ်ကောင် မင်းဒိုးတော့၊ ငါ မုဒြာတို့အိမ်ကို လက်ထပ်ဖို့ကိစ္စဆွေးနွေးဖို့သွားမှာ၊ မင်းရှက်တတ်ရင် ဒီနေရာမှာရှိမနေသင့်ဘူး"

"မင်းကိစ္စမင်းလုပ်ပါ၊ ငါလည်း ငါ့ကိစ္စငါလုပ်နေတာ၊ မင်းနဲ့မုဒြာ လက်ထပ်ဖြစ်တာ လက်မထပ်ဖြစ်တာ ငါစိတ်မဝင်စားဘူး၊ ငါ့ကိုချစ်လာပါစေလို့လည်း မျှော်လင့်မထားဘူး၊ ငါက ချစ်ပြီးပေးဆပ်နိုင်ဖို့ပဲ ဆုံးဖြတ်ထားတာ၊ ငါ့ကိုသနားပြီး လက်ထပ်လိုက်ရင်တော့ မင်းကျန်ရစ်ဖြစ်ပြီပေါ့ကွာ"

"ဘာ ကဲကွာ"

"ခွပ် ခွပ်"

နှစ်ချက်ဆင့်ထိုးခံလိုက်ရ၍ မျက်နှာလည်ထွက်သွားသည်။ ဒေါသထောင်းခနဲ ဖြစ်လျက် တုန့်ပြန်ဖို့လက်သီးက တင်းခနဲဆုပ်လိုက်မိသော်လည်း မုဒြာတို့အိမ်နားမှာ သိက္ခာမဲ့အောင် အုတ်အော်သောင်းတင်းမဖြစ်ချင်။ ဒါကို ထွန့်ခေါင် ဘဝင်မြင့်သွားပုံဖြင့်

"မင်းဒူးနေရာဒူး တော်နေရာတော်နေ ဟိတ်ကောင်၊ မုဒြာက ငါနဲ့လက်ထပ်မှာ၊ မင်းလိုကောင်ကြောင့် ငါတို့ကြားမှာ ပြဿနာဖြစ်ရတာမျိုး မဖြစ်ချင်ဘူး၊ မုဒြာအချစ်ကိုရဖို့လည်း မကြိုးစားနဲ့၊ မုဒြာဆိုတာ ငါ့အတွက်ပဲ နားလည်လား"

ပြောပြီး ကားပေါ်တက်မောင်းကာ မုဒြာတို့အိမ်ထဲကို ကားမောင်း၍ဝင်ခဲ့သည်။ ခြံစောင့်ကြီး ကိုယ့်ရဲ့ကားဟွန်းသံကြားလျှင် ကပျာကယာဖွင့်ပြီးသားပါ။

"ဟယ် ခေါင် ကြားသားမိုးကြိုးပါလား၊ ဒီအချိန်ကြီး အိမ်တွေဘာတွေဝင်လို့ အပြင်ကအပြန် ငါ့ကိုသတိရလို့ ဝင်တာပေါ့လေ၊ ဒါမှမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လက်ဆောင်တစ်ခုခု ဝယ်လာလို့ ငါ့ကိုဝင်ပေးတာလား''

အဝင်ဝမှာ စကားတွေရေပက်မဝင်အောင်ပြောနေသော မုဒြာကို တွန်းဖယ်၍ ညည်ခန်းထဲထိဝင်လာခဲ့သည်။ ဒီအချိန် လူကြီးတွေမရှိဘူးဆိုတာ သူ သိထား၏။ မုဒြာ အမေကတော့ ကျောင်းကနေပြန်လာချင်ပြန်လာတော့မှာပါ။

''နင့်အမေ ရောက်ပြီလား မုဒြာ''

''အင်း မေမေပြန်လာခါနီးပါပြီ ဘာဖြစ်လို့လဲ''

''ငါတို့လက်ထပ်ဖို့ကိစ္စပြောမလို့၊ မဟုတ်ရင် ဟိုကောင်နဲ့ မလွယ် တော့ဘူး''

''ဘယ်ကောင်လဲ''

''မင်းသဝဏ်လေ အခုပဲ ခြံရှေ့မှာရစ်သီရစ်သီ လုပ်နေလို့ ထိုးပစ်ခဲ့တယ်''

''ဟယ် ဘာလို့အဲလိုလုပ်ရတာလဲ ခေါင်ရယ်၊ နင့်ကိုဟိုက ပြန်မလုပ်ဘူးလား''

''ဒီကောင် ကြောက်ပဲ ဘယ်လိုလုပ် ငါ့ကိုပြန်ထိုးရဲမှာလဲ၊ ဖွန်ကြောင်ဖို့ပဲတတ်တယ် သတ္တိမှမရှိတာ''

ဒါတော့မဖြစ်နိုင်ပေ။ မင်းသဝဏ် ခြေသွက်လက်သွက် သတ္တိရှိဘာ သူမသိတာပေ့။ ဒီတစ်ခါလည်း သူ့မကြောင့် မင်းသဝဏ် အလျှော့ပေးလိုက်ပြန်ပြီထင်သည်။

''ခေါင် နင်အဲလိုမလုပ်သင့်ဘူး''

''ဘာကိုမလုပ်သင့်တာလဲ၊ နင့်ကိုဖွန်ကြောင်တဲ့ကိစ္စ ငါက သည်းခံပေးရမှာလား။ နင့်ကိုငါ လက်ထပ်မယ် မုဒြာ၊ နင့်အမေနဲ့ဒီနေ့





အပြတ်ပြောသွားမယ်''

''အေး လက်ထပ်တာက လက်ထပ်လို့ရတယ်၊ နင့်ရဲ့အဲဒီစိတ်တွေ အရင်ပြင်ရမှာ''

''သိပ်ကိုနူးညံ့တာကို လိုချင်နေသလား မုဒြာ၊ ဟိုကောင့်ကြောင့် နင်ဒီလိုတွေ ဖြစ်နေတာလား''

''နင်ထင်ချင်သလိုထင်တော့ခေါင်၊ သူလည်း နင့်လို စိတ်ကြမ်း လူကြမ်းဂျစ်ကန်ကန်ပါပဲ၊ လူငယ်ပီပီ ပေါက်ကွဲဖို့ ရိုင်းစိုင်းဖို့လည်း ဝန်မလေးဘူး၊ ဒါပေမဲ့ ငါ့ကိုတန်ဖိုးထားတဲ့အတွက် သူ့စိတ်တွေကိုလျှော့တယ်၊ နူးညံ့တယ် သိမ်မွေ့တယ်၊ ငါ့သိက္ခာကိုငဲ့ပြီး သည်းခံတယ်''

''ဟား''

မင်းသဝဏ် ဂုဏ်ပုဒ်ကောင်းသတင်းတွေပြောပြီး ရန်တွေ့ကောင်းနေတာကြောင့် ထွင့်ခေါင် အရမ်းကိုဒေါသဖြစ်သွားသည်။ ယောကျ်ားချင်း နှိုင်းယှဉ်ခံရတာလောက် ခံရခက်တာမရှိ။

''နင် အဲဒီကောင်ကို ကြိုက်များနေပြီလား မုဒြာ''

''ဟုတ်တယ်''

''ဘာ''

''အမယ်လေး''

ဒေါသကြောင့် လက်ကမြှောက်ခနဲ တက်သွားပြီးမှ မုဒြာကို ဆိုဖာခုံပေါ် တွန်းချလိုက်မိသည်။ မုဒြာ မျက်နှာလေးနီမြန်းသွားတာလည်း သူ မမြင်နိုင်တော့။ လက်သီးကိုတင်းနေအောင် ဆုပ်ထားမိရင်းက

''မုဒြာ ငါတို့သံယောဇဉ်တွေက ဘာတွေလဲ၊ ငါ့ကိုလက်ထပ်ချင်တဲ့မိန်းကလေးတွေ ဝိုင်းနေတဲ့ကြားက နင့်ကိုလက်ထပ်ဖို့ဆုံးဖြတ်တာ



www.burmeseclassic.com

www.burmeseclassic.com



နင် ငါ့အပေါ်ထားတဲ့သံယောဇဉ်တွေကြောင့်ပဲ၊ နင် ငါ့ကိုအကန်တွေပြောနေတာက အဲဒီကောင်ကြောင့်လားလို့ ငါအမြဲတမ်းမေးခဲ့တယ်၊ မဟုတ်ပါဘူးဆို မုဒြာ၊ အခု ဘယ်လိုဖြစ်တာလဲ''

''နင့်စရိုက်ကို စိတ်ပျက်စိတ်ကုန်သွားလို့ပေါ့ ထွဋ်ခေါင်၊ နင်က ပြင်မှာမှမဟုတ်တော့တာ၊ နင့်ဆီက ငါဘာမှမမျှော်လင့်ချင်တော့ဘူး။ ငါ့ကိုကိုယ်ထိလက်ရောက်ထိ ဖြစ်လာတဲ့အတွက် ရှိခဲ့တဲ့သံယောဇဉ်တွေ ဒီနေ့ပဲ ပြတ်ပြီ ခေါင်''

''ဘာ မုဒြာ နင်''

''မောင်ထွဋ်ခေါင် အေးအေးဆေးဆေး စကားပြောပါကွယ်''

''ဟင် အန်တီ''

''မေမေ''

ဒေါ်ဝတ်ရည် ဝင်လာ၍ ထွဋ်ခေါင် ကျွန်ရှစွာ ထိုင်နေလိုက်ရသည်။ မုဒြာက ငိုလဲနေရာက အခုမှ မတ်မတ်ပြင်ထိုင်ရ၏။

''မင်းဆရာဝန်တစ်ယောက်ဖြစ်ပြီး စကားလုံးတွေရော အပြုအမူတွေရော ကြမ်းတမ်းရတာလဲ၊ မင်းလိုလူမျိုးကို သမီးအိမ်ထောင်ဘက်အဖြစ်မရွေးတော့တာ တော်တော်လေး ကံကောင်းသွားတယ်''

''ဗျာ အန်တီ''

''သံယောဇဉ်ဆိုတာ ကိုယ်ကဖြတ်လို့ ပြတ်တာမဟုတ်ဘူး သူကဖြတ်လို့ပြတ်တယ်ဆိုတာ အမှန်ပဲ၊ လူငယ်ချင်းကိစ္စ အန်တီတို့ဝင်မစွက်ဖက်ဘူးဆိုတာ မင်းတို့ချင်းအဆင်ပြေအောင် ညှိနိုင်းရမလားလို့ပါ။ အခု မင်းက လက်မထပ်ရသေးဘဲနဲ့တောင် ခြေတွေလက်တွေပါလာပြီ မင်းမရိုင်းလွန်းဘူးလားကွယ်''





''ဆော ဆောရီးပါ အန်တီ၊ ကျွန်တော် မရည်ရွယ်ပါဘူး၊ ဟိုကောင်ကို ကြိုက်တယ်ပြောလို့ ပေါက်ကွဲမိသွားတာပါ၊ ကျွန်တော့်ကို သံယောဇဉ်ကြီးပြီး အမြဲတမ်းသည်းခံခဲ့တဲ့ မုဒြာက ဟိုကောင်ကြောင့် ပြောင်းလဲသွားတာကို ကျွန်တော် မခံစားနိုင်လို့ပါ''

''မင်းက ကိုယ့်လိုအပ်ချက်ကိုယ်မမြင်နိုင်အောင် အတ္တကြီးနေတာပဲ၊ ဒါတွေ ထားလိုက်ပါတော့ မင်းတို့သတင်းကို အန်တီလည်း စောင့်နားထောင်နေတာပါ၊ မင်းတို့ချင်းအဆင်ပြေလာစရာ အကြောင်းမရှိတော့ဘူး၊ အဲဒီတော့ တစ်ယောက်နဲ့တစ်ယောက် ကင်းကင်းရှင်းရှင်း ပဲနေကြတာပေါ့''

''ဟာ အန်တီဒီကိစ္စက''

''ရှင်းမပြပါနဲ့တော့၊ မင်းက သူများတွေကိုပဲအပြစ်ပြောနေမှာ၊ ကိုယ့်အပြစ်ကို ဘယ်တော့မှမြင်မှာမဟုတ်ဘူး။ အန်တီတို့က အန်တီတို့ သမီးလေးကိုလက်ဖျားနဲ့တောင် ရွယ်ဖူးတာမဟုတ်ဘူး မောင်ထွဋ်ခေါင်၊ မင်းကလက်မထပ်ခင်တောင် ဒီလိုမျိုး ဒေါသတွေနဲ့ပေါက်ကွဲတတ်နေရင် လက်ထပ်ပြီးတဲ့အခါ အန်တီတို့ရင်တမမနဲ့ နေရလိမ့်မယ်၊ လက်ထပ်ဖို့ ပြောထားတဲ့ကိစ္စတွေ မရှိခဲ့ဘူးလို့ပဲ သဘောထားလိုက်ပါ''

ဒီလောက်တောင် ပြတ်ပြတ်သားသား အပြောခံနေရတာမို့ ထွဋ်ခေါင် ဘယ်လိုဆက်ထိုင်နေရတော့မှာလဲ။ ဒါ ဟိုကောင်ကြောင့်။

မင်းသဝဏ်ဆိုတဲ့ကောင်ကြောင့်သာ မဟုတ်လျှင် ဒီလိုတွေ ဖြစ်လာစရာ အကြောင်းမရှိဘူးဟု ထင်မိသည်။

မင်းကိုငါ မကျေနပ်ဘူး မင်းသဝဏ်။ ငါ့အတွက် မင်းက ပြိုင်ဘက်တစ်ကောင်ပဲ။ တစ်နေ့နေ့တော့ မင်းနဲ့ငါနဲ့တွေ့ကြသေးတာပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဟယ် သား ဘယ်လိုဖြစ်လာတာလဲ၊ နှုတ်ခမ်းပေါက်လာတယ်၊ ဘယ်သူနဲ့ရန်ဖြစ်လာပြန်တာလဲ သားရယ်"

"ထွန်းခေါင်ထိုးလိုက်တာ"

"ဘာ"

ဘာသံက ဒေါ်သက်ထားဆီက လာတာမဟုတ်။ အနားမှာရပ်နေသော ဦးအောင်ဘွားဆီက အာမေဋိတ်သံဖြစ်သည်။

"ခေါင်က မင်းကိုထိုးလိုက်တာ ဘာဖြစ်လို့လဲ"

"ကျွန်တော်က မုဒြာတို့အိမ်နားမှာ ကားရပ်ပြီး မုဒြာကိုမြင်ရနိုးနိုးနဲ့ သွားကြည့်တာပါ၊ မမြင်ရလည်း စိတ်အာသာပြေဘာပဲမဟုတ်လား၊ အဲဒါ ထွန်းခေါင်တွေ့သွားပြီး ပေါက်ကွဲတာ"

"တောက် ဒီကောင် တော်တော်ဆိုးနေပါလား၊ လူတွေကယ်တင်တဲ့ဆရာဝန်ဖြစ်မယ့်ကောင်က သူများကို ဒီလိုအသားနာအောင်





လက်ရဲဖက်ရဲဖြစ်နေလို့ဖြစ်ပါ့မလား၊ ဒီကောင် ဆုံးမသွန်သင်မှုနည်းလို့ ဒီလိုဖြစ်နေတာ၊ ကိုယ်သွားဆုံးမမှဖြစ်တော့မယ် ထား"

"အို ကို ကိုအောင် ဘယ်သွားမှာလဲ လာပါ ထိုင်စမ်းပါ၊ ခေါင်ကို ဘယ်လိုသွားဆုံးမမှာလဲ၊ ဒီကလေးက မိဘရင်ခွင်အရိပ်မှာ နေရတာမဟုတ်ဘူး၊ သူ့စိတ်တွေရိုင်းရင်လည်း ရိုင်းနေမှာပေါ့၊ နောက်မှ ဖြည်းဖြည်းအေးအေး နားဝင်အောင်ဆုံးမပါ"

"မဟုတ်ဘူး အဲလိုဆုံးမလို့ကို မရသေးဘူး၊ မင်းသဝဏ်က မင်းရန်လုပ်ရမယ့်သူမဟုတ်ဘူး၊ ဒေါ်သက်ထားရဲ့သားဆိုတာ သိအောင်ပြောရမယ်၊ ဒါ့မှကျေးဇူးရှင်ရဲ့သားမှန်းသိသွားမှာ"

ဦးအောင်ဘွား ဒေါသဖြစ်စွာပြောသည်။ ကိုယ့်သားကို ဒီလောက်မိုက်ရိုင်းသွေးကြွနေလိမ့်မည်ဟု မထင်မိ။ တကယ်ဆို ထားတို့ကျေးဇူးကြောင့် ဒီလိုဆရာဝန်ဘဝ ရောက်လာတာပါ။

မင်းသဝဏ်လို ငွားတ်ဆတ်ဆတ် ရန်လိုနေတတ်သည့်သူကတောင် အချစ်ကြောင့် ပြောင်းလဲလာခဲ့သေးတာ။ ဘာကြောင့် သားက မုဒြာကို ချစ်တယ်ပြောပြီး စိတ်တွေကြမ်းတမ်းလာခဲ့ရတာလဲ။

"ကိုအောင် ထိုင်ဦး ထားပြောမယ်"

ဒေါ်သက်ထားက ဦးအောင်ဘွား လက်ကိုဆွဲ၍ထိုင်ခိုင်းကာ

"ကိုအောင် အဲလိုသွားပြောရင် ခေါင် သိမ်ငယ်သွားမှာပေါ့၊ မုဒြာကို ကျေးဇူးရှင်သားမို့ အလျှော့ပေးလက်လွှတ်လိုက်ရတာမျိုး မဖြစ်စေချင်ဘူး၊ သားကိုပွဲလန့်တုန်း ဖျာဝင်ခင်းလိုက်တာမျိုး မဖြစ်စေချင်ဘူး၊ သူတို့မှာ အဆင်မပြေရတဲ့အကြောင်းအရင်းတွေ ရှိလိမ့်မယ်၊ အကြောင်းအဖွဲ့အကန့်အသတ်တွေမရှိဘဲ သူတို့ဘာသာ ရှင်းကြပါစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော်လည်း အဲလိုမဖြစ်ချင်ပါ ဘူး၊ လူတစ်ယောက်ကို ဖိအားတွေပေးပြီးမှ အနိုင်မယူချင်ဘူး၊ ဒါက မုဒြာ ဆုံးဖြတ်ရမယ့်ကိစ္စပါ၊ မုဒြာအချစ်ကိုရဖို့ ကျွန်တော် ရိုးရိုးသားသား ကြိုးစားကြည့်မယ်၊ ကျွန်တော့်ကိုမချစ်ဘဲ သံယောဇဉ်တွေနဲ့ ထွဋ်ခေါင် ကိုလက်ခံလိုက်မယ်ဆိုရင်လည်း ကျွန်တော့်ကံပါပဲ၊ ဒါပေမဲ့ ထွဋ်ခေါင် နဲ့လက်မထပ်မချင်းတော့ ကျွန်တော်ကြိုးစားနေဦးမှာပါပဲ"

"သားပြောတာ မှန်တယ်၊ ခေါင်ကို ဘာဖိအားမှ သွားမပေးပါ နဲ့၊ ကျေးဇူးတရားဆိုတာနဲ့လည်း ဖိအားမပေးနဲ့၊ ဒါက အချစ်ရေးကိစ္စ မုဒြာ ရွေးချယ်မှုက အဓိကပဲ"

"ထားတို့က အဲလိုသဘောထားလေ သားကို ကိုယ်စိတ်ပျက်မိ လေပဲ ထား၊ တကယ်ဆို မုဒြာက သံယောဇဉ်အရမ်းကြီးတာပါ၊ သား ဘက်က မာနလေးနည်းနည်းလျှော့ပြီး လိုက်လျောလိုက်ရင် ဟိုကချက် ချင်းကို လက်ထပ်မှာ၊ အဲဒါကို ကိုယ့်ဘက်က လိုအပ်ချက်ကိုမသိဘဲ မမြင်ဘဲမပြင်ဘဲ အတ္တကြီးနေတယ် ဘယ်လိုလုပ်မလဲ ကိုယ် သိအောင် မပြောရင် သူ ဆက်ပြီးလူမိုက်လုပ်နေမှာ"

ဦးအောင်ဘွား တကယ်ဒေါသဖြစ်နေပြီမို့ ဘယ်လိုဖျောင်းဖျရ မည်မသိတော့ပေ။ ဒီအချိန်က ဒေါသနှင့်မဖြေရှင်းသင့်။

"ကိုအောင် ဒီကိစ္စထဲဝင်မပါပါနဲ့ဦး၊ သားတောင် သည်းခံလာ သေးတာ၊ ဒါမှလည်း ဘယ်သူက ဘယ်လိုဆိုတာ မုဒြာ မြင်လာသိလာ မှာ၊ မုဒြာဆုံးဖြတ်မှာကို သားတောင် ကျေနပ်သေးတာကို"

"ဟုတ်ပါတယ် အန်ကယ်၊ ကျွန်တော်တို့ဘာသာ ဖြေရှင်းရမယ့် ကိစ္စတွေပါ၊ ကျွန်တော်လည်း တခြားနေရာမှာဆိုရင် သူ့ကိုပြန်ထိုးဖြစ်ရင်





ထိုးဖြစ်မှာပါ၊ အခုက မုဒြာတို့အိမ်နားမှာဖြစ်နေတယ်၊ အုတ်အော်သောင်း တင်းရန်ဖြစ်လိုက်ရင် မုဒြာ သိက္ခာထိခိုက်မှာစိုးလို့ပါ"

"သူကရော မင်းလိုမျိုး ဘာလို့မတွေးတာလဲ၊ အဲဒါ မုဒြာကို မင်းလိုမျိုး တန်ဖိုးမထားလို့ပေါ့၊ မုဒြာဆီက အပြတ်သားဆုံးစကားကို ကြားခဲ့ပြီးသားပါ၊ သူ့ဘက်က ဒီလိုဆက်ဆံရေးမျိုးပဲဆိုရင် လုံးဝလက်မ ထပ်ဘူးတဲ့၊ အဲဒီစကားကြောင့် မင်းကို အန်ကယ် အားပေးတာ၊ သူ့ ဘက်က ပြောင်းမှမပြောင်းလဲပဲ"

"ဟုတ်ကဲ့ပါ အဲဒါလည်းသူ့အကြောင်းနဲ့သူပေါ့၊ သူကတော့ မုဒြာတို့အိမ်ကိုတစ်ခါတည်း ဝင်သွားတယ်၊ လက်ထပ်ဖို့ကိစ္စဆွေးနွေးမလို့ တဲ့၊ သူတို့အဲဒီကိစ္စ အဆင်ပြေချင် ပြေနေမှာ"

"အန်ကယ်ကတော့ မထင်ဘူး"

"ဗျာ"

ဦးအောင်ဘွား ပြတ်သားစွာ ပြောလိုက်တာကြောင့် မင်းသဝဏ် အံ့ဩသွားမိသည်။ သူက ထွဋ်ခေါင်စကားကြောင့် ဝမ်းနည်းပြီး ပြန်လာ ရတာပါ။

"ကိုအောင်က ဘယ်လိုထင်လို့လဲ"

"သူ့ဘက်ကမှ မပြင်ဘဲကွာ မုဒြာလည်း လက်ခံမှာမဟုတ် ဘူး၊ မုဒြာ မိဘတွေလည်း လက်ခံမှာမဟုတ်ဘူး၊ လုံးဝ အဲဒီလက်ထပ်ပွဲ မဖြစ်နိုင်ဘူး"

"အဲလိုကြီးလည်း မပြောပါနဲ့ ကိုအောင်ရယ်"

"ကိုယ့်သားအကြောင်း ကိုယ်သိတယ်၊ သူ ဘယ်တော့မှ မာန လည်းလျှော့မှာမဟုတ်ဘူး စိတ်လည်းလျှော့မှာမဟုတ်ဘူး၊ မုဒြာလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလက်ထပ်မယ်ဆိုတာ သံယောဇဉ်ကြောင့်လေ၊ အချစ်ကြောင့်ဆိုရင်တော့ ဘယ်လိုပဲဖြစ်ဖြစ် သည်းခံချင်သည်းခံမှာပေါ့၊ အခုကတော့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါ''

ဝမ်းသာရမှာလား စိတ်မကောင်းဖြစ်ရမှာလား မသိတော့ပေ။

ကိုယ့်အတွက်ပဲ ကိုယ်တွေးရတော့မှာလား။ ဒါဆိုရင်ရော အန်ကယ်ရော မေမေရော သူ့ဘက်မှာရှိနေတာ သူတရားပါ့မလား။

ဒါပေမဲ့လည်း မှုဒြာက သူ့ဘက်မှာရှိပါ့မလား။ အခုထိ ခါးခါးသီးသီး ဆက်ဆံခံနေရတုန်းပါ။

မှုဒြာရယ် ဘယ်အချိန်ကျမှ ကိုယ့်ကိုချစ်လာနိုင်မှာလဲ၊ မျက်နှာလေးကိုမမြင်ရ၍ ရင်မှာလွမ်းလွမ်းဆွေးဆွေး ဖြစ်ကာ

■ ■ ■

## အခန်း (၂၈)

''ဟင်''

ကော်ဖီဆိုင်မှာ မှုဒြာတစ်ယောက်တည်း ထိုင်နေပါလား။ ထွန်းခေါင်နှင့်ချိန်းထားလို့ လာစောင့်နေတာလားမသိပေ။

ဘာဖြစ်ဖြစ် ဒီလိုတစ်ယောက်တည်း တွေ့ရဖို့အခွင့်အရေးက လွယ်လွယ်မရပါ။ သူ ဆိုင်အဝင်ဝကတည်းက သူမရနံ့လေးကိုရတာ စွဲလန်းမှုကြောင့်လို့ ထင်ခဲ့တာ။

တကယ်တော့ သူမ တကယ်ကို ရောက်နေတာပါလား။

''မှုဒြာ''

''ဟင်. ရှင်''

တွေ့နိုင်မလားလို့ မျှော်လင့်ချက်နှင့်ရောက်လာပြီးမှ လက်တွေ့မထင်မှတ်ဘဲ တွေ့လိုက်ရသည့်အခါမှာ သူမရင်ခုန်သံတွေ မြန်သွားခဲ့သည်။ မင်းသဝဏ်က သူမရှေ့က ခုံမှာဝင်ထိုင်ကာ

''ထွန်းခေါင်နဲ့ချိန်းထားလို့ လာစောင့်တာလား၊ ညက လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ကိစ္စပြောမယ်ဆိုပြီး မုဒြာတို့အိမ်ထဲဝင်သွားတာ အဲဒီအကြောင်းတွေ
ပြောဖို့ထင်တယ်''

''ရှင် ဒီအကြောင်းတွေသိနေတာ ညက ထွန်းခေါင်ရဲ့တကယ်
အထိုးခံရတာ သေချာပြီပေါ့''

''အာ မထိုးခံရပါဘူး''

''ဒါဆို ရှင့်နှုတ်ခမ်းထောင့်က ညိုနေတာ ဘာဖြစ်တာလဲ''

''ဟို''

''ရှင်မညာပါနဲ့ ညက သူပြောပါတယ်၊ သူ့မှာတော့ ဒဏ်ရာ
မတွေ့ဘူး၊ ရှင်သူ့ကို ပြန်မလုပ်ခဲ့ဘူးလား''

''မင်းတို့အိမ်နားမှာဆိုတော့ အုတ်အော်သောင်းတင်း စကား
များရန်ဖြစ်နေရင် မင်းသိက္ခာကျမှာစိုးလို့ပေါ့ မုဒြာ၊ ကိုယ်လည်းယောက်ျား
ပဲ၊ မာနရှိပါတယ် သတ္တိရှိပါတယ်၊ မခံချင်တဲ့ဒေါသတွေလည်း ရှိပါတယ်
ဒါပေမဲ့ မင်းအတွက်ဆို ကိုယ်သည်းခံနိုင်ပါတယ် မုဒြာ''

''မင်းသဝဏ်ရယ်''

နှုတ်ဖျားက ထွက်ကျမလာအောင် တိုးတိုးလေး ညည်းညူ
သည်။ သူမရဲ့ကွယ်ရာမှာတောင် သူမအတွက် တွေးပေးပါလားဟုရင်း
ထိထိရှရှ ခံစားလိုက်ရ၏။ သူ့ဆီကလို အချစ်မျိုး ထွန်းခေါင်ဆီက ဘယ်
တော့မှ မျှော်လင့်လို့ရမှာမဟုတ်တော့ပေ။

''ရှင့်အတွက် ကော်ဖီသွားဝယ်ပေးမယ် ခဏစောင့်နော်''

''ဟာ မုဒြာ''

တားဆီးလိုက်ပေမယ့် သူမက လှစ်ခနဲ ထထွက်သွားတော့
သူမရဲ့ရနံ့လေးပဲ လွင့်ပျံ့ကျန်ရစ်ခဲ့သည်။





''ရော့ ကော်ဖီ ရှင်ဝင်လာတည်းက တစ်ခါတည်း ဝယ်မလာ
ဘူး မဟုတ်လား''

''မင်းကိုမြင်လိုက်လို့ ဝယ်ဖို့မေ့သွားတာ၊ ဒါနဲ့မင်းနဲ့ကိုယ် စားပွဲ
တစ်ဝိုင်းတည်းမှာ ကော်ဖီအတူသောက်နေတာကို ထွန်းခေါင်တွေ့သွားရင်
ပြဿနာပိုကြီးသွားမယ်ထင်တယ်၊ မင်းကိုရော ကိုယ့်ကိုရော လက်သီးနဲ့
ဆွဲထိုးလောက်တယ်''

''ညက ဖြစ်ပြီးသွားပြီလေ''

''ဟင်''

''ရှင့်ကိုလက်သီးနဲ့ထိုးခဲ့တယ်လို့ သူပြောတော့ အဲလိုမလုပ်သင့်
ဘူး ဘာလို့လုပ်တာလဲ ရိုင်းလှချည်လားလို့ ရန်တွေ့မိတယ်၊ အဲဒါကို
အဲလိုဖြစ်ရပ့ါမလားလို့ မုဒြာကိုတွန်းလိုက်တာ မေမေမြင်သွားတော့ သူ့ကို
အပြတ်ပြောလိုက်တယ်''

''ဟင် မုဒြာကို ဒီကောင်လုပ်တယ်၊ အာ ဒီကောင်တော်တော်
ဆိုးတာပဲ''

''ဟုတ်တယ် အရမ်းဆိုးတယ်၊ မေမေက ငါ့သမီးနဲ့မဆက်ဆံရ
ဘူး မပတ်သက်ရဘူး၊ လက်ထပ်ဖို့လည်း ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး
ဆိုအပြတ်ကိုပြောလွှတ်လိုက်တာ ကိုယ့်သမီးကိုလက်တောင်မထပ်ရသေး
ဘဲ ကိုယ်ထိလက်ရောက် စော်ကားတာ ဘယ်မိဘက သည်းခံနိုင်မှာလဲ''

''ဒါပေါ့ ကိုယ်သာမုဒြာမိဘနေရာမှာဆိုလည်း ဘယ်ခံနိုင်မှာလဲ၊
ဒါနဲ့မုဒြာက ကိုယ့်ဘက်က ဘာလို့ အဲလိုရန်တွေ့လိုက်တာလဲဟင်''

''ဟို အဲဒါက''

အဲဒါတင်မဟုတ်ဘဲ ကြိုက်တယ်လို့ပါပြောလိုက်တာပါဟု



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ပြောထွက်မှာလဲ။ သူ့အချစ်တွေမှာ ရင်ခုန်နှစ်မြှောခဲ့တာ သူ သိအောင်မပြောရဲပေ။

"မုဒြာ"

"ဟင်"

"ပြောလေ ဘာလို့ပြဿနာဖြစ်မယ်ဆိုတာသိရဲ့နဲ့ အဲလိုပြောခဲ့တာလဲလို့"

"ရှင့် ရှင့်ကို အားနာလို့ပါ၊ အရင်တစ်ခါလည်း သူထိုးတာကို ရှင်ငြိမ်ခံနေခဲ့တယ်မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် တုန့်ပြန်လို့ရရဲ့နဲ့ မုဒြာအတွက် တွေးပေးလို့ မုဒြာအားနာနေတာပါ"

"အားနာရုံပဲလား"

"ရှင်"

"ပွဲလန့်တုန်း ဖျာခင်းတယ်လို့ မထင်စေချင်ပါဘူး မုဒြာ တွင့်ခေါင်နဲ့ကိစ္စရှင်းသွားပြီဆိုရင် ကိုယ့်ကိုအဖြေပေးလို့မရသေးဘူးလား"

"ဟင့်အင်း ဟိုမုဒြာ"

"ကိုယ့်ကိုတကယ်မချစ်နိုင်တာလားဟင် မုဒြာ၊ ကိုယ့်ဆီမှာ မုဒြာမကြိုက်တဲ့အချက်တွေရှိရင် ပြောပါ၊ ကိုယ်ပြင်ပါမယ် နော်မုဒြာ"

"မ မရှိပါဘူး"

"မရှိဘူးဆိုရင် ကိုယ့်ကိုချစ်တယ်နော်"

"ရှင်ကလည်း ဖွတ်ကြီးပဲ"

"အဲလိုမပြောပါနဲ့မုဒြာရယ် ကိုယ်ကချစ်လို့ပါ"

"ဟင်း"

ရင်ခုန်အောင်လုပ်နေတော့တာပဲဟု သူမ သက်ပြင်းတွေချလိုက်





မိသည်။ သူမအခုမှချစ်တတ်တာပါ။ အရင်ကတော့ သံယောဇဉ်တွေနဲ့ပဲ အရာရာအဆင်ပြေ ပြည့်စုံလောက်ပြီလို့ ထင်ခဲ့တာ။

ရှင်မုဒြာကို ချစ်တတ်အောင် သင်ပေးနေတာလား မင်းသဝဏ် ရယ်။

"ဟင် ကိုယ့်ကိုခေါ်လိုက်တာလား"

"ဟင် မ မခေါ်ပါဘူး"

"ခုနက မင်းပါးစပ်လေး လှုပ်သွားတယ်လေ၊ ကိုယ့်ကိုခေါ်လိုက်တာမဟုတ်ဘူးလား၊ ဒါမှမဟုတ် ချစ်တယ်လို့ပြောလိုက်တာမဟုတ်လား"

"ရှင်"

သူမ ယောင်ယမ်းကာထွက်သွားမိသလားဟု ကိုယ့်ပါးစပ်ကို သက်ကလေးနှင့်ပိတ်လိုက်မိတော့ မင်းသဝဏ် စပ်ဖြဲဖြဲနှင့်ရယ်နေ၏။

"ကိုယ်နောက်တာပါ မုဒြာရယ်၊ ကိုယ်လေ မုဒြာနဲ့ အခုလို စကားတွေပြောရတာ အရမ်းပျော်တယ်၊ မုဒြာအကြောင်းတွေးနေရရင်သည်း စိတ်ချမ်းသာတာပဲ၊ အချိန်ရှိတိုင်း မုဒြာမျက်နှာလေးပဲ မြင်ချင်နေတယ်၊ ကိုယ်တစ်ခုပြောရင် မုဒြာ ယုံမလား"

"ဘာလဲ"

"မုဒြာကို ကိုယ်ပထမဆုံး သတိထားမိတဲ့အချိန်က မုဒြာဆီက စကားဝါပန်းနဲ့လိုလို ခရေပန်းနံ့လိုလိုပန်းနံ့လေးကြောင့်ပဲ၊ မုဒြာ ရေမွှေးစွတ်တယ်မဟုတ်လား၊ အဲဒီရနံ့လေးက မုဒြာမရှိတဲ့အချိန်မှာတောင် ကိုယ့်နှာခေါင်းဝမှာ စွဲထင်နေတယ်၊ ကိုယ်က အဲလိုအနံ့ကောင်းတဲ့ရေမွှေးတွေဆို အရမ်းကြိုက်တယ်၊ ကားထဲမှာလည်း သုံးတယ်၊ ကိုယ့်ဗီဒိုခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာလည်း သုံးတယ်၊ မုဒြာသုံးတဲ့အနံ့တော့ ကိုယ်ရှာလို့မတွေ့သေးဘူး။ အဲဒါ ဘယ်ကဝယ်တာလဲဟင်''

''ပြင်သစ်က မေမေ့အစ်ကိုက ကုန်ခါနီးတိုင်း လှမ်းပို့တယ်၊ အဲဒီပန်းရနံ့နှစ်မျိုးကို ဘယ်ဟာပါလို့ ခွဲခြားမရတာကို ကြိုက်လို့လေ နောက်တော့ ရှင့်အတွက်လည်း မှာပေးမယ်''

''မုဒြာ''

''ရှင်အားတဲ့တစ်နေ့ မေမေနဲ့လာတွေ့ပါ သဝဏ်''

''ဟာ''

ဒါ အဖြေပေးလိုက်တာပဲဟု တွေးကာ သူ ပျော်သွားသည်။ မုဒြာ ရှက်သလိုမျက်နှာလေး ငုံ့လျှိုးနေတာမို့ သူ ဆက်မမေးတော့ပါ။ သူမရဲ့ရှက်မျက်နှာလေးကိုပဲ မလွှတ်တမ်းကြည့်နေမိသည်။

မင်းနှုတ်ဖျားကမဖြေပေမယ့် မင်းမျက်လုံးတွေက အဖြေရပြီးပြီပဲ။ ကျေနပ်ပါတယ် မုဒြာ။ မင်းကိုအရမ်းချစ်တယ် မုဒြာရယ်။

■ ■ ■



## အခန်း (၂၉)

''ဘာ မုဒြာက အဖြေပေးလိုက်ပြီ၊ ဟ ဟုတ်လှချည်လားကွ၊ ငါ့ကောင်ကြီး ဒါကြောင့်မျက်နှာကြီးက မိန်းမရှင်လို ပြုံးဖြဲနေတာပဲ''

အောင်စိုးစကားကြောင့် သူ တိုးတိတ်စွာ ဆဲရေးလိုက်၏။ ဒါပေမဲ့ မျက်နှာပေါ်က အပြုံးကိုတော့ ဘယ်လိုမှ မျက်နှာပိုးသတ်လို့မရပေ။

''ချီးယားစ် သူငယ်ချင်း''

''ဩော် အေး ချီးယားစ် အောင်မြင်ပါစေ သူငယ်ချင်း''

သူ ဘီယာသောက်ချင်စိတ်မရှိပါ။ ဖန်ခွက်ထဲ ရေထည့်၍ ချီးယားစ်လုပ်လိုက်၍ အောင်စိုးက ဆုတောင်းပေးသည်။

''မင်းကကွာ ဒီလိုနေ့မျိုးမှာ အပျော်လွန်ပြီး ကဲလိုက်တာ မဟုတ်ဘူး''

''မူးသွားရင် အပျော်တွေပျောက်သွားမှာစိုးလို့ကွ''

''မင်းလည်း မုဒြာနဲ့ပတ်သက်ရင် တကယ်ရူးတဲ့ကောင်ပဲ''

''အချစ်ရူးလေ၊ အဲဒီဂုဏ်ပုဒ်ကို ငါကြိုက်ပါတယ်၊ မုဒြာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အခေါ်ခံရတာပဲ''

''ဒါနဲ့ ထွဋ်ခေါင်နဲ့ကိစ္စက''

''သူတို့ချင်းပြီးသွားတာ ဒီကောင်ပေါက်တာက လူကြီးတွေပါ ကျိုင်သွားတာကွ၊ မုဒြာလည်း စိတ်နာစရာတွေများလို့ တကယ်ကိုပြတ် သွားပြီထင်ပါတယ်''

''ဒီလိုချောလှပြီး အရာရာပြည့်စုံတဲ့ မိန်းကလေး ဒီကောင့် လက်လွှတ်ခံတယ်၊ ငါသာဆို ဖူးဖူးကို မှုတ်ထားမှာ''

''ဟိတ်ကောင် ဘာဖူးဖူးမှုတ်မှာလဲ စကားက''

''ဩော် စာတွေးတွေးပါ၊ နာတွေးမတွေးပါနဲ့၊ ငါသာဆို မုဒြာလို မိန်းကလေးကို အရမ်းချစ်ပြီး အလိုလိုက်မှာလို့ ပြောတာ၊ ပစ်ရက်စရာ မရှိတာကွာ ဘာလို့စွန့်လွှတ်ရမယ်အထိ မာနတက်နေမှာလဲမဟုတ်ဘူး လား''

''မင်းပြောဖူးသလို ကိုယ့်ကိုယ်ကိုယ် မှားမှန်းမသိတာက ကိုယ့် ကိုပြန်သတ်ခံရတာပဲ၊ အန်ကယ်ကလည်းအဲဒါကိုပဲ စိတ်တိုတာ၊ အရ ငါ့ဘက်ကချည်း ဖြစ်နေတော့လည်း ဒီကောင်အတွက် စိတ်မကောင်းဘူး ဘူး''

''သွားမသနားနဲ့ဦး၊ ဒီကောင် မာန်ကျိုးမယ်ထင်လား။ မင်းနဲ့ မုဒြာအဆင်ပြေရင် ပိုပြီးမာန်ထလာဦးမှာ၊ လွှင့်ပစ်ရမှာ အဆီနဲ့တဝင် ဝင်းဆိုတော့ စားမာန်ပါခုတ်မှာသေချာတယ်''

အောင်စိုးပြောတာ ဖြစ်နိုင်လောက်သည်။ ဒီကောင် ဒီအတိုင်း ငြိမ်နေပါ့မလား။ တစ်ခုခုတော့ တုန့်ပြန်ဦးမှာပါ။

''ငါ့အတွက်တော့ မစိုးရိမ်ပါဘူး၊ မုဒြာကို တစ်ခုခုလုပ်လိုက် မှာပဲ စိုးရိမ်တာ၊ ဒီကောင်က မုဒြာတို့အိမ်ထဲဝင်ပြီးတော့တောင် ကိုယ်ထိ လက်ရောက် လုပ်ရဲတဲ့ကောင်နော်''





''ဟာ အဲလိုကောင်မျိုးလား''

''ငယ်ငယ်တည်းက စားအိမ်သောက်အိမ် ငယ်နိုင်လိုဖြစ်နေ တော့ ဒီကောင် ဘာမှမတွေးတာနေမှာပေါ့၊ မိဘတွေက ဘယ်လက်ခံပါ တော့မလဲ''

''ဒါပေါ့ကွ ဘယ်ခံမလဲ၊ မုဒြာက အရမ်းသံယောဇဉ်ကြီးခဲ့တာ နော်၊ တကယ်ရော ပြတ်ရဲ့လား''

''သူ ပြတ်ပြတ်သားသား မဖြတ်တောက်နိုင်ခင်က ငါ့ကိုလုံးဝ အတွယ်အကာ မခံဘဲ ခါးခါးသီးသီး ဆက်ဆံခဲ့တာပဲလေ၊ အခု တကယ် ပြတ်လို့ ငါ့ကိုအဖြေပေးတာနေမှာပါ''

''အဲလိုဆိုရင်တော့ ကောင်းပါတယ်၊ သူ့အမေနဲ့ရော ဘယ်နေ့ သွားတွေ့မှာလဲ''

''မနက်ဖြန်လောက်ပေါ့''

''မင်းအမေနဲ့အန်ကယ်ကိုရော ပြောပြီးပြီလား''

''တွေ့ပြီးမှပဲ ပြောတော့မယ်ကွာ၊ အခြေအနေက ဘယ်လိုမှန်း မသိသေးဘူး၊ မုဒြာမိဘတွေ လက်ခံမှာလား ငါ့ကိုဘယ်လိုကောင်လဲဆိုပြီး အမြင်ကြည့်ချင်တာလား ငါလည်း ရင်တထိတ်ထိတ်ပဲ''

''မင်းအစား ငါတောင် တွေးပြီးရင်ခုန်တယ်၊ ဘီယာသောက် လိုက်ဦးမယ်''

''ဖြစ်ရမယ် သောက်မယ့်ဟာကို သောက်တာမဟုတ်ဘူး အဝင် ကောင်းအောင် ပလီပလာပြောနေတယ်''

အောင်စိုးဘီယာမော့ရင်းက စပ်ဖြဲဖြဲရယ်သည်။ အတွေးတစ်ခု ဖြင့် စည်းစားခန်းဝင်နေသော မင်းသဝဏ်မျက်နှာက ညှိုးမှိုင်းမှိုင်းဖြစ် သွားလျက်



www.burmeseclassic.com

www.burmeseclassic.com



"ငါ အခုမှ နောင်တရမိတယ်ကွာ"

"ဘာကိုလဲဟ"

"မုဒြာအမေက ခေါ်ပြီး ဘာအလုပ်အကိုင်လုပ်လဲ မေး
ငါ့မှာဘာမှဖြေစရာမရှိဘူးလေ၊ အလုပ်အကိုင်ဂုဏ်ဒြပ်လေး တစ်
ဖြစ်စရာရှိရင် တော်သေးတာပေါ့၊ အခုက တကယ်ကို နောင်တရမိတ
ကွာ၊ ငါ မေမေတို့ကိုရွဲ့ပြီး အပေအတေလိုနေခဲ့မိတယ်"

"ခုမှ ကြေကွဲမနေစမ်းပါနဲ့ကွာ၊ မင်းမှာဂုဏ်ဒြပ်ဖြစ်စရာမရှိ
မယ့် မိဘတွေရဲ့အရှိန်အဝါရှိနေတာပဲ၊ သဘောမတူစရာ အကြောင်း
ပါဘူး"

"အဲလို အလွယ်တွေးရင်တော့ ဖြစ်တာပေါ့ကွာ၊ ဒါပေမဲ့ ငါ
မုဒြာအတွက်တန်ဖိုးရှိတဲ့လူတစ်ယောက် ဖြစ်ချင်လာတယ်၊ ဂုဏ်ဒြပ်
အများကြီးနဲ့ဆိုမှ မုဒြာ မျက်နှာမငယ်ရဘူးပေါ့ကွာ"

"မင်း မုဒြာအချစ်နဲ့မှ အရမ်းကိုပြောင်းလဲလာတယ်၊
ချီးကျူးပါတယ် သူငယ်ချင်းရာ၊ မင်းအဆင်ပြေမှာပါ၊ ပူမနေပါနဲ့ ဟုတ်
လား"

အောင်စိုး အားပေးပေမယ့် သူ့ကိုယ်သူ အားမရပါ။
အခုမှ ကိုယ့်ကိုယ်ကိုယ် ညံ့မှန်းအသုံးမကျမှန်း သိတော့သည်။ မိဘ
စော်ကားမိသည့်အကျိုးအပြစ်တွေပါပဲ။

မင်းအတွက် တန်ဖိုးရှိတဲ့လူတစ်ယောက် ဖြစ်ချင်နေပါပြီ
ရယ်။ မင်း အားမငယ်အောင် ကိုယ်ကြိုးစားမှာပါ။

မင်းဘဝလေးကို မြှင့်တင်ပေးဖို့ ကိုယ်ကြိုးစားမှာပါ မုဒြာ

■ ■ ■



## အခန်း (၃၀)

"မင်းနာမည်က မင်းသဝဏ်နော်"

"ဟုတ်ကဲ့ပါ ခင်ဗျ"

"ဘွဲ့ရပြီးပြီလား"

"ဟုတ်ကဲ့"

"ဘာအလုပ်အကိုင်လုပ်လဲ"

"ဗျာ ကျွန်တော်မလုပ်ရသေးပါဘူး၊ အခုမှ လုပ်ဖို့အတွက်
ဆင်ကြိုးစားနေတုန်းပါ"

"ဘွဲ့ရပြီးတာ မင်းအသက်အရွယ်နဲ့ဆို သုံးနှစ်လေးနှစ်လောက်
လောက်ပြီ အလုပ်လုပ်ဖို့ နောက်ကျလွန်းမနေဘူးလား"

"ဗျာ ဟုတ်ကဲ့ ကျွန်တော် အချိန်တွေဖြုန်းခဲ့မိပါတယ်၊ အခု
ကစပြီး အသုံးကျတဲ့လူ တန်ဖိုးရှိတဲ့လူတစ်ယောက်ဖြစ်အောင် ကြိုးစား
ထိုင်သွားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ သိမ်ငယ်စွာပင် ဖြေလိုက်ရသည်။ မုဒြာ အမေရှေ့မှာ တကယ်ကို သိမ်ငယ်နေမိတာပါ။ မုဒြာ မျက်နှာရဖို့ သူ့မှာ ဘာဂုဏ်ဒြပ်မှ ချပြစရာမရှိဘဲ။

"မင်းမိဘတွေကရော ဘာလုပ်ငန်းတွေလုပ်ကြသလဲ"

"သက်ထားရွှေစင် စိန်ရွှေရတနာဆိုင်ကပါခင်ဗျ"

"ဘာ သက်ထားရွှေစင်ရတနာဆိုင် ဟုတ်လား၊ ဒါဆို ကိုအောင်ဘွားရဲ့"

"ကျွန်တော် ဒေါ်သက်ထားရဲ့သားပါ၊ ဦးအောင်ဘွားက ကျွန်တော့်ရဲ့ပထွေးပါခင်ဗျာ"

"အို"

ဒေါ်ဝတ်ရည်နှင့်မုဒြာ အရမ်းကိုအံ့သြသွားခဲ့ရသည်။ ကျိုးနွံသယမှုတွေရှိနေတာက ဒီလိုအသိုင်းအဝန်းကလို့ လုံးဝမထင်ရပေ။

"နေပါဦး ဒါဆို ထွဋ်ခေါင်က ဦးအောင်ဘွားသားဆိုတာရော မင်းသိသလား"

"သိပါတယ်"

"ဒါဆို ဘာလို့ အစကမပြောတာလဲ"

"ဗျာ အဲဒါကမတိုက်ဆိုင်လို့ပါ"

"မင်းက ဒေါ်သက်ထားသားဆိုတာရော ထွဋ်ခေါင်သိသလား"

"မသိပါဘူး"

"ဘာလို့မပြောတာလဲ"

"သူ သိမ်ငယ်သွားမှာစိုးလို့ပါ၊ တကယ်ဆို မေမေ့ကြောင့် သူ ဆေးကျောင်းတက်နိုင်တာ ဒီလိုနေနိုင်စားနိုင်တာလေ၊ အဲဒါကို





ကျေးဇူးရှင်ဒေါ်သက်ထားရဲ့သားဆိုပြီး မုဒြာကို အဆုံးရှုံးခံလိုက်တာမျိုး မဖြစ်စေချင်လို့ပါ၊ သူမသိလို့ တိုက်ခိုက်နေတာလည်း အပြစ်မမြင်ပါဘူး"

"ြော်"

မင်းသဝဏ်ကို ဒေါ်ဝတ်ရည် လေးစားစိတ်လေး ဝင်သွားမိသည်။ ထွဋ်ခေါင် ဒီလောက်ရိုင်းစိုင်းနေတာတောင် ထွဋ်ခေါင်ကို စာနာပေးနေသေးသည်။

"မင်းအမေနဲ့ကိုအောင်ဘွားကရော ဒီကိစ္စတွေကို သိနေလား"

"ဟုတ်ကဲ့ သိပါတယ်၊ အန်ကယ်က သူ့သားကိုဒေါသဖြစ်နေတာ၊ ကျွန်တော့်ကိုထိုးတာကြိတ်တာတွေသိနေလို့လေ၊ ဘယ်သူ့သားဆိုတာ ပြောလိုက်မယ်တကဲကဲနဲ့ မေမေက ထွဋ်ခေါင် အားငယ်သွားမှာစိုးလို့ တားတယ်၊ ကျွန်တော်လည်း မပြောစေချင်လို့ တားတယ်၊ လူတစ်ယောက်ကို အဲလိုကျေးဇူးတရားဆိုတာနဲ့ ဖိအားမပေးချင်ဘူးလေ အဲဒါကြောင့်ပါ"

"အေး မင်းနဲ့မင်းအမေရဲ့စိတ်ဓာတ်က လေးစားဖို့ကောင်းပါတယ်၊ ဒါကို ထွဋ်ခေါင် နားလည်ဖို့ကောင်းတယ်၊ အေးလေ နားမလည်လို့ဘဲ ဒီလိုအခြေအနေဖြစ်သွားပြီပဲ၊ အန်တီ မင်းမိဘတွေနဲ့တွေ့ကြည့်ပါဦးမယ်"

"ခင်ဗျာ ဟုတ်ကဲ့ ဟုတ်ကဲ့အန်တီ"

"သမီးနဲ့စကားပြောကြဦး၊ အန်တီ စာသွားသင်ရမယ့်အချိန်ရောက်နေလို့ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

ဒေါ်ဝတ်ရည် အပြင်ရောက်သွားသည်နှင့် မုဒြာဘက်ကခုံကို မင်းသဝဏ် ပြောင်းထိုင်လိုက်သည်။ မုဒြာက ထိတ်လန့်သလို မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



လေးပြုံးသွားပေမယ့် ကျေနပ်စွာပြုံးနေခဲ့သည်။

"မှ မုဒြာအမေက ကိုယ့်ကိုလက်ခံတာပါနော် မုဒြာ"

"လက်မခံဘဲ သူစိမ်းယောကျ်ားလေးကို အိမ်မှာလက်ခံစကား ပြောပါ့မလား။ ပြီးတော့ မလိုလားတဲ့ပုံစံမျိုးရော မေမေ့ဆီမှာတွေ့ရလို့ လား"

"ဒါ ဒါဆို ကိုယ်စိတ်လွတ်ကိုယ်လွတ် ဝမ်းသာလို့ရပြီပေါ့နော်"

"မသိဘူး မပြောတတ်တော့ဘူး"

"ဟား ကိုယ်ပျော်လိုက်တာကွာ"

"ဟင် ဒါကဘယ်လိုဖြစ်တာလဲ မပြောတတ်တော့ဘူးဆိုကား ပျော်လိုက်တာတဲ့၊ နားမလည်ချင်ယောင်ဆောင် လူလည်လုပ်နေတာ"

မုဒြာ စကားကြောင့် မင်းသဝဏ် ကြည်နူးစွာရယ်လိုက်သည်။ မုဒြာလက်ကလေးကို အရဲကိုးစွာ ဖမ်းဆုပ်ကိုင်လိုက်ပြီး သူ့ရင်ဘတ်ကိုကပ်လိုက်ကာ

"ကိုယ့်ရင်တွေအရမ်းခုန်နေတယ် မုဒြာ၊ စမ်းကြည့်စမ်းပါ"

"လူလည်လုပ်ပြီး လက်ကိုင်ပြန်ပြီ ကြည့်"

"ချစ်လို့ပါ အရမ်းချစ်လို့ပါ"

"ကဲ အဲလိုလုပ်တာ မကြိုက်ပါဘူးဆို"

"ဆောရီး ဆောရီး"

မုဒြာ စိတ်ဆိုးသွားမှာစိုး၍ မင်းသဝဏ် ပျာခနဲပင် မုဒြာလက်ကလေးကို လွှတ်လိုက်သည်။ သူ ဘယ်တော့မှ မုဒြာရဲ့အငြိုငြင်ကို မခံချင်ပါ။

မုဒြာက ချစ်ရည်ရွှန်းလဲ့သောမျက်ဝန်းများနှင့်မော့ကြည့်လာ





ပြီး

"ရှင့်ကို အဲဒါကြောင့် မုဒြာ ချစ်မိသွားတာ သဝဏ်၊ ရှင်က အမြဲတမ်း မုဒြာစကားဆို နားထောင်တယ်၊ မုဒြာကိုတန်ဖိုးထားတယ်၊ အဲဒါကြောင့် ခေါင်ရဲ့သံယောဇဉ်ကြိုးတွေကို ဖြတ်နိုင်ခဲ့တာ၊ နောက်မှ မုဒြာကို မျက်နှာများတယ် သစ္စာမဲ့တယ်လို့ မထင်ရဘူးနော်"

"ထင်စရာလားမုဒြာရယ် မုဒြာက သံယောဇဉ်အပေါ်တောင် ဒီလောက်ထိ သစ္စာရှိခဲ့တာ၊ အချစ်အတွက်ဆို ဒီထက်ပိုပြီး သစ္စာရှိမယ် ဆိုတာ ကိုယ်ယုံပါတယ်၊ မုဒြာကို ကိုယ် ဘယ်တော့မှ သံသယလည်း မဝင်ဘူး၊ ငြိုလည်းမငြိုငြင်ဘူး၊ ကိုယ်က မုဒြာရဲ့သစ္စာတော်ခံပါ၊ အချစ် သစ္စာတော်ခံ"

"ရှင်က အရမ်းစကားတတ်တာပဲ သဝဏ်၊ ရှင့်ရဲ့အဲလို စကား တွေကြောင့် မုဒြာ ရုန်းထွက်မရတော့တာပါ၊ ခေါင်ကိုတော့ သနားတယ်၊ ဒါပေမဲ့ လက်မထပ်ဖြစ်တာကို ဝမ်းမနည်းတော့ဘူး၊ သူက သူ့ကိုယ်သူပဲ ချစ်တာလေ၊ မုဒြာကိုချစ်တာမဟုတ်ဘူး"

"ကိုယ်ကတော့ ကိုယ့်ကိုယ်ကိုယ်ထက် မုဒြာကိုချစ်တာနော်၊ ယုံတယ်မဟုတ်လား"

"အင်း ယုံတယ်"

ဒီတစ်ခါတော့ သူ မဖက်ရဘဲနှင့် မုဒြာက သူ့ရင်ခွင်ထဲကို တိုးဝင်လာသည်။ သူကြည်နူးစွာ ပြုံးမိလိုက်၏။

ဒီအချစ်တွေနှင့် သူတစ်သက်လုံး ရူးသွပ်နေဦးမှာပါပဲ။ အမိန့် တော်နာခံရင်းနဲ့ ချစ်နေဦးမှာပါပဲ မုဒြာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဟင် သားက မုဒြာအမေနဲ့ သွားတွေ့လာခဲ့တာ၊ ဘာ ဘာတွေ ဖြစ်လို့လဲ သား၊ ဘာသွားလုပ်တာလဲ"

"မုဒြာက သားကိုအဖြေပေးပြီး သူ့အမေကတွေ့ချင်တယ်ဆိုတာနဲ့ ခေါ်သွားတာ"

"အ အဆင်ပြေခဲ့လား၊ သား ဘာပြောလိုက်လဲ"

"လက်ခံပါတယ် မေမေတို့နဲ့ စကားပြောကြည့်ချင်သေးတယ်တဲ့၊ သားရေးသမီးရေးလက်ထပ်ဖို့ကိစ္စ ဘာညာတိုင်ပင်ချင်လို့နေမှာပေါ့၊ မေမေနဲ့အန်ကယ် သွားတွေ့လိုက်ပါနော်"

ကြားလိုက်ရသည့်စကားကြောင့် မင်းသဝဏ်အတွက် ဝမ်းသာရပေမယ့် သားထွဋ်ခေါင်အတွက်တော့ စိတ်မကောင်းမိပေ။ တကယ်ဆို မုဒြာက သားထွဋ်ခေါင်နှင့်လက်ထပ်ရမှာပါ။ တကယ်ကို အသုံးမကျတဲ့ သား၊ ကိုယ့်လက်ထဲရောက်ပြီးသားတောင် လက်လွှတ်ရလောက်အောင် မိုက်လုံးကြီးခဲ့သည်။





"ကိုအောင်"

"ဟင်"

"သားပြောတာ ကြားရဲ့လား၊ မုဒြာ မိဘတွေကို သွားတွေ့ရမယ်တဲ့"

"ဪ အင်း ကြားပါတယ်၊ သဝဏ် မင်းဘယ်သူ့သားဆိုတာ မဝတ်ရည်တို့ သိသွားပြီလား"

"ဟုတ်ကဲ့ ကျွန်တော် ပြောပြခဲ့ပါပြီ၊ မေးခွန်းတွေ စေ့စေ့စပ်စပ်မေးနေတော့ လှည့်ပတ်ဖြေလို့လည်း မကောင်းဘူးလေ"

"ဘာလို့လှည့်ပတ်ဖြေရမှာလဲ၊ အမှန်အတိုင်းပဲ ဖြေရမှာပေါ့၊ ကွယ်ဝှက်စရာအကြောင်းမှမရှိတာ၊ အခု အဲလိုဖြေလိုက်တော့ မဝတ်ရည် ဘာပြောလဲ"

"အံ့ဩနေတာပေါ့၊ ထွဋ်ခေါင်ကို ပြောမပြလို့တောင်ချီးကျူးနေတာ၊ ထွဋ်ခေါင်ကို တော်တော်လေး မကြည်မလင်ဖြစ်နေတယ်ထင်တယ်၊ ထွဋ်ခေါင်က မုဒြာတို့အိမ်မှာ ကိုယ်ထိလက်ရောက်လုပ်သေးတယ်လို့ ပြောတယ်၊ အဲဒါကြောင့် ပိုတင်းသွားကြတာ"

"ဘာ အာ ဒီကောင် တော်တော်မိုက်ရိုင်းနေပါလား တောက် မဝတ်ရည်တို့ကို အားနာလိုက်တာကွာ၊ ဘယ်လိုမျက်နှာနဲ့သွားတွေ့ရမလဲတောင် မသိတော့ဘူး"

"ကိုအောင် တောင်းပန်သင့်တယ်၊ ခေါင်အမှားတွေအတွက် ဖအေတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်လေ၊ ထားလည်းတောင်းပန်ပါမယ်၊ ခေါင်းလည်း သားတစ်ယောက်ပဲ"

"ထားရယ် ကိုယ့်သားမိုက်ရိုင်းတာ ကိုယ်ပဲတောင်းပန်ပါမယ်"

www.burmeseclassic.com



"ကိုအောင် အဲလိုခွဲခြားတာ ထားစိတ်မကောင်းဘူး၊ ကိုအောင်လည်း သားသဝဏ်အပေါ် သားတစ်ယောက်လို သဘောထားပြီး ကောင်းပေးတာပဲ၊ အခုက ခေါင်ကိုချည်းအပြစ်ပုံချလို့လည်း မရဘူး၊ ခေါင်က မိဘနဲ့နေရတာမဟုတ်ဘူး၊ အဘွားနဲ့ပဲ နေရတာ၊ အဘွားဆိုတာကတော့ မြေးကိုချစ်တဲ့စိတ်နဲ့ မိဘတွေလိုတင်းတင်းကြပ်ကြပ် ဆိုဆုံးမတာ လုပ်ရက်မှာမဟုတ်ဘူးလေ၊ ပညာမသင် လူပေလူတေမလုပ်တာဘဲ တော်သေးတယ်"

"ကျွန်တော်ဆို သူ့လိုဂုဏ်ဒြပ်ပြစရာတောင် မရှိပါဘူး၊ အန်ကယ်နဲ့မေမေ့အပေါ် ရန်လုပ်ချင်နေတာနဲ့ အရွဲ့တိုက်ချင်နေတာနဲ့ ဘာမှသုံးမရတဲ့တွဲ့လက်မှတ်တစ်ခုပဲပြစရာရှိတယ်၊ ကျွန်တော့်ကြောင့် အန်ကယ်ရော မေမေရော စိတ်ဆင်းရဲခဲ့ရတာပဲ၊ သူကတော့ ပညာကိုရအောင်ယူနိုင်တယ်၊ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ လွယ်တာမဟုတ်ပါဘူး အန်ကယ်၊ ဒီအချိန်က သူ့ကိုဖျောင်းဖျရမှာပါ"

ထားနှင့်သဝဏ်က ဒီလိုတွေပြောနေတော့ သားအတွက် စိတ်မကောင်းပေ။ တကယ်လည်း သားကိုအကောင်းဆုံးတွေ့ရစေချင်တာပါ။

လူတော်လူကောင်းတစ်ယောက်လည်း ဖြစ်စေချင်သည်။ ဆေးကျောင်းတက်ဖို့ အောင်မှတ်ရတော့ သားအတွက် ဂုဏ်ယူခဲ့မိ၏။ ပညာရေးကြောင့် ဒီလိုတစ်ဖက်စွန်းရောက်သွားမည်ဟု မထင်ခဲ့မိပေ။

"သဝဏ် မင်းအဲလိုပြောတာ ကျေးဇူးတင်ပါတယ်၊ အန်ကယ့်သားကို မုန်းလို့မဟုတ်ပါဘူး၊ ဒီလိုတွေဖြစ်နေတယ်ဆိုတာကို အားမရတာ ယူကြုံးမရဖြစ်တာ၊ သူသာကောင်းခဲ့ရင် မုဒြာကို သူပိုင်ဆိုင်ရမှာ၊ အခုတော့ မင်းနဲ့ထိုက်တန်လို့ မင်းရသွားပြီလေ၊ အန်ကယ်





ဝမ်းသာပါတယ် ကျေနပ် ပါတယ်ကွာ"

ဦးအောင်ဘွား မချိတင်ကဲ ပြောနေတာပါ။ သားအတွက် တကယ်ခံစားနေရတာ ဖြစ်လိမ့်မည်။

"ကဲပါ ကိုအောင်ရယ် စိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ သူလည်း စိတ်တော့ထိခိုက်သွားမှာပဲ၊ စိတ်အပြောင်းအလဲဖြစ်အောင် နိုင်ငံခြားမှာ ဘွဲ့လွန်တက်ဖို့ပဲ စီမံပေးလိုက်ပါ၊ ဒီမှာဆို သူစိတ်ထိခိုက်စရာတွေ မြင်တွေ့နေရမယ်လေ၊ သားကိုလည်း မေမေပြောထားမယ်နော်၊ ထွဋ်ခေါင် ဘယ်လိုပဲရန်လုပ်လုပ် မတုန့်ပြန်ရဘူး၊ ပြောရရင် သားက အနိုင်ရတဲ့သူလေ၊ ဟုတ်တယ်မဟုတ်လား၊ သူ့ဘာသာ မုဒြာကိုချစ်လို့ပဲဖြစ်ဖြစ် မချစ်လို့ပဲဖြစ်ဖြစ် သူတို့က သံယောဇဉ်နဲ့အချိန်တွေအကြာကြီး အတူနေခဲ့ကြတာ"

"သားနားလည်ပါတယ် အဲဒီအတွက် သားရဲ့စိတ်ကို ပြင်ဆင်ထားပါတယ်"

"အေး ကောင်းပါတယ် သား၊ မေမေတို့လည်း မဝတ်ရည်တို့ကို သွားတွေ့လိုက်ပါမယ်၊ သူတို့စကားပြော ကြည့်ရဦးမှာပေါ့"

"ဟုတ်ကဲ့ မေမေ"

သူ့ဘက်မှာတော့ အစစအရာရာ အဆင်ပြေလို့နေသည်။ ထွဋ်ခေါင်သိတဲ့အချိန်မှာတော့ ဘယ်လိုနေမည်မသိ။

ဒါဆိုလည်း ရင်ဆိုင်ရမည့်ကိစ္စတစ်ခုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

အခုတော့ သူနှင့်မုဒြာ ဘယ်သွားသွား ဘယ်လာလာ တတွဲတွဲ ဖြစ်နေခဲ့သည်။ ကော်ဖီဆိုင်လေး စားပွဲတစ်ဝိုင်းတည်း နှစ်ယောက်အတူ ချစ်စကားတွေပြောရင်း ထိုင်ဖြစ်ကြသလို ပန်းခြံနှင့်ရုပ်ရှင်ရုံလည်း ရောက်ကြ၏။ တခြားမုဒြာ သွားချင်သည့်နေရာတွေလည်း လိုက်ပို့ဖြစ်သည်။ အခုလည်း ကော်ဖီဆိုင်လေးမှာ ထိုင်နေရင်းက မုဒြာက ကန်တော်ကြီးထဲ သွားချင်သည်ဆို၍ ချစ်သူကိုကားပေါ်တင်ကာ ခေါ်လာခဲ့သည်။ မုဒြာက တစ်လမ်းလုံး သူ့ပခုံးပေါ်မှီနွဲ့ကာ ပါလာ၏။

ကန်တော်ကြီးထဲရောက်တော့ ကားကိုရပ်ထားခဲ့ပြီး နှစ်ယောက်သားလက်ချင်းတွဲဆုပ်ကာ ကန်ပေါင်ဘက်မှာလမ်းလျှောက်ကြသည်။

"မုဒြာရယ် မုဒြာလက်ကိုတွဲပြီး လျှောက်ရတာ အိပ်မက်မက်နေသလိုပဲကွာ၊ အခုချိန်ထိ တကယ်ရောဟုတ်ရဲ့လားလို့ တွေးနေမိတယ်"

"အမယ် တကယ် ဟုတ်မဟုတ်သိရအောင် ကိုယ့်အသားကိုယ် ဆိတ်ကြည့်ပါလား"





"ကိုယ့်အသားကိုယ်ဆိတ်ရင် နာမှာပေါ့ မုဒြာရဲ့၊ မုဒြာပါးကို နမ်းကြည့်ရရင် မကောင်းဘူးလား"

"သဝဏ်နော် လူလည်မလုပ်နဲ့၊ လူသူကင်းဝေးတဲ့နေရာဆိုပြီး အခွင့်အရေးယူရင် မုန်းပစ်လိုက်မှာ"

"မလုပ်ပါနဲ့ မုဒြာရယ် မနမ်းနဲ့ဆို မနမ်းပါဘူး၊ မုဒြာမုန်းမှာ ပြင်မှာ ကိုယ်သေလောက်အောင် ကြောက်ပါတယ်"

"ရှင့်ကို အဲဒါကြောင့် မုဒြာချစ်တာ"

"ဘာ"

"ဟုတ်တယ် ရှင်ကလေ မုဒြာရဲ့နှလုံးသားကို အဲလိုစကားတွေနဲ့ချုပ်ကိုင်လွှမ်းမိုးနေတာ သိလား၊ ဘယ်လိုမိန်းကလေးမဆို ကိုယ့်စကားကိုနားထောင်တယ် တန်ဖိုးထားတယ်ဆိုရင် အဲဒီယောကျ်ားကို ပုံအပ်ပြီး ချစ်ချင်ကြတာပဲ"

"ဟုတ်လား တစ်သက်လုံး အချစ်ခံရအောင် တစ်သက်လုံး နားထောင်ရတော့မှာပေါ့"

"အင်းပေါ့ ဘာလဲ မလုပ်နိုင်ဘူးလား"

"လုပ်နိုင်ပါတယ်ဗျာ မုဒြာက မနမ်းနဲ့ဆို မနမ်းပါဘူး၊ လက်မကိုင်နဲ့ဆိုလည်း မကိုင်ပါဘူး၊ ဝေးဝေးမှာနေဆိုလည်း နေပါမယ်"

ပြောပြီး မင်းသဝဏ်က ခပ်လှမ်းလှမ်း ခပ်ခွာခွာကနေ လျှောက်နေသည်။ ဒီလိုဆိုတော့လည်း မုဒြာ မနေတတ်ပေ။ မင်းသဝဏ်လက်ကို အပြေးလေးလှမ်းဆွဲပြီး တွဲခို၍လိုက်သည်။

ဒီယောကျ်ားနှင့်ခပ်ခွာခွာလေးတောင် မနေရဲတော့ပေ။

"သိပ်ပျော်နေသလား မုဒြာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာင် ခေါင်"

"ထွဋ်ခေါင်"

ပက်ပင်းကြီး မျက်နှာချင်းဆိုင်တွေ့လိုက်ရတာမို့ နှစ်ယောက်သား ဘာလုပ်ရမှန်းမသိ ဖြစ်သွားကြသည်။ ထွဋ်ခေါင် မျက်လုံးများက ဒေါသကြောင့်နီရဲခက်ထန်လို့နေသည်။

"နင်က ဒီကောင်နဲ့ဒီလိုနေချင်လို့ ငါ့ကိုအကန်တွေနဲ့ ပထုတ်နေတာပဲ၊ နင်သစ္စာမရှိတဲ့ မိန်းမပဲမုဒြာ"

"မဟုတ်ဘူး နင်သူများကို အပြစ်မပြောနဲ့၊ နင့်အပြစ် နင်မြင်အောင်ကြည့်စမ်းပါ၊ နင့်ဆီက ငါဘာတွေတောင်းဆိုခဲ့လဲ၊ မျှော်လင့်ခဲ့လဲ ဆွေးနွေးညှိနှိုင်းခဲ့လဲ၊ နင်ကရော ဘာတွေလိုက်လျောခဲ့လို့လဲ ခေါင် နင် ငါ့ကိုဘာတွေများ တန်ဖိုးထားခဲ့လို့လဲ"

"နင်က အဲဒီကောင်နဲ့ နှိုင်းယှဉ်ပြီးမှ ငါ့ကိုမကောင်းမြင်နေတာ အဲဒါကို ငါကဘာကိုပြုပြင်ရမှာလဲ၊ ယောကျ်ားချင်း အယှဉ်ခံရတာ အသည်းနာတယ် ရင်နာတယ် သိလား မုဒြာ၊ အရင်က ငါတို့ဘယ်လို နေခဲ့ကြလဲ သံယောဇဉ်တွေကြီးခဲ့ကြလဲ"

"ငါချည်းပဲ အနစ်နာခံရတာပါ၊ အရှုံးပေးခဲ့ရတာ အလျှော့ပေး ခဲ့ရတာပါ၊ အဲဒါတွေက သူငယ်ချင်းဘဝမှာ ဒီအတိုင်းခွင့်လွှတ်နားလည် ပေးလို့ရပေမယ့် နင်ချစ်တယ်လို့ပြောလာပြီး လက်ထပ်ဖို့တွေအထိပြော လာတဲ့အခါမှာ ငါ့ဘက်ကတွေးစရာ စဉ်းစားစရာတွေဖြစ်လာတယ်၊ အရင်လိုပဲ အလျှော့ပေးနေရဦးမှာလား၊ အရှုံးပေးနေရဦးမှာလားလို့ ကြောက်ရွံ့လာတာ ဘာဆန်းလို့လဲ၊ တစ်ခဏအတွက်မှမဟုတ်ဘ တစ်ဘဝစာဖြစ်သွားပြီလေ ဒါကြောင့် နင့်ဘက်က ပြောင်းလဲပေးပါ





ငါတောင်းဆိုခဲ့တာပေါ့ ငါမှားလို့လား"

ထွဋ်ခေါင်ကမုဒြာ ဘာပြောပြော နားမဝင်သလို ခေါင်းရမ်းသည်။ မင်းသဝဏ်နှင့် ဒီလိုမျိုးတွဲလာတာကို လက်မခံနိုင်ခြင်းဖြစ်၏။ မင်းသဝဏ်ကိုမျက်မုန်းစွာ မျက်မှောင်ကြုတ်ကာ ကြည့်ပြီး

"ဒီကောင်မှာ ဘာတွေမက်မောစရာရှိနေလို့လဲ၊ သူများပစ္စည်း ကိုခိုးဝှက်ပြီး ကြောင်တောင်နိုက်တတ်တဲ့ကောင်မျိုးမှာ ဘာတွေအထင် ကြီးစရာရှိနေလို့လဲ၊ ငါလိုဆရာဝန်ကိုယူတာကမှ နင့်မှာဂုဏ်ဆိုတာရှိဦး မယ်"

"ဟဲ့ သူက"

"မပြောပါနဲ့ မုဒြာ"

မုဒြာလက်ကိုဆွဲ၍ မင်းသဝဏ် သတိပေးလိုက်သည်။ ကိုယ်ပိုင် ဆိုင်ရမည့်ပစ္စည်းတစ်ခုကို လုယူခံရသလိုဖြစ်သွား၍ ထွဋ်ခေါင် ဒီလောက် တော့ ပေါက်ကွဲခွင့်ရှိတာပဲ၊ လူငယ်စိတ်နှင့်မခံချင်ဖြစ်တောင် အန်ကယ် ကိုတော့ အားနာသင့်သည်ဟု ထင်မိသည်။

ထွဋ်ခေါင်က ဘာကိုမှ နားမလည်နိုင်စွာဖြင့်

"ဒီကိစ္စကို ငါမကျေနပ်ဘူး မုဒြာ၊ နင်တို့ဒီလိုနေတာ ငါ့ကို အရွဲ့တိုက်နေသလို နင့်မိဘတွေကို ငါပြောရလိမ့်မယ်"

"ဘာပြောမှာလဲ မေမေတို့က သူနဲ့ငါ့ကို သဘောတူတယ်"

"ဘာ"

"နင့်ကိုအရွဲ့တိုက်ရအောင် နင့်ရှေ့မှာ ငါတို့မျက်နှာပြောင်တိုက် ပြီး ပလူးပြနေတာမဟုတ်ဘူးခေါင်၊ ငါတို့ကိစ္စ မေမေတို့ကိုလည်း အသိပေး ပြီးသား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား အတော်လေးကို တတ်နိုင်နေကြပါလား၊ အဲဒါကြောင့် ဟိုတစ်ခါတုန်းက နှင်းအမေ ငါ့ကိုနှင်ထုတ်လိုက်တာပေါ့၊ ဒီကောင်က လက်ခံချင်တာနဲ့လေ"

"နှင်းထင်တာတွေ စွတ်ပြောမနေနဲ့ သူနဲ့ငါရဲ့ကိစ္စက အဲဒီနောက် ပိုင်းမှဖြစ်တာချည်းပဲ၊ မေမေတို့ကို နှင်းအပြုအမူ ဆက်ဆံရေးတွေနဲ့ပတ် သက်ပြီး အရင်တည်းက ငါဖွင့်ပြောထားခဲ့တာ သူနဲ့ကိစ္စကိုလည်း မေမေ ကိုတိုင်ပင်ပြီးမှ ငါလက်ခံခဲ့တာ၊ ငါ့မိဘမသိအောင် ငါဘာမှမလုပ်ဘူး"

"အရမ်းကိုတော်နေတာပဲ မုဒြာ၊ အဲဒါကို အထင်ကြီးပေး မှာလား၊ နို့ပါ နှင်းက ငါနဲ့တွဲလို့အားရမှ နောက်တစ်ယောက်ကိုတွဲချင် နေတာ၊ ငါ့ကိုအပြစ်ရှာတာ"

"မုဒြာကို အဲလောက်ကြီးတော့ မပြောပါနဲ့ ထွဋ်ခေါင်အ မင်းဘက်ကပေးသင့်တာတွေ မပေးဘဲနဲ့ ရယူချင်လို့တော့ ဘယ်ဖြစ်မယ်"

"ဟိတ်ကောင် မင်းငါ့ကိုဆရာမလုပ်နဲ့၊ ငါတို့ကြားမှာ မင်း ဝင်ရှုပ်နေတာ၊ မင်းသာပေါ်မလာရင် ငါတို့ဒီလိုတွေဖြစ်စရာအကြောင်း မရှိဘူး၊ နားလည်လား"

"ထွဋ်ခေါင် နှင်လက်မပါနဲ့နော်"

မင်းသဝဏ် အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲလိုက်၍ မုဒြာ ကာ ကာသီ ထွဋ်ခေါင်လက်ကို ဆွဲဖြုတ်လိုက်ရသည်။ မင်းသဝဏ်က ဒေါ ဖြစ်သွားသော်လည်း ထွဋ်ခေါင်ကို ဘာမှပြန်မလုပ်ပါ။

"နှင်က ဆတ်ဆတ်ထိမခံနိုင်အောင် ဖြစ်နေပါလား မုဒြာ နှင်လည်း ငါ့ကိုအဲလိုနွေးထွေးမှုတွေ မပေးခဲ့ဘူးမဟုတ်လား၊ အကြင် တွေ ဂရုစိုက်တာတွေမရှိပါဘူး၊ သူငယ်ချင်းလို သွားလာစားသောက်





ပတ်တာပဲ ရှိတယ်"

"အေးလေ ငါက နှင်းကိုချစ်သူတစ်ယောက်လိုမှ မချစ်ခဲ့တာ၊ သူငယ်ချင်းလိုပဲ ဆက်ဆံမှာပေါ့၊ နှင်ကသာ ချစ်တယ်ပြောပြီး အလျှော့ မပေးချင်ဘဲ မာနတွေနဲ့ တင်းခံခဲ့တာ၊ နှင့်ဘက်ကသာ ပျော့ပျောင်းခဲ့ မယ်ဆိုရင် ငါ့ဘက်က သံယောဇဉ်တွေနဲ့ လက်ထပ်ဖြစ်ခဲ့မှာပါ၊ အခုတော့ နှင်နဲ့ပတ်သက်သမျှအရာအားလုံး ပြီးသွားပြီပေါ့"

"နှင်ပြီးပေမယ့် ငါကတော့ မပြီးသေးဘူး၊ ငါဘာလုပ်မလဲဆို တာ နှင်စောင့်ကြည့်နေ မုဒြာ အဲဒီကောင်နဲ့ နှင်မပျော်စေရဘူး"

"ထွဋ်ခေါင် နှင်"

"ထားလိုက်ပါ မုဒြာရယ်"

ထွဋ်ခေါင်က ခြေလှမ်းကြဲနှင့်လှမ်းထွက်သွားသည်။ မုဒြာ ပြော ချင်တာတွေရှိနေသော်လည်း မင်းသဝဏ်က အပြောမခံပါ။

"ဘာလို့တားနေတာလဲ သဝဏ်ရယ်၊ ဒီကောင်ကို သိအောင်လို့ ပြောမှဖြစ်တော့မှာ"

"သူဒဏ်ရာနစ်ဆရသွားမှာစိုးလို့ပါ၊ မုဒြာကိုလည်း ဆုံးရှုံးရ တယ်၊ ကိုယ့်ကိုစော်ကားမိတာတွေအတွက်လည်း နောင်တရရဦးမယ်ဆို င် သူစိတ်ထိခိုက်စရာတွေ များသွားလိမ့်မယ် မုဒြာ၊ သူ ဒီလောက် တော့ ပေါက်ကွဲနိုင်တာပဲ နားလည်ပေးလိုက်ပါနော်မုဒြာ"

"ရှင်အစက အဲလောက် သဘောထားပြည့်ဝမယ့်သူမှန်း မုဒြာ သိခဲ့ဘူး သဝဏ်၊ ရှင် အရမ်းလေးစားဖို့ကောင်းတာပဲ"

"ကိုယ်လည်း အချစ်ကြောင့်မို့ ပြောင်းလဲလာတာပါ၊ အရင်က တွေအပေါ်မှာ အရမ်းဆိုးတဲ့လူဆိုးလေးပါ၊ အချစ်က တကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



လူရဲ့စိတ်ကိုပြောင်းလဲစေတယ်ဆိုတာ ကိုယ်ယုံလိုက်ပြီ၊ ထွဋ်ခေါင်လည်း မုဒြာကိုချစ်တော့ချစ်ခဲ့မှာပါ၊ ဒါပေမဲ့ မချစ်တတ်ခဲ့လို့ပဲဖြစ်လိမ့်မယ်၊ ကိုယ်တို့ကပဲ နားလည်ပေးလိုက်တာ ကောင်းပါတယ်''

သဘောထားကြီးသော ချစ်သူသဝဏ်ကို မုဒြာ မြတ်နိုးလွန်းစွာ ဖက်တွယ်ထားလိုက်မိသည်။ ဒီယောကျ်ားကိုချစ်မိသည့်အတွက် သူ ဘယ်တော့မှ နောင်တရမိမှာမဟုတ်တော့ပေ။

ဒီရင်ကအချစ်တွေကလည်း သူ့အတွက် တစ်သက်စာပါပဲ။

■ ■ ■



## အခန်း (၃၃)

''ခေါင်နဲ့တွေ့ပြီး ပြဿနာဖြစ်ခဲ့တာလား၊ သူနဲ့တာလို့ ထိပ်တိုက်တွေ့ရတာလဲ သားရယ်၊ ကိုယ်က အနေအထိုင်ဆင်ခြင်ပြီး ရှောင်သင့်တာပေါ့၊ သားတို့နှစ်ယောက်ကို တွဲတွေ့ပြီး သူ အတော်လေး ခံရခက်သွားမှာပဲ ဟုတ်တယ်မဟုတ်လား သား''

မေမေပြောတာကို သူ ခေါင်းညိတ်ပြမိသည်။ အန်ကယ်ကတော့ စိတ်မကောင်းဖြစ်နေသလိုဖြင့် ခေါင်းတညိတ်ညိတ်နှင့်ပါ။

''တမင်တကာကြီး မတွေ့အောင် ရှောင်နေလို့တော့ ဘယ်ဖြစ်မှာလဲ ထားရယ်၊ တစ်နိုင်ငံထဲ တစ်မြို့ထဲနေကြတဲ့ဥစ္စာ၊ မုဒြာနဲ့သဝဏ် ချစ်သူဖြစ်သွားပြီဆိုတာ တစ်နေ့နေ့တော့လည်း သိမှာပဲ၊ စောစောသိတော့လည်း ပိုကောင်းတာပေါ့၊ ဒါမှ သူ့ဘက်ကဘာတွေလိုအပ်လို့လဲဆိုတဲ့အမှားကို မြင်မှာ''

''အခုထိတော့ မမြင်သေးဘူး အန်ကယ်၊ တွေ့တာနဲ့ မုဒြာကို



www.burmeseclassic.com

www.burmeseclassic.com



ရန်လုပ်တော့တာပဲ၊ ကျွန်တော့်ကိုလည်း ထိုးမယ်ကြိတ်မယ်နဲ့"

"ဟင် ဒီကောင်"

"သူလည်း ပေါက်ကွဲမှာပေါ့ အန်ကယ်၊ ကျွန်တော် သူ့ကို ကိုယ်ချင်းစာပါတယ်၊ မုဒြာက ကျွန်တော်ဘယ်သူဆိုတာ ပြောချင်တာ တောင် အပြောမခံခဲ့ဘူး၊ ကျွန်တော်က သူပိုင်ပစ္စည်းကို လုယူသလိုဖြစ် ခဲ့တာပဲလေ၊ သူ နာကြည်းသွားမှာပေါ့"

မင်းသဝဏ်တို့သားအမိက နားလည်ပေးသလောက် သားကို ဦးအောင်ဘွား ဘယ်လိုနားလည်ပေးရမှန်း မသိတော့ပါ။

သားက ပိုင်ဆိုင်သင့်ပါလျက် မပိုင်ဆိုင်ရတာ၊ ချစ်ချင်ပါလျက် မချစ်တတ်လို့များလား။ တကယ်ဆို သားကို ဒီလိုမျိုးလုံးဝမဖြစ်စေချင်ပါ။

"အန်ကယ် မင်းတို့သားအမိကို အရမ်းအားနာနေပါပြီကွာ၊ သားကိုဘယ်လိုလုပ် ဘယ်လိုပြောရမှန်းကို မသိတော့ပါဘူး"

"ဘာမှမပြောပါနဲ့ တစ်နေ့တော့ သူသိသွားမယ့်ကိစ္စ၊ နားလည် သွားမယ့်ကိစ္စပါ၊ ပြဿနာဆိုတာ နေရာတိုင်းမှာ ရှိတတ်တာပဲ၊ အရင်က သားသဝဏ်ကြောင့် ကိုအောင် စိတ်ဆင်းရဲခဲ့ရတယ်မဟုတ်လား၊ အခု ကိုအောင့်သားကြောင့် စိတ်ဆင်းရဲရမယ်ဆိုရင်လည်း တရားမျှတပါတယ်"

"ကိုယ်က ကိုယ့်သားကို အဲလိုလူမျိုးဖြစ်လိမ့်မယ်လို့ လုံးဝ မထင်ဘူး၊ သဝဏ်ကိုပဲ ဆိုးလှပြီထင်တာ၊ သဝဏ်က အချစ်ကြောင့် ပျော့ပျောင်းညင်သာလာတယ်၊ သားက အချစ်ကြောင့် စိတ်တွေကြမ်း တမ်းသွားတယ်၊ ကိုယ်တော့ လူတွေစိတ်ကို ဘယ်လိုနားလည်ရမှန်းမသိ တော့ပါဘူး ထားရယ်"

"ကဲပါကိုအောင်ရယ် စိတ်ညစ်မနေပါနဲ့ ဒီကိစ္စတွေက ကြာလာ





ရင် သူ့အလိုလို ပြီးသွားမှာတွေချည်းပါပဲ၊ တစ်ခုပဲ ခေါင်ကိုဒီထက်တော့ ဆိုးဝါးစေချင်ဘူး မုဒြာကို ကြိမ်းမောင်းထားတယ်ဆိုတော့ တစ်ခုခု လုပ်လိုက်မှာစိုးလို့ပါ"

"အဲဒါတော့ သားလည်းစိုးရိမ်တယ် မေမေ၊ မုဒြာက ရိုးသား ထွန်းတယ်၊ ထွဋ်ခေါင်အပေါ်လည်း သံယောဇဉ်ရှိတယ်၊ အဲဒီအပေါ်မှာ အခွင့်အရေးရအောင်မယူဘူးလို့ မပြောနိုင်ဘူး"

ဒေါ်သက်ထားနှင့် မင်းသဝဏ်စိုးရိမ်နေတာကို ဦးအောင်ဘွား သဘောပေါက်သည်။ သား ဆက်မမှားအောင် ဘယ်လိုလုပ်ရမလဲ။

"ကိုအောင် ဘယ်သူ့ဆီ ဖုန်းဆက်မလို့လဲ"

ဦးအောင်ဘွားလက်ထဲက ဖုန်းကိုယူ၍ ဒေါ်သက်ထား မေး လိုက်သည်။ ဦးအောင်ဘွား သက်ပြင်းတွေချ၍

"သားကိုဒီအတိုင်း လျစ်လျူရှုမထားချင်တော့ဘူး၊ ဆက်မိုက်မှာ စိုးလို့ပါ၊ မုဒြာကိုရော သဝဏ်ကိုရော ဒီလိုတွေမလုပ်ဖို့ ကိုယ်သတိပေး ရမယ်၊ လွှတ်ထားလိုက်ရင် ဘယ်လိုတွေဖြစ်ကုန်မလဲ မပြောတတ်ဘူး"

"စိတ်ကိုအေးအေးထားပါ ကိုအောင်ရယ်၊ သူ့ကိုတုန့်ပြန်တဲ့သူ မရှိဘဲနဲ့ ရန်စမရှည်ပါဘူး"

"ဟုတ်ပါတယ် အန်ကယ်၊ အန်ကယ့်ကိုတစ်မျိုးမြင်သွားမှာစိုး လို့ပါ"

"ထားတို့ မဝတ်ရည်တို့အိမ်သွားရင်းနဲ့ ခေါင်ဆီဝင်ကြတာပေါ့ ကိုအောင်၊ သူ့ကိုဒေါသနဲ့ဖြေရှင်းလို့ မကောင်းဘူး၊ မေတ္တာနဲ့ဖျောင်းဖျ ရမှာ၊ ကိုအောင့်သားကို ထားလည်းချစ်တာပဲ၊ ထားလည်းပြောပါမယ်"

ဦးအောင်ဘွား ငြိမ်ကျသွားသည်။ ဒေါ်သက်ထားက ဦးအောင်



www.burmeseclassic.com

www.burmeseclassic.com



ဘွားကို အခန်းထဲဆွဲခေါ်သွားသည်။

ခဏနေတော့ ညှော့်ခန်းထဲမှာ သဝဏ်ဖုန်းလေးက မြည်လာသည်။ နံပါတ်ကိုကြည့်လိုက်တော့ မုဒြာရဲ့ဖုန်းဖြစ်နေသဖြင့် မင်းသဝဏ် အမြန်ကောက်ကိုင်လိုက်၏။

"မုဒြာ"

"ဟဲလို သဝဏ် မုဒြာ သတိရလို့ဆက်လိုက်တာ"

"ကိုယ်လည်း ဆက်မလို့ပါ၊ မေမေတို့နဲ့ စကားပြောနေလို့လေ ထွန်းခေါင်နဲ့တွေ့တဲ့အကြောင်းပြောနေကြတာ၊ မေမေတို့က ထွန်းခေါင်နဲ့ ထိပ်တိုက်မတွေ့စေချင်ဘူး။ ကိုယ့်တက်က အသာစီးရနေတဲ့ပုံစံမျိုးဆိုတော့ သူ့ကိုဒဏ်ရာတွေပေးသလိုဖြစ်ပြီး စိတ်ထိခိုက်မှာစိုးလို့တဲ့"

"ဒါတော့ဒါပေါ့လေ ဒါပေမဲ့ ရှောင်လို့ရတဲ့ကိစ္စမှမဟုတ်တာ သူနဲ့ကဆုံနေဦးမှာပဲ၊ ကိုယ်ကရှောင်ရင်တောင် သူက ပြဿနာရှာ ဆုံအောင် လုပ်တော့မှာ၊ သူတော်တော်မကျေမနပ် ဖြစ်သွားတာ သဝဏ်"

"မုဒြာ ဂရုစိုက်ပါနော်၊ အကြောင်းတစ်ခုခုဆို ကိုယ့်ကိုဖုန်း ဆက် သိလား မုဒြာ"

"အင်း ဟုတ်ကဲ့ပါ ဒါနဲ့အန်တီတို့မနက်ညနေ အိမ်ကိုလာမယ် လို့ပြောတယ်မဟုတ်လား"

"အင်း လာကြမှာ မုဒြာ၊ မေမေက ကိုယ့်ကိုမလိုက်စေချင်ဘူး မုဒြာ မိဘတွေ ပွင့်ပွင့်လင်းလင်း ပြောမှာကို နားထောင်ချင်လို့တဲ့"

"ဟုတ်လား အဲဒါဆို မနက်ဖြန် မုဒြာတို့မတွေ့ရတော့ဘူးပေါ့"

"ကိုယ်ဖုန်းဆက်မယ်လေ မုဒြာ၊ မနက်နဲ့နေ့လယ်က ကိုယ် ရတနာဆိုင်မှာလေ့လာနေတယ်၊ မေမေက ကိုယ်လက်ထပ်တဲ့အ





ဂုဏ်ပြုပ်တစ်ခုပြစရာရှိအောင် ရတနာဆိုင်တစ်ဆိုင်ထောင်ပေးမယ်တဲ့ လေ၊ မုဒြာနဲ့နှစ်ယောက် ကြိုးကြိုးစားစား လုပ်ကြတဲ့၊ လက်ဖွဲ့တဲ့သဘောပဲ"

"အင်း ကောင်းတာပေါ့၊ မုဒြာလည်း အလုပ်အကိုင်မရှိဖြစ်နေတာ၊ ဪ သဝဏ် အိမ်ရှေ့မှာညှော်သည်လာနေလို့ ဖုန်းချလိုက်တော့မယ်နော်၊ ကောင်မလေးက ကျောင်းမှာသန့်ရှင်းရေးလုပ်စရာရှိလို့ မေမေနဲ့ပါသွားတယ်၊ ဒါပဲနော် သဝဏ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

မုဒြာကပျာကယာ ဖုန်းချသွားတာမို့ ငေါင်တောင်တောင်ကြီးဖြစ်ကာ ကျန်ခဲ့သည်။ မေမေလည်း အန်ကယ့်ကိုဖျောင်းဖျနေပြီထင်ပါ၏။ လူဆိုတာ အဖော်လိုအပ်တာပဲ။

အခုတော့ သူလည်း နားလည်လာကာ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



တာ နင်နဲ့ဘာကြောင့်များ သူစိမ်းတွေလိုဖြစ်သွားရတာလဲလို့''

''နင့်ဘက်က လိုအပ်ချက်တွေ အခုထိ နင်မမြင်သေးဘူး မဟုတ်လား ခေါင်''

''ငါက အရင်အတိုင်းပါပဲ၊ နင်ကပြောင်းလဲသွားတာပါမုဒြာ၊ ဟိုကောင်နဲ့ မတွေ့ခင်ကအချိန်ထိ ငါတို့အရင်အတိုင်းပဲလေ၊ နင်စောင့်နေမယ့် ကော်ဖီဆိုင်ကို ငါလာတွေ့တယ်၊ ငါအားတဲ့အခါ နင်သွားချင်တဲ့နေရာတွေ လိုက်ပို့တယ်''

''မလာနိုင်လို့ ငါတစ်ယောက်တည်း စောင့်ခဲ့ရတဲ့အချိန်တွေ ရှိတယ်မဟုတ်လား၊ နင်စိတ်မရှည်လို့ တစ်ယောက်တည်းလမ်းမှာပစ်ချ ထားခဲ့ရင် တက္ကစီငှားပြီး ငါ့ဘာသာပြန်ရတယ်၊ နင့်အိမ်ကိုလာတိုင်း ငါ့ကိုနှင်ထုတ်ချင်ထုတ်တယ်၊ ထွက်တွေ့ချင်မှ တွေ့တယ်၊ ဒါတွေက နင်ချစ်တယ်လို့ပြောတဲ့ မိန်းမတစ်ယောက်ကိုပေးတဲ့ သာယာမှုတွေလား''

''နင် ဟိုကောင်နဲ့တွေ့မှ ပြောတတ်လာတဲ့စကားတွေပါ မုဒြာ၊ ငါဘယ်လိုမှ သည်းမခံနိုင်ဘူး၊ ငါဘယ်လိုမှ မခံစားနိုင်ဘူး''

ပြောရင်းနှင့် အားမလိုအားမရ ကြိတ်မနိုင်ခဲမရနှင့် ထွန်းခေါင် အရပ်ပြီး ဟိုဘက်ဒီဘက်လျှောက်၏။ အံတကြိတ်ကြိတ် လက်သီးတပြင်ပြင်ဖြစ်နေ၏။

မုဒြာမဲ့ပြုံးတစ်ချက် ပြုံးလိုက်ကာ

''နင်က ကိုယ့်အပြစ်ကိုယ်မမြင်တဲ့အတွက် ဘာပြင်ရမယ်ဆိုတာ ဘယ်တော့မှသိမှာမဟုတ်ဘူး၊ ငါစိတ်ပျက်စိတ်ကုန်ရတဲ့အကြောင်း အရင်းကလည်း အဲဒါပဲ ခေါင်၊ နင် ဘယ်တော့မှ နင့်မှာဘာလိုအပ်ချက်တွေရှိနေတယ်ဆိုတာ နင်သိတော့မှာမဟုတ်ဘူး၊ ရှင်းပြနေလည်း သူများ



အခန်း (၃၄)

''နင်ဘယ်သူနဲ့ဖုန်းပြောနေတာလဲ''

''သဝဏ်နဲ့ပေါ့''

မုဒြာ မညာချင်။ ညွှန့်သည်ဆိုလို့ ကျွန်းတံခါးကြီးကို ဖွင့်ပေးလိုက်ချိန်မှာ ထွန်းခေါင်ဖြစ်နေခဲ့သည်။ ခြံစောင့်ကြီးက ထွန်းခေါင်ဆိုလျှင် ချက်ချင်းပင် တံခါးဖွင့်ပေးတတ်၏။

အရင်လည်း တံခါးမရှိ ဓားမရှိ ဝင်ထွက်သွားလာတတ်သူ မဟုတ်လား။ ရန်သူတွေလည်းမဟုတ်တာမို့ ညွှန့်ခန်းက ဆိုဖာခုံမှာဝင်ထိုင်တာကို ဘာမှမပြောဘဲ နေလိုက်ရသည်။

''အံ့တော့ အံ့သြစရာပဲ ခေါင်၊ နင် ငါ့အိမ်ကိုမလာတာ ဘယ်လောက်များကြာပြီလဲ၊ ငါကပဲ နင့်ကိုတွေ့ချင်တိုင်း နင့်အိမ်ကိုလာရ နင်ချိန်းတဲ့နေရာလာရနဲ့ အခု ဘာကိစ္စများရှိလို့လဲ''

''နင့်ဆီကို ငါကိစ္စရှိမှ လာရမှာလား မုဒြာ၊ ငါ့ကိုယ်ငါ တွေးနေ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲအပြစ်မြင်ပြီး နှင်ပြင်မှာမဟုတ်ဘူး၊ အဲဒီတော့ ငါတို့ပြတ်ပြတ်သား သားဖြစ်သွားတာ ကောင်းပါတယ်၊ ငါလည်း နှင့်ကိုချစ်မှမချစ်တာ"

"တောက်"

တက်တစ်ချက်ခေါက်လျက် မှုဒြာအနားကို ထွဋ်ခေါင် ဖြုန်းခနဲ ရောက်လာပြီး ပခုံးကိုဆုပ်ညှစ်သည်။

"မုဒြာ နှင်က အကြင်နာတွေ ဂရုစိုက်မှုတွေ သိပ်လိုချင်နေ တယ် ဟုတ်လား။ အဲဒီကောင်ဆီကရလို့ အဲဒီကောင်ကို သာယာနေတာ မဟုတ်လား၊ ငါလည်းပေးနိုင်ပါတယ် ပေးတတ်ပါတယ်"

"ခေါင် နှင်ဘာလုပ်တာလဲ ဖယ်စမ်း လွှတ်"

"မလွှတ်ဘူး နှင်နဲ့ငါက လက်ထပ်ဖို့ရည်ရွယ်ပြီးသား။ ဒီ ကြာကူလီကောင် မရှုပ်ရင် ငါတို့ဒီလိုဖြစ်စရာအကြောင်းရှိမှာမဟုတ်ဘူး ငါ နှင့်ကိုလက်ထပ်မှာ မုဒြာ"

"ခေါင် နှင် မမိုက်ရိုင်းနဲ့ လွှတ်စမ်း ငါ့ကို"

"နှင် အဲဒီကောင်ကို မချစ်ရဘူး၊ ငါ့ကိုပဲလက်ထပ်ရမယ် နှင်ငါ့ကိုမချစ်ရင်တောင် အရင်ကသံယောဇဉ်တွေနဲ့ ငါတို့လက်ထပ်ရ ရတာပဲ နော် မုဒြာ"

"ဟင့်အင်း ငါသူ့ကိုပဲလက်ထပ်မှာ၊ သူနဲ့ငါနဲ့ချစ်သူတွေဖြစ်နေ ပြီ၊ သူ့မိဘတွေလည်း မေမေတို့ကိုလာတွေ့တော့မှာ"

"အာ အဲဒီကောင်ကို ငါသတ်ပစ်မယ် ကြာကူလီကောင်"

"နှင်သူ့ကိုသတ်ရင် ကျေးဖူးရှင်ကို စော်ကားသလိုဖြစ်သွား ပေါ့"

"ဘာ"





မုဒြာ ပခုံးကိုဆုပ်ကိုင်ထားသော လက်က ရုပ်တန့်နောက်ဆုတ် ပြီး မျက်မှောင်ကြုတ်သွားသည်။

"ပြန်ပြောစမ်း ငါက ဘယ်ကျေးဇူးရှင်ကိုစော်ကားမိမှာလဲ"

"မင်းသဝဏ်ဆိုတာ နှင့်အဖေနောက်အိမ်ထောင် ဒေါ်သက် ထားရဲ့သားဟဲ့ ခေါင်ရဲ့"

"ဘာ ဘာပြောတယ်"

"ဒေါ်သက်ထားကြောင့် နှင်ဒီလိုနေနိုင်စားနိုင် ဆေးကျောင်း တက်နိုင်ခဲ့တာမဟုတ်လား။ နှင် အခုလိုဆရာဝန်ကြီးဖြစ်လာတာ သူတို့ ကြောင့်မဟုတ်ဘူးလား"

"ဒါ ဒါတကယ်လား"

"လိမ်ညာပြောစရာအကြောင်းမရှိဘူး ခေါင်"

"ဒါ ဒါဆို ငါဘယ်သူ့သားဆိုတာ မင်းသဝဏ်"

"သိတယ် နှင်က သူ့ပထွေးရဲ့သားမှန်းသိတယ်၊ အစကမသိလို့ နှင်နဲ့အပြိုင်အတိုက်အခံတွေလုပ်နေပေမယ့် သိသွားတဲ့အချိန်ကစပြီး နှင် ဘာပြောပြော ဘာလုပ်လုပ် ထိုးထိုးကြိတ်ကြိတ် သူသည်းခံနေခဲ့တယ်၊ နှင် အဲလိုတွေလုပ်နေလို့ ကျေးဇူးရှင်သားမှန်းသိအောင် ပြောလိုက်ပါဆို တာကို နှင်သိမ်ငယ်သွားမှာစိုးလို့ အားငယ်သွားမှာစိုးလို့ မပြောဘူးတဲ့၊ သူ့ဘက်က နှင့်အတွက် အဲလောက်တွေးပေးနေရဲ့နဲ့ နှင်က နားမလည် ဘာ မသိတတ်တာ နှင့်ကိုယ်နှင်ပဲမြင်ပြီး အတ္တကြီးနေခဲ့တာ"

"ဟား"

ထွဋ်ခေါင်ဆိုဖာခုံပေါ် အရုပ်ကြိုးပြတ်ပစ်ကျသွားသည်။ ဒီလို ဖြစ်နိုင်သည်လို့ သူ တစ်ချက်လေးမှ မတွေးမိ။ မင်းသဝဏ်က ဒေါ်သက်



www.burmeseclassic.com

ထားရဲ့သားတဲ့လား။

ဒါကြောင့်မို့ သူ့ကိုသည်းခံပေးခဲ့တာတဲ့လား။

"ဘာလို့ ငါ့ကို အခုမှဒီအကြောင်းပြောရတာလဲ၊ ဘာလို့ စော စောကမပြောခဲ့တာလဲ"

"ငါပြောပြီးပြီလေ၊ သူက မပြောခိုင်းတာပါဆို၊ နင်ခံစားရမှာ စိုးလို့ သဝဏ်ရော သူ့အမေရော နင့်အတွက်တွေးပေးနေကြတာ"

"အာ ဖေဖေကရော ဘာလို့မပြောတာလဲဟာ"

"နင့်အဖေကိုလည်း သူတို့ပဲတားခဲ့တာ၊ နင်လုပ်ချင်တာတွေ လုပ်၊ နင်ပြောချင်တာတွေပြောပါစေဆိုပြီးထားတာ၊ တစ်နေ့နေ့ သူ့အလို လို နားလည်သွားလိမ့်မယ်တဲ့၊ အခုတော့ နင်က ငါ့ကိုစော်ကားမော်ကား လုပ်ဖို့ပါကြံနေလို့ ငါပြောလိုက်ရတာ ရှင်းပြီလား"

"မရှင်းသေးဘူး"

"ဘာ"

"မင်းသဝဏ်အမေက ငါ့အဖေကို အပိုင်သိမ်းထားတယ်၊ မင်း သဝဏ်က နင့်ကိုအပိုင်သိမ်းမယ်၊ ငါ့အတွက် ဘာကျန်လို့လဲ၊ ငါ့အတွက် ဘာကျန်တော့လို့လဲ"

"ကျွတ် ထွဋ်ခေါင်ရယ်"

မုဒြာ စိတ်ပျက်လက်ပျက် ညည်းညူမိလိုက်တော့သည်။ ထွဋ် ခေါင် ဘာလို့ဒီလောက်တောင် အတ္တကြီးနေတာလဲ၊ ဘာကြောင့်အမြင် တွေလွဲမှားနေတာလဲ။ ထွဋ်ခေါင်မျက်လုံးများက နီစပ်နေကာ

"ငါက အဘွားနဲ့ပဲနေရတယ်၊ ဖေဖေကတော့ ဟိုမိသားစုနဲ့ ပျော်နေတယ်၊ ငါ့ကိုဂရုစိုက်မယ့်သူမရှိလို့ ငါက ပညာရေးကိုပဲ ဂရုစိုက်





ခဲ့ရတယ်၊ ငါရတာ ဘာရှိလဲ ဘာရှိလဲ ပြောစမ်းပါဦး မုဒြာ"

"နင့်အတ္တကြောင့် နင်ဘာမှမပိုင်ဆိုင်ရတာ ခေါင်၊ နင် ပညာ ရေးဘက်ကို အာရုံရောက်လွန်းလို့ တစ်ဖက်စွန်းအတွေးတွေ ဝင်သွားတာ၊ နင်မင်းသဝဏ်ကို ထိုးခဲ့ကြိတ်ခဲ့တာတွေ နောင်တမရဘူးလား၊ ကျေးဇူးရှင် သားကို စော်ကားရက်မိလေခြင်းလို့ နင် နည်းနည်းလေးမှအားမနာဘူး လား"

"ဖေဖေ့ကိုအပိုင်ယူထားပြီး ခိုင်းစားနေတာ၊ ငါကဘာကို အားနာရမှာလဲ၊ ငါ့အဖေက ကျွန်လိုလုပ်ပြီး ငါ ဒီလောက်တောင် စံစား ခွင့်မရှိဘူးလား"

"ခေါင်ရယ် နင်တရားကိုလွန်တာပဲ၊ ငါ နင့်ကိုတကယ်စိတ်ပျက် သွားပြီ သိလား"

"ဟင့်အင်း နင်စိတ်မပျက်ရဘူး မုဒြာ၊ နင် လိုချင်တဲ့အရာ တွေ နင်တောင်းဆိုထားတာတွေ ငါပေးပါ့မယ်၊ နင် ငါ့ကိုလက်ထပ်ပါ"

ထွဋ်ခေါင်က မုဒြာအနားတိုးကပ်လာထိုင်သည်။ မုဒြာ မြန်မြန်ခနဲ ထရပ်ပြီး

"နင်ပြန်တော့ ထွဋ်ခေါင်၊ နင် အတ္တကြီးပြီးတစ်ဖက်စွန်းရောက် နေပြီ၊ နင်ကို ဒီထက်ပိုပြီး သည်းခံစကားမပြောနိုင်တော့ဘူး၊ နင် ငါ့အိမ် ထဲကထွက်သွားတော့"

"မုဒြာ နင်ဘယ်ချိန်တုန်းက ငါ့ကိုနှင်ထုတ်ဖူးလို့လဲ"

"အခု နှင်ထုတ်တယ်၊ နင့်မျက်နှာကို မမြင်ချင်တော့ဘူး၊ အခုချက်ချင်း ထွက်သွားတော့"

"မုဒြာ"

www.burmeseclassic.com



"မေမေတို့ပြန်ရောက်လာရင် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်သွားမယ်နော်၊ ဟိုတစ်ခါပြဿနာဖြစ်တည်းက မေမေတို့နင့်ကို မလိုလားတော့တာ နင်သိပါတယ်"

"အဲဒါကိုပဲ ငါမကျေနပ်တာ၊ အားလုံးက အခုမှ မင်းသဝဏ်ဖြစ်နေရတာလဲ"

"မင်းသဝဏ်ဖြစ်နေပြီဆိုတည်းက ဖြစ်ရတဲ့အကြောင်းအရင်း ရှိလို့ပေါ့၊ နင့်ကိုမုန်းရတာလည်း မုန်းရတဲ့အကြောင်းအရင်းရှိတယ်၊ ကိုယ့်အပြစ်ကိုယ်ပဲမြင်အောင်ကြည့်ပါ၊ မြင်တတ်အောင်ကြည့်စမ်းပါ၊ အေး မမြင်သရွေ့ နင်အမှောင်ဖုံးနေမှာပဲ၊ ကန်းနေသရွေ့ နင့်ဘဝ ဒီအတိုင်းပဲ ရှိမှာပဲ၊ နင်ပြန်တော့ သွားလိုက်တော့ ထွဋ်ခေါင်"

တံခါးဖွင့်ပြီး ထွဋ်ခေါင်ကို ဖွတ်ထွက်သွားခိုင်းလိုက်သည်။ အိမ်ရှေ့က ကားဝင်လာသံကြားတာမို့ ထွဋ်ခေါင် မပြန်ချင်ဘဲ ပြန်လိုက်ရသော ဘဝတစ်ခုလုံး အထီးကျန်သွားသလို ခံစားလိုက်ရသည်။ ဘာမှမပိုင်ဆိုင်ရ၊ ဘာမှမရလိုက်ဘဲ အရာအားလုံး လက်လွှတ်ဆုံးရှုံးရသလို ရင်ထဲမှာ ဟာလာဟင်းလင်းပြင်ကြီး ဖြစ်လို့နေ၏။

ဘာမှမရှိဘဲ ဘာလုပ်ရမှာလဲ၊ ငါဘာမှမရဘဲ ဘာလုပ်ရမှာလဲ မုဒြာ။

■ ■ ■



## အခန်း (၃၅)

"လာကြပါ ထိုင်ကြပါ၊ မသက်ထားကိုမတွေ့ရတာတောင် ကြာနေပြီ"

"ဟုတ်ကဲ့ မဝတ်ရည်၊ ထားလည်းတွေ့ချင်နေတာပါ၊ အခု သားရေးသမီးရေးကိစ္စမှပဲ တွေ့ရတော့တယ်"

ဧည့်ခန်းမှာထိုင်ပြီးကြသည်နှင့် အိမ်အကူမိန်းကလေးက ကော်ဖီခွက်တွေလာပြီးချပေးသည်။ မုဒြာက မုန့်ပန်းကန်တွေ ယူလာ၏။

"ကိုယ်ကျော်စွာလည်း ကျွန်တော်တို့ကြောင့် ဒီနေ့အလုပ်ပျက်သွားပြီပေါ့၊ အားနာပါတယ်ဗျာ"

"ဘယ့်နှယ် အားနာရမှာလဲ၊ ဒီလိုပဲ သားသမီးအတွက်ဆို အချိန်ပေးရတာပဲဗျ၊ ခင်ဗျားတို့လည်း သားသမီးအတွက် အချိန်ပေးပြီး လာခဲ့တာပဲမဟုတ်လား"

"ဟုတ်ပါ့ဗျာ ဟား ဟား"

အားလုံးရယ်ကာမောကာဖြင့် အဆင်ပြေပြေလေးမို့ မုဒြာစိတ်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာရသည်။ စကားဝိုင်းမှာ သဝဏ်မပါတာကလွဲလို့ပေါ့လေ။

"ကဲ သားရေးသမီးရေးဆိုတော့ သားရှင်ဖြစ်တဲ့ ကျွန်တော်ကပဲ အရင်စပြောပါရစေ၊ သား မင်းသဝဏ်နဲ့သမီးလေး မုဒြာက မေတ္တာမျှနေပြီဆိုတော့ သမီးရှင်ဖြစ်တဲ့ မဝတ်ရည်နဲ့ကိုကျော်စွာက သဘောတူပေးပါလို့ တောင်းဆိုပါတယ်"

"ကျွန်တော်တို့ဘက်က ကိုအောင်ဘွားသားဖြစ်ဖြစ် မသက်ထားသားဖြစ်ဖြစ် ကိစ္စမရှိပါဘူး၊ သမီးနဲ့သံယောဇဉ်ဖြစ်ခဲ့တဲ့ ထွဋ်ခေါင်နဲ့မဟုတ်တော့တာတော့ စိတ်မကောင်းဘူးပေါ့၊ ကျွန်တော်က သူတို့နှစ်ယောက်အရမ်းသံယောဇဉ်ကြီးကြတော့ လက်ထပ်ဖြစ်မှာပဲလို့ ထင်ထားတာဒါပေမဲ့"

"ဟုတ်ပါတယ် ကျွန်တော့်သားအတွက် ကျွန်တော်ကပဲ တောင်းပန်ပါတယ်၊ သားဘက်ကအမှားတွေများလွန်းတယ်၊ အဲဒီအတွက် မျက်နှာမပြရဲအောင်ပါပဲ"

"ဘယ်ဟုတ်မလဲဗျာ၊ လူငယ်တွေဆိုတာ အမှားအမှန် ဘယ်ခွဲခြားတတ်ဦးမှာလဲ၊ သူတို့ဖြစ်ချင်တာပဲ သိမှာပေါ့"

"အဲဒါကြောင့် ကျွန်တော် ထိန်းကျောင်းမှုနည်းခဲ့လို့ပါ၊ သားကိုဖိဖိစီးစီး မဆုံးမနိုင်ခဲ့ဘူး၊ ဘာဖြစ်ဖြစ် တောင်းပန်ပါတယ်"

"ထားပါလေ အခု မင်းသဝဏ်နဲ့က သမီးနဲ့ချစ်သူတွေဖြစ်နေပြီ၊ စိတ်တူကိုယ်တူလည်းရှိတယ်ဆိုတော့ ကျွန်တော်တို့က သမီးဆန္ဒပါပဲ လူကြီးစုံရာလေးနဲ့ နေ့ကောင်းရက်သာရွေးတာဖြစ်ဖြစ်၊ စေ့စပ်ထားတာပဲဖြစ်ဖြစ် လုပ်လိုက်ပါ၊ ဒါမှ သွားတာလာတာ ပတ်ဝန်းကျင်က အမြင်တင့်တယ်မယ်လေ"





"အဲဒါပဲ ကျွန်မတို့ကလည်း ပြောချင်တာပါ၊ ကလေးတွေဆန္ဒရှိတာလေးကို လုပ်ပေးလိုက်ချင်တယ်၊ လက်ထပ်တာက ဖြည်းဖြည်းအေးအေးလုပ်လို့ရပေမယ့် လူမြင်တင့်တယ်အောင်က အရင်ဆုံးမြန်မြန်လေးစေ့စပ်ထားမှဖြစ်မယ်ထင်လို့ပါ"

"အဲဒီအစီအစဉ်က အကောင်းဆုံးပါပဲ၊ သမီးရော သဘောတူလား"

မုဒြာမြန်မြန်သွက်သွက်လေး ခေါင်းညိတ်ပြသည်။ သဝဏ်သိရင်လည်းဝမ်းသာမှာပါ။ မိဘချင်းအဆင်ပြေနေတာကို ချက်ချင်းပင်ဖုန်းဆက်ပြောချင်လာသည်။

ဒါပေမဲ့ သူမဒီလောက်ထိ ကျွန်ရေပျက်လို့ မဖြစ်သေးပါ။

လူကြီးတွေရှေ့မှာ ကျွန်ရေရစွာပဲ ထိုင်နေရသည်။

"မင်းသဝဏ်ကရော ဘာလို့လိုက်မလာတာလဲ မသက်ထား"

"သားက ဘယ်လိုသတင်းကြားရမလဲဆိုတာ မသိလို့ မလိုက်ရဲဘူးလေ၊ ရှေ့မှာ ခေါင်ကိစ္စကလည်း ရှိနေတယ်မဟုတ်လား"

"ခေါင်ကိုတော့ ငယ်ကတည်းက စော့ရောက်လာရတဲ့ကလေးဆိုတော့ သံယောဇဉ်ရှိပါတယ်၊ ဒါပေမဲ့ သမီးအပေါ်အနိုင်ကျင့်လွန်းတာတော့ မိဘတွေအနေနဲ့ မခံစားနိုင်ဘူးလေ၊ သမီးကလည်း အဲဒီအချက်ကြောင့်ပဲ တွေဝေသွားတာပါ၊ သမီးက အမြွှင့်ပွင့်လင်းလင်းပြောနေတော့ အကြောင်းစုံသိနေရတာ၊ စိတ်ထဲမကောင်းဘူး"

"ခေါင်နဲ့ပတ်သက်သမျှ ကျွန်မလည်းတောင်းပန်ပါတယ် မဝတ်ရည်၊ ကျွန်မတို့က ခေါင်နဲ့ထိတွေ့မှုနည်းပြီး သေချာမဆုံးမနိုင်ခဲ့လို့ပါ၊ တကယ်ကို ကျွန်မတို့ရဲ့လိုအပ်ချက်တွေပါ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသဝဏ်အမေရဲ့သဘောထားကြီးမှုကြောင့် မုဒြာ ပြောချင်တာတွေမပြောရက်တဲ ဖြစ်နေရသည်။ တကယ်ဆို ခေါင်ရဲ့လုပ်ရပ်တွေကို သူမမိဘတွေကိုပါ အသိပေးလိုက်ချင်တာပါ။

ခေါင် အရမ်းကိုတရားလွန်ခဲ့သည်မဟုတ်လား။ ဒါပေမဲ့ မိဘတွေစုံညီပြီး အဆင်ပြေမှုလေးပျက်စီးသွားမှာစိုး၍ သူမမပြောဖြစ်တော့ပေ။ မင်းသဝဏ်နှင့်သူမရဲ့အခြေအနေကို ခေါင် နားလည်လာပါစေဟု သာ ဆုတောင်းနေမိသည်။

"ကဲ ဒီလိုအဆင်ပြေသွားပြီဆိုတော့ ကျွန်တော်တို့ကို ခွင့်ပြုပါဦး ကိုကျော်စွာနဲ့မဝတ်ရည် သားဆီကိုလည်း ခဏလောက်ဝင်ချင်လို့ပါ"

"ဪ ဟုတ်ပါပြီ၊ မင်းသဝဏ်ကိုပြောလိုက်ပါ အကျိုးအကြောင်းကိုစွတိုင်ပင်ဆွေးနွေးစရာရှိရင် အိမ်မှာဝင်ပါထွက်ပါလို့၊ သမီးမှာက တခြားအဖော်သိပ်မရှိဘူးလေ၊ အရင်ကတော့ အဖော်မရှိလို့ ခေါင်ကိုပဲ အဖော်လုပ်နေရတာ"

"ဟုတ်ကဲ့ပါမဝတ်ရည်၊ သားကလည်း လာချင်နေတာပါ၊ သူလည်း အရမ်းပျော်မှာပါ မဝတ်ရည်"

"ကျွန်မတို့လည်း သမီးအတွက်စိတ်အေးသွားပါပြီ၊ သမီးလေး အိမ်ရှေ့ထိ လိုက်ပို့လိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ မေမေ"

အားလုံးစိတ်ချမ်းသာနေသလို သူမလည်း ပျော်နေသည်။ သဝဏ်သိရင်လည်း အရမ်းဝမ်းသာနေမှာပါ။ ဆန္ဒနဲ့ဘဝတစ်ထပ်တည်းကျရပြီ မဟုတ်လား။ ခေါင်အတွက်တော့ စိတ်မကောင်းပါ။

ဒါပေမဲ့ သူ့အတ္တနှင့်သူ အကျိုးပေးသွားတာပဲ မဟုတ်လား။





ကျန်သည့်သူတွေက သူ့အပေါ်ကောင်းပါလျက်နှင့်သူက စိတ်ပုပ်စိတ်ယုတ်မွေးနေတာ။ ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းမသိအောင် အမှောင်ဖုံးနေတာ။

သူ့စိတ်ရင်းအမှန်ကိုသာ မိဘတွေသိလျှင် ဘယ်လောက်များ စိတ်ခိုက်သွားကြမလဲ။ မင်းသဝဏ်လည်း စိတ်မကောင်းဖြစ်မှာ အမှန်ပင်။ ခေါင်ရယ် နင့်စိတ်ကိုသာပြင်လိုက်မယ်ဆိုရင် ဒီအခြေအနေတွေ ဖြစ်လာမှာမဟုတ်ပါဘူး။

နင့်အတ္တနဲ့မာနတွေကိုသာ လျှော့လိုက်မယ်ဆိုရင်လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ဖေဖေနဲ့အန်တီ ဘယ်ကနေလှည့်ဝင်လာတာလဲ၊ ဒီနားရောက်နေတာနဲ့ မတော်လို့ ဒီအိမ်ကိုလှည့်ဝင်လာတာထင်တယ်"

သိနေသလိုပုံစံဖြင့် ထွဋ်ခေါင်မေးခွန်းတွေက စိမ်းဆတ်ဆတ်နှင့်ပါ။ ဦးအောင်ဘွားက ဒေါ်သက်ထားကို အားနာသလိုလှည့်ကြည့်လိုက်ပြီး

"သားအန်တီက အစတည်းက လာချင်ပါတယ် နည်းနည်းမအားတာနဲ့ကျန်းမာရေးမကောင်းတာနဲ့ ဖြစ်နေလို့လေ၊ သားအဘွားရော သား"

"ဖေဖေက လာမယ်ဆိုရင် ဖုန်းကြိုဆက်ထားရောပေါ့၊ အခု အဘွားက ဘုန်းကြီးကျောင်းကို တရားထိုင်သွားတယ်၊ ဖေဖေတို့လာမယ် မှန်းသိရင်တော့ အဘွားဘယ်သွားပါ့မလဲ၊ သားရေးသမီးရေးကိစ္စ ဆွေးနွေးတိုင်ပင်တာ အဘွားကိုအသိမပေးတာ လူရာမသွင်းချင်လို့များ လား"

"ဟင်"





မင်းသဝဏ်ကိစ္စ မုဒြာတို့အိမ်လာတာ သားသိနေလို့ ဒီလိုတွေ ထွေငေါ့နေခြင်းများလား။ ဘယ်သူပြောလို့ ဘယ်လိုသိသွားတာများလဲ။ သားရန်လိုစိတ်တွေရှိနေခဲ့တာတော့ သေချာသည်။

"သား ဘယ်လိုစကားတွေပြောနေတာလဲ၊ သားရေးသမီးရေး ဆွေးနွေးတာ စေ့စပ်ကြောင်းလမ်းတာမဟုတ်လို့ အဘွားကို အသိမပေး သေးတာပေါ့"

"ဖေဖေက မယားပါသားအတွက်တော့ အရမ်းကိုတာဝန်ကျေ တာပဲ"

"သား"

"ကိုအောင် အေးအေးဆေးဆေး ထိုင်စကားပြောပါ"

ဒေါ်သက်ထားက သတိပေးသည်၊ ထွဋ်ခေါင်ပုံစံက အရာရာကို မကျေနပ်နေသလိုပင်။ ဒါတွေကိုဖြေသိမ့်ဖျောင်းဖျပေးဖို့ မိမိတို့မှာ တာဝန် ရှိသည်မဟုတ်လား။

ဦးအောင်ဘွားလည်း သက်ပြင်းချပြီးစိတ်ကိုလျှော့လိုက်ကာ

"သား ဖေဖေလည်း စိတ်မကောင်းဘူး၊ မုဒြာကို သားနဲ့ရည် ရွယ်တာပါ၊ ဒါပေမဲ့ သားနဲ့အဆင်မပြေဘူး၊ သဝဏ်နဲ့ချစ်သူတွေဖြစ်နေ တယ်ဆိုတော့ ဝတ္တရားရှိလို့လာပြီး စကားပြောရတာ"

"လက်ထပ်ဖို့ ရက်ရောသတ်မှတ်ခဲ့ပြီလား"

"အဲဒီအဆင့်အထိတော့ မဟုတ်သေးပါဘူး သား၊ ဒီအတိုင်း လူကြီးချင်းတွေ့ကြတာပါ"

"ဘာလို့ လူတွေပြောင်းလဲသွားကြတာလဲ"

"သား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာတွေမှားနေခဲ့လို့လဲ ကျွန်တော်က ဟိုအရင်တည်းက ဒီအတိုင်းပဲ၊ မုဒြာနဲ့ပတ်သက်ပြီး တစ်စိတ်ထဲပဲထားခဲ့တယ် သံယောဇဉ်နဲ့နေရင်းက လက်ထပ်ဖို့ရည်ရွယ်တယ်၊ အခု သူလက်ထပ်မယ့် သူက တစ်ယောက်ဖြစ်သွားတယ်"

"အဲဒါတွေပြန်ရှင်းပြနေလည်း သားနားလည်မှာမဟုတ်တော့ ဘူး၊ သားက သားကိုယ်သား အခုချိန်ထိ မှားတယ်၊ ငါအမှားလုပ်နေ တယ်၊ ဘာကမှားနေတယ်ဆိုတာ သိမှမသိ၊ သတိမှမထားမိတာ"

"ကျွန်တော်တို့ကြားမှာ မင်းသဝဏ်ရောက်မလာရင် ဒါမျိုးတွေ ဖြစ်မှာမဟုတ်ဘူး ဖေဖေ၊ ဖေဖေ့ကိုအန်တီက အပိုင်ယူထားတယ်၊ မုဒြာ ကို မင်းသဝဏ်က အပိုင်ယူတော့မယ်၊ ကျွန်တော့်အတွက် ဘာမှမရှိဘူး ဘာမှမရဘူး"

"သား မင်းဘယ်လိုတွေပြောနေတာလဲ၊ သားခေါင်းထဲမှာ ဒီလို အတွေးတွေ ဘယ်ချိန်တည်းက ဝင်နေတာလဲ၊ ဒီအတွေးတွေကြောင့် မင်းမှားနေတာ မင်းကွာ"

"ကိုအောင်"

ဒေါ်သဖြင့် ဦးအောင်ဘွား အသံကျယ်လာတာမို့ ဒေါ်သက်ထား လက်ကုတ်ကာ သတိပေးနေရသည်။ ဒီအချိန်မှာ ထွဋ်ခေါင် သွေးပူနေ ဒီလိုခံစားချက်မျိုး ရှိနေနိုင်တာပဲ။

"ခေါင် သားခံစားနေရတာတွေကို အန်တီနားလည်ပါတယ် ဒီလိုအတွေးတွေ ဝင်လောက်အောင် စိတ်ထိခိုက်နေတယ်ဆိုတာလည်း အန်တီသိတယ်၊ ဒါပေမဲ့ အားလုံးက သားထင်နေသလိုမဟုတ်ဘူး။ သား အဖေက သားဆေးကျောင်းတက်နိုင်ဖို့အတွက် ရုန်းကန်နေတာပါ။ သား





ဆီကိုတစ်လတစ်ခါ ငွေတွေပို့နိုင်ဖို့ အဝတ်အစား အသုံးအဆောင်တွေ ပို့နိုင်ဖို့အတွက် အလုပ်တွေလုပ်နေတာပါ"

"ကျွန်တော်သိပါတယ်၊ ဖေဖေ နွားလိုရုန်းမှပေးဖို့ကမ်းဖို့ အန်တီ ကြည်ဖြူတယ်ဆိုတာ"

"ကြည့်စမ်း ဒီကောင်"

"ကိုအောင် နေစမ်းပါ၊ ကလေးကို ဒေါသနဲ့မဆက်ဆံပါနဲ့၊ ကလေးနားမလည်တာကိုနားလည်အောင် ရှင်းပြမှပေါ့၊ ဒီလိုမဟုတ်ဘူး လေသားရဲ့၊ မိသားစုဆိုတာ အတူတူရုန်းကန်ရတာပဲ၊ သူများဆီမှာအလုပ် လုပ်ရင် သားဒီလို တိုက်နဲ့ခြံနဲ့ ကားနဲ့ နေနိုင်ပါ့မလား။ ဆေးကျောင်းတက် ဖို့အတွက် ငွေကြေးလုံလောက်ပြည့်စုံပါ့မလား သား၊ မိသားစုမို့ အန်တီက ကြည့်ရှုစောင့်ရှောက်တာပေါ့၊ သားကို ကိုအောင်သားလို့ မခွဲခြားဘူး။ အန်တီအမြဲတမ်း လာမတွေ့နိုင်ပေမယ့် သားသဝဏ်အတွက် အဝတ်အ စားအသုံးအဆောင်ဝယ်ပေးတိုင်း သားနှစ်ယောက်ရှိတယ်ဆိုတဲ့အတွေးနဲ့ ခေါင်အတွက်ပါ ထည့်ဝယ်ရတာကို အန်တီကြည်နူးခဲ့တာပါ"

"ဒီကောင်ကိုအများကြီး ရှင်းပြမနေနဲ့ ထား၊ သူ့ကိုကိုယ်အမြဲ တမ်း ကျေးဇူးတင်တတ်အောင် ပြောပြထားခဲ့ပြီးသား၊ မုဒြာကိုမရမှ ဒီလိုအတွေးတွေ စိတ်တွေ ရိုင်းသွားတာ၊ ကိုယ်ဘယ်လိုရအောင်ကြိုးစား ရမယ်ဆိုတာတော့မသိဘူး။ သူများတွေကိုအပြစ်ပြောဖို့လောက်ပဲ တတ် တယ်၊ ပညာတွေသင်ပေးထားတာ အလကားပဲ၊ အစက သဝဏ်ကိုဆိုးလှ ပြီလားလို့အောက်မေ့တာ အခုမှ ကိုယ့်သားကပိုဆိုးနေတယ်"

ဦးအောင်ဘွားစကားကြောင့် ထွဋ်ခေါင်မျက်နှာမဲ့ကျသွားသည်။ ကိုယ့်အဖေရင်းကအစ ကိုယ့်ဘက်မှာရှိမနေပါလားဟု ရင်ထဲမှာနာကြည်း



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ဒေါ်သက်ထားက ထွန်းခေါင်လက်ကလေးကို လှမ်းကိုင်ကာ

"ခေါင် သဝဏ်အတွက် မုဒြာကိုလာတောင်းရမ်းတယ်ဆိုပြီး သားဝမ်းနည်းနေတာမဟုတ်လား။ သားတို့ချင်း အချိန်တော်တော်ကြာကြာ ညှိနှိုင်းခဲ့ကြမှာပါ။ အဆင်မပြေလို့သာ သဝဏ်ကိုလက်ခံလိုက်တာလို့ ပြောတယ်၊ မုဒြာမိဘတွေကအစ သားကိုလန့်နေကြတယ် သား၊ အဲဒါ ကိုယ့်ဘက်က ဘာတွေမှားလို့လဲဆိုတာ ပြန်တွေးကြည့်ပါ၊ ငါကမပြောင်းလဲဘူး၊ ငါမမှားဘူးဆိုတဲ့အတွေးကို ပြောင်းလဲကြည့်ပါ။ သားအမှန်ကို မြင်လာပါလိမ့်မယ်"

"တော်ပါပြီ ကျွန်တော့်ကိုဘာမှ ဖျောင်းဖျမနေပါနဲ့၊ ကျွန်တော့်ဘက်မှာ ဘယ်သူမှမရှိပါဘူး၊ အတူနေတဲ့အဘွားကအစ မုဒြာမှန်တယ်တဲ့၊ ကျွန်တော့်ကိုရှောင်ပြီး တရားပဲသွားထိုင်နေတယ်"

"အများနဲ့တစ်ယောက်ဖြစ်နေပြီဆိုရင် မင်းကိုယ်မင်း မဆင်ခြင်သင့်ဘူးလား၊ လူဆိုတာ တစ်စိတ်တည်း တစ်သမတ်တည်း ငါမှန်တာပဲဆိုပြီး နေနေလို့မရဘူး၊ လူတွေနဲ့သဟဇာတဖြစ်အောင် လိုက်လျောညီထွေနေတတ်ရတယ်၊ အရင်က မင်းသဝဏ် မကောင်းခဲ့ဘူး၊ ငါတို့ကိုအမြဲ တမ်းကျွာရှင်းနိုင်းပြီး စိတ်ညစ်ပြီးသေလောက်အောင်ကို ပြဿနာရှာနေခဲ့တာ၊ နောက်ပိုင်းမုဒြာကိုချစ်သွားတဲ့အခါမှာ သူ စာနာတတ်လာတယ်၊ နားလည်လာတယ်၊ ငါ့သားဖြစ်တဲ့မင်းကိုတောင် သည်းခံရမှန်း လူလို နားလည်လာတယ်၊ မင်းကတော့ကွာ"

"မပြောပါနဲ့ ကိုအောင်ရယ်၊ သူလည်း ဆရာဝန်တစ်ယောက်ဖြစ်နေပြီပဲ၊ အခုက သွေးပူတုန်းအချိန်မို့ပါ၊ နောက်ပိုင်းသွေးအေးတဲ့ အခါ သူ့ဘာသာစဉ်းစားတတ်လာပါလိမ့်မယ်၊ ခေါင် သားစိတ်ထဲမှာ





ဘာမှမထားပါနဲ့သားရယ်၊ ခေါင် အေးအေးဆေးဆေးနဲ့ စဉ်းစားပါ၊ အန်တီတို့နဲ့သားနဲ့ဆိုတာ မိသားစုဝင်တွေ၊ သဝဏ်က သားနဲ့ညီအစ်ကိုတွေပဲ၊ မိသားစုဆိုတဲ့စိတ်လေးဝင်လိုက်တာနဲ့ သားရဲ့စိတ်တွေပြောင်းလဲသွားမှာပါ"

ထွန်းခေါင် နှုတ်ခမ်းတွေ မဲ့ကျသွားကာ

"မိသားစုဆိုပြီး ကျွန်တော့်အတွက်ကျတော့ ဘယ်သူကတွေးပေးလို့လဲ၊ အသာစီးရနေတဲ့သူတွေကတော့ ပြောအားရှိနေမှာပဲလေ၊ နောက်ဆုံးတော့လည်း ကျွန်တော်က တစ်ယောက်တည်းပါပဲ၊ ဖေဖေနဲ့ အန်တီပြန်ကြပါ၊ ကျွန်တော်တစ်ယောက်တည်း နေချင်တယ်"

"ထွန်းခေါင် မင်း"

"ကဲ ပြန်ရအောင်ပါ ကိုအောင်ရယ်၊ အခုချိန်မှာ သူ့တစ်ယောက်တည်း တွေးနေတာ အဆင်ပြေပါတယ်၊ အခုပြောနေတဲ့စကားတွေက သူ့စိတ်ကိုဆွပေးနေသလိုပဲဖြစ်မှာ၊ ခေါင် အန်တီတို့ပြန်မယ်၊ သားဘွဲ့လွှန်ဘယ်မှာတက်ချင်တယ်၊ ဘာလုပ်ချင်တယ်ဆိုတာ စဉ်းစားထားနော်၊ အန်တီက သားလိုအပ်တာအကုန်လုပ်ပေးမှာပါ၊ ဒီကို မကြာကြာလည်းလာခဲ့မယ် သိလား သား"

ထွန်းခေါင် ဘာမှပြန်မပြောမိပါ။ ဖေဖေ မကျေမနပ်ဖြစ်နေသလို ကိုယ့်ရင်ထဲမှာလည်း မကျေနပ်ချက်တွေချည်းဖြစ်နေခဲ့သည်။

ဒီနေ့ မုဒြာနှင့်မင်းသဝဏ်တို့အတွက် လူကြီးချင်းတွေ့ဆုံကြသည်။ နောက်တစ်ခါဆို စေ့စပ်ဖို့ လက်ထပ်ဖို့ညှိနှိုင်းဆွေးနွေးတိုင်ပင်ကြသည်။

ကိုယ်ကဘာလဲ။ ကိုယ့်အတွက် ဘယ်သူတွေးပေးကြလဲ။



www.burmeseclassic.com

www.burmeseclassic.com



အရေးထားကြလဲ။

မုဒြာကအစ ကိုယ့်အပေါ် ဘယ်သူမှမကောင်းကြ။ ဒါတွေဟာ မင်းသဝဏ်ပေါ်လာလို့ဖြစ်တာ။ သူ့အစီစဉ်တကျ တည်ငြိမ်ပြီးသားသာ တစ်ခုက မင်းသဝဏ်ကြောင့် လှိုင်းဂယက်ထခဲ့ရတာ။

မင်းကိုငါ လုံးဝမကျေနပ်ဘူး မင်းသဝဏ်။ မကျေနပ်ဘူး။

■ ■ ■



## အခန်း (၃၇)

"သူကတော့ ဘယ်ကျေနပ်မှာလဲကွယ်၊ သူပိုင်ဆိုင်ရမှာတွေ မေမေတို့လုယူထားသလိုဖြစ်နေတာကို။ သူ့အတွေးထဲမှာ ဒါပဲစိတ်ဖိစီးမှု များနေတာ၊ အမှန်မြင်ဖို့ မလွယ်ဘူး"

ဒေါ်သက်ထား စိတ်ဓာတ်တွေကျရင်း ညည်းညူသည်။ မင်းသဝဏ်က အတွေးတစ်ခုဝင်လာသလိုဖြင့်

"သူ့ပုံစံက အကုန်လုံးကိုသိနေသလိုပဲ၊ ကျွန်တော်က မေမေ့သားဆိုတာရော မုဒြာတို့အိမ် မေမေတို့လာတဲ့ကိစ္စရော"

"အဲဒါကို မေမေတို့အံ့တော့ အံ့သြတာပေါ့ကွယ်၊ သူသိရင် သိမ်ငယ်မှာစိုးလို့တောင် ဘယ်သူမှမပြောကြဖို့ သတိပေးထားသေးတာ၊ ဟိုရောက်တော့ သူက ဆီးမေးတယ်၊ မုဒြာတို့အိမ်လာရင်းနဲ့မတော်လို့ ဝင်လာတာမဟုတ်လားတဲ့"

"မုဒြာတများ ပြောလိုက်လို့လား"

www.burmeseclassic.com



"မုဒြာကိုမပြောဖို့ ကျွန်တော် တားထားပါတယ်၊ အကြောင်းမှု ဘဲ မုဒြာပြောမှာမဟုတ်ပါဘူး၊ ဒါနဲ့ သူသိသွားတယ်ဆိုလည်း သားတို့ ထင်နေသလို သိမ်ငယ်တာတွေ အားငယ်တာတွေ ကျေးဇူးရှင်သား သူ့အဖေရဲ့နောက်မိန်းမသား ညီအစ်ကိုဆိုတဲ့အတွေးတွေ သူ့မှာမရှိသလို ပဲနော်"

မင်းသဝဏ်စကားကြောင့် ဦးအောင်ဘွား အားတုံ့အားနာဖြစ် နေဟန်ဖြင့်

"အန်ကယ် အရမ်းကိုအားနာပါတယ်ကွာ၊ မင်းက အဲဒီစိတ် နဲ့နားလည်ပေးခဲ့သလောက် ခေါင် တော်တော်ဆိုးတာပဲ သူအမှောင်ဖုံးနေ တယ်၊ ဘာမှမမြင်နိုင်တော့ဘူး၊ မင်းတို့သားအမိကိုတောင် အန်ကယ် မျက်နှာမပြရဲတော့ပါဘူးကွာ"

"အဲလိုမပြောပါနဲ့ ကိုအောင်၊ ခေါင် အခုချိန်မှာ ဒီလိုပဲ ခံစား နိုင်လို့ သူ ဒီလိုတုန့်ပြန်တာကို အပြစ်မြင်လို့တယ်ဖြစ်မှာလဲ၊ ကိုအောင် ကလည်း မိသားစုဖြစ်နေတာကို ဘာလို့အားနာတာတွေ ဘာတွေပြော နေတာလဲ၊ ထား မကြိုက်ပါဘူး"

"ဟုတ်သားပဲ အန်ကယ်၊ ဒီအချိန်မှာ သူအမှောင်ဖုံးမယ်ဆို လည်း ဖုံးနိုင်တယ်၊ မုဒြာကိုလည်းမရဘူး၊ အန်ကယ်ကလည်း ဒီမှာပဲ နေတယ်၊ ကျွန်တော်ဆိုလည်း အဲလိုဖြစ်နိုင်တာပဲလေ၊ ကျွန်တော်လည်း အန်ကယ့်အပေါ် အရမ်းကိုရိုင်းခဲ့တဲ့ကောင်ပဲ၊ ထွဋ်ခေါင်က အခုမှ သူ စိတ်ရိုင်းဝင်ချင်တာပဲရှိပါတယ်၊ အရင်က မေမေ့အပေါ်ကောင်းကောင်း ဆက်ဆံခဲ့တယ်ဆို"

ဦးအောင်ဘွား ငြိမ်နေရပေမယ့် ကိုယ့်သားရဲ့အပြုအမူတွေ





အတွက် စိတ်မကောင်းပေ။ တကယ်ကို မုဒြာတို့ဘက်ကိုရော ထားတို့ သားအမိကိုရော အားနာနေမိတာပါ။

ကိုယ့်သားက ကိုယ်ဆုံးမလို့ကိုမရတာမို့ ဘယ်လိုလုပ်ရမှန်း လည်း မသိတော့။ ဒေါ်သက်ထား ဦးအောင်ဘွား စိတ်မသက်မသာဖြစ် တာကို သိနေ၍

"သားနဲ့မုဒြာ လက်ထပ်မယ့်ကိစ္စကို သူ့ဘွဲ့လွန်တက်ပြီးမှပဲ စီစဉ်တာကောင်းမယ်ထင်တယ်၊ သူ့စိတ်ထဲ ခံစားရသက်သာတာပေါ့၊ ဟင် သား အဲလိုလုပ်တာ ကောင်းမလား"

"သား မုဒြာနဲ့တိုင်ပင်ကြည့်ပါမယ် မေမေ၊ ပြောဆိုပြီးသား ဆိုတော့ မိန်းကလေးဘက်ကိုအားနာရမယ်၊ မုဒြာ ဖြစ်ချင်တာကို ဦးစား ပေးချင်လို့ပါ၊ သားကိုဖွတ်လုပ်တယ်လို့တော့ မထင်စေချင်ဘူး"

"ဟုတ်သားပဲ ထား၊ ကိုယ်တို့ကိုယ်တိုင် မုဒြာ မိဘတွေနဲ့ သွားတွေ့ထားတာ၊ ထွဋ်ခေါင်ကြောင့်တော့ လူကြီးတွေကို အားနာစရာတွေ ထပ်မဖြစ်ပါစေနဲ့ကွာ၊ ကိုယ်တကယ်ကို စိတ်တွေမကောင်းတော့ပါဘူး"

"ကိုအောင်ရယ် ထားလည်း ဘာလုပ်ပေးရမှန်းမသိတော့ပါ ဘူး၊ ခေါင်နဲ့ခဏခဏတွေ့ပြီး ဖျောင်းဖျကြည့်ရဦးတော့မှာပဲ၊ ခေါင်က နဂိုဗီဇဆိုးတဲ့ကလေး မဟုတ်ပါဘူး၊ လတ်တလော ခံစားမှုအပေါ်မှာ သူ စိတ်ရိုင်းဝင်သွားတာပဲရှိမှာပါ"

"တစ်ခုခုထပ်မလုပ်မိပါစေနဲ့လို့ ဆုတောင်းမိတယ်၊ အားလုံး အပေါ် အားနာစရာတွေထပ်ဖြစ်ရရင် မကောင်းဘူးလေ"

"မဖြစ်ပါဘူး ကိုအောင်ရယ်၊ အဲဒါတွေတွေးပြီး ပူမနေပါနဲ့ တဲ သားဒီကိစ္စ သူ့အလိုလို သိသွားတာလား၊ မုဒြာပြောလိုက်လို့လား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မုဒြာကို မေးကြည့်ပါဦး၊ အကြောင်းစုံသိသွားလို့ သူ့ဘက်မှာ ဘယ်သူမှမရှိတော့ဘူးဆိုတာသိပြီး ပိုဆိုးသွားတာ''

''ဟုတ်ကဲ့ပါ မေမေ၊ မုဒြာကို သားသွားတွေ့ပြီး မေးလိုက်ပါမယ်''

အားလုံးရဲ့ရင်ထဲမှာ မတင်မကျတွေပါ။ စိတ်ထဲလည်းမကောင်းကြနှင့် ဘာတွေလုပ်ရမှန်းမသိအောင်လည်း ဖြစ်နေကြသည်။

မိသားစုရယ်လို့ သတ်မှတ်ပြီးတာနှင့် အပြစ်မမြင်ရက်အောင်ဖြစ်ရင်း ထွင့်ခေါင်အတွက်တွေးပူမိကြသည်။

ဒီကိစ္စတွေ မုဒြာပြောလိုက်တာဆိုလျှင် မုဒြာ ဘာကြောင့်ပြောလိုက်ရတာလဲဆိုတာက ...။

■ ■ ■



## အခန်း (၃၈)

''မုဒြာ အစကမပြောဘူးလို့နေတာပါ၊ ဒါပေမဲ့ သူက အတင့်ရဲသာတယ်၊ အိမ်မှာဘယ်သူမှလည်းမရှိတော့ ဆွဲလားရုန်းလားအထိ ဖြစ်သာတာနဲ့ သူ့ကိုပြောလိုက်ရတာ''

''ဟင် မုဒြာကို အဲလိုထိလုပ်တယ်''

''သူ မုဒြာကိုပိုင်ဆိုင်ချင်တာက အတ္တတွေနဲ့ပါ၊ တကယ်မချစ်လို့လည်း ဒီလိုမျိုးမပြောင်းလဲတာပေါ့၊ အရင်တည်းက သူ့စိတ်သူ့သဘောအတိုင်း မုဒြာကိုခေါ်ချင်ခေါ်တယ်၊ မခေါ်ချင်မခေါ်ဘူး၊ သူချိန်းထားပြီးသာတွေ့ချင်မှတွေ့တယ်၊ မတွေ့ချင်မတွေ့ဘူး၊ အကြောင်းတစ်ခုခုနဲ့စိတ်ဆိုးစိတ်ကောက်စရာရှိလည်း မုဒြာကပဲ အဖော်မက်ပြီး စခေါ်ခဲ့တာဆိုတော့ သူ့အတွက်က မုဒြာကဖြည့်ဆည်းမယ့်သူဖြစ်နေတော့ လက်ထပ်ခွင့်တော်တယ်၊ ငါ့အပေါ်အနစ်နာခံမယ့်မိန်းကလေးလို့ သူတွေးနေခဲ့တာဖြစ်မှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝမချစ်ဘူးဆိုတာတော့ မဖြစ်နိုင်ဘူး မုဒြာ၊ သံယောဇဉ်ကတော့ တကယ်ကိုရှိခဲ့မှာပါ၊ မုဒြာက သူ့အပေါ်ကောင်းခဲ့တယ်လေ ဟုတ်တယ်မဟုတ်လား။ ကိုယ်တို့ယောကျ်ားတွေက နည်းနည်းတော့ အတ္တကြီးကြတယ်၊ ကိုယ့်အပေါ်ကောင်းနိုင်တဲ့မိန်းကလေးဆို ပိုင်ဆိုင်ချင်ကြတယ်လေ၊ မကောင်းတဲ့သူဆိုရင်တော့ ဘာလို့အဲဒီမိန်းကလေးအတွက် အပိုတွေ တွေးနေမှာလဲ၊ အကျင့်စာရိတ္တကောင်းတာ စိတ်သဘောထားရိုးသားဖြူစင်တာမျိုးဆိုရင် အဲဒီမိန်းကလေးကို ဘယ်ယောကျ်ားမှ လက်မလွှတ်ချင်ကြဘူး၊ ဘဝတစ်သက်တာ လက်တွဲဖို့အထိလည်း စဉ်းစားဆုံးဖြတ်ကြတယ်၊ ထွဋ်ခေါင်လည်း အဲဒါမျိုးဖြစ်မှာပါ"

မင်းသဝဏ် ပြောတာကို မုဒြာ လက်ခံသလိုခေါင်းညိတ်သည်။ အိမ်မှာ ဘယ်သူမှမရှိဘူးဆိုပေမယ့် မင်းသဝဏ်က အခွင့်အရေးယူဖို့ နည်းနည်းလေးမှ တွေးထားဟန်မတူ။ မုဒြာနဲ့တောင် ခပ်ခွာခွာမှာ ထိုင်နေတာပါ။

လက်ထပ်ဖို့သေချာနေသော မိန်းကလေးဖြစ်တာတောင် ထွဋ်ခေါင်လို လက်ရဲဖက်ရဲ အတင့်ရဲခြင်းမရှိ။ ဒါဟာ မုဒြာကိုတန်ဖိုးထားလို့ ဆိုတာ မုဒြာ သိသည်။

"သဝဏ်က အဲလိုပြောရင် မုဒြာလည်းပြောစရာရှိတယ်၊ မုဒြာတို့မိန်းကလေးတွေကလည်း ငွေကြေးဂုဏ်ဒြပ်ရှိတဲ့ ယောကျ်ားထက် ကိုယ့်အပေါ်တန်ဖိုးထားပြီး ချစ်မြတ်နိုးတဲ့ယောကျ်ားမျိုးကိုပဲ မက်မောတတ်ကြတယ်၊ ကိုယ့်အပေါ်မကြင်နာတဲ့ယောကျ်ားကိုတစ်သက်တာ အိမ်ထောင်ဖက်အဖြစ် ဘယ်လိုလုပ်ပြီး ရွေးချယ်ရမှာလဲ မဟုတ်ဘူးလား။ ခေါင်ဆီက အဲဒါကြောင့် မုဒြာ ရုန်းထွက်လိုက်တာပါ၊ သံယောဇဉ်ဆိုတာရှိပေမယ့်





တစ်သက်စာတော့ ကိုယ့်ဘဝကိုအနစ်မွန်းမခံနိုင်ဘူး"

"ကိုယ်နားလည်ပါတယ် မုဒြာ ဆုံးဖြတ်တာအရမ်းမှန်တယ်၊ ဒါကိုယ်ပိုင်ဆိုင်ရမှာမို့ ပြောတာမဟုတ်ပါဘူး၊ သံယောဇဉ်နဲ့ဆုံးဖြတ်ပြီး တစ်သက်လုံးနောင်တတွေနဲ့ နေသွားရတဲ့သူတွေကို တွေ့ဖူးတယ်လေ၊ ခုန မုဒြာပြောသလို ဘဝတစ်ခုလုံးနစ်မွန်းသွားတာပေါ့၊ ယောကျ်ားလေးဆိုတာ အပျော်ထပ်ရှာလို့ရတယ်၊ မိန်းကလေးဘဝကတော့ သွားပြီ"

စာနာစိတ်နှင့်ပြောနေသော မင်းသဝဏ်အနားကို မုဒြာနေရာပြောင်းထိုင်လိုက်သည်။ မင်းသဝဏ်လက်ကို ဆုပ်ကိုင်ထားရင်းနှင့်

"သဝဏ်ကို မုဒြာ ရွေးချယ်လိုက်တာ ဘယ်တော့မှဘာအကြောင်းနဲ့မှ နောင်တမရတော့ဘူး သိလား၊ သဝဏ်မှာ စာနာစိတ်ရှိတယ်၊ နားလည်မှုရှိတယ်၊ မုဒြာကိုတန်ဖိုးထား မြတ်နိုးတတ်တယ်"

"ကိုယ်လည်း လူလိမ္မာတစ်ယောက်တော့ မဟုတ်ပါဘူး မုဒြာ၊ မုဒြာကိုချစ်လို့သာ ပြောင်းလဲလာခဲ့တာပါ"

"အဲဒါကို မုဒြာ အံ့သြတာ၊ အရင်က မုဒြာကိုချစ်တယ်လို့ ပြောတဲ့ခေါင်က ဒီလောက်ကြီးမဆိုးသေးဘူး၊ အခုမှပိုဆိုးလာတာ၊ သဝဏ်ကျတော့ အရင်ကဆိုးပေမယ့် မုဒြာကိုချစ်တာနဲ့ အရာအားလုံးကို ပြောင်းလဲနိုင်တယ်လေ၊ မုဒြာလေ သဝဏ်ကို အရမ်းချစ်တယ်"

"အင်း ဟုတ်ပါပြီ ချစ်တယ်ဆိုရင် ပြီးရော၊ ဟိုဘက်ခုံမှာ သွားထိုင်နော်၊ မုဒြာ မေမေပြန်လာတာနဲ့တိုးရင် ကိုယ်တို့ကို လူကြီးတွေ ဘွယ်ရာမှာ ဘာညာဆိုပြီး တစ်မျိုးထင်သွားရင် မကောင်းဘူး"

"အံ့မယ် သူကပဲ ပြောရတယ်ရှိသေး"

"မုဒြာအတွက်ပါ မုဒြာရယ်၊ ကိုယ့်ကြောင့်မုဒြာကိုတန်ဖိုးမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမှာကြောက်လို့ပါ''

''ဟုတ်ပါပြီရှင် အဲဒါကြောင့် ရှင်ကြီးကိုလေးစားတာပါ''

''ကဲ ကိုယ်ပြန်မယ် မုဒြာ၊ နောက်နေ့မှ ထပ်လာမယ်နော်

ဪော် ဟိုလေ မုဒြာကို ထွန်းခေါင် ဒီလိုလုပ်တာ လူကြီးတွေကို မပြော

ပါနဲ့၊ သူတို့ထွန်းခေါင်ကို ပိုစိတ်ဆိုးပြီး စိတ်မကောင်းဖြစ်သွားကြလိမ့်မယ်

နော် မုဒြာ''

''ဟုတ်ပါပြီ ရှင်သဲဘောထားကြီးတာပဲ ကျေးဇူးတင်ပါတယ်

မုဒြာက ပြောလိုက်ရင် ရှင်ဒေါသဖြစ်ပြီး သူ့ကိုရန်လုပ် ပြဿနာတက်မှာ

စိုးလို့ ဘယ်သူ့မှမပြောဘဲနေနေတာ၊ မုဒြာကတော့ သူ့ကို အရမ်းစိတ်

ဆိုးသွားတယ်၊ အဲဒါကြောင့်လည်း သဝဏ်ကဘယ်သူ့သား ဘာကြောင့်

သည်းခံနေတယ်ဆိုတာ ပြောပစ်လိုက်တာ၊ ဒါတောင် စိတ်ကမပြောင်း

အပြင် ပိုဆိုးသွားသလားတောင် မသိဘူး''

''ခြီစောင့်ကြီးကို ထွန်းခေါင်ဆိုရင် အရင်လို အလွယ်တကူ

ပေးမဝင်ဖို့ ပြောထားလိုက်ပေါ့''

''အဲဒါက အဲဒီနေ့ကတည်းက ပြောထားလိုက်တယ်၊ မုဒြာ

စိတ်ဆိုးလို့ပါ၊ ခေါင့်ကို လူကြီးတွေရှိတဲ့အချိန်မှဝင်ခိုင်းလို့ မဟုတ်ရင်

လုံးဝအဝင်မခံနဲ့၊ တံခါးကိုသော့ပိတ်ထားလိုက်လို့ ပြောထားတယ်''

''အင်း ကောင်းပါတယ်၊ မုဒြာအပြင်သွားစရာရှိရင်တော့ ကိုယ့်

ဖုန်းဆက်လိုက်လေ ကိုယ်လာခေါ်မယ်''

''ဟုတ်ကဲ့ပါ သဝဏ် စိတ်ချပါ''

မုဒြာ့နဖူးကို ခပ်ဖွဖွလေးနမ်းမွှေးပြီးမှ အိမ်ရှေ့လိုက်ပို့သော

မုဒြာကို လက်လေးပြကာ ကားကိုမောင်းထွက်ခဲ့သည်။





လမ်းမီးရောင်တွေ ထွန်းလင်းနေပြီမို့ မုဒြာတို့အိမ်မှာ အချိန်

အတော်ကြာခဲ့တာပဲဟု တွေးမိသည်။ နှစ်ယောက်တည်း တိတ်ဆိတ်နေ

သောနေရာမှာ တွေ့ရတာဆိုပေမယ့် သူဘာအခွင့်အရေးမှ မယူရက်ခဲ့ပါ။

ဒါဟာ မုဒြာကို တန်ဖိုးထားမိလို့ပင်။

''ကျွီ''

''ဟာ''

ကားတစ်စီးရဲ့မီးရောင်က သူ့ကားတည့်တည့်ကို အပြိုင်ထိုး

ထားတာမို့ သူ့မျက်လုံးတွေ ပြာဝေသွားလျက် ကားကိုလမ်းဘေး ထိုးရပ်

လိုက်ရသည်။ ဟိုဘက်က ကားမီးရောင် အခုထိမချသေးပါ။

သူ့စိတ်တို ဒေါသဖြစ်သွားလျက် ကားပေါ်ကဆင်းလိုက်သည်။

ဟိုဘက်က ကားပေါ်ကလည်း ဆင်းလာ၏။

''မင်းဘာလုပ်တာလဲ၊ ဒါမျိုးက အက်ဆီးဒင့်ဖြစ်တတ်တယ်

ဆိုတာ နားမလည်ဘူးလား''

''အက်ဆီးဒင့်ဖြစ်ပြီး မင်းသေသွားတော့ ပိုမကောင်းဘူးလား''

''ဟင် ထွန်းခေါင်''

မျက်လုံးတွေ ပြာဝေနေတာမို့ အသံကိုကြားမှ သူသိလိုက်သည်။

ထွန်းခေါင် အငြိုးနှင့်သူ့ကို ဒီလိုလုပ်တာပဲ။

''ဘယ်သူများလဲလို့ မင်းကိုး၊ ဘာလို့အဲလိုလုပ်ရတာလဲကွာ''

''ငါမင်းကို မကျေနပ်လို့ပေါ့ မင်းသဝဏ်၊ မင်းကြောင့် မုဒြာ

ကအစ လူတွေအားလုံးရဲ့အမြင်စောင်းတာတွေ မသတီတာတွေ ခံနေရ

တယ်၊ အရင်ကငါ့ဘဝက အေးအေးဆေးဆေးပါ၊ ငါ့ပညာ ငါသင်တယ်၊

ငါယူချင်တဲ့အချိန်မှာ ငါယူမယ့်မိန်းမကို ယူလို့ရတယ်၊ အခု အဲဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ ငါ့အတွက်မဟုတ်တော့ဘူး၊ မင်းအကုန်ယူသွားတယ်''

''ငါဘာလို့ရတာလဲ၊ မင်းဘာလို့မရတာလဲ မင်းဘာလို့မတွေးတာလဲတွင့်ခေါင်၊ ရသင့်လို့ရတာ၊ မရထိုက်လို့မရတာ၊ အဲဒါအကြောင်းအရင်းတွေရှိတယ်ဆိုတာ မင်းနားမလည်သေးဘူးလား''

''မင်းသာ ငါတို့ကြားထဲ ဝင်မလာရင် ဘာအကြောင်းအရင်းမှ ရှိလာမှာမဟုတ်ဘူး မင်းသဝဏ်''

''မင်းအခုထိ ကိုယ့်အပြစ်ကိုယ်မမြင်သေးဘူးပဲ၊ ဘာဖြစ်ဖြစ် ငါက မုဒြာနဲ့လက်ထပ်တော့မှာ မင်းအမြင်မှန်ရသင့်ပြီ''

''အေး မင်းနဲ့မုဒြာ လက်ထပ်ဖြစ်မလားဆိုတာ စောင့်ကြည့်သေးတာပေါ့''

''ဘာ''

''မင်းနဲ့မုဒြာ ဘယ်တော့မှ လက်မထပ်ရဘူး မင်းသဝဏ်၊ လက်မထပ်ဖြစ်စေရဘူး မင်းငါ့ဆီက ဘာမှမရအောင် ငါလုပ်မှာ''

''ကျွတ်''

သူ တွင့်ခေါင်နှင့်ဘာစကားမှပြောချင်စိတ်မရှိတော့၊ ပြောလည်း နားဝင်မှာမှမဟုတ်တာ။ ကားပေါ်တက်၍ သူမောင်းထွက်လာခဲ့သည်။ တွင့်ခေါင်လည်း သူ့ကားကို ဂယောင်ကျွေပြန်ကွေ့ကာ သူ့ကားနောက်က လိုက်လာ၏။

ဒီကောင် ဘာလုပ်မလို့လဲ၊ သူ့ကိုကားနှင့် တိုက်သတ်မလို့လား။ သူက နှေးလျှင်လိုက်နှေးလျက် သူမြန်လျှင်လိုက်မြန်သည်။ သူ ရှောင်တိမ်းပြီး မမောင်းလျှင် အရှိန်ဖြင့်ကားချင်းတိုက်မိတော့မှာ သေချာသည်။

''ဟာ''





ရှေ့မှလာသော ကားတွေနှင့်လည်း ပွတ်မိမလို တိုက်မိမလိုတွေ ဖြစ်နေ၏။ သူ ဘယ်လိုလုပ်ရတော့မလဲ။

ဒီကောင် အသေအကြေကို လိုက်လာနေတာ။ သူ အရှိန်လျှော့လိုက်တာနှင့် တကယ်ကိုတိုက်မိတော့မှာပါ။

ဘာကြောင့် ဒီကောင် ဒီလောက်တောင် အငြိုးကြီးနေရတာလဲ။ မုဒြာကို မပိုင်ဆိုင်ရတော့လို့လား။ သူ့အဖေကိုခေါ်ပြီး ခိုင်းစားနေတယ် ထင်လို့လား။ မုဒြာကို မင်းမပိုင်ဆိုင်စေရဘူးဟု စိန်ခေါ်ကာ ကြွေးကြော်ထားသည်။

''ဟာ ကျွိ''

''ဒုန်း ဝုန်း''

သွားပြီ အမှောင်အတိကျသွားသည်။

သူ့မျက်လုံးထဲ ဘာမှကို မမြင်ရတော့။ လမ်းဘေးသစ်ပင်ကြီးကို သူဝင်တိုက်မိတာလား။ သစ်လုံးကားကြီးနှင့်တိုက်မိတာလား။

သူ့ကားကို နောက်ကနေ တွင့်ခေါင်ကားက ဝင်ဆောင့်လိုက်တာလား။ ဘာဆိုဘာမှကို မသိရ။

မုဒြာ မုဒြာရေ မုဒြာ ဘယ်ရောက်နေလဲ။

ကိုယ်ရော ဘယ်ရောက်နေတာလဲ။

မုဒြာ မုဒြာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"မုဒြာ သမီးလေး"

"ရှင် မေမေ"

မေမေ့ခေါ်သံကြောင့် မုဒြာ အခန်းထဲက အပြေးအလွှား ထွက်လာခဲ့ရသည်။ မေဓမ့်အသံက စိုးရိမ်ထိတ်လန့်မှုတွေနှင့်ပါ၏။

"ဘာဖြစ်လာတာလဲ မေမေ ဘာဖြစ်လို့လဲ"

"လမ်းမှာ ကားက သစ်ပင်ကိုဝင်တိုက်တယ်ဆိုလား၊ လူတွေ ဝိုင်းအုံနေတာပဲ၊ မေမေတို့ရှေ့လေးတင်ဖြစ်သွားတာ၊ မေမေလည်း ကား လမ်းပိတ်သွားမှာစိုးတာနဲ့ အမြန်မောင်းလာခဲ့ရတယ်၊ ရင်တွေတုန်နေ တာပဲ သမီးရယ်"

"မုဒြာ သံပုရာရည်ဖျော်လိုက်မယ် မေမေ"

"အေး အေး လုပ်ပါကွယ်"

မုဒြာ သံပုရာရည်မြန်မြန်ဖျော်ပြီး မေမေ့ကိုလာပေးရသည်။





"မေမေ ဒါလေးမြန်မြန်သောက်လိုက်၊ မြမြလည်း ရင်တုန်လို့ဆိုတာနဲ့ သံပုရာရည်ဖျော်တိုက်လိုက်တယ်"

"အေး အေး ဟိုမှာရုံးခန်းပိုင်း သန့်ရှင်းရေးလုပ်စရာကျန်သေးတာနဲ့ သူ့ကိုအဖော်ခေါ်သွားရတာ၊ သူလည်း လူအုပ်ကြီးမြင်တော့လန့်သွားမှာပေါ့"

"ဘယ်သူ့ကားလဲ မေမေ၊ ကြည့်ခဲ့သေးလား"

"မကြည့်ခဲ့မိပါဘူး သမီးရယ် ဘာဖြစ်လို့လဲ သမီး"

"ဩော် ခုနလေးကမှ သဝဏ် ပြန်သွားလို့ပါ၊ လမ်းမှာတစ်ခုခုဖြစ်မှာစိုးလို့"

"ဩော် သဝဏ်က ကားကိုသေချာမောင်းတတ်တဲ့သူမဟုတ်လား၊ မဖြစ်လောက်ပါဘူး သမီးရဲ့ စိုးရိမ်မနေပါနဲ့"

"ဟုတ်ကဲ့ မေမေ"

ပြောသာပြောလိုက်ရပေမယ့် မုဒြာစိတ်တွေလေးလံနေသည်။ သဝဏ်က အိမ်ပြန်ရောက်လျှင် ဖုန်းဆက်လိုက်မည်ပြောတာမို့ သူ့ဖုန်းအဆက်ကို စောင့်ရမည်။

"မေမေ ထမင်းစားတော့မလားဟင်"

"မစားသေးပါဘူး သမီးရယ်၊ သံပုရာရည်လည်းသောက်ထားသေးတယ်၊ သမီးရော စားပြီးပြီလား"

"သဝဏ်လာနေတာနဲ့ မစားဖြစ်သေးဘူး မေမေ"

"ဩော် သူ့ကိုကျွေးရင်းနဲ့ စားလိုက်ရောပေါ့ သမီးရယ်"

"သူက မေမေတို့မရှိတာနဲ့ ရဲရဲဝံ့ဝံ့တောင် မထိုင်ဘူးမေမေရဲ့၊ ခင်တာကြွကြွနဲ့ ချက်ချင်းပဲထပြေးတော့မလိုလုပ်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒါ သူ့ရဲ့ရိုးသားမှုပေါ့ကွယ်၊ တချို့ဆို လူကြီးတွေကွယ်ရာမှာအခွင့်အရေးယူချင်ကြတာ၊ သမီးလူရွေးတာမှန်သွားပါတယ်"

"ဟုတ်ကဲ့ မုဒြာလည်း အဲလိုတွေးမိပါတယ်၊ ဟို ခေါင်ကို မရွေးလိုက်မိတာလည်း မှန်သွားတယ် မေမေ"

"အေးပါ အခုတော့ အဲလိုပဲ တွေးရတော့မှာပေါ့၊ ဒါပေမဲ့ သူ့ကိုယ်ယ်ကအတိုင်း သမီးနဲ့တူတူ ထိန်းကျောင်းလာခဲ့ရတဲ့ကလေးဆိုတော့ သံယောဇဉ်တော့ ရှိပါတယ်"

"ဟုတ်ကဲ့ မုဒြာလည်း သံယောဇဉ်တော့ ရှိပါတယ် မေမေ ခေါင်ကိုခင်တော့ ခင်ပါတယ်"

"သမီးက နာရီတကြည့်ကြည့်နဲ့ ဘာဖြစ်နေတာလဲ"

လက်ကနာရီကြည့်လိုက် တိုင်ကပ်နာရီကြည့်လိုက်နှင့်မို့ သူမရဲ့စိတ်ဂနာမငြိမ်မှုကို မေမေသတိထားမိသွားဟန်တူသည်။

"မဟုတ်ပါဘူး သဝဏ်က အိမ်ရောက်ရင် ဖုန်းဆက်မယ်ဆိုလို့ပါ ရောက်ချိန်တောင်ကျော်နေပြီ"

"ဩော် ကားအက်ဆီးဒင့်ဖြစ်သံကြားလို့ သမီးက စိုးရိမ်နေတာထင်တယ်၊ ဟော သမီးဖုန်းမြည်နေပြီ သဝဏ်ဆီကထင်တယ် ကိုင်လိုက်ဦး"

"ဟင်"

သူမ ကပျာကသီပင် ဖုန်းကောက်ကိုင်လိုက်သည်။

"ဟင် သဝဏ်ဖုန်လည်းမဟုတ်ဘူး"

နံပါတ်က သဝဏ်ဖုန်းနံပါတ်မဟုတ်သလို ဟယ်လိုသံက သဝဏ်အသံမဟုတ်တာမို့ စိုးရိမ်သွားသည်။





"အန့်တီသက်ထားလား၊ သဝဏ်ရောဟင် သဝဏ် ဘာဖြစ်နေလဲ"

"..."

"ရှင် သ သဝဏ် ဘာဖြစ်တယ်၊ ဘယ်လို အန့်တီ"

"..."

"ဟုတ် ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ အန့်တီ"

ဖုန်းပိတ်ပြီး သူမ ငိုကြွေးပစ်လိုက်သည်။ မေမေက ပျာပျာသလဲ သူမပခုံးကိုဖက်မွေ့ကာ

"ဘာ ဘာဖြစ်တာလဲ သမီး၊ မသက်ထားက ဘာပြောတာလဲ"

"သ သဝဏ် ကားအက်ဆီးဒင့်ဖြစ်တာတဲ့ မေမေ၊ ခေါင် ခေါင်ကြောင့်တဲ့၊ ဒီကအပြန် ခေါင်နဲ့တွေ့ပြီး အဲလိုဖြစ်သွားတာတဲ့"

"အမလေး ဒုက္ခပါပဲ၊ ဒါဆို ခုနက ကားအက်ဆီးဒင့်က သဝဏ်တို့ဖြစ်တာပေါ့၊ အဲလိုမှန်းသိရင် မေမေကြည့်ခဲ့ပါတယ်ကွယ်"

"မု မုဒြာလိုက်သွားရမယ်မေမေ၊ လိုက်သွားမှဖြစ်မယ်"

"သွားရမှာပေါ့ သမီး၊ သမီးကစိတ်လှုပ်ရှားနေတယ်၊ မေမေမောင်းမယ်"

"ဟုတ် ဟုတ်ကဲ့ မေမေ"

မုဒြာတို့ခပ်သွက်သွက်ပင် ဆေးရုံသွားဖို့ပြင်ကြရသည်။

သဝဏ် ဘာမှမဖြစ်ပါစေနဲ့။ ဘာမှမဖြစ်ပါနဲ့ သဝဏ်။

မုဒြာကို မထားခဲ့ပါနဲ့နော်။ မုဒြာတစ်ယောက်တည်း မနေရလို့ပါ။

သဝဏ်မရှိဘဲ တစ်ယောက်တည်း မဖြစ်လို့ပါ သဝဏ်ရယ်။

■ ■ ■

www.burmeseclassic.com

## အခန်း (၄၀)

"ဟင်"

မင်းသဝဏ်နှင့်ထွဋ်ခေါင်က ခုတင်ချင်းဘေးချင်းယှဉ်လျက်။ ထွဋ်ခေါင်က ဘာဒဏ်ရာမှမရှိဘဲ ဘာလုပ်နေတာလဲ။

မင်းသဝဏ်မှာတော့ ခေါင်းမှာရော လက်မှာရောပတ်တီးတွေ ဖွေးနေသည်။

"သဝဏ်ရယ် သဝဏ်ရယ်"

"သမီးလေး"

သူမ စိတ်မထိန်းနိုင်စွာ ငိုချလိုက်သည်။ အန်တီသက်ထားက အခန်းထဲကနေ သူမလက်ကလေးကို ဆွဲခေါ်လာ၏။

"ဘယ်လိုဖြစ်ရတာလဲ အန်တီရယ်၊ သဝဏ်ကို ထွဋ်ခေါင် ဘာလုပ်လိုက်တာလဲ"

"ခေါင်နဲ့တော့ပတ်သက်တယ်၊ ခေါင်ကြောင့်တော့ မဟုတ်ဘူး သမီး"

"ရှင်"





"သမီးဆီကအပြန်မှာ ခေါင်နဲ့တွေ့ပြီး စကားများကြတာတော့ မှန်တယ်၊ သဝဏ်ကားနဲ့အပြိုင် ခေါင်လိုက်လာတာလည်း မှန်တယ်၊ ရှေ့ကသွားနောက်ကလိုက်နဲ့ဆိုတော့ ပြိုင်မောင်းကြသလိုဖြစ်နေတာပေါ့၊ ဒါပေမဲ့ ခေါင်ဒီလိုလိုက်တာကို ရှောင်မောင်းရင်းနဲ့ သစ်ပင်ကိုဝင်တိုက်မိသွားတာလေ၊ အဲဒါနဲ့ ခေါင်လည်းထိတ်လန့်သွားပြီး သူကိုယ်တိုင် ဆေးရုံကားခေါ်ပြီး ဆေးရုံလိုက်ပို့တယ်၊ အခုလည်း သဝဏ်လိုအပ်တဲ့သွေးကို သူ့ကိုယ်ထဲက ထုတ်ပေးနေတော့တာပဲ"

"အခုလို အသက်ကယ်ပေးနေတော့ အပြစ်ပြောရတော့မှာလည်း ခပ်ခက်ခက်ပဲ သမီးရေ၊ အန်ကယ်တို့တယ်လိုလုပ်ရတော့မှန်းကို မသိတော့ဘူး"

"အ အခု သဝဏ်အခြေအနေက ဘယ်လိုရှိလဲဟင်၊ ဘာတွေ ဖြစ်သွားသေးလဲ"

"ခေါင်းနဲ့လက်မှာ ဒဏ်ရာရတယ်၊ သွေးလိုတာကို ခေါင်ပေးနေတော့ စိုးရိမ်စရာတော့မရှိတော့ပါဘူး၊ ခဏနေ သတိရတော့မှာပါလို့ ဆရာဝန်ကြီးတွေပြောတယ်"

"ဪ"

အခုမှ မုဒြာ သက်ပြင်းချနိုင်တော့သည်။ မေမေ့ကိုအပြင်ဘက်မှာအန်တီသက်ထားတို့နှင့် ထားရစ်ခဲ့ပြီး သဝဏ်ရှိသောအခန်းထဲကို သူမ ပြန်ဝင်လာခဲ့သည်။ သဝဏ် သတိရလာမှာကို သူမကိုယ်တိုင်မြင်ရမှ ဖြစ်မှာပါ။

"မုဒြာ"

တစ်ဖက်ခုတင်ကနေ ခေါင်ရဲ့ခေါ်သံကိုကြားပေမယ့် သူမလှည့်မကြည့်။ သဝဏ်ဒဏ်ရာတွေကိုမြင်ပြီး ခေါင့်မျက်နှာကို မကြည့်ချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မုဒြာ ငါ ငါတောင်းပန်ပါတယ်ဟာ၊ ငါ ဒီလိုတွေဖြစ်သွားလိမ့်မယ်လို့ လုံးဝမထင်မိဘူး၊ ငါ မရည်ရွယ်ပါဘူးဟာ ဒီလိုဖြစ်သွားအောင်လို့"

"နင့်ကိုငါ အရမ်းမုန်းတယ် ခေါင်၊ သူ ဒီဒဏ်ရာတွေရတာ နင့်ကြောင့် နင့်ကြောင့်မို့ ဒီလိုဖြစ်တာ"

"ဟုတ်ပါတယ် မုဒြာ ငါ့ကြောင့်ပါ၊ အဲဒါကြောင့် သူ့အသက်ကို ငါပြန်ကယ်ပေးတာပါ နင့်အတွက်ပါ မုဒြာ ပြီးတော့"

ထွဋ်ခေါင် စကားမဆက်တဲ မျက်ရည်တွေကျနေသည်။ နောင်တနှင့်ဝမ်းနည်းမှုတွေရောထွေးနေမှန်း သိပေမယ့် သဝဏ်အတွက် သူမ ဖြေသိမ့်နိုင်စွမ်းမရှိပေ။

"မုဒြာ"

"ဟင် သ သဝဏ်"

သဝဏ်ခေါ်သံကြောင့် သဝဏ်လက်ကလေးကို ကပျာကသီ ဆုပ်ကိုင်လိုက်မိသည်။

"သဝဏ် သဝဏ် သတိရလာပြီနော်၊ သဝဏ် ဘာမှမဖြစ်တော့ဘူးနော်"

"ကိုယ်သက်သာပါတယ်၊ ဘာမှမဖြစ်တော့ပါဘူး"

"ဝမ်း ဝမ်းသာလိုက်တာ သဝဏ်ရယ်"

"မုဒြာ"

"ဟင်"

"ထွဋ်ခေါင် တောင်းပန်တာကို လက်ခံလိုက်ပါ"

"ဟင့်အင်း"

"အဲလိုမလုပ်ပါနဲ့၊ အခု သူက ကိုယ့်အသက်ကိုကယ်ပေးနေတာ





မဟုတ်လား။ သူ တကယ်နောင်တရနေလို့ ကိုယ့်ကိုညီအစ်ကိုလိုသတ်မှတ်လို့ ဒီလိုလုပ်ပေးနေတာပေါ့၊ ဖြစ်ခဲ့သမျှတွေအတွက် နားလည်ပေးလိုက်ပါနော်မုဒြာ"

သဝဏ်စကားကိုတော့ သူမ အတိုက်အခံမလုပ်ချင်ပေ။ သူမရဲ့ ခွင့်လွှတ်မှုကို မျှော်လင့်နေသော ထွဋ်ခေါင်ဘက်ကို မျက်နှာလေးလှည့်လိုက်ကာ

"နင် ဒီလိုအပြုအမူတွေ ထပ်မလုပ်တော့မှဖြစ်မယ် ခေါင်၊ သူက ငါ့ရဲ့ချစ်သူအိမ်ထောင်ဘက်ဖြစ်သွားပေမယ့် နင်နဲ့လည်း ညီအစ်ကိုပါပဲ၊ နင်မုန်းလည်း နင့်အဖေနဲ့ပတ်သက်နေတယ်၊ နင့်ပညာရေးအတွက် အထောက်အပံ့ပြုနေတဲ့ နင့်ကျေးဇူးရှင်ရဲ့သား"

"မုဒြာ အဲဒါတွေ မပြောပါနဲ့"

"ပြောပါစေ သဝဏ်၊ ငါက အဲဒါတွေကို သတိမရလောက်အောင် မိုက်မဲနေတဲ့ကောင်၊ အမှောင်ဖုံးနေတဲ့ကောင်ပါ"

"အေး နောက်တစ်ခါဆို နင့်ကိုငါ လုံးဝခွင့်မလွှတ်ဘူး"

"အေးပါမုဒြာရယ် ငါ နောက်ထပ်တစ်ခါ ဒီလိုမျိုးတွေ မဖြစ်စေရပါဘူးလို့ ကတိပေးပါတယ်၊ နင့်စကားကိုပါ နားထောင်တော့မှာပါ။ ဒါပေမဲ့ နင့်ဆီကတစ်ခုခုကိုမျှော်လင့်လို့မဟုတ်ပါဘူး၊ မျှော်လင့်လည်း ဒီဘဝအတွက် ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးဆိုတာ ငါသိသွားပါပြီ မုဒြာ၊ နင်တို့ချစ်သူနှစ်ယောက် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြပါစေ"

ပြောပြီးတစ်ဖက်ကို စောင်းလှည့်သွားသော ထွဋ်ခေါင်ရဲ့မျက်ဝန်းအိမ်မှာ မျက်ရည်မြစ်လေးစီးကျနေမည်ဆိုတာ မုဒြာ မမြင်တော့။ ဝမ်းမြို စွာနှင့် မင်းသဝဏ် မျက်နှာလေးကိုပဲ တမေ့တမော မျက်ရည်တွေဝဲလျက်

www.burmeseclassic.com



ငေးမောကြည့်နေမိသည်။

သူမကို ချစ်မြတ်နိုးနိုင်လွန်းသော ဒီယောက်ျားကို သူမ ဘယ်လို လုပ်စွန့်လွှတ်နိုင်ပါ့မလဲ။

"သဝဏ်"

"ဟင် မုဒြာ"

"မုဒြာကို ဘယ်လိုပုံစံမျိုးနဲ့မှ ခွဲသွားလို့မရဘူးနော်၊ ရှင်ထား ခဲ့တဲ့ဘဝမှာ မနေနိုင်ဘူး။ ရှင်သေရင်လိုက်သေမှာ"

"မှ လွဲပါစေ ဖယ်ပါစေ မုဒြာရယ်၊ ကိုယ်က ဘာလို့ မုဒြာကို ထားခဲ့ရမှာလဲ၊ သေလည်းမသေဘူး၊ မုဒြာနဲ့လူ့ဘဝကြီးမှာ အကြာကြီး နေဦးမှာပါ၊ သားသားမီးမီးတွေ မွေးပြီး မိသားစုဘဝလေးနဲ့လေ"

"ဟွန်း ဒါတော့တတ်တယ်"

"ရင်ထဲရှိတာပြောတာပါ မုဒြာရယ်၊ ကိုယ်တို့ဘယ်သူ့ကြောင့်မှ ဘယ်တော့မှမခွဲရတော့ပါဘူး"

"အဲလိုပဲဖြစ်ပါစေလို့ မုဒြာ ဆုတောင်းပါတယ် သဝဏ်ရယ်"

"ကိုယ်တို့ချစ်ခြင်းတွေကြောင့် ဆုတောင်းတွေပြည့်မှာပါ မုဒြာ"

ခြေလှမ်းမမှန်ချင်တော့သည့် ရင်ခုန်သံတွေက ဝေ့ဝဲတိုက်ခတ် လာသည့် လေပြည်နှင့်အတူ ချစ်သူပါးပြင်ထက်တွင် အနှမ်းပန်းတွေ ဝေဝေဆာဆာ ဖူးပွင့်သွား၏။

မွေးလိုက်ဝ...။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး

ဗျူးစာပေ

BURMESE CLASSIC
www.burmeseclassic.com